ဂ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော်နေ့ ၊ ကြာသပတေး၊ (ဇွန် ၁၆ ၊ ၂၀၁၁)



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့ရှိ ချက်ထရီရမ်ဟိုတယ်၌ တည်းခိုသူဧည့်သည်က ဟိုတယ်ဝန်ထမ်းများထံ အခန်းခပေးချေနေသည်ကို ဇွန်၁၃ရက်တွင် တွေ့ရစဉ်

# ဒေါ်လာအကျဂယက် ဘယ်အထိသက်ရောက်မလဲ

ဒေါ်လာ၊ ပို့ကုန်ရငွေ၊ အက်ဖ်အီးစီ စသော ငွေမာဈေးနှုန်းများမေလနောက်ဆုံးပတ်မှစတင်၍ ဆက်တိုက်ပြုတ်ကျခဲ့ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများနှင့် လူမှုဘဝများအပေါ် ဂယက်ရိုက်ခတ်ခဲ့ပြီး ထိုဂယက်၏ သက်ရောက်မှုများအား 7Day News သတင်းအဖွဲ့၏ အထူးသတင်းပေးပို့ချက်များအဖြစ် စုစည်းဖော်ပြထားပါသည်။

(စာ၂၇မှ ၃၀ထိရှု)



ငွေမာတန်ဖိုးအတက်အကျပြဂရပ်ဖ်

## ပုဂံမြို့ရှိမြေကွက်များ ရောင်းကောင်းနေ

အောင်သူရ

ရန်ကုန်၊ ဇွန် - ၁၁

ပြည်တွင်းပြည်ပမှလုပ်ငန်းရှင်များ၏ ဝယ်ယူမှုကြောင့်ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံမြို့ရှိ မြေဈေးကွက်များ ရောင်းကောင်းနေကြောင်း သတင်းရရှိသည်။

"ဖွားစောရွာဘက်မှာရော၊ မြို့သစ်ဘက်မှာရော၊ လေယာဉ်ကွင်းအထွက် လမ်းဘေးမြေတွေရော ကုန်သလောက်ဖြစ်သွားပြီ"ဟု ပုဂံမြို့ရှိ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

သတင်းအပြည့်အစုံစာ(၄၂)တွင်ရှု

## ရန်ကုန်တိုင်းဒေသကြီးတွင် ဝက်နားရွက်ပြာရောဂါ စတင်ဖြစ်ပွား

သန်းဌေး

ရန်ကုန်၊ ဇွန် - ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လေှလှော်အင်းရှိ ဝက်မွေးမြူရေးခြံတစ်ခြံတွင် ဝက်နားရွက်ပြာရောဂါကြောင့် ဝက်ကောင်ရေ ၉၂ ကောင်သေဆုံးသွားကြောင်း တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမောင်မောင်ကြင်က ပြောကြားသည်။

စာ(၁၂)သို့

## မလေးရှားက ပြည်ပအလုပ်သမား ခေါ်ယူခြင်း ခေတ္တရပ်ဆိုင်းမည်

အောင်သူရ

ရန်ကုန်၊ ဇွန် - ၉

နိုင်ငံခြားသားအလုပ်သမားအသစ်များအားလက်ခံခြင်းကိုခေတ္တဆိုင်းငံ့သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

မလေးရှား အစိုးရအဖွဲ့အနေဖြင့်တရားမဝင်အလုပ်သမားများ စီမံခန့်ခွဲရေးအစီအစဉ်ကို မကြာမီအချိန်အတွင်း စတင် အကောင်အထည်ဖော်သွားရန်ရှိသဖြင့် ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း ဇွန်လ ၃ရက်နေ့စွဲဖြင့် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။


စာ(၁၂)သို့

## မိုးကုတ်တွင် ပတ္တမြားကျောက်ကြော များစွာကျန်နေသေးဟုဆို

နေလင်းထွန်း

ရန်ကုန်၊ ဇွန် - ၈

နောက်ဆုံးပေါ် အဆင့်မြင့် ဘူမိဗေဒနည်းပညာဖြင့် ရှာဖွေလေ့လာမှုအရ မိုးကုတ်မြို့တွင်ပတ္တမြားကျောက်ကြောနှင့် ပတ္တမြားဖြုန်းကြော အမြောက်အမြား ထပ်မံတွေ့ရှိရသော်လည်း နည်းပညာလိုအပ်ချက်နှင့် စီးပွားရေးလက်ဝါးကြီးအုပ်မှုတို့ကြောင့် ပတ္တမြားထုတ်လုပ်နိုင်မှု လျော့ကျလျက်ရှိကြောင်း သုတေသနပြုထားသူ ဘူမိဗေဒပညာရှင်တစ်ဦးကပြောကြားသည်။


ပတ္တမြား ကျောက်ကြောများစွာရှိနေသည်ဟုဆိုသော နည်းပညာဖြင့်ရိုက်ကူးထားသည့် ကျောက်လွှာဖြတ်ပိုင်းပုံ

NASAမှ ထုတ်ထားသော ဂြိုဟ်တု Landsat-7 ETM + (2000) Digital Image Data ရှိ Spectrum လိုင်းများကိုအထူးပြုပြီး အဆင့်မြင့်နည်းပညာဖြင့်ရှာဖွေရာ မိုးကုတ်တွင် ပတ္တမြားကျောက်ကြောများစွာ ကျန်ရှိနေသည်ဟုဆိုသည်။ မိုးကုတ်မြို့ရှိ ကဒုတ်တပ် ပတ္တမြားကျောက်ကြောကို စံနမူနာထား၍ လေ့လာသောအခါ ပတ္တမြားကျောက်ကြောများကိုကဒုတ်တပ်ပတ္တမြားစွဲကျောက်ကြော၏ အရှေ့မြောက်ဘက်မှစ၍ မိုးကုတ်၏ အနောက်မြောက်နှင့်မြောက်ဘက်များတွင် တွေ့ရှိရကြောင်း ၎င်းကပြောသည်။

"နည်းပညာမသိတာရယ်၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေကို ကျောက်ကောင်းထွက်ရင်လုပ်ငန်းရှင်က ငွေအားနဲ့သိမ်းတာရှိတယ်။ နေရာ အပိုင်စီးတာပေါ့။ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေရဲ့လုပ်ပိုင်ခွင့်ကို အားပေးရမယ်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ခြေထောက်မသန်သော်လည်း လေယာဉ်ငယ်ဖြင့် ကမ္ဘာပတ်သူ မြန်မာနိုင်ငံသို့ရောက်ရှိ

**စောမိုးကျော်**

**ရန်ကုန်၊ ဇွန် -၉**


ခြေထောက်နှစ်ချောင်းစလုံး အကြောသေနေသော်လည်း လက်တွန်းဘီးငယ်တစ်စီးကိုအသုံးပြုပြီး တစ်ဦးတည်းစီးနင်းနိုင်သည့် လေယာဉ်ငယ်ဖြင့်ကမ္ဘာပတ်လမ်းကြောင်းအတိုင်း လှည့်ပတ်သွားလာနေသော အင်္ဂလိပ်လူမျိုးတစ်ဦးသည် မြန်မာနိုင်ငံကိုဖြတ်သန်းမောင်းနှင်နေစဉ်အတွင်း ရာသီဥတုဆိုးရွားသဖြင့် ကျောက်ဖြူလေဆိပ်သို့ အရေးပေါ်ဆင်းသက်မှုပြုခဲ့သည်။

အသက် ၄၄ နှစ်အရွယ်ရှိ မစ္စတာဆိုက်ကပ်စ်ဒေးဗစ်လောရင့်မှာ အင်္ဂလန်နိုင်ငံမှ ပြီးခဲ့သည့် ဧပြီလ ၂၈ရက်ကစတင်ထွက်ခွာလာခဲ့ရာ ပြင်သစ်၊ အီတလီ၊ ဂရိ၊ ဆိုက်ဘေးရီးယား၊ အီဂျစ်၊ ဆော်ဒီအာရေးဗီးယား၊ အဘူဒါဘီ၊ အိုမန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်(စစ်တကောင်း)သို့ရောက်ရှိခဲ့သည်။

ဇွန်လ ၈ ရက်နံနက် ၁၁ နာရီ ၃၆ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့မှ ရန်ကုန်လေဆိပ်သို့ထွက်ခွာလာစဉ် ညနေ ၅ နာရီ ၃၀ မိနစ်တွင် ကျောက်ဖြူနှင့် သံတွဲမြို့အကြား ရာသီဥတုဆိုးရွားမှုကြောင့် ကျောက်ဖြူလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ဆင်းသက်ခွင့်ပြုရန် အကြောင်းကြားရာ ကျောက်ဖြူလေဆိပ်တာဝန်ခံက ဆင်းသက်ခွင့်ပြုပြီးနောက် အခက်အခဲမရှိဘဲ လေယာဉ်အား ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

မစ္စတာလောရင့်သည် ယခုလ ၈ ရက်နှင့် ၉ ရက်တွင် ကျောက်ဖြူမြို့၌ နှစ်ရက်နေထိုင်ခဲ့ကာ ဇွန်လ ၁၀ ရက်တွင် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပျံသန်းထွက်ခွာသွားသည်။


ကျောက်ဖြူမြို့၌ရောက်ရှိနေသော ခြေမသန်သော်လည်း ကိုယ်ပိုင်လေယာဉ်ငယ်ဖြင့် ကမ္ဘာပတ်ရန် ကြိုးစားနေသူ မစ္စတာလောရင့်ကိုတွေ့ရစဉ်
ဓာတ်ပုံ - စောမိုးကျော်



ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူ၊ အင်ဒိုနီးရှား၊ အရှေ့တီမောမှတစ်ဆင့် ဩစတြေးလျ၊ အင်္ဂလန်နိုင်ငံသို့ ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ခြေထောက်အကြောသေနေသော်လည်း လေယာဉ်ငယ်ဖြင့် ကမ္ဘာပတ်နေသည့် မစ္စတာလောရင့်၏ခရီးစဉ်မှာ ဂင်းနစ်မှတ်တမ်းဝင်နိုင်ဖွယ်ရှိသည်ဟုလည်း သတင်းရရှိသည်။

## ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းလျှောက်ရာတွင် အိမ်ထောင်စုစာရင်း မလိုတော့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် -၁၃**

ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းများ လျှောက်ထားရာတွင် အိမ်ထောင်စုစာရင်း တင်ပြစရာမလိုတော့ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အိမ်ထောင်စုစာရင်းပြစရာမလိုဘဲ ထုတ်ပေးတာက ကုမ္ပဏီသုံးခုကနေထုတ်ပေးတဲ့ ဇွန် ၆ရက်ကတည်းက အိမ်ထောင်စုစာရင်း မလိုတော့ဘဲ စထုတ်နိုင်တာ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူဦးဇော်မင်းဦးကပြောသည်။

ထိုကြောင့် ကျပ်ငါးသိန်း တန် ဂျီအက်စ်အမ်နှင့်စီဒီအမ်အေဖုန်း လျှောက်ထားလိုသူများ မှာ မှတ်ပုံတင်မိတ္တူသို့မဟုတ် မူရင်း၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် လက်ရှိနေရပ်လိပ်စာများဖြင့်ပင် အလွယ်တကူလျှောက်ထားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထိုကဲ့သို့ ဖုန်းလျှောက်ရာ တွင် လိုအပ်ချက်များ လျှော့ချခြင်းကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီသုံးခုမှဖုန်းများကို နေ့ချင်းပြီး ငွေသွင်းထုတ်ယူနိုင်သော One Stop Service ဖြင့်ပြုလုပ်ချိန်မှ စတင်ပြောင်းလဲခြင်းဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီဒီအမ်အေ ၈၀၀မဂ္ဂါဟက်ဇ်ဖုန်းများကို ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် အလုံးရေ ၇၀၀၀၀ နှင့် စီဒီအမ်အေ ၄၅၀မဂ္ဂါဟက်ဇ်ဖုန်းများကို အလုံးရေ ၉၀၀၀၀ ကို ထပ်မံချထားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးမည်ဟုဆို

**ပြည်သိမ်း၊ ဇာဇာနီ**

**ရန်ကုန်၊ ဇွန် - ၁၂**

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် အတိုးနှုန်း တစ်နှစ်လျှင် ၁၅ရာခိုင်နှုန်းဖြင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ငွေထုတ်ချေးရန်စီစဉ်နေကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

ယခုကဲ့သို့ အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ပေးရန်စီစဉ်ခြင်းမှာ AFATA (အာဆီ ယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ)အစီအစဉ် အကောင်အထည်ပေါ်လာပါက ပြည်ပမှသွင်းကုန်များကိုယှဉ်ပြိုင် ရန်ခက်ခဲမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်သည်။ ထိုအချိန်တွင် စားသုံးသူက အမျိုးသားရေးကိုမစဉ်းစားဘဲ ဈေးနှုန်းသက်သာရေးကို ဦးစားပေးပြီး ဝယ်ယူသည့်ဈေးကွက်ကိုအခြေခံကာ ဆုံးဖြတ်သည့်အတွက် ယခုကတည်းက အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်ရန်လိုအပ်ကြောင်း ဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

"ဒီထက် အတိုးနှုန်းသက်သက်သာသာနဲ့ ချေးပေးချင်ပါတယ်။ သို့ပေမဲ့ ဗဟိုဘဏ်က ကန့်သတ်ဥပဒေတွေကိုလိုက်နာနေရလို့ပါ။ ဒီလိုလုပ်ပေးတာ Financial Institutionတွေမှာ လုပ်နိုင်သလောက် ဆောင်ရွက်ပေးခြင်းပဲ"ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း၏(၁၇)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးတွင် ဝန်ကြီးဦးစိုးသိန်းက ပြောကြားသည်။

ယခု ငွေချေးပေးမည့်အစီအစဉ်မှာ အပေါင်ပစ္စည်းထားစရာမလိုဘဲ ဝိုင်းကြီးချုပ်စနစ်ဖြင့် အမှန်တကယ် ယုံကြည်မှုရှိသူများကိုသာ ချေးပေးမည်ဟုသိရသည်။

"အလွတ်ငွေချေးမှာဆိုတော့ ဒီအစီအစဉ်ကို ကြိုဆိုပါတယ်။ ငွေလိုနေတဲ့လူတွေအတွက်လည်း အဆင်ပြေတာပေါ့"ဟု အီလက်ထရွန်နစ်လုပ်ငန်းရှင်တစ်ဦးကလည်းရှင်းပြသည်။

စက်မှုလက်မှုလုပ်ငန်းအချို့သည်လက်ရှိအချိန်၌ငွေကြေးလိုအပ်ချက်များရှိနေပြီး ချေးငွေများ ရရှိမည်ဆိုပါကလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်အချို့ကဆိုသည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလအထိ မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စာရင်းဇယားများအရ ပြည်တွင်း၌ အလတ်စားစက်မှုလုပ်ငန်းများ ၆,၉၅၀ ခုထိရှိပြီး၊ အသေးစားစက်မှုလုပ်ငန်းမှာ ၃၂,၄၂၃ ခုထိရှိကြောင်း သိရသည်။

## စားအုန်းဆီတင်သွင်းသူများ ဆီကိုယ်စားလှယ်များထံ ၂၆ ရာခိုင်နှုန်း ပြန်ရောင်းပေးရန်သတ်မှတ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၁၁**



စားအုန်းဆီတင်သွင်းခွင့်ရထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များ တင်သွင်းသမျှကိုပြင်ပသို့ရောင်းချနိုင်ပြီ ဖြစ်သော်လည်း ၂၆ ရာခိုင်နှုန်းကို စားအုန်းဆီကိုယ်စားလှယ်များထံ ဆက်လက်ထုတ်ပေးရမည်ဖြစ်ကြောင်း စားအုန်းဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ၂၆ ရာခိုင်နှုန်းကို ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့က သတ်မှတ်ပေးသော ဈေးနှုန်းဖြင့် စားအုန်းဆီကိုယ်စားလှယ် ၃,၃၀၀ ကျော်ကို ထုတ်ပေးရမည်ဖြစ်သည်။

တင်သွင်းလာသော ဆီပမာဏအားလုံးနီးပါးကိုပြင်ပသို့လွတ်လပ်စွာ ရောင်းချခွင့်ပြုလိုက်ပြီးနောက် ဆီဈေးနှုန်းမှာ ပြီးခဲ့သည့်အပတ်က တစ်ပိဿာလျှင် ကျပ် ၂,၁၅၀ ရှိနေရာမှ ဇွန်လ ၁၁ ရက်တွင် ကျပ် ၂,၀၆၀ဖြစ်လာ၍ ကျပ် ၉၀ ဈေးကျလာခဲ့ကြောင်း ဆီဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းနဲ့ ဆီကိုယ်စားလှယ်တွေက တစ်ပတ်အတွင်း အပြီးထုတ်ရမယ်။ တစ်ပတ်အတွင်း မထုတ်ရင်ကုမ္ပဏီက ဆီကိုပြန်သိမ်းလိုက်မှာပေါ့။ တကယ်လို့ကိုယ်စားလှယ်က ဈေးမကြိုက်လို့ မထုတ်တာဆိုရင်တော့ အဲဒီကိုယ်စားလှယ်က နောက်ထပ် ထုတ်လို့မရတော့ဘူး"ဟု ဆီကိုယ်စားလှယ်များအသင်းမှအသင်းဝင်တစ်ဦးကပြောသည်။

လက်ရှိစားအုန်းဆီကိုယ်စားလှယ်များကိုထုတ်ပေးရန် သတ်မှတ်ထားသော ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၂,၀၀၀ ဖြစ်ပြီး ပြင်ပဈေးကွက်တွင် ကြိုပွိုင့်စနစ်ဖြင့် ရောင်းချသောဈေးနှုန်းမှာ ကျပ် ၂,၀၀၀ အောက်သို့ကျဆင်းနေပြီဖြစ်၍ စားအုန်းဆီဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်ကြောင်း ဆီလုပ်ငန်းရှင်များက ခန့်မှန်းသည်။

## နေပြည်တော် မြို့မဈေးတွင် ဗုံးပေါက်ကွဲ

**သန်းထူး၊ ကျော်ဇေယျ**

**နေပြည်တော်၊ ဇွန် - ၁၁**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေးရှိ အများပြည်သူသုံး ငါးခန်းတွဲသန့်စင်ခန်းနှစ်လုံးအနက် တစ်လုံးတွင် ဇွန်၁၀ ရက် ည၉နာရီခွဲခန့်က ဗုံးပေါက်ကွဲခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို နေပြည်တော် ခုတင်၁၀၀၀ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။ နေပြည်တော်တွင် မေ၁၈ရက်က လူစီးအမြန်ရထားပေါ် ဗုံးပေါက်ကွဲရာတွင် လူနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကာ တရားခံကို မေ ၂၉ရက်က ဖမ်းဆီးနိုင်ခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူများတွင် အဖျော်ယမကာကုမ္ပဏီ အများဆုံးပါဝင်

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဇွန် - ၁၁**

၂၀၁၀-၂၀၁၁ စည်းကြပ်နှစ်အတွင်းကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သော ကုမ္ပဏီများတွင် အဖျော်ယမကာကုမ္ပဏီများ အများဆုံး ပါဝင်နေကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သူ၁၀ဦးစာရင်းတွင် Myanmar Brewery Ltd. က ကျပ်သန်းပေါင်း၆၈၀၀၀ကျော်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး Dagon Brewery Co., Ltd. က ကျပ်သန်းပေါင်း၉၀၀၀ကျော်ဖြင့် ဒုတိယအများဆုံးပေးဆောင်သော ကုမ္ပဏီအဖြစ်ဖော်ပြထားသည်။ ထိုစာရင်းတွင် ကြေးနီတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်ခဲ့သော မြန်မာအိုင်ဗင်ဟိုး ကြေးနီတူးဖော်သည့် ကုမ္ပဏီက ကျပ်သန်းပေါင်း ၂၃၀၀ကျော်ဖြင့်ပါဝင်နေသည်ကိုတွေ့ရသည်။

ထိုအတူ ဝင်ငွေခွန် အများဆုံးပေးသွင်းထားသော အခွန်ထမ်းကုမ္ပဏီ ၁၀ခုစာရင်းတွင် ဘဏ်သုံးခုနှင့် အဖျော်ရည်ယမကာ ကုမ္ပဏီသုံးခုပါဝင်သည်။ ကမ္ဘောဇဘဏ်လီမိတက်က ထိုနှစ်အတွင်း ကျပ်သန်းပေါင်း၆၁၀၀ကျော်ဖြင့်အများဆုံးဝင်ငွေခွန်ပေးဆောင်ထားသူဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အမြတ်ခွန်အများဆုံးပေးဆောင်ခဲ့သော အခွန်ထမ်း ၁၀ ဦးစာရင်းတွင် တနင်္သာရီတိုင်း ငါးလှေလုပ်ငန်းလုပ်ကိုင်သူ ၅ ဦးပါဝင်သည်။ မြိတ်မြို့မှ ငါးလှေလုပ်ငန်းရှင် ဦးသန်းဦးက ကျပ်သန်း ၅၀ကျော်ဖြင့် အများဆုံး ပေးဆောင်ထားခဲ့သည်။ ရန်ကုန်မြို့ရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သော ဦးတင်မောင်ဝင်းက ကျပ် ၄၁သန်းကျော်အမြတ်ခွန်ပေးဆောင်ခဲ့ပြီး ရန်ကုန်ပဲဆီသန့်လုပ်ငန်းရှင် ဦးအစီးက ကျပ် ၃၅သန်းကျော် အမြတ်ခွန်ပေးဆောင်ခဲ့ကြောင်းဖော်ပြထားသည်။

**ဝင်ငွေခွန် အများဆုံးပေးသွင်းထားသော ကုမ္ပဏီငါးခုစာရင်း**

| အခွန်ထမ်းအမည် | ကျသင့်အခွန် (ကျပ်သန်းပေါင်း) |
|---|---|
| Kanbawza Bank Ltd. | ၆၁၇၇. ၂၈၃ |
| Myanmar Brewery Ltd. | ၃၅၅၃. ၅၀၅ |
| Shwe Me'Co., Ltd. | ၃၁၄၇. ၄၇၁ |
| Myanmar CP Livestock Co., Ltd. | ၃၀၀၀. ၀၀၀ |
| Co-Operative Bank Ltd. | ၂၀၆၁. ၆၃၁ |

**ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ပေးဆောင်သော အခွန်ထမ်း(၆)ဦးစာရင်း**

| အခွန်ထမ်းအမည် | ပေးသွင်းသည့် ကုန်သွယ်လုပ်ငန်းခွန် (ကျပ်သန်းပေါင်း) |
|---|---|
| Myanmar Brewery Ltd. | ၆၈၄၂၇. ၀၅ |
| Dagon Brewery Co., Ltd. | ၉၀၅၁. ၉၃ |
| Myanmar Winery & Distillery Co., Ltd | ၇၂၃၅. ၀၀ |
| Rothmans of Pall Mall Myanmar Pte. Ltd. | ၃၇၀၄. ၃၂ |
| Peace Myanmar Group Co., Ltd. | ၂၉၀၇. ၂၆ |
| Myanmar Ivanhoe Copper Co., Ltd. | ၂၃၀၉. ၂၅ |

# အသက်မပြည့်သေးသော ကလေးငယ်အား မုဒိမ်းကျင့်သူကို အရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇွန် - ၁၀**

မိန်းကလေးငယ်အား သက်ကြီးအိုတစ်ယောက်က အိမ်အလည်ခေါ်ပြီး လိင်အလွဲသုံးစားပြုခဲ့သည့်ဖြစ်ရပ် တစ်ခု မေလ ၃၁ ရက်က နေပြည်တော် လယ်ဝေးမြို့နယ်၌ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် လယ်ဝေးမြို့နယ်၊ --ရွာနေ တရားလိုဒေါ် --(၃၆ နှစ်)ကို မေလ ၃၁ ရက် နံနက်က တစ်ရွာတည်းနေ အသက် ၅၈ နှစ်အရွယ်ရှိ ဦး-- က အိမ်အလည်ခေါ် သွားသော အသက်လေးနှစ်ခွဲအရွယ်ကလေးမှာ အိမ်ပြန်လာပြီး နာသည်ပြော၍ သမီးဖြစ်သူအား ချော့မော့မေးမြန်းရာ သမီး၏ ပြောကြားချက်အရ သမီးဖြစ်သူအား လိင်အလွဲသုံးစားပြုကျင့်ခဲ့သည်ကိုသိရကြောင်းဆိုသည်။

သို့ဖြစ်၍ သမီးငယ်အား လိင်အလွဲသုံးစားပြုခဲ့သူကို ဥပဒေအရ အရေးယူနိုင်ရန် တိုင်ကြားလာ၍ နေပြည်တော် လယ်ဝေးရဲစခန်း(ပ)၁၇၇/ ၂၀၁၁ ဥပ ဒေပုဒ်မ ၃၇၆ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရသိရသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

## CRIME CORNER

### အရွယ်မရောက်သေးသူကို သွေးဆောင်ဖြားယောင်း ပေါင်းသင်းသူအားပြစ်ဒဏ်ချမှတ်

ကျော်ဇေယျ

နေပြည်တော်၊ မေ – ၃၀

အရွယ်မရောက်သေးသည့်မိန်းကလေးအား ခိုးယူပေါင်းသင်းရာမှ အသက်အရွယ်မပြည့်မီသေးသည့်အတွက် မုဒိမ်းမှုအဖြစ်ပြောင်းလဲအမှုဖွင့်ခဲ့ရသော ဖြစ်စဉ်တစ်ခု ယခုလ ၂၄ရက်က နေပြည်တော်ပျဉ်းမနားတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားလိုဖြစ်သူ မ. . . ၂၅ နှစ်သည် ဧပြီလ ၁၆ ရက်က ညီမဖြစ်ဖြစ်သူမ. . (၁၂ နှစ် ၆ လအား) ယုဇနဈေးသို့ ဈေးဝယ်ခိုင်းရာ ပြန်မရောက်လာ၍ နေပြည်တော်ပျဉ်းမနား ရဲစခန်း သို့လာရောက်ပြီးလူပျောက်အမှုဖွင့်တိုင်ကြားခဲ့သည်။ စုံစမ်းရာတွင် ညီမဖြစ်သူအား ၁၈နှစ်အရွယ် မောင်××××ဆိုသူက ဆိုင်ကယ်ဖြင့်တင်ကာ ခေါ်ဆောင်သွားကြောင်းသိရ၍ ယင်း၏ နေအိမ်သို့ သွားရောက်စုံစမ်းရာတွင်လည်း အခင်းဖြစ်သည့် နေ့ကတည်းက ၎င်း၏နေအိမ်သို့ပြန်မလာ ကြောင်း သိရသည်။

သို့ဖြစ်၍ အုပ်ထိန်းမှုမကင်းသေးသော ညီမဖြစ်သူအား သွေးဆောင်ဖြားယောင်းကာ ခိုးယူသွားသူအား ဥပဒေအရ အရေးယူပေးပါရန်တရားလိုက ယခုလ ၉ရက်က တိုင်ကြားလာ၍ နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ)၂၈၇/ ၂၀၁၁ ဥပဒေပုဒ်မ ၃၆၃ (ဖြားယောင်းသွေးဆောင်ကာခေါ်ယူမှု)ဖြင့် အမှုဖွင့်ခဲ့သည်။ စစ်ဆေးချက်အရ မောင်××××နှင့် မ××××(၁၂နှစ် ၆လ)တို့မှာ ၁လကြာမျှထိတိုင်လင်မယားကဲ့သို့ နေထိုင်မှုများ ရှိခဲ့ကြောင်းပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ယခုလ ၂၄ ရက်က အမှုအား မူလဖွင့်ထားရာ ဥပဒေပုဒ်မ ၃၆၃(ဖြားယောင်းသွေးဆောင်ကာ ခေါ်ယူမှု)မှ ဥပဒေပုဒ်မ ၃၇၆(မုဒိမ်းမှု)သို့ပြောင်းလဲစစ်ဆေးလျက်ရှိကြောင်း ရဲမှတ်တမ်းများအရသိရသည်။

### မန္တလေးတွင် ကာမအားတိုးဆေးများ ဖြန့်ချိရောင်းချသူအား ဖမ်းဆီး

စိုင်းသာအောင်

မန္တလေး၊ ဇွန် – ၁၀

မန္တလေးမြို့ရေ ယာအတွင်း တရားမဝင် ကာမအားတိုးဆေး ရောင်းချသူများကို မေလနောက်ဆုံးပတ်အတွင်းက ဖမ်းဆီး အရေးယူခဲ့ကြောင်းသိရသည်။

မန္တလေးမြို့ ဈေးချိုတော် ဧရိယာ ၂၇ လမ်း၊ ၈၃×၈၄ လမ်းကြားတွင် ကွန်ဒုံးနှင့် ကာမအားတိုးဆေးများ ရောင်းချနေသူတစ်ဦးကိုမေလ ၂၉ရက်ည ၁၀ နာရီက စစ်ဆေးရာ ကာမဆန္ဒ အားတိုးဆေးနှစ်လုံးစီပါ အထုပ် ၈၀ထုပ်၊ ၁၂လုံးစီပါ ၇ ဘူး၊ ၁၀ လုံးပါ တစ်ဘူး၊ ရှစ်လုံးပါတစ်ဘူး။ ရာဘာဖြင့် ပြုလုပ်ထားသော ပန်းနုရောင် မိန်းမအင်္ဂါတုတစ်ခု၊ ပန်းနုရောင် ယောက်ျားတန်ဆာ အတုနှစ်ခု၊ ယောက်ျားတန်ဆာ အစွပ်နှစ်ခု၊ ရာဘာဖြင့် ပြုလုပ်ထားသော မိန်းမရင်သားအတု တစ်ခု၊ ယောက်ျားတန်ဆာအား ကြီးထွားရန် အသုံးပြုသည့် ပစ္စည်းတစ်ခုတို့အား ဖမ်းဆီးရမိသည်။

ယင်းပစ္စည်းများအား ဖြန့်ဖြူးရောင်းချသူ မန္တလေးဈေးချို ပထမထပ် ဆိုင်ခန်းအမှတ် -- မှ ဆေးဝါးများ ရောင်းချပေးသူတို့အား အမှတ် ၈ ရဲစခန်းမှ (ပ) ၂၈၀/ ၂၀၁၁ ဆေးဝါးအက်ဥပဒေ ၁၉(က)နှင့် (ပ)၂၈၁/ ၂၀၁၁ သွင်း ကုန်/ထုတ်ကုန်ဥပဒေပုဒ်မ ၅(၁)အရ အမှုဖွင့်အရေးယူထားသည်။

အလားတူ ချမ်းအေးသာစံမြို့နယ် ၈၄×၃၂ လမ်းထောင့်တွင် ဆေးပစ္စည်းရောင်းချသူတစ်ဦးအား ရှာဖွေစစ်ဆေးရာ တရားမဝင်ရောင်းချသည့် ကာမအားတိုး ဆေး ၁၀လုံးပါ ငါးဘူး၊ ဆေးခြောက်လုံးပါတစ်ဘူး၊ နှစ်လုံးပါတစ်ဘူးတို့အား ဖမ်းဆီးရမိသဖြင့် အမှတ် ၈ ရဲစခန်းမှ (ပ) ၂၈၂/ ၂၀၁၁ ဆေးဝါးအက်ဥပဒေ ၁၉ (က)အရ အမှုဖွင့်အရေးယူထားသည်။

# မန္တလေးတွင် ကျောက်အောင်ပြန်

## သုံးပိဿာခန့်ရှိသော ကျောက်စိမ်းတုံး ကျပ်သိန်း ၃,၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်

စိုင်းသာအောင်

မန္တလေး၊ ဇွန် – ၈



မန္တလေးမြို့ရှိ ကျောက်စိမ်းတစ်နန်းဖြတ်ဈေးကိုတွေ့ရစဉ်။ ဓာတ်ပုံ – စိုင်းသာအောင်

မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ဈေးတွင် မေလ ဒုတိယပတ်မှစ၍ အရောင်းအဝယ် အေးနေသော်လည်း ပစ္စည်းကောင်းပါက ဈေးကောင်းပေး၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

မေလနောက်ဆုံးပတ်တွင် ပထမဝယ်ယူလိုသူက ကျပ်ရှစ်သိန်းပေးခဲ့သောကျောက်စိမ်းတုံးကို မရောင်းဘဲ တစ်နန်းဖြတ်ရာ အရည်ပေါ်လာပြီး နောက်ဆုံးတွင် ထိုကျောက်စိမ်းတုံးမှာ ကျပ်သိန်း ၃၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကျောက်ပွဲစားတစ်ဦးက“ဒုတိယအကြိမ်နေပြည်တော်ကျောက်မျက်ပွဲအပြီး၊မန္တလေးမဟာအောင်မြေကျောက်ဝိုင်းမှာ အရောင်းအဝယ်ဖြစ်ပါတယ်။ နေ့စဉ် ကျောက်ဝိုင်းမှာ လူသောင်းချီပြီး ရှိတယ်။ ခဲ(တစ်နန်းဖြတ်)မီးထိုး လွှာချပ်၊ လက်ကောက်တွေ သူ့ဖောက်သည်၊ သူ့အကြိုက်နဲ့သူ အရောင်းအဝယ်ဖြစ်ပါတယ်။ မေ ၂၀ ရက်မှ အောက်ကျိုးထဲက ၃ ပိဿာ (၇ ကီလို)ခန့်ရှိတဲ့ ကျောက်ကို ကုန်သည်တစ်ဦးက ငွေကျပ် ၈ သိန်းပေးတယ်။ ပိုင်ရှင်က မရောင်းဘဲနဲ့ ဈေးကွက်တင်တယ်။ မြန်မာကုန်သည်တစ်ဦးက ကျပ်သိန်း ၃,၅၀၀ ပေးလို့ အရောင်းအဝယ်ဖြစ်သွားပါတယ်။ မေ ၃၁ ရက်က ငွေချေပြီးသွားပြီ။ ကျောက်စိမ်းလောကကတော့ မျက်စိအမြင်ရယ်၊ ကံတရားရယ်၊ ကျွမ်းကျင်မှုရယ် အရေးကြီးပါတယ်”ဟုသူ၏ အမြင်ကိုပြောသည်။ ယခုနှစ် နှစ်ဆန်းပိုင်းကလည်း ကျပ်သိန်း၁၆၀ ဖြင့်ဝယ်ခဲ့သောကျောက်စိမ်းတုံးမှာ ကျပ်သိန်းသောင်းချီဈေးရခဲ့ပြီး ကျောက်အောင်ခဲ့သည်။

# ရန်ကုန်မြို့ရှိ အနိပ်ခန်းများအား အရှိန်မြှင့်အရေးယူ

အိဖြူလွင်

ရန်ကုန်၊ ဇွန် – ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အနှိပ်ခန်းများနှင့်အလှပြင်ဆိုင် အယောင်ဆောင်၍ တရားမဝင်အနှိပ်ခန်းဖွင့်လုပ်ကိုင်နေသူများအားအရေးယူဖော်ထုတ်မှုများကို ပြင်းပြင်းထန်ထန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးပြောသည်။

“တရားဝင်ဖွင့်မထားတဲ့အနှိပ်ခန်းတွေရော အလှပြင်ဆိုင်ဗန်းပြပြီးလုပ်နေတဲ့ ဆိုင်တွေကိုရော အရင်ကတည်းကလည်းဖော်ထုတ်နေတာပါ။ အခုလည်းဆက်တိုက်လုပ်နေတယ်။ တစ်ခါတလေမှာ အလှပြင်ဆိုင်က ခိုးဖွင့်ထားတဲ့ အနှိပ်ခန်းရော တရားမဝင်ဖွင့် ထားတဲ့ အနှိပ်ခန်းမှာပါ ပြည့်တန်ဆာလုပ်ငန်းကို လုပ်နေသလားဆိုတာကို သေချာဖော်ထုတ်ပြီးမှ အရေးယူရတယ်”ဟုမြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးတစ်ဦး ကပြောကြားသည်။

ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေကြောင်းဖော်ထုတ်ရမိမှသာလျှင် ပြည့်တန်ဆာပုဒ်မများနှင့် အရေးယူနိုင်ပြီး တရားမဝင်ဖွင့်ထားသော အနှိပ်ခန်းများကိုမူ တရားမဝင် ခွင့်ပြုချက်မရဘဲခိုးဖွင့် သည့်ဥပဒေများနှင့်သာအရေးယူ နိုင်သည်ဟုသိရသည်။ အနှိပ်ခန်းများနှင့်တွဲထား သောပြည့်တန်ဆာလုပ်ငန်းများကို အများဆုံးဖမ်းမိသည့်နေရာမှာ မ/ဥက္ကလာပမြို့နယ်အတွင်းရှိအောင်မင်္ဂလာအဝေးပြေးကွင်းနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိဒဂုံဧရာအဝေးပြေးကွင်းစသည့် လူ သွားလူလာများပြားသောနေရာတို့ ဖြစ်သည်ဟုဆိုသည်။

အချို့သော လူနေရပ်ကွက်များတွင်ဖွင့်ထားသည့် အလှပြင်ဆိုင်ဗန်းပြ အနှိပ်ခန်းများကိုလည်း ရပ်ကွက်နေသူများ၏တိုင်တန်း သတင်းပေးချက်များအရအပြင် အလှပြင်ဆိုင်သို့ အသွင်ယူ သွားရောက်၍ ဖော်ထုတ်အရေးယူမှုများကိုပါပြုလုပ်ကြောင်း အဆိုပါ ရဲမှူးကပြောကြားသည်။

# မလေးရှား အလုပ်သမားစေလွှတ်သည့် အေဂျင်စီများအား ဝန်ဆောင်ခပေးရန် မလိုဟုဆို

## ထိုအေဂျင်စီများမှာ မလေးရှားမှ အလုပ်ရှင်ဘက်မှလည်း ဝန်ဆောင်ခ ရထားကြသည်

အောင်သူရ

ရန်ကုန်၊ ဇွန် – ၈

**မြန်မာနိုင်ငံမှမလေးရှားနိုင်ငံသို့ အလုပ်လုပ်ရန် သွားရောက်မည့်သူများအနေဖြင့်မြန်မာနိုင်ငံတွင် ရှိသော အေဂျင်စီနှင့်ပွဲစားများအား ငွေကြေး တစ်စုံတစ်ရာ ပေးဆောင်စရာမလိုကြောင်း မလေးရှားသံအမတ်ကြီးနှင့် သံရုံးအရာရှိတို့က ပြောသည်။**



မလေးရှားတွင် ပြည်ပအလုပ်သမားများ လုပ်ငန်းခွင်မှအပြန် ဘတ်စ်ကားပေါ်သို့တက်ရောက်စဉ်

“မလေးရှား အလုပ်ရှင်က ကုန်ကျစရိတ်နဲ့ အကျိုးဆောင်ခ အားလုံးကို မြန်မာပြည်က အေးဂျင့်ကိုပေးတယ်၊ ကျန်းမာရေးစစ်ဆေးတာကိုပဲ အလုပ်သမားဘက်က ကုန်ကျခံရတယ်” ဟုမလေးရှားသံအမတ်ကြီးကဆိုသည်။

ထို့ကြောင့် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ငွေကြေးတစ်စုံတစ်ရာပေးဆောင်ရကြောင်း အထောက်အထားနှင့်တကွ သံရုံးသို့တိုင်ကြားပါက သံရုံးအနေဖြင့် အဆိုပါ အေဂျင်စီ အား စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး နာမည်ပျက်စာရင်းသွင်းမည်ဟု သံရုံးအရာရှိ အဇရေးကပြောသည်။

သို့သော် မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အလုပ်လုပ်ရန် သွားရောက်လိုသူများသည် ဆယ်စုနှစ်တစ်ခုကြာ အေဂျင်စီနှင့်ပွဲစားများအား ငွေကျပ် ၁၀သိန်းပေးဆောင်နေကြရသည်။

အကျိုးဆောင်ခ ပေးဆောင်ရသော်လည်း အေဂျင်စီအချို့၏ကတိ မတည်မှုများ၊ လိမ်လည်မှုများ၊ တာဝန်ယူခြင်းမရှိမှုများနှင့် ကြုံခဲ့ရသူအများအပြားရှိကြောင်း သတင်းရရှိသည်။

“အေဂျင်စီ အများစုက ကိုယ်ပိုင် Calling မရှိကြဘူး။ သူများ Calling တွေကို ယူသုံးရတော့ ပိုက်ဆံပေးရတယ်။ အဲဒါကြောင့် အကျိုးဆောင်ခယူတာတွေရှိလာတာ”ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခဲ့သူတစ်ဦးကပြောသည်။

ထို့အပြင် ထိုင်းနိုင်ငံမှအလုပ် ရှင်များကလည်းအလုပ်သမား ခေါ်ယူပေးသောမြန်မာနိုင်ငံမှ အေဂျင်စီ အားလူတစ်ဦးလျှင် ဘတ်ငွေ ၁၅၀၀နှင့်ကုန်ကျစရိတ်ပေးပြီး အလုပ်သမားများထံမှအကျိုးဆောင်ခ ထပ်မံမယူခိုင်းကြောင်း အေဂျင်စီအသိုင်းအဝိုင်းက ဆိုသည်။


TRI
LIVES BRILLIANTLY
KEEP GO
FOR RAINING DAYS


i-MAX
COLLECTION
MY STYLE // MY DREAM
Body Size
Purse
Belt
Under Wear
Rain Coat
Ph: (01)-203166, 200796

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်ရန် တစ်ရက်လေးနာရီ တိုးမြှင့်သင်ကြားရန်စီစဉ်

ဥက္ကာကိုကို

ရန်ကုန်၊ ဇွန် -၉

ဧရာဝတီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ပြန်လည်မြင့်မားလာရေးအတွက်နမဝတန်းနှင့် တက္ကသိုလ်ဝင်တန်းအား ပုံမှန်စာ သင်ချိန်ထက် တစ်ရက်လျှင် လေးနာရီတိုးမြှင့်သင်ကြားစေမည်ဖြစ်ကြောင်းဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဦးစိုးမြင့်ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်တွင် တစ်နိုင်ငံလုံးအနေအထားအရ တတိယနောက်ဆုံးသို့ကျဆင်းနေသဖြင့်ယခုနှစ်မှစတင်ကာ ကြပ်မတ်ပြင်ဆင်သင်ကြားစေတော့မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်ကလည်း ဇွန် ၇ ရက်ပြောကြားသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်းအောင်ချက်မှာ ၃၁ ရှိခဲ့ပြီး ယခုနှစ်တွင် ၂၇ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးအရ တတိယအဆင့်ထိ ကျဆင်းသွားခြင်းဖြစ်သည်။

ယခုပညာသင်နှစ်မှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းတိုင်းတွင် ၃၅ ရာခိုင်နှုန်းအထက် အောင်မြင်ရမည်ဖြစ်ပြီး တစ်ကျောင်းလျှင် အနည်းဆုံးငါးဘာသာဂုဏ်ထူးရှင်တစ်ဦးမွေးထုတ်ပေးနိုင်စေရန် သင်ကြားပေးကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုလ ၇ ရက် ပုသိမ်မြို့၊ ထုံးဘိုရပ်ကွက် အမှတ် ၁၂အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားတွင် ထည့်သွင်းသတိပေးပြောကြားသည်။

မြန်မာဘာသာစကားမဟုတ်သည့် တိုင်းရင်းသားပြည်နယ်များ၏ အောင်ချက်ရာခိုင်နှုန်းက ပို၍ သာလွန်နေကြောင်းလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။



အထက(၁)ဒဂုံတွင် ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်စာရင်းကြည့်ရှုနေကြသော ကျောင်းသား၊ကျောင်းသူများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပုံမှန်စာသင်ချိန်မှာ နံနက် ၉နာရီမှ ညနေ၃နာရီအထိ ဖြစ်ပြီး ယခုနှစ်တွင် နံနက်ပိုင်းနှစ်နာရီ၊ ညနေပိုင်းနှစ်နာရီ အချိန်ပို တိုးမြှင့်သင်ကြားကြရမည်ဖြစ်ကာ တစ်နေ့လျှင် စာသင်ချိန် ဆယ်နာရီသတ်မှတ်မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဦးစိုးမြင့်က ယခုလ ၅ ရက်က ဖျာပုံမြို့နယ်အတွင်းရှိ စာသင်ကျောင်းဖွင့်ပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

# စပါးစိုက်ပျိုးမှု စာရင်းကောက်ယူခြင်း ရှေ့ပြေးစီမံကိန်း နေပြည်တော်တွင် စတင်

ထူးသန့်

နေပြည်တော်၊ ဇွန် -၇

**မြန်မာတစ်နိုင်ငံလုံး၏စပါးသီးနှံအမှန်တကယ်စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေကိုပြန်လည်စာရင်းကောက်ယူရန်အတွက် ရှေ့ပြေးစီမံကိန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေတွင် ယခုနှစ် မိုးစပါးရာသီ၌ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ပြောကြားသည်။**

“ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ တိကျဖို့ အရေးကြီးပါတယ်။ ကိန်းဂဏန်းတွေ မမှန်ရင် အလုပ်မဖြစ်ဘူး။ ကိန်းဂဏန်းတွေကို ဖောင်းပွနေတဲ့အတိုင်း မထားဘဲ မှန်ကန်တိကျအောင် ပြန်ကောင်းမယ်။ အဟောင်းကို လိုတိုးပိုလျှော့မလုပ်ဘူး။ နေပြည်တော်မှာ ရှေ့ပြေးစီမံကိန်းအနေနဲ့ စတင်လုပ်ဆောင်မယ်”ဟု ယနေ့ပြုလုပ်ခဲ့သော လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်ခရိုင်အတွင်း စပါးစိုက်ပျိုးဧကနှင့် အထွက်နှုန်းများ မြေပြင်စာရင်းမှန် ကောက်ယူအတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

နိုင်ငံတော်၏ ရိက္ခာသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းများ မသေချာသေးခင် ဆန်ပြည်ပတင်ပို့ခြင်းကိုလည်း ထိန်းထားပေးရန် နိုင်ငံတော်သမ္မတနှင့် စီးပွား/ကူးသန်းဝန်ကြီးကို မေတ္တာရပ်ခံထားကြောင်း စိုက်ပျိုးထုတ်လုပ်မှုအဖြေမှန်ပေါ်လာပါက နိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုကို စီမံနိုင်မည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ ပြန်ကောက်ရာတွင် မိုးစပါး၊ နွေစပါးများ ပါဝင်သော်လည်း ဝမ်းစာအတွက် စိုက်ပျိုးသော တောင်ယာစပါးကိုမူ ထည့်သွင်းပြုစုမည်မဟုတ်ကြောင်း၊ တစ်ဧကအထွက်နှုန်းတင်း ၈၀ မှ ၁၀၀ ကြား ထွက်သော လယ်အမျိုးအစား၊ တစ်ဧက တင်း ၅၀ မှ ၈၀ ကြား ထွက်ရှိသော လယ်အမျိုးအစားနှင့် ၅၀ အောက်ထွက်သော လယ်အမျိုးအစားဟူ၍ “ကောင်း၊ သင့်၊ ညံ့”အုပ်စုခွဲကာ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် လက်ရှိလုပ်ကိုင်နေသော လယ်လုပ်သူနှင့် လယ်ဧကပမာဏကိုသာလျှင် စာရင်းကောက်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက ယခုနှစ်လျာထားချက်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ရာတွင်လည်း ဝန်ကြီးက “အခုက အွန်ပေပါမဟုတ်တော့ဘူး။ ပကတိအတိုင်းပဲကောက်မယ်။ လက်တွေ့အတိုင်းပဲသွားမယ်။ ဒါမှ မိုးစပါးပြီးရင် ကိန်းဂဏန်းတွေရမယ်”ဟု ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

# မြစ်ဝကျွန်းပေါ်ဒေသခံများ ရေကြောင်းပို့ဆောင်ရေး အပြောင်းအလဲများ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇွန် -၈

ရေလမ်းကြောင်းကို အဓိကထားသွားလာနေရသော မြစ်ဝကျွန်းပေါ်ဒေသ မော်လမြိုင်ကျွန်းမြို့နှင့် ပုသိမ်မြို့များကို ပြည်တွင်းရေကြောင်းမှ သင်္ဘောပြေးဆွဲမှု အခေါက်ရေလျှော့ချလိုက်သည့်အပြင် ပုဂ္ဂလိက သင်္ဘောခများမှာ လည်း မြင့်တက်သွား၍ ဒေသခံများ အခက်အခဲတွေ့နေရကြောင်း အဆိုပါဒေသခံများကပြောသည်။

ပြည်တွင်းရေကြောင်းမှ အဆိုပါ ဒေသများသို့ ယခင်က နေ့စဉ်သင်္ဘောပြေးဆွဲပေးသော်လည်း ယခုလဆန်းပိုင်းမှစ၍ တစ်ပတ်လျှင် သုံးရက်သာပြေးဆွဲပေးတော့သည်။

“မြစ်ဝကျွန်းပေါ်ဒေသမှာက သွားလာရေးရော၊ ကုန်စည်တင်ပို့တာရောကို ရေကြောင်းကိုပဲ အားကိုးနေရတယ်။ အခုသင်္ဘောခရီးစဉ် အခေါက်ရေလျှော့လိုက်တော့ အပြန်အသွားမှာ ကုန်ကျစရိတ်တွေလည်း ပိုများလာတယ်”ဟု မော်လမြိုင်ကျွန်း ဒေသခံတစ်ဦးကပြောသည်။

အဆိုပါဒေသများသို့ ပုဂ္ဂလိက လူစီးသင်္ဘောများ ပြေးဆွဲပေးသော်လည်း သင်္ဘောခနှုန်းထားမှာ ပြည်တွင်းရေကြောင်းသင်္ဘောနှင့်စာလျှင် များစွာကွာခြားချက်များရှိနေကြောင်း ဒေသခံများကပြောသည်။

“ပုဂ္ဂလိက သင်္ဘောတွေရှိလို့ သွားလာရေးအတွက် အဆင်ပြေသေးတယ်ဆိုပေမယ့် ကုန်ကျစရိတ်က ထက်ဝက်မကဘူးကွာတယ်။ ပြီးတော့အဲဒီ သင်္ဘောတွေ မှာလည်း ထိုင်ခုံနံပါတ်ရဖို့က တော်တော်ခဲယဉ်းတယ်”ဟု ဒေသ ခံတစ်ဦးကပြောသည်။

ပြည်တွင်းရေကြောင်း သင်္ဘောခမှာ တစ်ဦးလျှင် ၅၀၀ ကျပ်သာရှိသော်လည်း ပုဂ္ဂလိက လူစီးကုန်တင်သင်္ဘောများမှာ ရိုးရိုးတန်းတွင်ယခင်၁၅၀၀ကျပ်မှယခုလဆန်း၌ ၂၀၀၀-၂၅၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်သွားသကဲ့သို့ ရုပ်ပြေးနှစ်ထပ်များ၏ သင်္ဘောခမှာလည်း ယခင် ၂,၅၀၀ ကျပ်မှ ယခု ၃,၀၀၀ ကျပ်ထိ ဈေး နှုန်းများမြင့်တက်သွားကြောင်း သတင်းရရှိသည်။

# အထူးပြုကုမ္ပဏီအချို့ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်း ယာယီဆိုင်းငံ့

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဇွန် -၉

အထူးပြုကုမ္ပဏီတချို့တောင်သူများသို့ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းကို ခေတ္တဆိုင်းငံ့ထားကြောင်း သတင်းရရှိသည်။

တောင်သူများထံမှ ပဲမျိုးစုံချေးငွေများ အပြည့်အဝ ပြန်လည်မရသေးခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးအရှေ့ဒေသ၌ အဓိကအခြေစိုက်ချေးငွေများ ထုတ်ပေးနေသည့် ရွှေကဝအထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။


“အခုချိန်ထိ အကြွေးကသုံးရာခိုင်နှုန်းလောက်ရဖို့ ကျန်သေးတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယခုနှစ်တွင် တောင်သူလယ်သမားများသည် ဆောင်းသီးနှံပဲမျိုးစုံစိုက်ပျိုးချိန်၌ ရာသီဥတု ဖောက်ပြန်မှုကြောင့်

**စာ(၁၂)သို့**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011



# စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် တွေ့ဆုံခြင်း

**အားမာန်**

အနုပညာ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာ၊ အားကစားဟူသော ဘာသာရပ်ငါးမျိုးနှင့် သက်ဆိုင်သော ဂျာနယ်၊ မဂ္ဂဇင်း ၁၇၈ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့က ဇွန် ၁၀ ရက်မှ စတင်၍ စိစစ်ရေးတင်စရာမလိုဘဲ ထုတ်ဝေခွင့်စတင်ပြုခဲ့သည်။ သို့သော် အဆိုပါ အဖွဲ့က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ဝေရမည်ဖြစ်သည်။ သတင်း၊ ဘာသာရေး(ဂမ္ဘီရအပါအဝင်) စီးပွားရေး၊ ပညာရေး၊ မှုခင်း၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာတို့ကို ဦးစားပေးထုတ်ဝေသော ဂျာနယ်မဂ္ဂဇင်း ၁၈၀ မှာမူ ယခင်ကဲ့သို့ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ စိစစ်မှုကို ခံယူပြီးမှသာ ထုတ်ဝေရမည်ဖြစ်သည်။ ဇွန် ၁၀ ရက်က စတင်ခဲ့သော စာပေစိစစ်ရေးမူဝါဒသစ်များနှင့်ပတ်သက်၍ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေထံသို့ မေးခွန်းများကို စာဖြင့်ရေးသားပေးပို့မေးမြန်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ်ကုန်ပိုင်းမှစတင်၍ အဆိုပါဌာန၏ ညွှန်ကြားရေးမှူးအဖြစ်တာဝန်ယူခဲ့ပြီး လက်ရှိစာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးတင့်ဆွေ၏အဖြေများကို စာဖတ်သူများအတွက် ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှာ စတင်တာဝန်ယူခဲ့ရတဲ့ ၂၀၀၄ ခုနှစ်ကုန်ပိုင်းက အခြေအနေနဲ့ လက်ရှိအခြေအနေကို နှိုင်းယှဉ်ပြီး ပြောပြပေးစေလိုပါတယ်။**

၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းအခြေအနေနဲ့ လက်ရှိအခြေအနေကို နှိုင်းယှဉ်ပြောပြပါဆိုတော့ အခြေအနေဆိုတာဟာ တော်တော်ကျယ်ပြန့်ပါတယ်။ ပုံနှိပ်သူ၊ ထုတ်ဝေသူအရေအတွက်လား၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းတွေရဲ့ အရည်အသွေးလား၊ စာနယ်ဇင်းဆရာ၊ စာရေးဆရာဆိုင်ရာ လူ့အရင်းအမြစ်ဖွံ့ဖြိုးမှုလား၊ စာပေစိစစ်ရေးဆိုင်ရာ မူဝါဒအလျှော့အတင်းလား အများကြီးစဉ်းစားစရာရှိပါတယ်။ ဒါတွေကို ဖြေကြားရမယ်ဆိုရင်လည်း ကျွန်တော်တို့ကသော်လည်းကောင်း၊ စာနယ်ဇင်းများကသော်လည်းကောင်း တိုးတက်တယ်၊ ဆုတ်ယုတ်တယ် စသဖြင့် ဖြေကြားဖို့ဆိုရာမှာ တရားနည်းလမ်း သိပ်မကျပါဘူး။ စာဖတ်ပရိသတ် (သို့မဟုတ်) လူထုရဲ့ အဖြေကသာ ပိုပြီးမှန်ကန်မယ်လို့ ကျွန်တော် ထင်ပါတယ်။

**ဒီတာဝန်ကို ထမ်းဆောင်နေစဉ် အတွင်းမှာ လူကြီးမင်းအနေနဲ့ အဓိကကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။**

စိန်ခေါ်မှုဆိုတာကတော့ လုပ်ငန်းတိုင်းမှာရှိပါတယ်။ ဝိရောဓိဆိုတာတွေကလည်း ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ မူဝါဒများအရ ဆက်စပ်ဆောင်ရွက်နေရတဲ့လောကပတ်ဝန်းကျင်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ဆန္ဒသာရှိပါတယ်။ အခက်အခဲတွေ၊ အပြစ်တွေ မြင်နေကြရမယ့် အချိန်အခါမျိုးမဟုတ်တော့ပါဘူး။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သူ့ရဲ့ ပထမဆုံးမိန့်ခွန်းမှာ မီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ တရားဝင် အသိအမှတ်ပြုပြီးပြောကြားသွားတာကိုတွေ့ရပါတယ်။ လူကြီးမင်းအနေနဲ့ရော လက်ရှိပြည်တွင်းမီဒီယာတွေရဲ့ စွမ်းဆောင်မှုအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

ဥပဒေနဲ့၊ ကျင့်ဝတ်နဲ့အညီကြိုးစားဆောင်ရွက်နေကြတဲ့ ပြည်တွင်းမီဒီယာတိုင်းရဲ့ ယနေ့စွမ်းဆောင်နိုင်မှုတွေဟာ နိုင်ငံအတွက်သော်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှာသော်လည်းကောင်း ကျွန်တော်တို့ကို ဂုဏ်ဒြပ်တစ်ရပ်ဖြစ်စေတယ်လို့ ကျွန်တော်တော့ အမြဲမှတ်ယူထားပါတယ်။

**အခု စာပေစိစစ်ရေးမူဝါဒအသစ်အရ ဇွန် ၁၀ ရက်ကစပြီး ဂျာနယ်၊ မဂ္ဂဇင်း ၁၇၈ စောင်က စိစစ်ရေးကို တင်ပြစရာမလိုဘဲ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အညီ ကိုယ်တိုင်တာဝန်ယူပြီး ထုတ်ဝေနိုင်ပြီ။ ဒါပေမဲ့ အုပ်စု ၂ ထဲမှာပါတဲ့ ဂျာနယ်၊ မဂ္ဂဇင်း ၁၈၀ ကတော့ နဂိုအတိုင်းပဲ။ အဲဒီမှာ စာပေစိစစ်ရေးမူဝါဒသစ်ကို ဒီထက်ပိုပြီး မျှော်လင့်ထားတဲ့သူတွေကတော့ မူဝါဒအသစ်က သိပ်မထူးဘူးလို့ပြောတာတွေ ကြားရပါတယ်။ လူကြီးမင်းအနေနဲ့ ဒီအပေါ်မှာ ဘယ်လိုများ မှတ်ချက်ချချင်ပါသလဲ။**

၁၉၆၂ ခုနှစ် ပုံနှိပ်သူ၊ ထုတ်ဝေသူ ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း နိုင်ငံရဲ့ ပုံနှိပ်သူ၊ ထုတ်ဝေသူအားလုံးဟာ နှစ် ၅၀ နီးပါး စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို စာမူတင်၊ အချောဖြန့်ချိခွင့်တင် လုပ်နေခဲ့ရာကနေ ယခု ထက်ဝက်ခန့်က လာရောက်တင်ပြစရာမလိုတော့ဘဲ မိမိဘာသာ ပုံနှိပ်ထုတ်ဝေခွင့်၊ ဖြန့်ချိခွင့်ရမှာကို သိပ်မထူးဘူးလို့ ခင်ဗျားကရော မှတ်ချက်ပေးချင်ပါသလား။

**မူဝါဒသစ်အရ အုပ်စု- ၂ မှာ ပါတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေက စိစစ်ရေး တင်စရာမလိုတော့တဲ့ အုပ်စု- ၁ ရဲ့ နောက်ဆက်တွဲ အခြေအနေကို သုံးသပ်ပြီးမှ ခွင့်ပြုမယ်လို့ သိရတယ်။ အဲဒီတော့ အုပ်စု-၂ ရဲ့ အခြေအနေက အုပ်စု-၁ရဲ့ စွမ်းဆောင်မှုအပေါ်မှာပဲ လုံးလုံးမှီခိုနေတာလား၊ အုပ်စု-၁ က စွမ်းဆောင်မှုမကောင်းလို့ နောက်ဆက်တွဲပြဿနာတွေများရင် အုပ်စု- ၂ မှာပါတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက စိစစ်ရေးမတင်ရတော့တဲ့အခြေအနေကို မရနိုင်တော့ဘူးလားဆိုတာ ထပ်မံရှင်းလင်း ပြောကြားပေးစေလိုပါတယ်။**

ကျွန်တော်ကတော့ အုပ်စု-၁ ဖြစ်စေ၊ အုပ်စု-၂ဖြစ်စေ အားလုံးကို အမြန်ဆုံးနဲ့ အကောင်းဆုံးအခြေအနေ ရရှိစေလိုတဲ့ ဆန္ဒပဲရှိပါတယ်။ ခင်ဗျားတို့ ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်နိုင်မယ်လို့ယုံကြည်ကြောင်းကိုလည်း လုပ်ငန်းစဉ်ရှင်းပြတဲ့နေ့ကတည်းက ကျွန်တော်ပြောပြခဲ့ပြီးဖြစ်ပါတယ်။

**အုပ်စု- ၂ မှာပါပေမယ့် အဲဒီဂျာနယ်တွေမှာ သတင်းစာပညာပြည့်ဝမှု၊ ကျင့်ဝတ်နဲ့အညီ လုပ်ကိုင်ဆောင်ရွက်မှု၊ တာဝန်ယူမှု၊ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများနဲ့အညီ လုပ်ကိုင်နိုင်တဲ့အခြေအနေရှိနေမယ်ဆိုရင် အုပ်စု-၁ ရဲ့အခြေအနေကို မကြည့်ဘဲနဲ့ စိစစ်ရေးတင်စရာမလိုဘဲ ထုတ်ဝေခွင့်ပြုတဲ့အခြေအနေ ခွင့်မပြုနိုင်ဘူးလားဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

စာ(၂၉)သို့

# ဘာသာရပ်ငါးမျိုး ဂျာနယ်၊ မဂ္ဂဇင်းများ စာပေစိစစ်ရေးတင်စရာမလိုဘဲ ထုတ်ဝေခွင့်ရ

သီဟ

**ရန်ကုန်၊ ဇွန် -၈**

စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ လက်ရှိထုတ်ဝေလျက်ရှိသည့် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် အထွေထွေစာပေများထဲမှ ဘာသာရပ်ငါးမျိုးအား ယခင် စာပေစိစစ်ရေးသို့တင်ပြပြီးမှသာ ထုတ်ဝေလျက်ရှိသည့်စနစ်မှ မိမိကိုယ်တိုင် စိစစ်တည်းဖြတ်ကာ ထုတ်ဝေရမည့်စနစ်သို့ ယခုလ ၁၀ ရက်နေ့မှ စတင်ပြောင်းလဲ ကျင့်သုံးလိုက်ပြီဖြစ်သည်။

ဂျာနယ်၊ မဂ္ဂဇင်းများကို အုပ်စုနှစ်စုခွဲခြားထားပြီး အုပ်စု ၁ တွင် အနုပညာ၊ သုတ၊ ရသ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာ၊ အားကစားစသည့် ဘာသာရပ်များဖြင့် ထုတ်ဝေလျက်ရှိသည့် ဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာပေများအား စာပေစိစစ်ရေးသို့ တင်ပြစရာမလိုတော့ဘဲ ထုတ်ဝေသူများကိုယ်တိုင် စိစစ်တည်းဖြတ်ကာ ထုတ်ဝေပြီးမှသာ စိစစ်ရေးသို့ တင်ပြရမည့်စနစ်သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ အဆိုပါ အုပ်စု ၁ တွင် ပုံပြင်စာအုပ်များ၊ ရုပ်ပြစာအုပ်များနှင့် ထီပေါက်စဉ်များလည်း ပါဝင်ကြောင်း သိရသည်။

သို့သော် အုပ်စု ၁ တွင်ပါဝင်သည့် ဂျာနယ်၊မဂ္ဂဇင်းနှင့် အထွေထွေစာပေများသည် သတ်မှတ်ထားသည့် အမှာစာနှင့် ညွှန်ကြားချက်များကိုလိုက်နာ၍ စာပေစိစစ်ရေးသို့တင်ပြရန်မလိုဘဲ ကိုယ်တိုင်တာဝန်ယူထုတ်ဝေရမည်ဖြစ်သည်။ ထုတ်ဝေပြီး မဖြန့်ချိခင် ဂျာနယ်နှင့် မဂ္ဂဇင်းအချောကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့တင်ပြရမည်ဖြစ်သည်။ ထိုသို့ ထုတ်ဝေပြီး ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့်မြန်မာနိုင်ငံစာပေစာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူ ၁၂ ဦးဖြင့် ဖွဲ့စည်းထားသော ပြန်လည် စိစစ်သုံးသပ်ရေးအဖွဲ့ကဖြစ်ရပ်အပေါ် သုံးသပ်မည်ဖြစ်သည်။ ဂျာနယ်၊ မဂ္ဂဇင်းက စည်းကမ်းဖောက်ဖျက်ပါက အုပ်ချုပ်မှုနည်းလမ်းအရသော်လည်းကောင်း ဥပဒေအရသော်လည်းကောင်း အရေးယူမည်ဖြစ်ကြောင်း သိရသည်။

အရေးယူရာတွင် စိစစ်သုံးသပ်ရေးအဖွဲ့မှတင်ပြလာသည်များကိုကြီးကြပ်မှုဗဟိုအဖွဲ့မှ အုပ်ချုပ်မှုနည်းလမ်းအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း အရေးယူသင့် မသင့်နှင့် လုံးဝအရေးယူသင့်မသင့် ဆုံးဖြတ်ပေးမည်ဖြစ်သည်ဟုသိရသည်။

အုပ်ချုပ်မှုနည်းလမ်းအရ အရေးယူရာတွင် ပထမအကြိမ်ဖြစ်မှုကျူးလွန်ပါက ကျူးလွန်သူမှ စပေါ်ငွေ ကျပ်သိန်း ၅၀ တင်ရမည်ဖြစ်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက အဆိုပါ စပေါ်ငွေမှ သင့်တင့်သည့်နှုန်းထားကို သိမ်းယူမည်ဖြစ်ကာ ပြစ်မှုကျူးလွန်သူက သိန်း ၅၀ပြန်လည်ဖြည့်တင်းပြီးမှသာ ပြန်လည်ထုတ်ဝေခွင့်ရရှိမည်ဖြစ်ကြောင်းသိရသည်။

အုပ်စု ၂ တွင်ပါဝင်သော သတင်း၊ ဘာသာရေး(ဂမ္ဘီရအပါအဝင်)၊ စီးပွားရေး၊ ပညာရေး၊ မှုခင်း၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာတို့ကို ဦးစားပေးထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်း ၁၈၀ မှာမူ ယခင်အတိုင်း စာပေစိစစ်ရေးတင်ပြပြီးမှ ထုတ်ဝေခွင့်ရမည်ဖြစ်သည်။

“လွှတ်တယ်ဆိုတာလည်း အကုန်လွှတ်ဖို့ အရေးကြီးတယ် သတင်းဂျာနယ်တွေ မလွှတ်သေးတော့နောက်တစ်ဆင့်မျှော်ရမှာပေါ့။ လွှတ်တယ်ဆိုတိုင်းလည်း အရမ်း လုပ်လို့မဖြစ်သေးဘူး။ တချို့လည်း အရေးယူခံရမှာကြောက်နေကြတာလည်းရှိသေးတယ်။ ငွေနဲ့ဒဏ်ဆောင်ရမယ်ဆိုတော့စီးပွားရေးအရတွက်ကြတာလည်းရှိတာပေါ့”ဟု လက်ရှိအုပ်စု ၂တွင်ပါဝင်လျက်ရှိသော ဂျာနယ်တစ်စောင်မှ တာဝန်ခံအယ်ဒီတာတစ်ဦးကပြောသည်။



7DAY NEWS JOURNAL
Vol.10, No.13 · JUNE 16, 2011

## ၂၀၁၁ ဇွန်လ ဒုတိယ ၁၀ ရက်ပတ်အတွက်
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် နှစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင်(၂၁၀)စင်တီမီတာ(၇ ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် (၁၅၀) စင်တီမီတာ (၅ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁၂၀)စင်တီမီတာ (၄ ပေခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် (၂၁၀) စင်တီ မီတာ (၇ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင်(၁၅၀) စင်တီမီတာ (၅ ပေခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




# မန္တလေး ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းခွဲ ဖွဲ့စည်း

**ယဉ်ယဉ်လှ**

**မန္တလေး၊ ဇွန် - ၁၀**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးရုံးခွဲ)ကို ဖွဲ့စည်းပြီး မေ ၂၄ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄လမ်း၊ ၈၄×၈၅လမ်းကြားတွင် ရုံးခွဲဖွင့်လှစ်နိုင်ခဲ့ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဦးရန်အောင် (နယူးစတား)ကပြောသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ဖွဲ့စည်းခဲ့ပြီး ခြောက်လခန့်အကြာ မန္တလေးမြို့တွင် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အသင်းအနေဖြင့် လက်ဝတ်ရတနာအချောထည်လုပ်ငန်း၊ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပြီး ပြည်ပဈေးကွက်ရရှိရေးအတွက် လုပ်ငန်းရှင်များအား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ပသို့ ကျောက်မျက်ရတနာ တရားမဝင်သယ်ဆောင်ခြင်း၊ ရောင်းချခြင်း မရှိစေရေးနှင့် ကျောက်မျက်ရတနာရောင်းဝယ်ထုတ်လုပ်သူအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်အတွက် ဖွဲ့စည်းရခြင်းဖြစ်ကြောင်းသိရသည်။



မန္တလေးမြို့ ကျောက်စိမ်းဈေးကွက်အတွင်းမှ ကျောက်စိမ်းလက်ကောက်ရောင်းချနေသူများ

**-ပြင်ဆင်ဖတ်ရှုပါရန်**

7Day News Journal အတွဲ (၁၀)၊ အမှတ်(၁၂) စာ (၈)ပါ "ထပ်မံတွေ့ ရှိသော ဝေသာလီခေတ်လေးမြို့ခေတ်နှင့် မြောက်ဦးခေတ် ဆင်းတုတော်များ မြောက်ဦးမြို့၌ပြင်ထားရှိမည်" သတင်းပါစာပိုဒ်၃ "၁၅ပဲရည်ရွှေချိန်လေးပိသာနှင့် ၆၄ကျပ်သားရှိ ဆင်းတုတော်တစ်ဆူ"အစား "ကြေးဖြင့်ပြုလုပ်ထားသော ကြေးဆင်းတုတော်တစ်ဆူ"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

# ရေလုပ်သား ၂၀ဦး သေဆုံးခြင်းကို အတည်ပြု

**သန်းဌေး**

**ရန်ကုန်၊ ဇွန် - ၈**

မြန်မာ့ပင်လယ်ပြင် ဧရာဝတီငါးဖမ်းကွက်တွင် ယခုနှစ် မတ်လလယ်က ဖြစ်ပေါ်ခဲ့သော ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့် ရေလုပ်သား ၂၀ဦး သေဆုံးခြင်းကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့အချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောကြားသည်။

"လူ ၂၀သေတယ်လို့အတည်ပြုချက်ရရှိပါပြီ။ ပျောက်ဆုံးနေတဲ့ လူ ၄၇၀ အတွက်ပါ ကရုဏာကြေးအဖြစ် ကျန်ရစ်သူ မိသားစုတွေကို တစ်သိန်းခွဲနှုန်းနဲ့ လုပ်ငန်းရှင်တွေကပေးပြီး ကျွန်တော်တို့ကော်မတီက ငါးသောင်းနှုန်းထပ်ပေးနေပါတယ်"ဟု ၎င်းကပြောကြားသည်။

ရေလုပ်ငန်းဆိုင်ရာ သဘာဝဘေးအန္တရာယ်ကာကွယ်ကူညီစောင့်ရှောက်ရေးဆိုင်ရာ ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ရန်ပုံငွေကောက်ခံရာ ကျပ်သိန်း ၅၂၀ ကို ယခုလ ၄ရက်နေ့အထိ ရရှိထားကြောင်း ၎င်းကပြောကြားသည်။

ထိုသို့ ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြစ်ဝတွင် အင်္ဂလန်ကျားပိုက်ဖြင့် ငါးဖမ်းနေကြသော ကျားဖောင်ပေါင်း ၃,၆၀၀ စလုံး ပျက်စီးပြီး ရေလုပ်သား ၁၆,၀၀၀ ကျော်မှာ လေဘေးဒဏ်ခံခဲ့ကြရသည်။ ကျားဖောင်ပိုင်ရှင်များ၏ ဆုံးရှုံးမှုမှာလည်း ကျပ်ငွေသိန်းပေါင်း ၆၅,၀၀၀ကျော်ရှိခဲ့ကြောင်း သတင်းရရှိသည်။

"ပင်လယ်မှာ ရာသီဥတုက ဒီလောက် ဖောက်ပြန်နေတော့ ကျွန်တော် ဒီအလုပ်ကိုမလုပ်ချင်တော့ပါဘူး"ဟု ကျားဖောင်အထောင်ဦးစီး လုပ်သက် ၁၅ နှစ်ရှိ ဒေးဒရဲမြို့နယ် စနုံးကုန်းရွာသား ဦးသန်းထွန်း(၄၇နှစ်)ကပြောသည်။

ဦးသန်းထွန်းအပါအဝင် ရေလုပ်သား ၁၄ဦးမှာ ယခုနှစ် မတ်လ ၁၄ ရက်မှ ၁၇ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော အဆိုပါ သဘာဝဘေးဒဏ်ကြောင့် သီရိလင်္ကာနိုင်ငံသို့ မျောပါသွားခဲ့သည်။ ထို့နောက် သီရိလင်္ကာရေတပ်မှ ကယ်ဆယ်ပြီး ရဲစခန်းသို့ရောက်ခဲ့သည်။ ၎င်းတို့အား မြန်မာသံရုံးမှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်သွယ်ကာ လေယာဉ်ခရီးစဉ်ဖြင့် ဇွန်လ ၈ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။





ဓာတ်ပုံ - သန်းဌေး

ပင်လယ်တွင်းမျောပါသွားပြီး သီရိလင်္ကာရေတပ်မှ ကယ်ဆယ်၍ ဇွန်၈ရက်တွင် မြန်မာနိုင်ငံသို့ပြန်ရောက်လာသော ရေလုပ်သားများ

"ကျွန်တော်က ဆက်မလုပ်တော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားတယ်။ လယ်ထဲဆင်းပြီး သားသမီးတွေနဲ့ အေးအေးဆေးဆေးပဲ လုပ်ကိုင်စားတော့မယ်"ဟု အသက် ၄၂ နှစ်ရှိ ကလေးသုံးယောက်ဖခင် ဖျာပုံမြို့နယ် ခါးပြတ်ရွာသား ဦးသန်းဦးကပြောသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်စတင်ကြုံတွေ့သည်ကို သိရှိချိန်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့အချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ တာဝန်ရှိသူများပူးပေါင်းကာ ပြန်ရောက်ရှိလာသူ လူ ၁၀,၀၀၀ ကျော်အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းပံ့ပိုးပေးခဲ့ကြောင်းသတင်းရရှိသည်။



Vol.10, No.13 • JUNE 16, 2011




# ဂဏန်းတွေနဲ့ မနွှမ်းကြစေချင်ပါ

ရွှေဖြိုးမောက်

ဝမ်းအိုဆဲဗင်း ဖိုက်ရာ။
တူးသရီး ဖိုက် ဝမ်းထောင်။
အိုပ်ဆဲဗင်းနိုင်း ဝမ်းထောင်။
ဖိုင်းထွိုင် ဖိုက်ရာ။
ဆစ်ဝမ်းဝမ်း ဖိုက်ရာ’’

မြင်းမူမြို့နယ် ရွာတစ်ရွာမှ တယ်လီဖုန်းဒိုင်ခွက်နား ပေါ်ထွက်နေတဲ့ အသံတွေပါ။ လစဉ် လဆန်းတစ်ရက်နေ့နဲ့ လဆန်း ၁၆ ရက်နေ့ မနက်ခင်းတိုင်းမှာ အဲဒီရွာရဲ့ တယ်လီဖုန်းရှိတဲ့ အိမ်အားလုံးနီးပါး အထက်ပါအသံတွေကို အချိန်တစ်နာရီမှ နှစ်နာရီကြာမျှအထိ မရပ်မနားကြားရတတ်ပါတယ်။

ဒေသခံကျေးရွာများမှ ကော်မရှင်စားနဲ့ ရွာရိုးကိုးပေါက် လှည့်လည်ရောင်းချသူတွေက မန္တလေးမှာရှိတဲ့ ဒိုင်ချုပ်တွေဆီကို အချိန်မီစာရင်းတင်ကြတာပါ။ တချို့ ကော်မရှင်သမားတွေကျတော့လည်းကိုယ်ပိုင်လက်ကိုင်ဖုန်းနဲ့ အလုပ်လုပ်ကြပါတယ်။အဲဒီရွာမှာ ပီစီအိုဖွင့်ထားတဲ့ ဖုန်းပိုင်ရှင်အမျိုးသမီးတစ်ဦးက ‘ဒီလိုညနေ သုံးလုံးထွက်မယ့်ရက်ဆို ချဲကော်သမားတွေဆီကနေ ဖုန်းပြောခ တစ်ဦးကို ကျပ်ရှစ်ထောင်၊ တစ်သောင်းအထိရပါတယ်။ ကျွန်မ ဖုန်းကရွာထဲမှာ လူသုံးလည်းများတော့ တစ်လကို ကျပ်သုံးသောင်းတန်ငွေဖြည့်ကတ်သုံးကတ်ကုန်ပါတယ်’လို့ ပြောပြပါတယ်။

ရောင်းအားကောင်းတဲ့သူတွေဆို အနီးအနား လေးငါးရွာ လှည့်ရောင်းတာနဲ့တင် ချဲတစ်ပတ် (ရက်သတ္တနှစ်ပတ်) ကိုကျပ်သိန်း နှစ်ဆယ်ကျော်အထိရပါတယ်။ ဂဏန်းတစ်ကွက်ကို ကျပ်ငါးရာ၊ တစ်ထောင်၊ ငါးထောင် ဘရိတ်ထားတဲ့ ကော်မရှင်သမားတွေရှိသလို ဘရိတ်မရှိ အကန့်အသတ်မဲ့ ကြိုက်သလောက်အောထိုးနိုင်တဲ့ လက်ခွဲသမားတွေလည်း ရှိပါတယ်။ ဒိုင်တွေဆီစာရင်းတင်တဲ့ ကော်မရှင်သမားတွေရှိသလို ကိုယ်တိုင်ရောင်း၊ ကိုယ်တိုင်အလျော်အစားလုပ်တဲ့သူတွေလည်းရှိပါတယ်။

“လွတ်လွတ်လပ်လပ် လုပ်လို့ရသလား” လို့မေးကြည့်တော့ “ဆိုင်ရာနယ်မြေက တစ်လတစ်ခါ၊ ဒါမှမဟုတ် သုံးလတစ်ခါလာတယ်။ ထုံးစံအတိုင်း ပေးလိုက်ရုံပဲ။ အေးအေးဆေးဆေး လုပ်လို့ရတယ်” လို့ ပွင့်ပွင့်လင်းလင်းပဲ ပြန်ဖြေပါတယ်။ အဲဒီနယ်မှာ ထိုးသားတစ်ဦးကို အနည်းဆုံး ကျပ်နှစ်ထောင်ဖိုး ထိုးကြပြီး သောင်းဂဏန်း၊ သိန်းဂဏန်းမှသည် ကျပ်သိန်းဆယ်ချီပြီး ထိုးသူများပင် ရှိကြောင်း သိရပါတယ်။ တချို့ဆို တစ်ကွက်တည်းနှင့် ကျပ်သုံးလေးသိန်းဖိုး ထိုးသူများပင်ရှိတယ်လို့ ဆိုပါတယ်။ သုံးလုံးဂဏန်းထိုးပြီး ပေါက်သူအတွက် အဆငါးရာပေးလျော်ပါတယ်။ ကျပ်တစ်ရာဖိုး ထိုးရင် ကျပ်ငါးသောင်းရမယ်ပေါ့။ ဒါ့အပြင် ထိပ်စီး၊ အလယ်၊ နောက်တစ်လုံးအပိုင်၊ နှစ်လုံးအပိုင်၊ အပူးအခွ ထိုးရင်လည်း လက်ခံကြပါတယ်။ သုံးဆ၊ ရှစ်ဆ၊ ဆယ့်ငါးဆ စသည်ဖြင့် ပေးလျော်ကြပါတယ်။

ဒေသခံအချို့ရဲ့ သုံးသပ်ချက်အရ ထိုးသားအများစုက အိမ်စီးပွားရေး မြင့်တက်မလာတာ၊ အခြေမဲ့၊ အနေမဲ့ဖြစ်သွားတာ၊ စာရိတ္တပျက်ပြားသွားတာတွေ အဖြစ်များတယ်လို့သိရပါတယ်။ ဒီလိုတွေ ဖြစ်ပေမယ့် ထိုးအားကျသွားတာလည်းမရှိဘူးလို့ ဆိုပါတယ်။ ကံစွပ်မိပြီး အချိုကြီးပွသွားသူတွေ ရှိပေမယ့် အရေအတွက် နည်းတယ်လို့ ဆိုပါတယ်။ နောက်ဆုံးတော့ ကော်သမားနဲ့ ဒိုင်သမားတွေပဲ ကြီးပွားသွားကြတယ်လို့ ပြောပြပါတယ်။

အရာတော်မြို့နယ်က လက်ခွဲဒိုင်ကြီးသမားတစ်ဦးဆိုရင် ချဲတစ်ပတ်ကို ကျပ်သိန်းခုနစ်ရာ၊ တစ်ထောင်အထိ ကိုင်ထားနိုင်ကြောင်း သိရပါတယ်။ သူ့ရဲ့လက်အောက်ကော်မရှင်သမားတွေ၊ ဒိုင်ခွဲတွေဆိုရင် မုံရွာ၊ မြင်းမူ၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ တန့်ဆည် စတဲ့မြို့များမှာပါ ရှိတယ်လို့သိရပါတယ်။ သူတို့ဆီ တစ်လနှစ်ခါ ရောက်လာတဲ့ငွေတွေဟာ ဘယ်ကနေ ထွက်လာတာပါလဲ။ ဘာလုပ်အားမှ မသုံး၊ ဘယ်ထွက်ကုန်မှ ဖြစ်ထွန်းမလာဘဲ အလိုအလျောက် စီးဆင်းသွားတဲ့ ငွေကြေးများပဲ ဖြစ်ပါတယ်။ ရသူအတွက် တစ်လုံးတစ်ခဲနဲ့ ဖတ်ဖတ် ထည့်ထည့်ရသလို ကုန်သူတွေအတွက်လည်း အပတ်စဉ် ပုံမှန်အလဟဿကုန်ကျနေကြပါတယ်။

လစ်ဟာနေတဲ့ မိသားစုလူမှုဘဝ ကွက်လပ်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ကြံရာမရအလွယ်လမ်းလိုက်ကာ အိပ်မက်မက် စိတ်ကူးယဉ်၊ သချ်ာတွက်နေသူများကလည်း ဒုနဲ့ဒေးရှိနေဆဲပါပဲ။ မစားရ၊ မသောက်ရ၊ အာဟာရမဖြစ်၊ အိမ်အတွက် အကျိုးမရှိ၊ မိသားစုအတွက် အကောင်အထည် ဖြစ်မလာဘဲ ကော်သမားနဲ့ ဒိုင်များကို အပတ်စဉ် ဆက်သနေသလိုပဲဖြစ်နေပါတယ်။ တချို့က ဝင်ငွေလွယ်လွယ်ရ၊ လွယ်လွယ်သုံးသဘောနဲ့ ထိုးကြပြီး တချို့ကျတော့လည်း ဒါကိုပဲ အပတ်စဉ် ပုံမှန်လုပ်ရမယ့် လုပ်ငန်းတာဝန်ကြီးတစ်ခုလို သဘောထားကာ အာရုံစိုက်ကြပါတယ်။ ဒါကြောင့်လည်း ဒီသုံးလုံးချဲထီသက်တမ်းဟာ မျိုးဆက်တွေ တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းသွားရသည်အထိ ရှင်သန်ရပ်တည်နေခဲ့တာပါ။

စာ(၁၁)သို့

# ဒီလိုလေး ချက်ကြရအောင်



ဝိုက်ဗီ

## ပုစွန်ပဲပုပ်ဟင်း



အခုတလော တိရစ္ဆာန်ကျန်းမာရေးပြဿနာကြောင့် ဝက်သားရှောင်စားကြတဲ့ မိသားစုတွေအတွက်တော့ ကြက်သား၊ ငါးနဲ့ ပုစွန်တို့ကိုပဲ အဓိကထားချက်ပြုတ်နေကြရပါတယ်။ ဒါကြောင့် အဲဒီဟင်းစားသုံးမျိုးထဲက တစ်မျိုးဖြစ်တဲ့ ပုစွန်ကို ရှမ်းပုံစံမကျတကျ ချက်ထားတဲ့ ဝိုက်ဗီလက်ရာကို တင်ဆက်ပါရစေ။

ပုစွန်ပဲပုပ်ဟင်းချက်ဖို့အတွက် လိုအပ်တာတွေကတော့ ရှမ်းပဲပုပ်ပြား နှစ်ပြား၊ ပုစွန်တစ်ဆယ်သား၊ငါးပိအနည်းငယ်၊ ခရမ်းချဉ်သီးသုံးလုံးခန့်နဲ့ ငရုတ်သီးစိမ်းတို့ပဲ လိုအပ်ပါတယ်။

ပထမဆုံး ပဲပုပ်ပြားလေးတွေကို ကြွပ်ရွပြီး မွှေးလာအောင် မီးကင်ရပါမယ်။ မီးကင်ပြီးပြီးချင်း ကြွပ်ရွနေတဲ့ ပဲပုပ်ပြားတွေကို ငရုတ်ဆုံထဲမှာ မှုန့်ညက်သွားအောင် ထောင်းပြီး သပ်သပ်ထားပါ။

ပုစွန်ကိုလည်း အခွံမချွတ်ဘဲ ခေါင်း၊ အမြီးနဲ့ အမွေးအမှင်တို့ကိုသာ ဖယ်ပြီး အရသာနယ် နှပ်ထားပါ။ ခရမ်းချဉ်သီးကိုလည်း ပုံမှန်အနေအတိုင်း ပါးပါးလှီး၊ ငရုတ်သီးစိမ်းလေးတွေကိုလည်း အလယ်ခေါင်ကနေထက်ခြမ်းပိုင်းပြီး အသင့်ပြင်ထားပါ။

ပထမဆုံး ကြက်သွန်ဖြူနီ ဆီစသတ်ပါမယ်။ ငရုတ်သီးခွဲခြမ်း အနည်းငယ်နဲ့ အရောင်တင်မှုန့်တို့ကိုထည့်ပါ။ ပြီးရင်တော့ ငါးပိလက်ဖက်စားဇွန်းတစ်ဇွန်းထည့်ပြီး ကျေသွားအောင် မွှေပေးပါ။ ငါးပိကျေပြီးအနံ့မွှေးသွားပြီဆိုရင် လှီးထားတဲ့ခရမ်းချဉ်သီးတွေထည့်ပါမယ်။ ခရမ်းချဉ်သီးကျေပြီးလိပ်သွားတဲ့အထိ မီးဖိုပေါ်မှာတင်မွှေထားပါ။ ခရမ်းချဉ်သီးလိပ်သွားပြီဆိုရင် အသင့်နယ်နှပ်ထားတဲ့ ပုစွန်ကိုထည့်လို့ရပါပြီ။

စာ(၁၁)သို့



# အမျိုးသားဝတ် အင်္ကျီဒီဇိုင်းတွေစုံတဲ့နေရာ

အိဖြူလွင်


ဒီတစ်ပတ်မှာတော့ ရိုးရိုးရှင်းရှင်းနဲ့ပဲ ဆွဲဆောင်မှုအပြည့်ရှိနေစေမယ့် ဒီဇိုင်းသစ် တံဆိပ်သစ်လေးတွေရှိမယ့်နေရာကို ဈေးဝယ်ထွက်ကြည့်ကြဖို့တိုက်တွန်းပါရစေ။


PLAY အမှတ်တံဆိပ်ဆိုတဲ့ တံဆိပ်သစ်ဟာ ယောကျ်ားလေးဝတ် တီရှပ်၊ စပို့ရှပ်နဲ့ အော်တာရှပ်တွေထုတ်ထားပြီး ဒီဇိုင်းအားလုံးက လူငယ်တွေကြိုက်တဲ့ ဒီဇိုင်းတွေဖြစ်တဲ့ အပြင် အမြင်လည်း မရိုင်းဘဲ စတိုင်မိုက်တဲ့ ဒီဇိုင်းဆန်းဆန်းလေးတွေပါ။

ထိုင်းနိုင်ငံက တင်သွင်းတဲ့ တံဆိပ်က ယောကျ်ားလေးတွေအတွက်ပဲ အဓိကရည်ရွယ်တာဖြစ်ပြီး ရန်ကုန်ကို ဝင်လာတာမကြာသေးတဲ့အမှတ်တံဆိပ်လည်းဖြစ်တယ်လို့သိရပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)





အင်္ကျီအသားတွေက ချည်သားစစ်စစ်နဲ့ ပြုလုပ်ထားတဲ့အတွက် ပူလိုက်၊ စိုလိုက်နဲ့ဖြစ်နေတဲ့ အခုလို မိုးရာသီနဲ့လည်း သင့်တော်မယ့်အင်္ကျီတွေလို့ပြောနိုင်ပါတယ်။


အရမ်းလန်းနေတဲ့စတိုင်မှ ကြိုက်တဲ့ လူငယ်တွေရော ပုံမှန်စတိုင်လောက်ပဲကြိုက်တဲ့ လူငယ်တွေအတွက်ရော PLAY တံဆိပ် အင်္ကျီတွေကို နှစ်သက်မှာအသေအချာပါ။

ဈေးနှုန်းအနေနဲ့ကတော့ ၈,၅၀၀ ကျပ်ကနေ ၁၂,၀၀၀ ကျပ်ဝန်းကျင်လောက်ထိပဲရှိတဲ့အတွက် သင့်တော်သက်သာတဲ့ဈေးနှုန်းလို့လည်းပြောနိုင်ပါတယ်။

PLAY တံဆိပ်အင်္ကျီတွေ ရနိုင်တဲ့နေရာကို ဈေးဝယ်ထွက်ကြည့်မယ်ဆိုရင်တော့ Guy's Corner Fashion Zone ဆိုင်မှာ ရနိုင်ပါတယ်လို့ သတင်းလေးပေးရင်း ဆိုင်ရဲ့လိပ်စာကတော့ ကျိုက္ကဆံလမ်းက United Living Mall ကမ္ဘာအေးဘုရားလမ်းက ဂမုန်းပွင့်၊ ပြည်လမ်း တော်ဝင်စင်တာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းက Ruby Mart နဲ့ မင်းနန္ဒာလမ်းက Capital Hyper Mart တို့ပဲ ဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol , No.13 • JUNE 16, 2011



# ဘယ်သူမြင်လို့ အလှဆင်

ကိုရိုးကွန့်

(၁)

မျက်စိ မမြင်ခြင်းသည် ဘဝဆုံးသကဲ့သို့ဖြစ်သည်။နားမကြားခြင်းသည် လူဖြစ်ရှုံးသကဲ့သို့ဖြစ်သည်။ မျက်စိအဆုံး၊ နားအရှုံးဟု မြန်မာက ဆိုရိုးစကား ထားရှိသည်။

(၂)

ရန်ကုန်မှ နံနက် ၇နာရီခန့်တွင် ထွက်လာရာ ဥက္ကံမြို့ရောက်တော ၉ နာရီထိုးပြီပေါ့။ နှစ်နာရီ လောက်ကွေးထားသောခြေထောက်ကိုဆန့်သည်။ ခါးကို မတ်သည်။ တပေါင်းနွေနေက တရှိန်ရှိန်ပူစပြုပြီ။ မတ်လ ၂၇ရက်နေ့မို့ လွန်ခဲ့သော ၆၆ နှစ်က ဖက်ဆစ်တော်လှန်ရေး စတင်ခဲ့သောနေ့ဖြစ်သည်။

ကျွန်တော်တို့ ရောက်ရှိလာသော ဥက္ကံမြို့ မြောက်ဘက်က ရွှေဥဒေါင်းခြံထဲတွင် မဏ္ဍပ်ကြီး ထိုးထားသည်။ မဏ္ဍပ်အောက်မှာ လူစုလူဝေးသည် ဆိတ်ဆိတ်ငြိမ်ငြိမ်ပင် ထိုင်နေကြသည်။ တချို့က မျက်လုံးတစ်ဖက် အုပ်၊ တချို့က မျက်လုံးနှစ်ဖက် အုပ်။ မျက်စိခွဲစိတ်ကုသပြီးစ သက်ကြီးရွယ်အိုများဖြစ်သည်။ အများစုက နွမ်းပါးဟန်ရှိသည်။ တချို့လည်း ရပ်ဝေးမှ လာကုကြဟန်တူသည်။ အထုပ်အပိုးတွေပါသည်။


ခဏနေတော့ အလှူရှင်များ ရောက်လာသည်။ မျက်စိခွဲစိတ်ထားသူများကို နေကာမျက်မှန် တပ်ပေးသည်။ ဆေးထုပ်တွေ ဝေသည်။ ဆုံးရှုံးသွားသော စက္ခုအလင်းပြန်ရတော့မည်မို့ပြုံးပျော်နေသော မျက်နှာများကို မြင်တွေ့ရသည်။

(၃)

စက္ခုအလင်း လှူဒါန်းပွဲကို ဥက္ကံမြို့တွင် ပြုလုပ်လျက်ရှိရာ သုံးနှစ်ရှိပြီဟု သိရသည်။ ၂၀၀၉ခုမှစ၍ ၂၀၁၀ခုနှင့် ၂၀၁၁ ခု။ မျက်စိလာရောက်ကုသခံသူ၊ မျက်စိခွဲစိတ်ရသူ တစ်နှစ်ထက်တစ်နှစ် တိုးလာသည်။ ၂၀၀၉ခုနှစ်က ခွဲစိတ်ရသူ တစ်ရာဝန်းကျင်၊ ၂၀၁၀ ပြည့်နှစ်တွင် နှစ်ရာဝန်းကျင်နှင့် ၂၀၁၁ခုနှစ်တွင် ခွဲစိတ်ပေးရသူ ၃၁၀ဦးအထိရှိလာသည်။

စာ(၁၁)သို့



7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

## စာ-၁၀၊ ဘယ်သူပြိုင်လို့အလှူဆင် မှ

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးသောစက္ခုအလင်း လှူဒါန်းပွဲကို ပြုလုပ်နေသူမှာ ရန်ကုန်မြို့ ရွှေဘုံသာလမ်းက ရွှေငါးစိန်ရွှေရောင်းဝယ်ရေးမှ ဦးသိန်းမြင့်၊ ဒေါ်ခင်သိန်းတို့ မိသားစုဖြစ်သည်။ဦးသိန်းမြင့်က စက္ခုအလင်းလှူဒါန်းပွဲပြုလုပ်ဖြစ်ပုံကို ပြောပြသည်မှာ-

"ကျွန်တော် အရင်ကလည်း အလှူတွေအများကြီးလုပ်ဖူးပါတယ်။ တောနယ်တွေမှာ ကိုရင်မဝတ်၊ရှင်မပြုနိုင်သေးသူကိုကိုရင် ၁၀၈ ပါး အလှူလုပ်ပေးတယ်။ တချို့တောသူတောင်သားတွေဆိုရင် သား၊ မြေးရနေပေမယ့် ပဋ္ဌင်းမတက်ဖူးသေးတဲ့ သူတွေရှိတယ်။ အဲဒီလိုပုဂ္ဂိုလ် ၃၀ကျော်ကို ပဋ္ဌင်းတက်ပေးတယ်။ ရန်ကုန်မှာလည်း မျက်စိမကုနိုင်၊မခွဲစိတ်နိုင်လို့ဆိုင်လာပြီး အကူအညီတောင်းတဲ့လူရှိရင် ဆေးဖိုးကျခံပြီး ကျွန်တော် အလှူလုပ်နေတာပဲ" ဟုပြောပြသည်။

ဆက်လက်၍ အလှူရှင်က ယခုကဲ့သို့ အလှူကြီးဖြစ်ပေါ်လာပုံအား "ဒီလို တစ်ဦးစ၊ နှစ်ဦးစ အလှူလုပ်နေမယ့်အစား လူအများကို အလှူလုပ်ရင် ပိုကောင်းမယ်ဆိုပြီး ၂၀၀၉ခုနှစ်မှာစလုပ်တယ်။ မျက်စိဝေဒနာရှင်ဆိုရင် လူမျိုး၊ ဘာသာမရွေးအခမဲ့ ကုပေးမယ်လို့ ကြေညာလိုက်တယ်။ ကိုသန်းမြတ်စိုးကိုခေါ်ပြီး အသံသွင်းတယ်။ ရှေးဘုရင်ခေတ်တုန်းက ကြေညာပုံမျိုး မောင်းထုပြီး ကြေညာတဲ့ အသံသွင်းတယ်။ ဆိုက်ကားတစ်စီးကိုငါးထောင်ကျပ်နှုန်းနဲ့ ခေါ်၊ ကက်ဆက်ပေးတယ်၊ အခွေပေးလိုက်တယ်။ ရှိသမျှ နယ်တွေလိုက်ပြီး ကြေညာခိုင်းတယ်။ ဗီနိုင်းတွေရိုက်ပြီး ဆိုင်းဘုတ်လည်း ထောင်တယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအထိ ကြေညာလိုက်တော့လူတစ်ထောင်လောက်လာပြတယ်။ အဲဒီ့ထဲက လူ ၂၀၀လောက်ကို ဆေးပေးကုသပြီး လူ ၁၀၀ လောက်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်"ဟုပြောသည်။

"ဒီနှစ်က သုံးနှစ်မြောက်အလှူပါ။ ဆရာတို့ မြင်တဲ့အတိုင်းပဲ၊ မျက်စိခွဲစိတ်ပေးထားတဲ့ လူတွေက မဏ္ဍပ်အပြည့်ပါပဲ။ ကျွန်တော်တို့ ၂၅ ရက်နေ့ကတည်းက စခွဲတာ၊ဒီနေ့ဆိုရင်သုံးရက်ရှိပြီ။တချို့ဆို၇မိုင်၊၈မိုင်လောက်လမ်းလျှောက်လာရတာ။ တချို့ဆို ထမ်းလာရတာ။ တချို့လည်း မျက်စိမမြင်တာလေး၊ ငါးနှစ်ကြာပြီ"

(၄)

မဏ္ဍပ်ထဲတွင် ခွဲစိတ်ပြီးသူများရှိသလို ခွဲစိတ်ရန် စောင့်နေသူများလည်း ရှိသည်။ နံနက် ၁၀ နာရီကျော်ကျော်တွင် ထမင်းကျွေးမှာမို့ ထမင်းစားပြီးမှ ပြန်ကြရန် ဆော်သြနေသည်ကိုတွေ့ရသည်။ ရပ်ဝေးမှညအိပ်ညနေလာရောက်ကုသရလျှင် လူနာနှင့် အတူပါလာသော လူနာစောင့်အဖော်ကိုလည်း ထမင်းကျွေးသည်။

ခွဲစိတ်ခန်းထဲ ထွက်လာသူတစ်ဦးကို မေးမြန်းကြည့်ရာ-

"လှိုင်မြစ်အနောက်ဘက် ကျောင်းကုန်းက လာကုတာပါ။ ကျောင်းကုန်းမှာလယ်တို့ကိုင်းတို့လုပ်ပါတယ်။ အသက် ၆၀ရှိပြီ။ နာမည်က တင်ထွန်းလို့ ခေါ်ပါတယ်။ အခုပဲ မျက်စိခွဲပြီးလို့ သားကတွဲလာပြီး ဒီမှာ ထိုင်ဆိုလို့ ထိုင်နေတာ။ ကျွန်တော်နဲ့အတူ ဇနီးနဲ့သားပါတယ်။ ၂၅ ရက်နေ့က လည်း လာပြရတယ်။ အဲဒီမှာ ဆရာဝန်ကြီးတွေက စမ်းသပ်ပြီး တိမ်ရှိတယ်၊ ခွဲရမယ်ဆိုလို့ ၂၇ ရက်နေ့ လာခဲ့တာ။ ကျောင်းကုန်းနဲ့ရန်ကုန်က နေ့ချင်းပြန်လို့ရတယ်။ မျက်စိကြည့်မကောင်းတာလေး ငါးနှစ်ရှိပြီ။ အရင်က ဘယ်ဆရာဝန်နဲ့မှ မပြဖူးဘူး။ အခုမှ ကျောင်းကုန်းအထိလာပြီး ကြေညာတာသိလို့ လာပြတာ။ ဥက္ကံအထိလာပြရတာ ကားခပဲ ကုန်ပါတယ်။ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ မျက်စဉ်း၊ ဆေး၊ မျက်မှန်အားလုံးအခမဲ့ပါပဲ။ ဒီမှာ ညအိပ်ချင်လည်းရတယ်။ ကျောင်းကုန်းပြန်ချင်လည်း ရတယ်။ အိပ်ရာခင်းတွေအစုံယူလာတယ်။ ထမင်းကို အလှူရှင်တွေကကျွေးတယ်"ဟုပြောပြသည်။

(၅)

ဦးသိန်းမြင့်နှင့် ဒေါ်ခင်သိန်းတို့၏ စက္ခုအလင်းလှူဒါန်းပွဲတွင် အလှူရှင်မိသားစုနှင့် သားသမီးများသာမက ရန်ကုန်မှ မိတ်ဆွေများလည်း လာရောက်ကူညီလုပ်ဆောင်ပေးနေကြသည်။ တချို့က ဧည့်သည်များကိုနေရာချထားပေးရေး၊ ကုသရေး၊ ချက်ပြုတ်ကျွေးမွေးရေးမှာ လုပ်အားဒါနပါဝင်ကြသည်။ တချို့ကလည်း နွမ်းပါးချို့တဲ့သော မျက်စိဝေဒနာရှင်များအား ငွေကြေး၊ မုန့်ပဲသရေစာများကို ပေးဝေကြသည်။ အလှူကြီးထဲတွင် အလှူလေးများပါဝင်အားဖြည့်ခြင်းဖြစ်သည်။မျက်စိဝေဒနာရှင် အဘိုး၊အဘွားတို့ကမူ မည်သူက ဘာလှူလှူ သာဓု သုံးကြိမ်ခေါ်ဆိုကြသဖြင့် လှူဒါန်းသူအားလုံးသည် ကုသိုလ်အညီအမျှရရှိကြသည်။

အလှူရှင် ဦးသိန်းမြင့်အား နောင်နှစ်တွေမှာရော သည်လိုမျက်စိအခမဲ့ကုသသော အလှူကိုလုပ်ဦးမှာလားဟုစကား စလိုက်ရာ ဦးသိန်းမြင့်က ပြုံးပြီး ပြန်ပြောသည်။

"အသက်ရှင်သေးရင်တော့ လုပ်ရမှာပေါ့ဗျာ။ ဘယ်နေ့ သေမယ်ဆိုတာ မပြောနိုင်ဘူးလေ။ ဒီလိုအလှူတစ်ခုလုပ်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရပါတယ်။ ကျွန်တော်တို့ မိသားစုမှာ တစ်လလောက် ကြိုတင်လုပ်ရတယ်။ လူနာ ၂၀၀၊ ၃၀၀ကိုခွဲစိတ်ဖို့ ပစ္စည်းပစ္စယတွေ၊ ဆေးဝါးတွေ၊ စားနပ်ရိက္ခာတွေဝယ်ယူစုဆောင်းရတယ်။ ပို့ထားရတယ်။ ဥက္ကံမြို့မှာ ဒီလိုကုသမယ့်အကြောင်းကို အနယ်နယ်အရပ်ရပ်က ကျေးလက်နေပြည်သူတွေသိအောင် နယ်အထိ လိုက်ကြေညာရတယ်။ ကျွန်တော် ဒီအလှူကို မလုပ်လို့ မရတော့ဘူး။ မနှစ်က မခွဲဖြစ်တဲ့ လူတွေ ဒီနှစ်ရောက်လာတယ်၊ ဒီနှစ်မခွဲဖြစ်တဲ့ လူတွေ နောင်နှစ်ရောက်လာဦးမယ်။ ကျွန်တော်တို့က ဆရာဝန်ရဲ့ ဆုံးဖြတ်ချက်အတိုင်း လုပ်ပေးရမှာပဲ။ ဒီလူက အခုခွဲရမယ်ဆိုရင်ခွဲပဲ၊ နောင်နှစ်ခွဲရမယ်ဆိုရင် နောင်နှစ်ထပ်လာခဲ့၊ ဆေးပေးပြီး ကုလို့ရတဲ့ လူဆိုရင် ကျွန်တော်ကဆေးဝယ်ပြီးကုသိုလ်လုပ် လိုက်မှာပဲ။ ဆေးဝါးပေးဖို့ ဝယ်ရတာတောင် ဆေးဖိုးသိန်းနဲ့ချီကုန်ပါပြီ။ ခွဲစိတ်ရရင် ခွဲစိတ်တာရော ကျွေးမွေး ရတာ ဆေးပေးရတာရော တစ်ဦးကို တစ်သိန်းလောက် လှူရတယ်။ ဥက္ကံအပြင် တခြားနေရာဒေသတွေမှာ မျက်စိအမြင်ဆုံးရှုံးသူတွေ အများကြီးပဲ။ ဒါပေမဲ့ ကျွန်တော်က နေရာဒေသအနှံ့ မလုပ်နိုင်ပါဘူး။ နေရာဒေသအများအပြားမှာ ကျွန်တော်တို့လို အလှူရှင်တွေ ပေါ်ပေါက်လာဖို့ပဲ ဆုတောင်းပါတယ်"

(၆)

လောကကို အလှဆင်သူများသည် လောကအလှကို မြင်စေချင်သူများဖြစ်သည်။

လောကတစ်ခွင် သာယာလှပနေပါလျက် မြင်တွေ့ခွင့်မရသူများ ရှိနေပါသည်။

လောကအလှကို အတူတကွ မြင်တွေ့ကြရန် ဦးသိန်းမြင့်တို့လို အလှဆင်ချင်သူများ အပြိုင်အဆိုင် ပေါ်ပေါက်လာပါစေဟုသာ. . .။ ။

---



# ဝမ်!

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ပရိတ်ရွတ်ခြင်းဟာ လူ၊ နတ်၊ သတ္တဝါ တစေ၊ သရဲ၊ ပြိတာတွေအားလုံးကို ကြည်နူးမှုဖြစ်စေတယ်.....

ပရိတ်ရွတ်ဖတ်ခြင်းဆိုတာ ပရိတ်ကြီး ၁၁ သုတ်ထဲက ဗုဒ္ဓဟောကြား ထားတဲ့ ပါဠိ၊ ဂါထာတွေကို အန္တရာယ်ကင်းဘေးရှင်းဖို့ လာဘ်လာဘ ရဖို့အတွက် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းဖြစ်တယ်။ အဲဒီလို ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့အသံဟ အနီးအနားက ကြားရသူအပေါင်းရဲ့ စိတ်နှလုံးကို ချမ်းမြေ့တဲ့ပတ်ဝန်းကျင်မျိုး ဖန်တီးပေးပါတယ်။

ပရိတ်တရားတော်များကို ရွတ်ဖတ်ကြတဲ့ သံဃာတော်များရဲ့ အသံကိုကြားရသူအပေါင်းက သုတ္တန်ဒေသနာ တစ်ခုစီမှာ အသံနေ အသံထားမတူ၊ တစ်မူစီကွဲပြားနေကြတာကို သတိပြုမိနိုင်ကြပါတယ်။ လူသားများရဲ့ ဘာသာရေးစိတ်ဓာတ်ဖွံ့ဖြိုးစရှေးပဝေသဏီ ကာလကတည်းက လူ့အသံရဲ့ နရီစည်းကျဖြစ်ပေါ်မှုဟာ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး စိတ်ပါလက်ပါ နာကြားသူများရဲ့ စိတ်နှလုံးကိုလည်း ကြည်လင်သန့်ရှင်းစေနိုင်တဲ့ အာနိသင်ရှိကြောင်း တွေ့ရတယ်။ ဒါ့အပြင် တချို့အသံနေအသံထားများဟာ လူတွေကိုသာမက နတ်တွေရဲ့ စိတ်နှလုံးကိုပါ ရွှင်ပြုံးကြည်နူးစေနိုင်တယ်။ တချို့အသံနေ အသံထားများကတော့ နိမ့်ကျတဲ့ သတ္တဝါတွေဖြစ်ကြတဲ့ တိရစ္ဆာန်တွေ၊ တစ္ဆေ၊ သရဲ၊ ပြိတ္တာတွေကိုပါ နှစ်သိမ့်စေနိုင်တယ်။ ဒါကြောင့် ပရိတ်ရွတ်ဖတ်ရာမှာ သာယာနာ ပျော်ဖွယ်ဖြစ်ဖို့ အသံနေ အသံထား မှန်ကန်ဖို့ အရေးကြီးပါတယ်။ ဒီလိုနရီစည်းချက်ကျမှုကို အသုံးပြုတာဟာ ဗုဒ္ဓဘာသာတစ်ခုတည်း မဟုတ်ဘူး။ ဘာသာတိုင်းလိုလိုမှာ သူတို့ရဲ့ဘုရားဝတ်ပြုဆု တောင်းစာတွေကို ရွတ်ဖတ်ကြတဲ့အခါ ဓမ္မတေးတွေ၊ ဓမ္မကျမ်းစာတွေကို ရွတ်ဖတ်ကြတဲ့အခါ အသံ အတက်အကျရှိတဲ့ နရီစည်းချက်ကျမှု ရှိကြပါတယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင်(ရှင်အာဒိစ္စရံသီ)(၁၉၃၈ - ၂၀၀၂)

---




မေဝင်းမွန်

ရန်ကုန်၊ ဇွန် - ၈

ယောဂကျင့်စဉ်ကို စိတ်ပါဝင်စားသူများအနေဖြင့် အိန္ဒိယယောဂပညာရပ်ကို ကုန်သည်လမ်းရှိမြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးတွင် တက်ရောက်သင်ကြားနိုင်သည်ဟု သိရသည်။

ပြည်သူများအကြား ယောဂကျင့်စဉ်နည်းစနစ် ပြန့်ပွားလာစေရန်နှင့် ယောဂကျင့်စဉ်၏ အကျိုးကျေးဇူးများကို သိရှိပြီး စိတ်ရောကိုယ်ပါ ကျန်းမာစေရန် ရည်ရွယ်၍ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ယောဂသင်တန်းကို အိန္ဒိယမှ သင်တန်းဆရာကိုယ်တိုင် သင်ကြားပေးကြောင်းသိရသည်။

အခြေခံနှင့် အဆင့်မြင့်တန်းများ ဖွင့်လှစ်ထားကာ တစ်တန်းလျှင် သင်တန်းသား ၃၀ မှ၄၀ဦးအထိတက်ရောက်နိုင်ကာ နံနက်ပိုင်းနှင့် ညနေပိုင်းနှစ်ချိန်ဖွင့်လှစ်ထားသည်ဟုသိရသည်။ အမျိုးသား၊ အမျိုးသမီး အသက်အရွယ်မရွေး တက်ရောက်နိုင်ပြီး ယောဂသင်တန်းတက်ရောက်မည်ဆိုပါက သင်တန်းမှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၃ ဒေါ်လာနှင့် လစဉ်ကြေး ၅ ဒေါ်လာပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။

အိန္ဒိယသံရုံးတွင် ယောဂသင်တန်းကို ၂၀၁၀ပြည့်နှစ် ဒီဇင်ဘာတွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

---

## စာ - ၉၊ ပုစွန်ပဲပုပ်ဟင်းမှ

ပုစွန်လေးတွေအရောင်နီလာတဲ့အခါ ခုနက ထောင်းထားတဲ့ ပဲပုပ်ပြားအမှုန့်ကို ထည့်ပါမယ်။ ပြီးရင် ရေလေးနည်းနည်းထည့်ပြီး နှံ့သွားအောင်မွှေ ပေးပါ။ ပဲပုပ်နံ့လေးမွှေးလာပြီဆိုရင်တော့ ဆီကျန်၊ ရေကျန်အနေအထားလေးနဲ့ ငရုတ်သီးစိမ်းအုပ်လိုက်ပါ။

ဒါဆိုရင်တော့ ရှမ်းမကျဗမာမကျစတိုင်လေးနဲ့ စားလို့မြိန်မယ့်ပုစွန်ပဲပုပ်ဟင်းလျာ တစ်ခွက်ရပါပြီ။ ငါးပိချက်မဟုတ်ပေမယ့် တို့စရာလေးတွေနဲ့လည်း တွဲဖက်ပြီးတော့ သုံးဆောင်နိုင်ပါတယ်။ ပဲပုပ်ရဲ့ ခပ်စိမ့်စိမ့်အရသာကို ပုစွန်ရဲ့ အချိုနဲ့ ငရုတ်သီး အစပ်အရသာတို့နဲ့ ပေါင်းစပ်ထားတဲ့ ဒီတစ်ပါတ်ဝိုက်ဖီရဲ့ ပုစွန်ပဲပုပ်ဟင်းကို ကျေနပ်ကြမယ်လို့ မျှော်လင့်ရင်း. .။

---

## စာ-၉၊ ဂဏန်းတွေနဲ့ မနွမ်းကြစေချင်ပါ မှ

ခုတော့ ရွာကိုပဲ သွားသွား၊ မြို့မှာပဲနေနေ၊ ဘယ်နေရာကိုပဲ ရောက်ရောက် တစ်လုံး၊ နှစ်လုံး၊ သုံးလုံးအကြောင်း နားမလည်ရင် မပြောတတ်ရင် တချို့နေရာ၊ ဒေသတွေမှာ လူရာမဝင်တော့သလိုပင်ဖြစ်ကြရပါတယ်။ "ညက ပွဲဘယ်လိုပြီးသွားလဲ။ တစ်မောင်း၊ နှစ်မောင်း၊ သုံးမောင်းအခြေအနေကောင်းလား""ဒီမနက် ဘာထွက်လဲ၊ညနေ ဘာကြိုက်လဲ"၊"ဒီတစ်ပတ်ဘာအပိုင်ရလဲ။ ပူးမလား၊ ခွမလား၊ ဘာဂဏန်းဟော့လဲ" စတဲ့ စကားသံတွေဟာ ဒီကနေ့ ကျေးလက်မြို့ပြရှိ လူထုအကြား အသုံးများတဲ့ ဘာသာဗေဒဝေါဟာရများ ဖြစ်နေပါပြီ။ သာမန်ပြည်သူတွေသာမက အခြေခံနဲ့ အဆင့်မြင့်ကဏ္ဍရှိကျောင်းဆရာ၊ ဆရာမများ အပါအဝင် ရုံးဝန်ထမ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၌ပင် ထိုးဖောက်ဝင်ရောက်နေရာ ယူလာတဲ့ လောင်းကစားမှုများပဲဖြစ်ပါတယ်။

အခုဆိုရင် အစိုးရသစ်ဖွဲ့စည်းတာဝန်ယူပြီး လပိုင်းအတွင်းမှာပဲ ကျွန်တော်တို့တစ်သက်တစ်ခါမျှ မကြားဖူးခဲ့ရတဲ့ မိန့်ခွန်းကတိ ကစားတွေ၊ လုပ်ငန်းစဉ်စီမံချက်တွေ၊ အကြံပေးပညာရှင်တွေ ဦးဆောင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အလုပ်ရုံဆွေးနွေးပွဲတွေ စတဲ့ပြည်သူ့အတွက် မျှော်လင့်ချက် ခြေလှမ်းအစများကိုမြင်တွေ့နေကြရပါပြီ။ အဓိကကျတဲ့ပြည်သူတွေကလည်း 'ကောင်းသော ပြောင်းလဲခြင်းကို အစစ်အမှန်ကြိုးစားတည်ဆောက်ရမယ်' ဆိုတဲ့ စိတ်ဓာတ်နဲ့ ဝိုင်းဝန်းပူးပေါင်းကြဖို့လိုပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးကိစ္စတွေကိုလည်း အမြစ်ပြတ်ရှင်းထုတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

Vol.10, No.13 · JUNE 16, 2011

### အရေပြားအားဒုက္ခပေးတတ်သည့်

# လက်ဝတ်ရတနာအတုများ

သီဟ



ယောက်ျား၊မိန်းမ၊ကလေးသူငယ်မရွေး ကိုယ်တွင်အလှဆင်ပစ္စည်းများဖြင့်တန်ဆာဆင်တတ်ကြသည်မှာသဘာဝပင်ဖြစ်သည်။ ယခုကဲ့သို့လက်မှုပညာတိုးတက်လာသည့်ခေတ်မတိုင်မီခင်ကပင် အဆင်တန်ဆာအမျိုးမျိုးအား ပြုလုပ်ကာ ဆင်မြန်းလာခဲ့ကြသည်ပင်။

သို့သော် အဆင်တန်ဆာ ဝတ်ဆင်သူအများစုသည် ရွှေအစစ်၊ငွေအစစ် စသည့် အဆင်တန်ဆာအစစ်များကိုဝတ်ဆင်သူများအတွက်မူဝတ်ဆင်သူ၏အသားအရည်အား မည်သို့မျှထိခိုက်မှုမရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရွှေ၊ငွေ စသည်များနှင့် အလားသဏ္ဌာန်တူသည့်အဆင်တန်ဆာများကိုဝတ်ဆင်ပါက အချို့သောသူများ၏ အသားအရည်သည် အဆိုပါအလားသဏ္ဌာန်တူသည့်ပစ္စည်းများနှင့် ဓာတ်မတည့်မှုများ ဖြစ်ပွားတတ်သည်။

ထိုသို့ဖြစ်ခြင်းမှာ လူတို့၏အရေပြားသည် တစ်ခါတစ်ရံတွင် လက်မခံနိုင်သည့် ပစ္စည်းများနှင့်ထိတွေ့ရသည့်အခါတွင် တုန့်ပြန်မှုများပြုလုပ်တတ်သောကြောင့်ဖြစ်သည်ဟု အရေပြားအထူးကုဆရာဝန်တစ်ဦးက ပြောသည်။

အဆင်တန်ဆာများနှင့်အရေပြားဓာတ်မတည့်မှုသည်ပစ္စည်းအစစ်များနှင့်ထိတွေ့သည့်အခါတွင်ဖြစ်ပွားလေ့မရှိဘဲ အလားသဏ္ဌာန်တူပစ္စည်းများနှင့် ထိတွေ့မှသာဖြစ်ပွားခြင်းမှာ ယင်းအလားသဏ္ဌာန်တူပစ္စည်းများတွင် နီကယ်ပါဝင်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

စာ(၁၄)သို့

## အကိုက်အခဲပျောက်ဆေးသစ်အချို့ ဘေးထွက်ဆိုးကျိုး နည်းပါးအောင်ထုတ်လုပ်၍ ဈေးကွက်ရရန်ကြိုးပမ်း

ဝတ်ရည်

ရန်ကုန်၊ ဇွန် - ၉

လူအများသုံးစွဲလေ့ရှိကြသော အကိုက်အခဲပျောက်ဆေးများသည် ဘေးထွက်ဆိုးကျိုးများပြားလေ့ရှိပြီး ဈေးကွက်အတွင်းအသစ်ဝင်လာသည့်ဆေးဝါးများသည် ထိုဆိုးကျိုးများ နည်းပါးစေရန် ပြုလုပ်ခြင်းဖြင့် ဈေးကွက်ဝင်လာကြောင်း သတင်းရရှိသည်။

အကိုက်အခဲပျောက်ဆေးများတွင်ပါဝင်သောဓာတ်များက အစာအိမ်ထိခိုက်စေခြင်း၊ ဦးနှောက်အတွင်း သွေးယိုစီးမှုများဖြစ်ပွားစေခြင်း စသည့်ဘေးထွက် ဆိုးကျိုးများ များပြားကြောင်းသိရ သည်။

"အကိုက်အခဲပျောက်ဆေးတွေက အစာအိမ်ထိခိုက်မှုများပြားတဲ့အတွက် အခုအကိုက်အခဲ ပျောက်ဆေးက နာကျင်မှုကိုအမြန်သက်သာစေပြီး အစာအိမ် ထိခိုက်မှုအနည်းဆုံးဖြစ်စေအောင်အဓိကထားထုတ်လုပ်ထားတယ်" ဟု GOFEN အကိုက်အခဲပျောက်ဆေးသစ်မိတ်ဆက်ပွဲတွင် Mega မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အကိုက်အခဲပျောက်ဆေး များသည် ရောင်ရမ်းမှု သက်သာ စေခြင်း၊ အပူကျစေခြင်း၊ နာကျင်မှုသက်သာစေခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားနာခြင်း၊ လစဉ် အမျိုးသမီးများ နာကျင်ကိုက်ခဲခြင်း၊ လေးဘက်နာကြောင့် နာကျင်ခြင်း များစသည်ဖြင့် နာကျင်မှုဝေဒနာများ သက်သာစေရန် အသုံးပြုမှုများပြားသည်။

GOFEN အကိုက်အခဲပျောက်ဆေးအား ဂျယ်လီဖြင့် အုပ်ထားသောကြောင့် ခန္ဓာကိုယ်မှ လျင်မြန်စွာ စုပ်ယူနိုင်ပြီး ကိုက်ခဲမှုမြန်ဆန်စွာသက်သာစေရန်ပြုလုပ်ထားခြင်းဖြစ်သည်ဟုဆိုသည်။


## သတိပြုစရာ ဒူလာ(ခေါ်)ဂေါက်ရောဂါ

ဝတ်ရည်

ခန္ဓာကိုယ်အတွင်းရှိအစိတ်အပိုင်းတစ်ခုချင်းစီသည် လုပ်ငန်းတာဝန်များကို ဟန်ချက်ညီညီလှုပ်ရှားနေကြပြီး တစ်စုံတစ်ရာမှားယွင်းပါက ရောဂါတစ်ခုအဖြစ် ဖြစ်ပေါ်ခံစားကြရလေ့ရှိကြသည်။

ထိုကဲ့သို့ဖြစ်ပေါ်မှုသည်ကင်ဆာရောဂါကဲ့သို့ အသက်သေစေသည်အထိဖြစ်စေသည့် ရောဂါများဖြစ်ပေါ်နိုင်သကဲ့သို့ အချို့ရောဂါများမှာ အသက်မသေနိုင်သော်လည်း နာကျင်မှု ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားကြရသည်။

မြန်မာစကားပုံထဲတွင် ယောက်ျားတွင် ဒူလာ၊ မိန်းမတွင် မီးယပ်ရောဂါဟူ၍ ဆိုရိုးရှိပြီး အဆိုပါ ဂေါက်ရောဂါ(ဒူလာ)ဖြစ်ပွားမှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ကိုးဆ ပိုမိုဖြစ်ပွားကြကြောင်း နိုင်ငံတကာလေ့လာချက်များတွင်ဖော်ပြထားသည်။




အရိုးအဆစ်ရောဂါများထဲတွင် ဖြစ်ပွားမှုများပြားပြီး ဝေဒနာပြင်းပြင်းထန်ထန်ခံစားရသည့်ဂေါက်ရောဂါသည် လူကြီးများတွင် အဖြစ်များပြီး အမျိုးသားများတွင် ပိုမိုတွေ့ရှိရကြောင်း အရိုးအဆစ်ဆိုင်ရာ ဆရာဝန်များထံမှ သိရသည်။ ခန္ဓာကိုယ်ထဲတွင် ယူရစ်အက်ဆစ်များ များပြားနေခြင်းကြောင့်ဖြစ်ပွားသည့် အဆိုပါရောဂါသည် အချို့မှာ မွေးရာပါ ယူရစ်အက်ဆစ်များထုတ်လုပ်မှုများပြားနေခြင်းကြောင့်လည်းကောင်း၊ ယူရစ်အက်ဆစ်ဓာတ်များ များပြားစွာ ပါဝင်သည့်အစားအစာများ စားသုံးမှု များပြားခြင်းကြောင့်လည်းကောင်း၊ စားသုံးသည့်အစားအစာမှာ ပုံမှန်ဖြစ်သော်လည်း အကြောင်းကြောင်းများကြောင့် ယူရစ်အက်ဆစ်များ ထုတ်လုပ်မှုနည်းပါးပြီး

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ကလေးများ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများကို သတိပြုရန်လို

ဝတ်ရည်

**ရန်ကုန်၊ ဇွန် – ၈**

ကျောင်းဖွင့်စဖြစ်သော မိုးရာသီတွင် ကျောင်းသွားသည့်ကလေးငယ်များ မလိုလားအပ်သည့်ရောဂါများဖြစ်ပွားမှုနည်းပါးစေရန် ဂရုပြုသင့်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။

မိုးရာသီတွင် ခြင်များပေါက်ပွားမှုများပြားသဖြင့် ခြင်ကြောင့်ဖြစ်ပွားသည့်ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ငှက်ဖျားရောဂါနှင့် ဦးနှောက်ကင်ညာ(ဆင်တုပ်ကွေး)ရောဂါများ ဖြစ်ပွားမှုများပြားပြီး ကျောင်းရှိမသန့်ရှင်းသော အစားအစာများမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခြင်း၊ အအေးမိခြင်းများဖြစ်ပွားနိုင်ကြောင်း သိရသည်။

**သွေးလွန်တုပ်ကွေးရောဂါ**



**မိုးရေထဲတွင် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေကြသော ရန်ကုန်မြို့မှ ကလေးငယ်များ။**
ဓာတ်ပုံ – ဇော်မောင်မောင် (အမရပူရ)

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များ၏အသက်အန္တရာယ်အား အဓိကခြိမ်းခြောက်သည့်ရောဂါဖြစ်ပြီး ယခုအချိန်တွင် အများဆုံးဖြစ်ပွားကြသည်။

ကျောင်းများတွင်ကလေးငယ်များ ခြင်ကိုက်မခံရစေရန် ခြင်ဆေးခွေများ ယူဆောင်လာစေ၍ ကာကွယ်ခြင်းများ ဆောင်ရွက်လေ့ရှိသော်လည်း ခြင်ဆေးငွေ့ကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်ကြောင်းသိရသည်။

ကျောင်းသွားသည့် ကလေးငယ်များအားခြင်ကိုက်မခံရစေရန် ဘောင်းဘီရှည်၊ အင်္ကျီရှည်များဝတ်ဆင်၍ ကာကွယ်ပေးခြင်းအပြင် ခြင်မကိုက်စေရန် အသုံးပြုသည့် လိမ်းဆေးများနှင့်လည်း ကာကွယ်နိုင်ကြောင်းသိရသည်။

“ခြင်ဆေးခွေရဲ့ အငွေ့က အဆုတ်ရောဂါတွေနဲ့ ရင်ကြပ်တာတွေဖြစ်နိုင်တယ်။ ပြီးတော့ ကျောင်းတွေမှာ မကြာခဏ ခြင်ဆေးမှုတ်ရင်တော့ ခြင်နည်းနိုင်ပါတယ်။ ခြင်မကိုက်အောင်သုံးတဲ့ဆေးတွေက ကလေးတွေရဲ့ ပါးစပ်ထဲတွေ ဘာတွေဝင်ရင်တော့ အန္တရာယ်မဖြစ်စေဘူးဆိုပေမယ့် မဝင်အောင်တော့ဂရုပြုရမယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။

အဆိုပါလိမ်းဆေးများသည် လူကြီး၊ ကလေးအရွယ်မရွေး သုံးစွဲနိုင်ပြီး တစ်ခါ အသုံးပြုထားလျှင် နာရီ ၄နာရီမှ ၆ နာရီအထိ ခြင်ကိုက်မခံရနိုင်ကြောင်းသိရသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

ကျောင်းများတွင် ရောင်းချသောမသန့်ရှင်းသည့်အစားအစာများကြောင့်လည်း ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းများ ဖြစ်ပွားလာနိုင်ကြောင်းသိရသည်။

ကျောင်းများတွင် ရောင်းချသည့်စျေးသည်များအား ကျောင်းကျန်းမာရေးဆရာဝန်မှ ဝမ်းကိုက်ရောဂါပိုးရှိ၊ မရှိနှင့် အရေပြားရောဂါများဖြစ်ပွားမှုအား စစ်ဆေးခြင်းများ ဆောင်ရွက်သင့်ပြီး ကျောင်းတွင်း ရောင်းချသော အစားအစာများ သန့်ရှင်းမှုရှိစေရန် အချို့ကျောင်းများတွင် စစ်ဆေးလေ့ရှိကြောင်း ကျောင်းများမှသိရသည်။

**အအေးမိခြင်း**

မိုးတွင်းတွင် ကလေးငယ်များ မိုးမိရာမှ အအေးမိခြင်းနှင့် ဖျားနာခြင်းများ ဖြစ်ပွားနိုင်ပြီး အအေးမိခြင်း ကြာရှည်ပါက အဆုတ်ရောင်ခြင်းများပါဖြစ်ပွားစေနိုင်ကြောင်းသိရသည်။

“မိုးမိလာရင် ချက်ချင်း အဝတ်အစားလဲပြီး နွေးထွေးအောင် ထားသင့်ပါတယ်။ တချို့ကလေးတွေကတော့ ခြေထောက်အအေးမိရာကနေ အစာမကြေတွေဖြစ်ကြတာ၊ ဝမ်းဖောဝမ်းရောင်ရောဂါတွေပါ ဖြစ်ကြတာတွေရှိတယ်”ဟု ကလေးအထူးကုဆရာဝန်တစ်ဦးကပြောသည်။

စာ – ၁၃၊ အရေပြားအားဒုက္ခပေးတတ်သည့်လက်ဝတ်ရတနာအတုများမှ

ရွှေ၊ငွေ အစရှိသည့် ပစ္စည်းများသည်လူတို့၏အရေပြားနှင့် ဓာတ်ပြုရန် ခဲယဉ်းသော်လည်း နီကယ်တွင်ပါဝင်သည့် ဓာတ်ပစ္စည်းများသည် လူ၏အရေပြားနှင့်ထိတွေ့ပြီးချွေးထွက်လာပါကဓာတ်ပြုကာ ဓာတ်မတည့်မှုများဖြစ်ပွားတတ်သည်ဟုသိရသည်။

အရေပြားနှင့် ထိစပ်ပစ္စည်းများဖြင့် ဓာတ်မတည့်ခြင်းသည် ရွှေ၊ ငွေ၊ ကြေး၊ ပလပ်စတစ် အစရှိသည့် အရေပြားနှင့် ထိစပ်နိုင်သည့်ပစ္စည်းများ အားလုံးနှင့် ဖြစ်နိုင်သော်လည်း နီကယ်နှင့်ဓါတ်မတည့်မှုဖြစ်ခြင်းမှာ အများဆုံးဖြစ်သည်။

“ထိတဲ့ပစ္စည်းက ရွှေတို့ကြေးတို့ ကြောင့်လည်းဖြစ်တတ်တယ် ဖြစ်စရာတော့ အများကြီးပါ၊ အရေပြားက မတည့်တော့ ပထမတော့ရဲလာမှာပေါ့။ နောက်တော့ ရဲမယ်၊ ယားမယ် ယောင်လာမယ် အဲဒီထက်ဆိုးမယ်ဆိုရင်တော့ အဖုတွေထလာမယ် အရည်ကြည်ဖုတွေဖြစ်လာမှာပေါ့” ဟု ရန်ကုန်ဆေးရုံကြီး အထူးအရေပြားဌာနမှ အရေပြားအထူးကုဆရာဝန် ဒေါက်တာလင်းထက်က ပြောသည်။

လက်ဝတ်လက်စား အဆင်တန်ဆာများအပြင်ခန္ဓာကိုယ်တွင် ဆင်မြန်းလေ့ရှိသည့် နာရီကဲ့သို့သောအသုံးအဆောင်ပစ္စည်းများတွင်လည်း အချို့မှာ နီကယ်ပါဝင်သဖြင့် ဓာတ်မတည့်မှုများဖြစ်ပွားနိုင်သည်။

ထို့အပြင် အမျိုးသားများတွင် ဘောင်းဘီကျယ်သီးကြောင့်လည်းကောင်း အမျိုးသမီးများတွင် ဘောလီချိတ်များကြောင့်လည်းကောင်းဓါတ်မတည့်မှုများဖြစ်ပွားတတ်သည်ဟုသိရသည်။

အထက်ပါပစ္စည်းများနှင့် ဓါတ်မတည့်ခြင်းဖြစ်ပွားမှုသည့် ယင်းပစ္စည်းများနှင့် ထိတွေ့သည့်အချိန်အပေါ်တွင်လည်း မူတည်ကြောင်း သိရသည်။

ထိတွေ့ချိန်များလေလေ ဓာတ်မတည့်မှုဖြစ်ပွားရန် အခွင့်အလမ်းပိုမိုများပြားလေပင် ဖြစ်သည်။ အရေပြားကိုဖောက်၍ အဆင်တန်ဆာများဆင်မြန်းခြင်းကြောင့်လည်း ဓာတ်မတည့်မှုဖြစ်ပွားကာ အရေပြားယောင်ရမ်းပြည် တည်ခြင်းများဖြစ်ပွားတတ်သည်။

နီကယ်နှင့် ဓာတ်မတည့်မှုဖြစ်ပွားခြင်းမှာ များပြားသဖြင့် နီကယ်နှင့်ဓါတ်မတည့်သူများသည် နီကယ်ပါသည့်အသုံးအဆောင်ပစ္စည်းများအားသတိထား၍ ရှောင်ရှားသုံးစွဲကြရန်လိုအပ်ကြောင်း သိရသည်။

သို့မဟုတ်မရှောင်နိုင်ပါက အရေပြားနှင့်တိုက်ရိုက်ထိတွေ့မှုမရှိစေရန်ကြားခံတစ်ခုခုအသုံးပြု၍ ကိုင်တွယ်ရမည်ဖြစ်ကြောင်း သိရသည်။

နီကယ်ပါသည့် ပစ္စည်းများမှာ နာရီ မျက်မှန်ကိုင်းနှင့် အခြားအသုံးအဆောင်များတွင် ပါရှိတတ်သဖြင့် နီကယ်နှင့် ဓာတ်မတည့်သူများသည်ဖြစ်နိုင်ပါက အဆိုပါပစ္စည်းများကို အသုံးပြုမည်ဆိုပါက နီကယ်ပါ၊မပါ သတိပြုဝယ်ယူသင့်သည်ဟု အရေပြားအထူးကု ဆရာဝန်က အကြံပြုပြောကြားသည်။

အရေပြားနှင့် အဆင်တန်ဆာပစ္စည်းများ ဓာတ်မတည့်ခြင်းသည် ဖြစ်ပွားပါက ကာယကံရှင်သည် အသိမြန်သဖြင့် ဆိုးဆိုးဝါးဝါးဖြစ်ပွားလေ့မရှိကြောင်း ဒေါက်တာလင်းထက်ကပြောသည်။

သို့သော်အရေပြားကိုဖောက်ကာ အဆင်တန်ဆာဆင်မြန်းသူများသည် ထိုသူတို့ဆင်မြန်းသည့် အဆင်တန်ဆာများနှင့် ဓာတ်မတည့်မှုဖြစ်ပွားလျှင် အရေပြားတွင်အပေါက်ဖြစ်နေသဖြင့် ပိုးဝင်ရောက်ရန်လွယ်ကူကာ ဓာတ်မတည့်ခြင်းဖြစ်ပွားမှုမှာ ပိုမိုပြင်းထန်လေ့ရှိတတ်ကြောင်း သိရသည်။

ထိုသို့ဓာတ်မတည့်ခြင်းဖြစ်ပါက မိမိနှင့်ဓာတ်မတည့်သည့် ပစ္စည်းအား နောက်တစ်ကြိမ်ထပ်မသုံးမိစေရန် သတိထားခြင်းဖြင့် ဓါတ်မတည့်မှုထပ်မံမဖြစ်ပွားရန် ကာကွယ်နိုင်ပြီး ဓာတ်မတည့်မှုကြောင့်ဖြစ်ပွားလာသည့် လက္ခဏာများကိုလည်း စနစ်တကျ ကုသမှုပြုလုပ်ရန်လိုအပ်သည်။ထို့အပြင် အရေပြားအားလည်း သန့်သန့်ရှင်းရှင်း ထားရှိရန်လိုအပ်သည်ဟု ဒေါက်တာလင်းထက်က ပြောသည်။

ထိုသို့ အရေပြားနှင့် အဆင်တန်ဆာများ ဓာတ်မတည့်ခြင်းသည်ထိခိုက်လွယ်သည့်အရေပြားပိုင်ရှင်များတွင်အဖြစ်များတတ်သည်။ ဖြစ်ပွားပါကလည်း ဖြစ်ကာစတွင် အလာဂျီဖြစ်သကဲ့သို့ပင် ဘာမီတွန်ကဲ့သို့သော ဆေးများသောက်ခြင်း၊ ရေခဲကပ်ခြင်း စသည်များ ပြုလုပ်ရမည်ဖြစ်ကြောင်းသိရသည်။

ထို့ထက်ပိုမိုပြင်းထန်လာပါကတတ်ကျွမ်းသည့်ဆရာဝန်နှင့် သင့်တော်သည့် ကုသမှုကိုခံယူသင့်သည်ဟုသိရသည်။

အလားတူအဖြစ်များသည့် အထဲတွင်ပန်းနာရင်ကျပ်ရှိသူများ ဆီးချိုသွေးချိုရောဂါရှိသူများလည်းပါဝင်ကြောင်းသိရသည်။

ထို့ကြောင့် အဆင်တန်ဆာများနှင့် အရေပြားဓာတ်မတည့်ခြင်းသည် ဆိုးဆိုးဝါးဝါးဖြစ်ပွားတတ်သည့်ဝေဒနာမျိုးမဟုတ်သော်လည်း သတိမထားပါက အခါခါပြန်ဖြစ်တတ်သဖြင့် မိမိနှင့်မည်သည့်ပစ္စည်းမျိုးဓာတ်မတည့်သည်ကို သိရှိကာ ကြိုတင်ကာကွယ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟု သိရသည်။

စာ-၁၃၊ သတိပြုစရာဒူလာ(ခေါ်)ဂေါက်ရောဂါ မှ

ခန္ဓာကိုယ်အတွင်း များပြားလာခြင်းကြောင့်လည်းကောင်းဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

“အဲဒီ ယူရစ်အက်ဆစ်တွေကို ဆီးကနေ စွန့်ထုတ်လေ့ရှိတဲ့အခါ မစွန့်ထုတ်နိုင်ဘဲ အထဲမှာပိုလျှံနေပြီး crystal (အခဲ) အဖြစ်အရိုးဘေးမှာ သွားသွားစုတယ်။ တဖြည်းဖြည်း များများလာပြီး အရိုးဘေးမှာ အဖုလုံးကြီးဖြစ်ပြီး နီရဲရောင်ကိုင်းပြီး မခံရပ်နိုင်အောင် နာကျင်လာလေ့ရှိတယ်” ဟု ရန်ကုန်ဆေးရုံကြီးမှ အရိုးအကြောအထူးကုဆရာဝန်တစ်ဦးကပြောသည်။

ဖြစ်ပွားသည့်လူအများစုမှာ ခြေထောက် ခြေမဘေးနားတွင် ဖြစ်ပွားမှု များပြားပြီး ကြာလာသည့်အခါ နာကျင်မှုကြောင့် လမ်းလျှောက်၍ မရနိုင်သည်အထိ ဖြစ်ပွားကြလေ့ရှိကြောင်းသိရသည်။


“ဂေါက်ရောဂါကြောင့် နာကျင်မှုဝေဒနာက ဘာနဲ့မှကို မတူဘူး။ လေတိုက်ခံရရင်တောင် အနာကမခံရပ်နိုင်အောင်နာတာ။ နာကျင်မှုကို သက်သာစေတဲ့ အကိုက်အခဲပျောက်ဆေးတွေသုံးကြရတယ်”ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

ဂေါက်ရောဂါသည် များသောအားဖြင့် ယူရစ်အက်ဆစ်များ အများအပြားပါဝင်သည့် အစားအစာများဖြစ်သည့် ဝမ်းတွင်း ကလီဇာများ၊ အနီရောင်ရှိသည့် အသားများ စားသုံးမှုများပြားသူများ၊ မြေကြီးအောက်မှရရှိသည့် အစားအစာများ စားသုံးမှု များပြားသူများတွင် ဖြစ်ပွားမှုများပြားလေ့ရှိကြပြီး ဂေါက်ရောဂါဖြစ်ပွားသူများမှာ အဆိုပါအစား အစာများ စားသုံးမှု ဆင်ခြင်သင့်ကြောင်းသိရသည်။

“ကြက်သွန်၊ အာလူးတို့ ဖလံတောင်ဝှေးတို့လို အစားအစာမျိုးတွေနဲ့ မတည့်ဘူး။ ပြီးတော့ ဝမ်းတွင်းသားတွေကလည်း ယူရစ်အက်ဆစ်ကိုပိုမိုများပြားစေတယ်’ ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

အဆိုပါရောဂါအား ကုသရန်အတွက် သွေးအတွင်း ယူရစ်အက်ဆစ်နည်းပါးစေရန် ဆေးဝါးများ အသုံးပြုခြင်း၊ အစားအစာများ ဆင်ခြင်စားသုံးခြင်း၊ လူငယ်များတွင် ခန္ဓာကိုယ်အလေးချိန်များပြားမှုများ ဖြစ်ပွားသဖြင့် ကိုယ်အလေးချိန် လျှော့ချခြင်း၊ အရက်သောက်သုံးခြင်းသည် ယူရစ်အက်ဆစ် များပြားစေသဖြင့် အရက်သောက်ခြင်းအား ရှောင်ကြဉ်ခြင်းများဖြင့် ဂေါက်ရောဂါအား ကာကွယ်နိုင်ကြောင်းသိရသည်။

အသက်ကြီးသူများတွင် ခန္ဓာကိုယ်အတွင်း ယူရစ်အက်ဆစ်များ တဖြည်းဖြည်းစုပြီး များပြားလာသဖြင့် များသောအားဖြင့် အသက်ကြီးသူများ အဖြစ်များကြကြောင်းသိရသည်။



Regional

7 DAY NEWS

Vol.10, No.12 • JUNE 9, 2011

# နိုင်ငံပိုင်ပိုးသတ်ဆေးစက်ရုံများ ပုဂ္ဂလိကသို့နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြု

ထူးသန့်

**နေပြည်တော်၊ ဇွန်- ၈**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိနိုင်ငံပိုင်ပိုးသတ်ဆေးစက်ရုံများကို ပုဂ္ဂလိကသို့လွှဲပြောင်းငှားရမ်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအုန်းသန်းက ယနေ့ကျင်းပသောအခမ်းအနားတွင် ပြောကြားခဲ့သည်။

"မှော်ဘီပိုးသတ်ဆေးစက်ရုံကို BOTစနစ်နဲ့မြန်မာ့သြဘာ ကုမ္ပဏီကိုငှားပေးထားတယ်။ နောက်ထပ်လည်း တမာပိုးသတ် ဆေးစက်ရုံတွေ ငှားပေးပါမယ်" ဟု ဒုတိယဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင်ပြောကြားသည်။ ယင်းဝန်ကြီးဌာနအောက်တွင်မှော်ဘီစက်ရုံအပြင် မကွေး၊ ပခုက္ကူနှင့် ပလိပ်မြို့များ၌လည်း စက်ရုံများတည်ရှိနေပြီး ပလိပ်မြို့ရှိပိုးသတ်ဆေးစက်ရုံကိုလည်း မာလာမြိုင်စိုက်ပျိုးရေးဆေးဝါးလုပ်ငန်းနှင့် လွှဲပြောင်းလုပ်ကိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်းသိရသည်။ အဆိုပါစက်ရုံများမှ ထုတ်လုပ်သည့် တမာပိုးသတ်ဆေးများကိုပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးလျက်ရှိသည့်အပြင် ပိုးသတ်ဆေးအဆီများအား ဂျပန်နှင့်ကိုရီးယားများသို့ တင်ပို့နေရကြောင်းလည်း ထပ်မံသိရှိရသည်။

# ဒိုင်းမွန်းပလာဇာ ဩဂုတ်လတွင်ဖွင့်နိုင်ရန် စီစဉ်

ညီညီဇော်

**မန္တလေး၊ ဇွန် - ၁၁**



မီးသင့်ရတနာပုံဈေးအား ပြန်လည်တည်ဆောက်ထားသော ဒိုင်းမွန်းပလာဇာကို ယခုနှစ်မတ်လကတွေ့ရစဉ် ဓာတ်ပုံ-ညီညီဇော်

မန္တလေးမြို့ မီးသင့်ရတနာပုံဈေးနေရာတွင် တည်ဆောက်ထားသော ရတနာပုံ စူပါစင်တာနှင့်ဒိုင်းမွန်းပလာဇာတို့အနက် ဒိုင်းမွန်းပလာဇာကို ဩဂုတ်လလယ်ခန့်တွင်စတင်ဖွင့်လှစ်နိုင်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ဒိုင်းမွန်းပလာဇာကိုတော့ ဩဂုတ်လလယ်ပိုင်းမှာဖွင့်နိုင်အောင်တော့စီစဉ်နေပါတယ်။ အခု ကြန့်ကြာနေတာက လျှပ်စစ်မီးရအောင် လုပ်နေရလို့ပါ။ ဒီဒိုင်းမွန်းပလာဇာနဲ့ နှစ်မိုင်ခွဲလောက်ဝေးတဲ့ ဝါခင်းကုန်းဓာတ်အားခွဲစက်ရုံကနေ လှမ်းဆွဲရတာမို့ နည်းနည်းကြာနေတာပါ။ အမြန်ဆုံးဖွင့်နိုင်အောင်လုပ်နေပါတယ်" ဟုဒိုင်းမွန်းပလာဇာတည်ဆောက်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရတနာပုံစူပါစင်တာ မြေအောက်ထပ်ရှိ သားငါးကုန်ဈေးတန်းကို ဖေဖော်ဝါရီလ ၇ ရက်တွင်လည်းကောင်း၊ မြေညီထပ်ရှိ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းတန်းကို မတ်လ ၂၅ ရက်တွင်လည်းကောင်း ရတနာပုံယာယီဈေးမှ အသီးသီး ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချခဲ့ကြသည်။

သို့သော် ကျန်ရှိနေသောအထပ်များရှိဈေးဝယ်စင်တာများကို မည်သည့်အချိန်တွင် ဖွင့်လှစ်နိုင်မည်ကိုမသိရှိရသေးကြောင်း၊ ဈေးကြီးတစ်ဈေးလုံး ဖွင့်လှစ်ပြီးမှသာ အရောင်းအဝယ်ကောင်းလာမည်ဖြစ်ပြီး ယခုအချိန်တွင် အရောင်းအဝယ်ပါးနေသည်။ သို့သော် ယခင် ရတနာပုံယာယီဈေးထက် အနည်းငယ် ပိုရောင်းရကြောင်း ရတနာပုံစူပါစင်တာ မြေညီထပ်တွင် အရောင်းဆိုင် ဖွင့်လှစ်ထားသော ဆိုင်ရှင်များကဆက်လက်ပြောသည်။

"အခု ဈေးက မစည်သေးဘူး။ ဘာလို့လဲဆိုတော့ ရတနာပုံဈေးကြီး မီးလောင်တော့ မန်းမြန်မာပလာဇာဘက် ကူးသွားကြတဲ့ဆိုင်ရှင်တွေကလည်း အဲဒီမှာဆိုင်ခန်းငှားထားတာ သက်တမ်းမပြည့်သေးလို့ စောင့်နေတာတွေလည်းရှိတယ်။ တချို့ကျတော့လည်း ဈေးစည်မှ ဖွင့်မယ်ဆိုတာတွေလည်းရှိတယ်။ ပြီးတော့ အခုလာဖွင့်နေတဲ့လူတွေထဲမှာ အရင်ရတနာပုံဈေးတုန်းက ဆိုင်မဖွင့်ဘူးတဲ့ လူသစ်တွေ တော်တော်များများပါလာတယ်" ဟု ရတနာပုံစူပါစင်တာမြေညီထပ်ရှိ အထည်ဆိုင်ရှင် အမျိုးသမီးတစ်ဦးက ယခုလက်ရှိ ၄င်းတို့၏ ဈေးအခြေအနေကို ပြောပြသည်။

ရတနာပုံ ဈေးကြီးသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်က မီးလောင်ကျွမ်းခဲ့ပြီး ယင်းနေရာတွင် ရတနာပုံစူပါစင်တာနှင့် ဒိုင်းမွန်းပလာဇာတို့ တည်ဆောက်ခဲ့သည်။



မုံရွာကုန်စည်ဒိုင်တွင် ရောင်းဝယ်နေသောပဲမျိုးစုံအစစ်များ ဓာတ်ပုံ-အားမာန်

# ပဲအတုပြုလုပ်သူများကို ထိရောက်စွာအရေးယူမည်

ထူးသန့်

**နေပြည်တော်၊ ဇွန်-၇**

ပဲဈေးကွက်အတွင်း ပဲအတုပြုလုပ်ရောင်းချမှုများတွေ့ရှိခဲ့ပြီး ထိုသို့ပဲအတုပြုလုပ်ရောင်းချသူကို ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ယနေ့ပြောကြားသည်။

"ပိုးသတ်ဆေးအတု ပျောက်အောင် ဆောင်ရွက်နေပါတယ်။ ပဲအတုကိစ္စကိုလည်းပြင်းပြင်းထန်ထန်အရေးယူမယ်" ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လယ်ယာထွက်ကုန်သည်ပြည်ပဈေးကွက်တွင်အရည်အသွေးပိုင်း၌ ယှဉ်ပြိုင်နေရမှုများ ပြင်းထန်နေချိန်တွင် ယခုကဲ့သို့သောအတုကိစ္စများကြောင့် များစွာနစ်နာရကြောင်း ပြင်ပဈေးကွက်တွင်အထူးသဖြင့်ကနေဒါနိုင်ငံနှင့် ယှဉ်ပြိုင်နေရကြောင်းလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယမင်နှစ်က စိုက်ပျိုးခဲ့သောပဲတောင်သူများမှာလည်း အခါလွန်မိုးကြောင့်အထွက်နှုန်းထိခိုက်ခဲ့သည့်အပြင် ဈေးနှုန်းပါကျဆင်းသွားသည့်အတွက် လာမည့်ရာသီတွင် ထပ်မံစိုက်ပျိုးရန် စိတ်ပျက်နေကြကြောင်း နေပြည်တော်ရှိ တောင်သူအချို့က ပြောဆိုကြသည်။

# ကျောင်းကြိုပို့ယာဉ်များအား ပို့ဆောင်ခွင့် လုပ်ငန်းလိုင်စင်ပြုလုပ်ရန် သတ်မှတ်

မင်းဒင်

**မန္တလေး၊ ဇွန်- ၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးတွင် ကြို/ပို့ယာဉ်အဖြစ် ဆောင်ရွက်နေကြသည့် မော်တော်ယာဉ်များအနေဖြင့် သက်ဆိုင်ရာပို့ဆောင်ရေးစီမံကိန်းရုံးများတွင် ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်များအားဇွန်လ ၂၀ ရက်နောက်ဆုံးထား၍ ပြုလုပ်ကြရန် နေ့စဉ်သတင်းစာများမှ တစ်ဆင့်ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ပြေးဆွဲနေသည့် ယာဉ်အစီးရေသုံးရာကျော်သည် လုပ်ငန်းလိုင်စင်များ ပြုလုပ်ရယူထားခြင်းမရှိကြောင်း အများစုမှာ လိုက်ထရပ်ယာဉ်ငယ်များဖြစ်ကြောင်းဖော်ပြပါရှိသည်။

သတ်မှတ်ရက်အတွင်း လုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် ကားသက်သေခံစာအုပ်နှင့်

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ကျောင်းချသည့်စနစ်ပြောင်း၍ မန်းစက်သုံးဆီဆိုင်တွင်ဆိုင်ကယ်တန်းတိုလာ

ညီညီဇော်

**မန္တလေး၊ ဇွန် - ၁၁**

မန္တလေးမြို့ရှိပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့တွင် ဆီရောင်းချသည့်ပုံစံ အနည်းငယ်ပြောင်းလဲလိုက်၍ ဆီဝယ်ယူရာ၌ အချိန်ကြာမြင့်မှုလျော့ကျလာကြောင်း သတင်းရရှိသည်။

ယခင်က ဆိုင်ကယ်တစ်စီးလျှင် ဆီစာအုပ်ဖြင့်တစ်ပတ်လျှင် ဓာတ်ဆီနှစ်ဂါလန်ကို မိမိ အဆင်ပြေရာရက်တွင် ထုတ်ယူနိုင်သော်လည်း ယခုအခါ မိမိဆိုင်ကယ်အတွက် သတ်မှတ်ထားသောရက်နှစ်ရက်တွင်သာ တစ်ရက်တစ်ဂါလန်နှုန်းဖြင့် ထုတ်ယူခွင့်ပြုထားကြောင်းကိုယ်တိုင်သုံးစွဲနေသူများကပြောသည်။

"အရင်က ဆီသွားထုတ်မယ်ဆိုရင် ဆီတန်းနေတဲ့ ဆိုင်ကယ်တန်းကြီးကြည့်ပြီး လှည့်ပြန်လာခဲ့တာပဲ။ ဆီတစ်ဂါလန်ရဖို့ အဲလောက် အချိန်မပေးနိုင်ဘူးလေ။ ခုတော့ ကိုယ့်ရက်နဲ့ကိုယ် ခွဲထားတော့ အရင်လို အချိန်အကြာကြီးမပေးရတော့ဘူး။ နာရီဝက်တောင်မကြာဘူးဆိုတော့ အရင်ထက်စာရင်အဆင်ပြေတယ်" ဟုမန္တလေးမြို့ ရန်ကုန်မန္တလေးလမ်းနှင့် စစ်ကိုင်းလမ်းခွဲရှိ ဓာတ်ဆီဆိုင်တွင်ဆီဝယ်ယူခွင့်ရသူအမျိုးသမီးတစ်ဦးကပြောသည်။ထို့အပြင်ဆီထုတ်ယူရာတွင် ဆိုင်ကယ်တွင် ပါရှိသောယာဉ်မှတ်ပုံတင်သက်သေခံကတ်ပြားများကို ဆီစာအုပ်တွင် ပါရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မှန်ကန်မှသာ ရောင်းချပေးသောကြောင့်အမှန်တကယ်သုံးစွဲသူများသာထုတ်ယူနိုင်တော့သည်။ "တချို့ ဆီပွဲစားလို့ခေါ်တဲ့ဆီထုတ်စားတဲ့လူတွေက ဆီစာအုပ်တွေအများကြီးနဲ့ဆိုင်ကယ်တစ်စီးတည်းကို ဆိုင်ကယ်နံပါတ်ပြား အမျိုးမျိုး ပြောင်းပြီးထုတ်ကြတာ။ ခုကျတော့ အဲလိုမရတော့ဘူး။ ဆီစာအုပ်လုပ်ထားတဲ့ ဆိုင်ကယ်မှန်မှထုတ်ပေးတော့ပွဲစားတွေဆီဆိုင်နား မကပ်နိုင်တော့ဘူး"ဟု အမရပူရဓာတ်ဆီဆိုင်တွင် ဆီထုတ်နေကျ အမျိုးသားတစ်ဦးက ပြောသည်။ တောင်မြင့်ဓာတ်ဆီဆိုင်တွင် ဆီထုတ်နေသော အမျိုးသားတစ်ဦးကလည်းယခုရောင်းချပေးနေသည့်ပုံစံအတိုင်းသာ အမြဲဖြစ်စေချင်ကြောင်း၊ စားဝတ်နေရေးအတွက် လုပ်ငန်းလုပ်ကိုင်ရာတွင် အဓိက အသုံးပြုနေရသော ဆိုင်ကယ်အတွက် ယခုကဲ့သို့ စက်သုံးဆီ အလွယ်တကူဝယ်ယူနိုင်မှသာ မိမိတို့ အသက်ရှုချောင်မည်ဖြစ်ကြောင်းပြောသည်။ မန္တလေးမြို့တွင် ယင်းစနစ်ကို စက်သုံးဆီဆိုင်အချို့သာ ဆောင်ရွက်နေကြပြီး ဝယ်ယူရခက်ခဲသော စက်သုံးဆီဆိုင်များလည်း ကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသေးသော ဝယ်ယူရခက်ခဲသည့်ဆိုင်များတွင်လည်း ယင်းစနစ်မျိုးဖြစ်စေချင်ကြောင်း အလွယ်တကူဝယ်ယူခွင့် မရသေးသည့်သူများကပြောသည်။



*မန္တလေးမြို့ရှိ စက်သုံးဆီဆိုင်တစ်ဆိုင်တွင် ဓာတ်ဆီဖြည့်နေသော ဒေသခံအချို့ကို ပြေးလကတွေ့ရစဉ်*

ဓာတ်ပုံ - အားမာန်

# ရတနာပုံတက္ကသိုလ်ယာဉ်လိုင်းများ အစီးရေတိုး ပြေးဆွဲ

ညီညီဇော်

**မန္တလေး၊ ဇွန် - ၁၁**

ခရီးသည်ရရှိမှု နည်းပါးသွား၍ ပြေးဆွဲမှုနည်းပါးခဲ့သော ရတနာပုံတက္ကသိုလ်သို့ တရားဝင် ပြေးဆွဲနေသည့် ယာဉ်လိုင်းများသည် ယခုနှစ် ကျောင်းဖွင့်ချိန်တွင် ပြန်လည်ပြေးဆွဲလာကြောင်း သတင်းရရှိသည်။

ယမန်နှစ် ကျောင်းပိတ်ချိန်အထိ တက္ကသိုလ်ကြိုပို့ယာဉ်ငယ်များ ပေါ်များလာရာ ရတနာပုံတက္ကသိုလ်သို့ ပြေးဆွဲနေသည့် ယာဉ်လိုင်းများ စီးသူနည်းပါးလာသောကြောင့် ယာဉ်လိုင်းများတွင် ကားအစီးရေလျှော့ချပြေးဆွဲခဲ့ရသည်။ ယခုနှစ် ကျောင်းဖွင့်ချိန်တွင် ယင်းယာဉ်ငယ်များကိုသယ်ယူပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်ပြုလုပ်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပို့ဆောင်ဆက်သွယ်ရေးရာဝန်ကြီးဌာနက ဇွန်လဆန်းပိုင်းက ကြေညာချက် ထုတ်ပြန်ခဲ့သောကြောင့် ကြိုပို့ယာဉ်ငယ်များမှာ ရရှိမည့်ငွေကြေးနှင့် ကုန်ကျမည့် လိုင်စင်ကြေးကို ချိန်ဆနေသောကြောင့်လတ်တလောပြေးဆွဲနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် တရားဝင် ယာဉ်လိုင်းများအနေဖြင့် ယခုအချိန်တွင် ခရီးသည်များ သွားလာနိုင်စေရန် တရားဝင်ယာဉ်လိုင်းများက ပြေးဆွဲပေးနေကြောင်း ယင်းယာဉ်လိုင်းများထံမှသိရသည်။

"အရင်က အိမ်တိုင်ရာရောက် လာခေါ်တဲ့ လိုက်ထရပ်ဖယ်ရီကားတွေကြောင့် ကျွန်တော်တို့ လိုင်းကားတွေကို စီးတဲ့ကျောင်းသား၊ ကျောင်းသူတွေနည်းလာတယ်။ အဲဒါကြောင့် ကျွန်တော်တို့လည်း ကျောင်းဘက်ကို လုံးဝမဆွဲတော့တာ မဟုတ်ဘဲ ကားအစီးရေလျှော့ချပြီး ဆွဲခဲ့တယ်၊ ခု ဒီနှစ် ကျောင်းဖွင့်ချိန် ဖယ်ရီကားတွေ လိုင်စင်လုပ်ရမယ်ဆိုတော့သူတို့တွေသိပ်မထွက်နိုင်ကြသေးဘူး၊ ဒါကြောင့် ကျောင်းသားတွေသွားလို့လာလို့ရအောင် ကျောင်းဘက်ကိုပြန်ပြေးဆွဲပေးနေတာပါ" ဟု ရတနာပုံတက္ကသိုလ်သို့ပြေးဆွဲနေသည့်အမှတ်(၈)လိုင်းမှ ယာဉ်မောင်းတစ်ဦးကပြောသည်။ ရတနာပုံတက္ကသိုလ်သို့ပြေးဆွဲနေသည့်ယာဉ်လိုင်းများမှာ မန္တလေးမြို့ ၈၄ လမ်း၊ ၂၄ လမ်းထောင့် ဈေးချိုတော်အနီးတွင် အမှတ် (၈)ယာဉ်လိုင်း၊ ၇၃ လမ်းနှင့် ၃၇ လမ်းထောင့်တွင် အမှတ်(၃)ယာဉ်လိုင်းတို့ဖြစ်ကြောင်း သိရှိရသည်။



7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# မန္တလေး မဟာအောင်မြေကျောက်ဝိုင်း နိုင်ငံခြားသားများ စိတ်ဝင်တစားလေ့လာ

စိုင်းသာအောင်

**မန္တလေး၊ ဇွန် - ၁၀**

မန္တလေး မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေကျောက်ဝိုင်းတွင် နိုင်ငံခြားသား ကျောက်မျက်ကုန်သည်များတစ်ရက်လျှင်အနည်းဆုံး ၂၀ဦးမှ အများဆုံး အစုအဖွဲ့ဖြင့် ၂၀၀ဦးခန့်အထိ လာရောက်လေ့လာဝယ်ယူလျက်ရှိကြောင်း ကျောက်ဝိုင်းမှသိရသည်။


မန္တလေးမြို့ရှိ ကျောက်စိမ်းတစ်နန်းဖြတ်ဈေး

ဓာတ်ပုံ - စိုင်းသာအောင်

မဟာအောင်မြေကျောက်ဝိုင်းသို့ အများဆုံးလာရောက်လေ့လာသူများမှာ တရုတ်ကုန်သည်များဖြစ်ပြီး ထိုင်း၊ စင်ကာပူ၊ အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ကျောက်မျက်ရတနာကုန်သည်များလည်း လာရောက်လေ့လာကြကြောင်း ကျောက်မျက်ဝိုင်းသို့ဝင်ရောက်လေ့လာပါက ဝင်ခအဖြစ်တစ်ဦးလျှင် နိုင်ငံခြားငွေ အမေရိကန် တစ်ဒေါ်လာပေးရကြောင်း ကျောက်မျက်ရတနာ ကုန်သည်တစ်ဦးကပြောကြားသည်။

နေပြည်တော်တွင် ဇူလိုင်လ၌ တတိယအကြိမ် ကျင်းပပြုလုပ်မည့် ကျောက်မျက်ရတနာ ပြပွဲသို့ရောင်းချရန်အတွက်ပြည်တွင်းရတနာ လုပ်ငန်းရှင်များလည်း ကျောက်စိမ်းတုံးများ၊ အလှ္ကာချပ်များ၊ တနန်းဖြတ်၊ လက်ကောက်၊ အပွင့်များကို မိမိတို့စိတ်ကြိုက်ဈေးဖြတ်ဝယ်ယူလျက်ရှိသည်။

မန္တလေး မဟာအောင်မြေကျောက်ဝိုင်းတွင် နေ့စဉ် အကြီး၊ အလတ်၊ အသေး ရတနာကုန်သည်ငါးသောင်းကျော်ဝင်ရောက်ရောင်းဝယ်လျက်ရှိသည်။

# တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေလိုအပ်

မောင်ကံ

**မောင်တော၊ ဇွန် - ၈**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်နေသည့် ရခိုင်ဒေသမှ လယ်သမားများမှာ မိုးတွင်းကာလစပါးစိုက်ရာသီအတွက် အဓိကလိုအပ်ချက်သည်စိုက်ပျိုးစရိတ်ချေးငွေဖြစ်ကြောင်းတောင်သူလယ်သမားများက ပြောကြားသည်။

"ရာသီဥတုဖောက်ပြန်လာမှုကြောင့် လယ်ယာသီးနှံစိုက်ပျိုးရတာကလည်း မလွယ်ဖြစ်လာပါတယ်။ ဒီအထဲတောရိုင်းတိရစ္ဆာန်တွေဖျက်ဆီးတာကတစ်မျိုးဆိုတော့ တောင်သူတွေအရမ်းအထိနာကြပါတယ်။ ဒီလိုအထိနာလာတဲ့အတွက် တစ်နှစ်အတွက် ရတဲ့ငွေနဲ့ နောက်တစ်နှစ် စပါးစိုက်ဖို့လိုက်မမီဖြစ်လာပါတယ်။ ဒီတော့ ချေးငွေကိုပဲ အားထားလာကြရပါတယ်"ဟု မောင်တောမြို့နယ် ငွေတောင်ကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

မိုးတွင်းကာလ စပါးစိုက်ရာသီဖြစ်သောကြောင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုး စရိတ်ချေးငွေကိုမြန်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးနေပြီး တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးပေးသော်လည်း အခြားပုဂ္ဂလိကငွေချေးသူများမှ ထပ်မံချေးယူစိုက်ပျိုးရကြောင်း သိရသည်။

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်အကောင်းဆုံးဆု မွန်ပြည်နယ်ကစတုတ္ထအကြိမ်မြောက်ဆွတ်ခူး

မိုင်ခရိုစကုဗ်

**မော်လမြိုင်၊ ဇွန်-၇**

၂၀၁၀/၂၀၁၁ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ(၁၀)တန်းအောင်စာရင်းများအား ယခုလ ၄ ရက်က မြန်မာတစ်နိုင်ငံလုံးရှိစာစစ်ဌာန အသီးသီးတွင် ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်ရာ မွန်ပြည်နယ်အနေဖြင့် ၄၃ ဒသမ ၃၃ ရာနှုန်းဖြင့်အောင်မြင်ခဲ့သောကြောင့်မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံးပြည်နယ်အဖြစ် စတုတ္ထအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၄,၃၅၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ စုစုပေါင်း ၆,၂၂၁ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်အများဆုံးဖြစ်ခဲ့သည်။

ယခုနှစ်တွင် ၆ ဘာသာဂုဏ်ထူးရှင် ငါးဦးပေါ်ထွက်ခဲ့ရာ မော်လမြိုင်မြို့နယ်မှ သုံးဦး၊ မုဒုံနှင့် ပေါင်မြို့နယ်မှ တစ်ဦးစီပါဝင်ခဲ့သည်။ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁,၀၉၉ ဦးရှိခဲ့သော်လည်း ယခင်နှစ်ထက် နှိုင်းယှဉ်ပါက အောင်မြင်သူဦးရေ နည်းပါးသွားကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်း မုဒုံမြို့နယ်မှ အောင်ချက်ရာနှုန်း ၆၃ ဒသမ ၉၃ ဖြင့် ပထမ၊ သံဖြူဇရပ်မြို့နယ်က အောင်ချက်ရာနှုန်း ၅၂ ဒသမ ၄၄ ဖြင့် ဒုတိယ၊ မော်လမြိုင်မြို့နယ်က အောင်ချက်ရာနှုန်း ၅၁ ဒသမ ၀၂ ဖြင့် တတိယအဆင့်ရရှိခဲ့သည်။

"အခုခေတ်က ပညာခေတ်ဆိုတော့ ကလေးတွေရဲ့ပညာရေးကိုဦးစားပေးလာကြတယ်။ ကျွန်မမိတ်ဆွေရဲ့သားတစ်ယောက်က ပညာထူးချွန်တော့ ကိုးတန်းအောင် စာရင်းထွက်ကတည်းက ရန်ကုန်မြို့က နာမည်ကြီးဘော်ဒါတစ်ခုမှာ သွားအပ်ထားတယ်။ ဘာလို့ မော်လမြိုင်မှာ မထားဘဲ ရန်ကုန်မှာ သွားထားရတာလဲလို့မေးတော့ မော်လမြိုင်က အောင်ရင်မကွေးဆေးတက္ကသိုလ်ပဲ တက်ခွင့်ရမှာမို့ရန်ကုန်ကိုပြောင်းဖို့မလွယ်ကူဘူး အကုန်အကျများတယ်၊ ရန်ကုန်က အောင်တော့ ရန်ကုန်ဆေးတက္ကသိုလ်မှာ တက်ခွင့်ရမှာမို့ရန်ကုန်က ဝင်ဖြေတာလို့ ပြောပါတယ်။ ဒီလိုမျိုး အဖြစ်များလာရင် ကိုယ့်ပြည်နယ်ရဲ့ အောင်ချက်ကျသွားမှာပေါ့"ဟုကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

# ဘူးသီးတောင်မြို့နယ်အတွက် စီဒီအမ်အေဖုန်း အလုံး ၅၀၀ ခန့် သုံးစွဲခွင့်ရမည်

မောင်ကံ

**ဘူးသီးတောင်၊ ဇွန် - ၇**

ဘူးသီးတောင်မြို့နယ်အတွက် ငါးသိန်းတန်စီဒီအမ်အေဖုန်း အလုံးရေ ၅၀၀ ခန့်သုံးစွဲခွင့်ရမည်ဖြစ်ပြီး ဖုန်းလျှောက်လွှာများကိုမြန်မာ့ဆက်သွယ်ရေးစခန်းမှ ခေါ်ယူနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိဖုန်းဆက်သွယ်မှုရရှိနိုင်ရေးအတွက် ဆင်သေတောင် တာဝါတိုင်နှင့် ချိတ်ဆက်မည့် တာဝါတိုင်တစ်တိုင်ကို ဘူးသီးတောင်မြို့ ဂြိုဟ်တုစခန်းတွင် တည်ဆောက်ထားပြီးဖြစ်ပြီး စက်ကိရိယာများ တပ်ဆင်ပြီးစီးပါက လက်ကိုင်ဖုန်းအဖြစ် သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

"အခု လက်ရှိပြောနေတဲ့ စီဒီအမ်အေဖုန်းတွေက လက်ကိုင်ဖုန်းအဖြစ်သုံးလို့မရသေးပါဘူး။ ဂြိုဟ်တုစခန်းမှာ ထောင်ထားတဲ့တာဝါတိုင်နဲ့ စက်မှုကိရိယာတွေ တပ်ဆင်ချိတ်ဆက်ပြီးရင်တော့ လက်ကိုင်ဖုန်းအဖြစ် အသုံးပြုလို့ရမှာဖြစ်ပါတယ်"ဟု ဆက်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးကပြောသည်။

# မုံရွာမြို့တွင် ရောင်းချသည့်အီသနောပြင်ပဓာတ်ဆီဈေးနှုန်းတူညီ

မျိုးမင်းဦး

**မုံရွာ၊ ဇွန် - ၇**

ပြည်တွင်းကြံဖြင့်ချက်လုပ်သော အီသနောသည် ယခင်က ပြင်ပဓာတ်ဆီဈေးထက်ချိုသာစွာရောင်းချလေ့ရှိရာမှ ယခုနှစ်ဇွန်လဆန်းတွင် ပြင်ပစက်သုံးဆီ ဈေးကွက်နှင့်အညီ ရောင်းချသော ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များမှ ဓာတ်ဆီဈေးနှုန်း တူညီခဲ့ကြောင်း သိရသည်။


အီသနောရောင်းချပေးသည့် မုံရွာမြို့ရှိ စက်သုံးဆီဆိုင်တစ်ဆိုင်

ဓာတ်ပုံ - အားမာန်

"ပြည်တွင်းစက်သုံးဆီအရောင်းဆိုင်တစ်ခုဖြစ်တဲ့ ဂရိတ်ဝေါလ်စက်သုံးဆီအရောင်းဆိုင်က ပြည်တွင်းကြံကချက်တဲ့အီသနောနဲ့ ဓာတ်ဆီရောစပ်ရောင်းချတဲ့အီသနောစက်သုံးဆီကပြင်ပစက်သုံးဆီဈေးထက်အနည်းဆုံးတစ်ဂါလန်ကို ၂၀၀ကနေ၅၀၀ကျပ်အထိ ဈေးချိုရောင်းလေ့ရှိတယ်။ ဒီလဆန်းမှာ ပြင်ပစက်သုံးဆီ ဈေးကွက်မှာ ဓာတ်ဆီ တစ်ဂါလန် ၄,၂၀၀ ကျပ်ဖြစ်နေတဲ့ အချိန် အီသနောကလည်း ဈေးနှုန်းတူ ၄,၂၀၀ ကျပ်ဈေးနဲ့အပြိုင်ရောင်းချနေတယ်။ စက်သုံးဆီအသုံးခံတာကြောင့် အီသနောကို သုံးကြပေမယ့် ယာဉ်တွေမှာအင်ဂျင်ချိုးတွေ မကြာခဏ ပိတ်ဆို့တတ်လို့ အချို့ယာဉ်ပိုင်ရှင်တွေက အီသနောကို မသုံးကြဘူး။ ပြင်ပစက်သုံးဆီဈေးကွက်မှာလည်း အီသနောထက်ဓာတ်ဆီဝယ်လိုအားပိုကောင်းလို့ ပုဂ္ဂလိက စက်သုံးဆီဆိုင်တိုင်း အီသနော တင်မရောင်းဘူး" ဟု မုံရွာမြို့ခံ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့တွင် ရောင်းချလျက်ရှိသော ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများတွင် ပန့်တိုင်များဖြင့် ရောင်းချရန်စီစဉ်ထားရှိသော်လည်း အများစုမှာ ရေသန့်ဘူးခွံစသော ပလတ်စတစ်ဘူးခွံများဖြင့် ထည့်သွင်းရောင်းချလျက်ရှိသည်။

မုံရွာမြို့တွင် ရောင်းချလျက်ရှိသော ပန့်တိုင်များမှာ ၄ လီတာနှုန်းဖြင့် ရောင်းချလျက်ရှိပြီး ပုဂ္ဂလိကစက်သုံးဆီဆိုင်များ အပြိုင်အဆိုင်ရောင်းချပေးသော စစ်ကိုင်းမြို့ရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် ပန့်ဆီတိုင်မှာ ၄ ဒသမ ၅လီတာနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

"အရင်တုန်းက စက်သုံးဆီတစ်ဂါလန်ကို ၆ လီတာရောင်းတာ အခုနောက်ပိုင်း လေးလီတာနှုန်းအထိ ကာလအလျောက်ပြောင်းလဲသွားတယ်။ ဂါလန်ချိန်ခွက်နဲ့ ချိန်လည်း ချိန်ခွက်က တဖြည်းဖြည်းသေးသွားရုံမကဘူး ချိန်ခွက်နှုတ်ခမ်းအထိ ချိန်တွယ်ရောင်းချလာတဲ့အတွက် လွန်ခဲ့တဲ့နှစ် ၂၀ကျော် စက်သုံးဆီချိန်တွယ်မှုနဲ့ ဒီနေ့ခေတ် စက်သုံးဆီချိန်တွယ်မှု ကွာခြားချက်တွေရှိလာတယ်"ဟု မုံရွာဒေသခံ ဝါရင့်ရှေ့နေတစ်ဦးကပြောသည်။

# စည်းကမ်းမဲ့ ယာဉ်များ ဖမ်းဆီးအရေးယူ

ယဉ်ယဉ်လှ

**မန္တလေး၊ ဇွန် - ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ စည်းကမ်းပျက်ယာဉ်များအား မြို့တော်ဧရိယာအတွင်း ရှာဖွေစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ၃ တန်အထက်ကုန်တင်ကား ၁၈၉၉ စီးအား၊ တစ်စီးလျှင် ကျပ် ၃၀,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့တော်အလယ်ဗဟိုဧရိယာ (Down Town) အတွင်း ယာဉ်ကြီး၊ ယာဉ်ငယ် ၆၁၂၄ စီးအား၊ တစ်စီးလျှင်ကျပ် ၅,၀၀၀ နှုန်းဖြင့်လည်းကောင်း ဒဏ်ရိုက်အရေးယူခဲ့ကြောင်း စည်းကမ်းပျက်ယာဉ်များ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ဦးလှဌေးက 7Day News သို့ပြောသည်။

မြို့နယ်ဗဟိုဧရိယာမှာ အများဆုံး ဖမ်းဆီးအရေးယူရတာကတော့ မျဉ်းနီကြားရပ်မှုနှင့် အဓိကလမ်းမကြီးများတွင် ယာဉ်နှစ်ထပ်ရပ်မှုတို့ဖြစ်ကြောင်း မန္တလေးမြို့တွင်မျဉ်းနီကြား ယာဉ်မရပ်ရဟူသော လမ်းစည်းကမ်းကို ယာဉ်မောင်းတော်တော်များများက လိုက်နာမှုအားနည်းကြောင်း ၎င်းကထပ်မံပြောပြသည်။

အလားတူမန္တလေးယာဉ်ထိန်းတပ်ဖွဲ့မှလည်း မျဉ်းနီကြား ကားရပ်မှု၊ အဓိကလမ်းမကြီးများတွင် ယာဉ်နှစ်ထပ်ရပ်မှုများကို နေ့စဉ်ရဲအရာရှိတစ်ဦးက ခေါင်းဆောင်ပြီး ဓာတ်ပုံမှတ်တမ်းရိုက်ကာ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

## နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်သို့ သရက်သီးများ စတင်တင်ပို့

**နနနွေ**

**စစ်တွေ၊ ဇွန်-၇**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သရက်သီးများစတင်တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း နယ်စပ် ကုန်သွယ်ရေးသတင်းများအရ သိရသည်။

ရခိုင်ပြည်နယ်မှ သရက်သီးများမှာ ရင်ကွဲမျိုးစိတ်များဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရာတွင် ဝမ်းပုံစနစ်ဖြင့်သာတင်ပို့ကြသည်။ သရက်သီးကိုစစ်တွေနယ်စပ်မှတင်ပို့ခြင်းမရှိသေးဘဲ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှသာ တင်ပို့နေကြကြောင်းသိရသည်။ သရက်သီးများကိုတင်ပို့ရာတွင် သရက်သီးထွက်ရှိရာ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့နယ်များမှ ဝယ်ယူစုဆောင်းပြီး မော်တော်ဖြင့် ဘူးသီးတောင်သို့သယ်ယူကြရပြီး ဘူးသီးတောင်မှ မော်တော်ကားများဖြင့် မောင်တောသို့ သယ်ယူကြရကြောင်း သိရသည်။ သရက်သီးကို ဘူးသီးတောင်နှင့် မောင်တော သရက်သီးပွဲရုံများသို့ ပေးသွင်းရပြီး ယင်းပွဲရုံများမှ တစ်ဆင့်သာ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ကြသည်။ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကိုတစ်ဦးချင်းလုပ်ကိုင်ခွင့်မရှိဘဲ ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ကိုင်ဆောင်ရွက်နေကြပြီး ယင်းကုမ္ပဏီများကစုဆောင်းဝယ်ယူကာ တင်ပို့ကြကြောင်း သိရသည်။ "သရက်သီးကို အဆင့်ဆင့် သယ်ပို့ရတာရယ်၊ ဆွတ်ခူးတာ သယ်ယူတာစနစ်မကျတာရယ်ကြောင့်ဈေးကွက်သို့ ရောက်တဲ့အခါ ရောင်းပန်းမလှဖြစ်တတ်ပါတယ်။ သရက်သီးတွေကိုအရည်အသွေးမီမှတင်ပို့နိုင်အောင်လည်း စမ်းသပ်ကြိုးစားသင့်ပါပြီ။ အခုတော့သရက်သီးတင်ပို့တာဟာ မဲပြာပုဆိုးအတိုင်း တစ်နှစ်လာလည်း ဝမ်းပုံစနစ်၊ တစ်နှစ်လာလည်း ဝမ်းပုံစနစ်နဲ့တင်ပို့နေကြတော့ဘင်္ဂလားဒေ့ရှ်သရက်သီးဈေးကွက်မှာဈေးကောင်းမရနိုင်ပါဘူး" ဟုလည်း ကုန်သည်တစ်ဦးကပြောသည်။

## စာ(၂၆)ကမောက်ကမ ရာသီဉတုဒဏ်နဲ့ ကျွန်တော်တို့တောင်သူတွေ မှ

သာမန် မုတ်သုံရာသီဉတုကာလတွေမှာ အဲဒီသုံးမျိုးလုံးဟာ သိသိသာသာ ထင်ထင်ရှားရှားဖြစ်ကြရပါတယ်။ သူ့အလုပ် သူလုပ်နေကြရင် မုတ်သုံဟာ အတောင်အလက်စုံနေတဲ့ ငှက်တစ်ကောင်လို 'ငှက်သွင်ပျံကြွ မတတ်သော်' လို့ ဆိုရသလိုပါပဲ။ အဲဒီအထဲက လွှဲချိန် ၁၀-၂၀ ရက် ပျမ်းမျှယူရင်တော့ ၁၅ ရက်ပေါ့ဗျာ။ အဲဒီ ၁၅ ရက်ပတ်လည်ရှိတဲ့ဖြစ်စဉ်ဆိုတာဟာ မုတ်သုံမုန်တိုင်းကိုပြောတာဖြစ်ပါတယ်။ ဒါကို biweekly oscillation လို့လည်း ခေါ်ပါတယ်။ သဘောကတော့ဗျာ။ မုတ်သုံအားမှန်နေရင် မိုးတွင်းကာလမှာ ဘင်္ဂလားပင်လယ်အော်ထဲမှာ မုတ်သုံမုန်တိုင်းတွေဟာ နှစ်ပတ်တစ်ခါလောက် မှန်မှန်ဖြစ်နေကြတယ်ဆိုတဲ့သဘောပါပဲ။ မုန်တိုင်းအဆင့် ဖြစ်မလာတဲ့တိုင်အောင် လေဖိအားနည်းရပ်ဝန်းတော့ဖြစ်တယ်ဗျာ။ အခုတော့ အဲဒီမုတ်သုံမုန်တိုင်းတွေ အဖြစ်နည်းလာတာ ၁၉၇၈ ခုနှစ်ကစတာ ကနေ့အထိပါပဲ။ ဥပမာဗျာ လောလောလတ်လတ် ရှိတာလေးနဲ့ ဥပမာပြရရင်၊ မနှစ်က မိုးရာသီကာလ ဖြစ်တဲ့ ဇွန်လမှ စက်တင်ဘာလအထိ လေးလလုံး မုတ်သုံမုန်တိုင်း တစ်ကြိမ်တစ်ခါမှမဖြစ်ခဲ့တာဟာ အခုနောက်ပိုင်း မုတ်သုံတွေ ဘယ်လောက် အတောင်အလက်မစုံဖြစ်နေတယ်ဆိုတာ အထင်အရှားဆုံး သာဓကတွေပါပဲ။

မုတ်သုံအားမမှန်တာနဲ့ မိုးတွင်းမှာ မိုးတိမ်တောင်မိုးတွေနဲ့ လေပွေလှိုင်းမိုးတွေ ရောစွက်လာပါတယ်။ အဲဒီတော့ မုတ်သုံမိုးတွေအားမမှန်လို့ လျော့သွားပြီဆိုတာနဲ့ အခြားဖြစ်စဉ်မိုးတွေဟာ နေရာယူလာကြတော့တာပါပဲ။ အထူးသဖြင့် ပြန်ကျမိုး (conventive rain) တွေနဲ့ မုန်တိုင်းအကြွင်းအကျန်မိုး(storm remenant rain) နဲ့ အရှေ့ လေပွေလှိုင်းမိုး (easterly wave rain) ဆိုတာတွေပါပဲ။ ဒီမိုးတွေဟာ မုတ်သုံမိုးနဲ့ စာရင် အများကြီးကွာပါတယ်။ အဓိကကတော့ ဖြန့်ဝေမှုပါပဲ။ ဒီမိုးတွေဟာ နေရာအနေနဲ့ရော၊ အချိန်ကာလအနေနဲ့ရော ဖြန့်ဝေမှုမကောင်းကြပါဘူး။ ဒါကြောင့် နေရာအနှံ့အပြား မရွာကြသလို ကာလရှည်လည်း မရွာတတ်ကြပါဘူး။ အခုရွာနေတဲ့ မိုးတွေက occasion ရှိမှ ရွာတတ်ကြတဲ့ occasional rain လို့ခေါ်ရမှာပေါ့ဗျာ။ ဒါကြောင့် မနှစ်က မုန်တိုင်းအကြွင်းအကျန်မိုးတွေရွာလို့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမှာ ရေကြီးနေတဲ့အချိန်၊ ပဲခူးတိုင်း၊ ရောဝတီတိုင်းနဲ့ ရန်ကုန်တိုင်း ဒေသကြီးတွေမှာမိုးနည်းလို့လယ်ကွင်းတွေကို ရေစုပ်စက်တွေနဲ့ ရေသွင်းပေးနေရပါတယ်။ ပြန်ကျမိုးတွေ ရွာစေတဲ့ မိုးတိမ်တောင်တွေဖြစ်လို့ မနှစ်က မိုးလယ်ကာလကြီးမှာ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးကြိုးတွေပစ်လို့ လယ်ယာလုပ်ငန်းဝင်နေကြတဲ့ကောက်စိုက်သမတွေ မိုးကြိုးထိမှန် သေဆုံးကြရတယ်။ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမှာ လေဆင်နှာမောင်းတိုက်ခတ်လို့ အိမ်တွေပျက်စီးခဲ့ကြရတယ်။ တကယ်တော့ မုတ်သုံလေသာ အားမှန်နေခဲ့ရင် ဒီလိုမိုးတိမ်တောင်တွေဟာ မုတ်သုံကာလမှာ မဖြစ်ကြရပါဘူး။

**အထိနာနေခဲ့ရတဲ့လယ်သမားတွေ**

နာဂစ်က စခဲ့တဲ့ သဘာဝဘေးဒဏ်တွေအပြင် နောက်ဆက်တွဲထပ်ဖြစ်လာခဲ့တဲ့ သဘာဝဘေးတွေကြောင့် လယ်သမားတွေ ပိုအထိနာစေခဲ့ရပါတယ်။ ၂၀၁၀ ရဲ့ နွေဟာ အလွန်ပူပြင်းခြောက်သွေ့ခဲ့တယ်။ လယ်ယာသုံးရေသာမက သောက်သုံးရေတွေပါ ပြတ်တောက်တဲ့အထိ မိုးနည်းရေရှားခဲ့တယ်။ တစ်ခါ နှစ်ကုန်ခါနီး မိုးလွန်ကာလရောက်လာတော့ ဂီရိမုန်တိုင်းက မြန်မာပြည်ကို ဝင်ခဲ့ပြန်တယ်။ ဒီတစ်ခါတော့ အချိန်အခါမဟုတ် မိုးတွေ ရွာစေခဲ့ပြန်ပါတယ်။ လယ်သမားတွေ ပြန်လည်ကုန်းရုန်းပြီး နွေစပါးနဲ့ အတူ ငွေမြန်မြန်ပေါ်နိုင်တဲ့ ပဲကို အာရုံစိုက်တဲ့ပြီး ၂၀၁၁ ခုနှစ်ကို အားကိုးတကြီးနဲ့ ကူးလာခဲ့ကြတယ်။ ဟော. . မတ်လ ၁၄ ရက်ကနေ ၁၇ ရက်အထိ နွေခေါင်ခေါင် တပေါင်းလကြီးမှာ ဆောင်းတွင်းကြီးလို အေးပြီး မိုးတွင်းကြီးလို မိုးတွေ ရွာခဲ့ပြန်ပါတယ်။ စိုက်ထားသမျှ ပဲတွေ၊ နွေစပါးတွေ မိုးမှန်ကုန်ခဲ့ရတယ်။ ပဲတွေ အက်ကွဲ၊ စပါးတွေပျက်စီးနဲ့ ဒီတစ်ခါ ကျွန်တော်တို့ လယ်သမားတွေ ဆိုးရွားလွန်းတဲ့ရာသီဉတု၊ ဆိုးရွားလွန်းတဲ့ကံကြမ္မာ ဘယ်ဟာကိုမှ ယိုးမယ်မဖွဲ့နိုင်တော့ပါဘူး။ ဘာကြောင့်ဆိုတာကိုလည်း တွေးနိုင်အားမရှိတော့ပါဘူး။ အထိနာခဲ့ကြပြီ။

၂၀၁၁ ခုနှစ်မှာလည်း မုတ်သုံရာသီဉတုအခြေတကျမရှိသေးပါ။ အခုဆိုရင် ၂၀၁၁ ခုနှစ်၊ ဇွန်လရောက်ခဲ့ပါပြီ။ မုတ်သုံလေလည်း ဝင်ရောက်ခဲ့ပါပြီ။ မေလအတွင်းမှာ ယာယီဝင်တဲ့ သဘောလောက်နဲ့မြန်မာနိုင်ငံမြောက်ပိုင်းအထိ ဝင်ရောက်ခဲ့ပေမယ့် အခြေတကျမရှိခဲ့ဘဲ အခု ဇွန်လဆန်းလက်ရှိမှာတော့ မုတ်သုံလေဦးရဲ့ မြောက်ဘက်အနားသတ်ဟာ မြစ်ဝကျွန်းပေါ်လောက်မှာသာ ပီပီပြင်ပြင်ရှိနေပါတယ်။ လေပြင်းတိုက်တာတွေ၊ မိုးကြိုးပစ်လို့ အသက်ဆုံးရှုံးရမှုတွေ၊ လေဆင်နှာမောင်းတိုက်ခတ်မှုတွေကတော့ မေလကုန်အထိ အလယ်ပိုင်းဒေသနဲ့ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ရောဝတီတိုင်းဒေသကြီးတွေမှာ စံချိန်တင်လောက်ပါတယ်။

**ဘူးလေးရာ ဖရုံဆင့်မှာ စိုးမိတယ်**

ဒီလိုအခြေအနေမျိုးတွေထဲမှာ ဒီနှစ် ၂၀၁၁ ခုနှစ်ရဲ့ မိုးကြိုကာလဟာ မုန်တိုင်းမဲ့နဲ့ ကျော်လွန်သွားခဲ့ရပြန်ပြီ။ လေဖိအားနည်းရပ်ဝန်းကလေးတောင် ပီပီပြင်ပြင်မရှိခဲ့တဲ့ ဒီနှစ် မိုးကြိုကာလဟာ ထူးခြားနေခဲ့ပါတယ်။ တစ်ခါ မနှစ်ကလို မိုးတွင်းကာလတစ်ခုလုံးမုန်တိုင်းတွေမဖြစ်ဘူးဆိုရင် စက်တင်ဘာလကုန်အထိ ဒီနှစ်အတွင်း မုန်တိုင်းမဖြစ်သေးတဲ့ သဘောဖြစ်သွားပါလိမ့်မယ်။ ဘင်္ဂလားပင်လယ်အော်ဆိုတာ အခုနောက်ပိုင်းကာလတွေမှာ တစ်နှစ်အနည်းဆုံး မုန်တိုင်း လေးလုံးမှ ခြောက်လုံးအထိ ဖြစ်တတ်တာမို့. . ဒါဆိုရင် ဒီနှစ် မိုးနှောင်း မိုးလွန်ကာလတွေဟာ မုန်တိုင်းတွေနဲ့ ဝေဆာနေလေမှာ တွေးပူမိပြန်ပါတယ်။ အချိန်အခါမဟုတ် မိုးတွေ ဖြစ်နေမှာမို့ မနှစ်က ဂီရိမုန်တိုင်းကိုသတိရစေပြန်ပါတယ်။ ဒါဆိုရင် ရိတ်တာ သိမ်းတာတွေကို စနစ်တကျစီစဉ်ရတော့မယ်။

ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုတွေလိုအပ်ပါတယ်။

ငယ်ငယ်က သင်္ချာတွက်တာကို သတိရမိပြန်တယ်။ မီးချောင်းတစ်ချောင်းကို လူတစ်ယောက်ဆင်တာ တစ်နာရီကြာတယ်။ ဒါကြောင့် မီးချောင်း ဆယ်ချောင်းဆိုရင် ဆယ်နာရီကြာမယ်ပေါ့။ ဒါပေမဲ့ မီးချောင်းဆယ်ချောင်းကို တစ်နာရီနဲ့ အပြီးဆင်ချင်တယ်ဆိုရင် ရနိုင်တယ်ဆိုတာကို သင်္ချာက သင်ပေးထားတယ်။ လူဆယ်ယောက်နဲ့ဆင်ရင် မီးချောင်းဆယ်ချောင်းဟာ တစ်နာရီပဲ ကြာမှာပေါ့။

မိုးလွန်ကာလမှာအချိန်အခါမဟုတ် မုန်တိုင်းမိုး တွေဆင်လာရင်တော့ အချိန်ကို အလေးထားလုပ်ကြရမယ့်ကိစ္စတွေမှာ ဒီလိုသင်္ချာအတွေးလေးတွေက အလွန်အရေးကြီးလာပါလိမ့်မယ်။ ဒီတော့စက်မှုလယ်ယာကဏ္ဍကပေးလာနိုင်တဲ့ စွမ်းအား(Power) မြှင့်တင်ရေးလုပ်ငန်းတွေ အလွန်အရေးကြီးလာပါလိမ့်မယ်။

ဒီတော့ ခေတ်မီတဲ့ စိုက်ပျိုးရေးစနစ်ဆိုတာ တကယ်တော့ ကောင်းမွန်တဲ့စီမံခန့်ခွဲရေးကသာ အဓိကဖြစ်ကြောင်းပါဗျာ။ ။

## စစ်တွေတွင် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ၂၄ နာရီ မီးပေးတော့မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၂**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် လာမည့်ဩဂုတ်လအတွင်း ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဖိုးသီးချိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဓာတ်အားလိုင်း အန္တရာယ်ကင်းရှင်းရေးနဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတွေလုပ်ပြီးရင် ၂၄ နာရီ မီးဖြန့်ဖြူးသွားမယ်။ အဲဒီအတွက် နှစ်လအချိန်ယူပြီး မီးလိုင်းတွေ ပြုပြင်သွားမယ်" ဟု ဖိုးသီးချိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူး ဝန်ဆောင်မှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးပြုံးချိုကပြောသည်။

လက်ရှိအခြေအနေတွင် ဇွန် ၁ ရက်မှစတင်ကာ မီတာခတစ်ယူနစ်လျှင် ၄၀၀ ကျပ်နှုန်းဖြင့် တစ်အိမ်လျှင် ၁၅ ယူနစ်သုံးစွဲခွင့် ပေးထားပြီး ၁၅ ယူနစ်ထက်ပိုမိုသုံးစွဲပါက ဒေသစက်သုံးဆီပေါက်ဈေးအတိုင်း တွက်ချက်ကာကျသင့်သလောက်ကောက်ခံသွားမည်ဖြစ်ကြောင်းဎင်းကဆက်လက်ပြောကြားသည်။

"စစ်တွေမြို့ကို မီးပေးဖို့အတွက် အစိုးရဈေးနဲ့ ခွဲတမ်းဆီဂါလန် ၁၁၅၀၀ ရတယ်။ အဲဒါကိုခွဲဝေသုံးတော့ တစ်အိမ်ကို ၁၅ ယူနစ်စာ ခံစားခွင့်ရတယ်။ ဒီလ ၁ ရက်နေ့ကစပြီး ညနေ ၆ နာရီကနေ ည ၁၂ နာရီအထိမီးပေးနေပါတယ်" ဟု ဦးပြုံးချိုက ရှင်းပြသည်။ စစ်တွေမြို့တွင် လက်ရှိစက်သုံးဆီပေါက်ဈေးမှာ တစ်ဂါလန်လျှင် ၃,၈၀၀ ကျပ်နှုန်းရှိပြီး မီတာအလုံးရေ ၇,၀၀၀ ခုရှိကြောင်း သိရသည်။

စစ်တွေမြို့တွင် မူလက ဖွဲ့မီးဖြင့် ပေးနေသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီတစ်ခုရှိပြီး ယခုလမှစတင်ကာ ဖိုးသီးချိုကုမ္ပဏီက စက်သုံးဆီဖြင့် လျှပ်စစ် ဓာတ်အားထပ်မံဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ "ကုမ္ပဏီကမပေးခင် EPC မီးတုန်းကဆိုရင် ညနေ ၆ နာရီကျော်မှ မီးလင်းတယ်။ ညဆိုရင် ၁၀ နာရီမထိုးခင်မီးသေတယ်။ အခု ပုဂ္ဂလိကပေးတော့ ညနေ ၆ နာရီထက် အများကြီးစောပြီးလာတယ်။ ညပိုင်းဆိုရင် ၁၁ နာရီခွဲလောက်ထိပေးတယ်" ဟုစစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်တွင်နေထိုင်သူတစ်ဦးက လက်ရှိမြို့လျှပ်စစ်မီးရရှိပုံကိုပြောသည်။

## *စာ(၁၅) ကျောင်းကြိုပို့ယာဉ်များအား ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်ပြုလုပ်ရန် သတ်မှတ် မှ*

စာအုပ်တွင်အမည်ပေါက်သူ မှတ်ပုံတင်၊ ပုံစံ(၁၀)တို့ယူဆောင်ကာ ပို့ဆောင်ရေးစီမံကိန်းရုံးနှင့်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနတို့တွင် စတင်လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း ယာဉ်မောင်းတစ်ဦးကစုံစမ်းရရှိခဲ့ရမှုများအား ပြန်လည်ပြောကြားသည်။

ဎင်းအပြင် အခြားပြည်နယ်နှင့်တိုင်းများတွင် လိုင်စာပေါက်ပြုလုပ်ထားသည့် မော်တော်ယာဉ်များအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း လိုင်စာပေါက်ဖြစ်ရန်လိုင်စာပြောင်း၊ အမည်ပြောင်းများ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ် ပိုက်ဆံထောင်ဂဏန်းလောက်ပဲဆောင်ရမယ်။ သက်တမ်းတိုးရင် အခွန်ဆောင်ရမယ်။ တစ်သိန်းကျော်ဆောင်ရမယ်။ ကနဦးဆောင်ရွက်ခလတ်တလော သက်သာပေမယ့်နောင်အခွန်ဆောင်ရမှာပါ" ဟု လိုက်ထရပ်ကျောင်းကားမောင်းသူတစ်ဦးကပြောသည်။

သယ်ယူပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်ရယူပြီးပါက နံပါတ်အနီတပ်ဆင်ရမည်ဖြစ်ကာ "ဃ" လိုင်စင်အဖြစ် ရယူရမည်ဖြစ်ကြောင်း ဎင်းက ဆက်လက်ပြောကြားသည်။


"နံပါတ်အနီဖြစ်သွားမှာ။ ဒါကြောင့်စဉ်းစားနေရတယ်။ ကျောင်းကြိုပို့ရတဲ့ ကာလက တစ်နှစ်မှာ ငါးလလောက်ပဲအချိန်ရတယ်။ ရတဲ့ငွေနဲ့ ဆောင်ရမယ့်အခွန် ချိန်ညှိနေတုန်းပဲ။ ကျောင်းသားတွေ အနေနဲ့လည်း တစ်လကြိုပို့ခ သုံးထောင်လောက်တက်သွားနိုင်တယ်" ဟု ရပ်ကွက်အတွင်း လိုက်လံစုဆောင်းကာ ကျောင်းပို့ရသည့် အနေအထားအား ရှင်းပြသည်။

အဆိုပါ လိုက်ထရပ်ကားများဖြင့် ရပ်ကွက်အသီးသီးမှ နီးစပ်ရာများစုဆောင်းကာ ကျောင်းနှင့်အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ရသည့် ယာဉ်မောင်းသူများအနေဖြင့် ပြေးဆွဲရသည့် အချိန်ကာလမှာ တစ်နှစ်ပတ်လုံးတွင် ငါးလခန့်သာပြေးဆွဲနေရကြောင်း ယာဉ်မောင်းအများစုက အခက်အခဲအား ရှင်းပြသည်။









## ဖရီးကောလင်းစနစ်လုံးဝမရှိကြောင်းမလေးရှားသံအမတ်ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၈**

ငွေကျပ်ဆယ်သိန်းနှင့်အထက်ပေးချေရပြီး မိမိနှစ်သက်သောအလုပ်အကိုင်အား ရှာဖွေလုပ်ကိုင်နိုင်ရန်သည်ဟုအေဂျင်စီအချို့နှင့် လူပွဲစားများက ရောင်းချနေသော Free Calling (အလုပ်သမားမှ အလုပ်ရွေးချယ်နိုင်သော အလုပ်ခေါ်စာ)ဆိုသည်မှာအမှန်တကယ် မရှိကြောင်း မလေးရှားသံအမတ်ကြီးကပြောကြားသည်။

"Calling ဆိုတာမလေးရှားက အလုပ်ရှင်က အလုပ်ခန့်တဲ့စာ၊ နာမည်ရော ပတ်စ်ပို့နံပါတ်ရော ရေးထားပြီးသား၊ အလုပ်သမားခန့်ဖို့လိုအပ်တဲ့အထောက်အထား တင်သွင်းပြီး စိစစ်ပြီးမှ Calling ထွက်လာတာ၊ Free Calling ဆိုတာမရှိဘူး"ဟု သံအမတ်ကြီးက သတင်းထောက်များအား ဇွန် ၈ ရက်တွင် ပြောသည်။

ထိုအပြင် Coonsellor .Mr အဇရေးကလည်း "အပြင်မှာအေဂျင်စီတွေက ငွေဘယ်လောက်ပေးရင် Free Calling လို့ဗီဇာမျိုး ထုတ်ပေးတာရှိတယ်လို့ ပြောသံကြားတယ်။ အဲဒါတွေဟာ ကောလဟာလသာဖြစ်တယ်။ မမှန်ဘူး။ Free Calling ဆိုတာမရှိဘူး"ဟု ဆိုသည်။

မလေးရှား အလုပ်ရှင်က အလုပ်ခေါ်စာဟု လူသိများသော Calling များအား မြန်မာနိုင်ငံတွင်အလွယ်တကူလုပ်၍ရကြောင်း အေဂျင်စီအသိုင်းအဝိုင်းက ဆိုသည်။

မလေးရှား အလုပ်အကိုင်ဈေးကွက်တွင် Free Calling တစ်စောင်လျှင် ငွေကျပ် ၁၅ သိန်းအထက်ဖြင့် အေဂျင်စီတချို့နှင့် လူပွဲစားများက ရောင်းချနေကြကြောင်း သိရသည်။

ထို့အပြင် မလေးနိုင်ငံသို့ အလည်အပတ် ဗီဇာဖြင့် သွားရောက်၍ အလုပ်အကိုင်ရှာဖွေသူများအနေဖြင့် အလုပ်အကိုင်ရရှိပါက အလုပ်သမားရပိုင်ခွင့်များ ရရှိလိမ့်မည်မဟုတ်ကြောင်း သံအမတ်ကြီးကပြောသည်။



*မလေးရှားရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ပြည်ပအလုပ်သမားအချို့*

## ပုဂ္ဂလိက ကုမဏီအချို့တွင်လည်း လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ဆောင်ရွက်

**မောင်ကံ**

**မောင်တော၊ ဇွန်-၁**

ပုဂ္ဂလိကကုမ္ပဏီကြီးများ၌ဝန်ထမ်း ရွေးချယ်ခန့်ထားရာတွင် လာဘ်ပေး လာဘ်ယူမှုမရှိစေရန်အတွက် အထက်လူကြီးများက တင်းတင်းကျပ်ကျပ် ဆောင်ရွက်လာကြောင်း ပုဂ္ဂလိကကုမ္ပဏီကြီးတစ်ခုတွင် လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

"အရင်တုန်းက မြို့နယ်အသီးသီးမှာရှိတဲ့ ဌာနခွဲတွေက တာဝန်ခံတွေဟာ လိုအပ်တဲ့ဝန်ထမ်းတွေခန့်ထားတဲ့အခါတစ်ယောက်ကိုငွေဆယ်သိန်း၊ ဆယ့်ငါးသိန်းထိရယူခန့်ထားကြပါတယ်။ ဌာနခွဲတာဝန်ခံတွေရွေးချယ်ထားတဲ့သူတွေကိုရုံးချုပ်ကအတည်ပြုရုံပါပဲ။ အဲဒီလိုလုပ်တော့ ငွေကြေးတတ်နိုင်သူတချို့ကပဲ အလုပ်ရနေပြီးတော့ တကယ့်အရည်အချင်းရှိပြီး ငွေပေးဖို့ မတတ်နိုင်သူတွေ အထိနာပါတယ်။ အခုတော့ ဝန်ထမ်းခန့်မယ်ဆိုရင် ရုံးချုပ်က ထပ်မံစိစစ်ပြီးမှခန့်ထားမယ့် စနစ်ဖြစ်ပါတယ်" ဟု အထက်ပါဝန်ထမ်းကဆက်လက်ပြောကြားသည်။

ယင်းသို့ရုံးချုပ်မှ စိစစ်ရွေးချယ်မည့်စနစ်ကို ပြောင်းလဲလိုက်သည့်အတွက် အမှန်တကယ် အလုပ်လိုလားသူ၊ အရည်အချင်းရှိ၍ ငွေကြေးမတတ်နိုင်သူများအတွက် အလွန်ကောင်းမွန်သော စနစ်တစ်ခုဖြစ်ကြောင်း လူငယ်အချို့က ပြောကြားသည်။

## ကလေးလုပ်သားဆန့်ကျင်ရေးနေ့အထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားတွင် ချီတက်လမ်းလျှောက်

**ဖနွမ်းပင်၊ ဇွန် - ၁၂**

ကမ္ဘောဒီးယားကျောင်းသားလူငယ်ရာပေါင်းများစွာသည် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်ခဲ့သော ကမ္ဘာလုံးဆိုင်ရာကလေးလုပ်သားဆန့်ကျင်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတကာအလုပ်သမားအဖွဲ့(ILO)နှင့် ကမ္ဘောဒီးယားအစိုးရတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြို့တော်ဖနွမ်းပင်တွင် ချီတက်လမ်းလျှောက်ခဲ့ကြောင်းသိရသည်။

ကျောင်းသားလူငယ်များ၏ ချီတက်လမ်းလျှောက်မှုကို ILO နှင့် အစိုးရတို့က စီစဉ်ပေးခဲ့ပြီး လာမည့် ၂၀၁၆ တွင် နိုင်ငံတွင်း၌ ကလေးလုပ်သားများ လုံးဝပပျောက်စေရေးအတွက်ရည်ရွယ်ကြောင်းဆိုသည်။ ကမ္ဘောဒီးယားရှိ ILO ၏ ကလေးလုပ်သားတိုက်ဖျက်ရေး အစီအစဉ်မှ အကြီးအကဲ မီနက်ချာရီပေါလ်ဂျိုးဇက်က "ကမ္ဘောဒီးယားဟာ တကယ်ပဲ အံ့ဖွယ်အလှအပတွေနဲ့ ပြည့်စုံတဲ့ နိုင်ငံပါ။ ဒီနိုင်ငံကို ကလေးလုပ်သားကင်းစင်တဲ့နိုင်ငံဖြစ်အောင် ကျွန်တော်တို့ဖန်တီးကြပါစို့"ဟု ချီတက်ပွဲတွင်ပြောကြားသည်။

ILO ၏ စာရင်းများအရ ယခုအခါ ကမ္ဘောဒီးယားတွင် အသက် ၁၈ နှစ်အောက် ကလေးလုပ်သားဦးရေ ၁ ဒသမ ၅ သန်းရှိပြီး ယင်းမှ ကလေးလုပ်သား ၃၁၀,၀၀၀ ကျော်ခန့်မှာ အုတ်စက်ရုံများ၊ ပိုးသတ်ဆေးဘူးထုတ်လုပ်သည့်စက်ရုံများကဲ့သို့သော အန္တရာယ်ကြီးမားသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရသည်။

ကမ္ဘောဒီးယားသည် အရှေ့တောင်အာရှ၏ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ ၁၄ သန်း၏ သုံးပုံတစ်ပုံခန့်မှာ တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်နှုန်းဖြင့် ရှင်သန်နေကြရသည်။

—Ref: AFP

*အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးအလုပ်သမားတစ်ဦး*

*ဓာတ်ပုံ–CNA*



## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

အရောင်းကြီးကြပ်ရေးမှူး မ-၂ဦး
အရောင်းဝန်ထမ်း မ-၂ဦး
အမှတ်-၁၆၄(ပထမထပ်)၊ ၄၇ လမ်း(အပေါ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၉၁၁၁၈၊ ၂၉၇၂၁၆

-------------------------

Communicator /Representative (Male/Female) ၁-ဦး
ပါရဂူဆေးခန်း၊ A1 မီးရထားတိုက်ခန်း၊ ရွှေတောင်ကားဂိတ်အနီး၊ ပြည်မြို့၊ ဖုန်း-၀၉ ၅၀ ၂၂၅၈၇ ။
၁၈-၆-၂၀၁၁ မနက် ၉ နာရီတွင် အင်တာဗျူးပြုလုပ်မည်။

-------------------------

စာရင်းကိုင် -မ
သံသမား -ကျား
အိမ်အကူ -မ
innerspace-အမှတ် ၂၉၀၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁၅၃၆၉၆၆

-------------------------

Office Staff ကျား/မ-၂ဦး
အမှတ်-၆၊ ဒီ-၁/ဒီ-၂၊ ရတနာမွန်အဆင့်မြင့်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၇၁၃၉၂

-------------------------

ပြည်တွင်း၌သာ ခန့်ထားရန်
Operation Manager
Assistant Reservation
Sanda Tour(Asia) Co.,Ltd, FMI Centre, အခန်းအမှတ်- ၆၀၂၊ ၆ လွှာ၊ အမှတ်- ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်၊ ဖုန်း-၀၁ ၂၄၈၉၀၇၊ ၂၄၈၉၀၈ (Ext:၁၆၀၂)

-------------------------

ဥယျာဉ်မှူးတစ်ဦး အလိုရှိသည်
အင်းလေးဒေသ၊ ရှမ်းပြည်တောင်ပိုင်းရှိ Inle Lake View Resort တွင် တာဝန်ထမ်းဆောင်ရန် Accountant နှင့် Senior Accountant ဝန်ထမ်းများ အလိုရှိသည်။
ဖုန်း-၀၁-၂၄၈၉၀၇၊ ၂၄၈၉၀၈

-------------------------

မော်ဒယ်သရုပ်ဆောင်ကျား-မ အလိုရှိသည်။ နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအတွင်း ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ မင်းဂွတ်၊ အမှတ်-၅၊ ၁၁၈ လမ်း၊ (မင်္ဂလာဈေးအနီး) ရန်ကုန်မြို့။

-------------------------

စတိတ်မန်နေဂျာ ကျား-၁ဦး
စားဖိုမှူး ကျား-၁ဦး
လက်ထောက်စားဖိုမှူး ကျား-၁ဦး
Head Waiter ကျား-၁ဦး
အမှတ်-၅၁၅/၂၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၁၅၉၂၉၊ ၀၉ ၇၃၀၇၁၉၈၃

-------------------------

Supervisor ကျား/မ-၆ ဦး
Asst: Supervisor ကျား/မ-၁၀ဦး
Q.C ကျား/မ-၂၀ ဦး
ပြင်/ထိန်း ကျား-၃ ဦး
စာရေး ကျား/မ ၅ ဦး
ယာဉ်မောင်း ကျား-၅ ဦး
ဖုန်း-၇၀၈၀၈၅၊ ၆၈၈၀၈၆

-------------------------

Do-Re-Mi Family Club is seeking for the motivated Instructors for young children. Basic Music Knowledge-Can sing in tune, knows beat & rhythm. Age 21-28 Female. Fluent orl and written English. Any degree holder. Plesant Personality. Please send CV with a recent passport size photo and copies of educational qualification to Kids Garden at Marina Residence. No.8, Kabar Aye Pagoda Rd, Mayangone. **Ph: 650634**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Knorr
Knorr

# Education

7DAY NEWS JOURNAL

Vol.10, No.13 • JUNE 16, 2011


## ကျောင်းပြောင်းခြင်းအတွက် ကျောင်းအချို့တွင် ငွေကြေးများစွာ ကောက်ခံဆဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၄**

အခြေခံပညာကျောင်းများ၌ ကျောင်း အပ်နှံရာတွင် အလှူငွေ ကောက်ခံနေမှုများအား တားမြစ်ကြောင်း သက်ဆိုင်ရာမှ ကြေညာခဲ့သော်လည်း နယ်ကျော်ကျောင်း အပ်နှံမှုများ၊ ကျောင်းပြောင်းရွှေ့မှုများအတွက်ငွေကြေးအမြောက်အများတောင်းခံနေသောကျောင်း အချို့ရှိခဲ့ကြောင်း ကျောင်းသားမိဘများကပြောသည်။

နာမည်ကြီးကျောင်းတွင် အပ်နှံခွင့်ရှိရန် မြို့နယ်ကျော်၍ မူလတန်းကျောင်း အပ်နှံသော ကျောင်းသားများနှင့် မြို့နယ်ရွှေ့ပြောင်းနေထိုင်သောကြောင့် ကျောင်းပြောင်းရွှေ့သောကျောင်းသားများသည် ကျောင်းဝင်ခွင့်ရရှိရန် ငွေကြေးကုန်ကျနေရခြင်းဖြစ်သည်။

"ကျောင်းဝင်ခွင့်ရဖို့သုံးသိန်း (ကျပ်)ကုန်သွားတယ်။ အလှူခံကနှစ်သောင်းပေးခဲ့ရတယ်။ ဘာချလန်မှမပေးဘူး။ ဝင်ခွင့်ရဖို့ကဝင်ခွင့်ရွေးချယ်တဲ့မူထဲမှာ မပါတဲ့အတွက်ကိုယ့်လမ်းကြောင်းနဲ့ကိုယ်လိုက်ရတာပေါ့။ ဒါကတော့ကိစ္စမရှိပါဘူး။ ကလေးကို ကျောင်းကောင်းကောင်းမှာပဲထားချင်တာကိုး၊ ရပ်ကွက်ကျောင်းမှာမှမထားချင်တာ။ ဒါပေမဲ့ အလှူခံတယ်ဆိုတာကလည်း တကယ်ကျောင်းရန်ပုံငွေထဲရောက်မရောက်မသေချာပါဘူး"ဟုရန်ကင်းမြို့နယ်ရှိနာမည်ကြီးကျောင်းတစ်ခုတွင် နယ်ကျော် ကျောင်းအပ်နှံခဲ့သော ကျောင်းသားမိဘတစ်ဦးကပြောသည်။ လှိုင်သာယာမြို့နယ်မှ ရွှေ့ပြောင်းလာပြီးနောက် ကမာရွတ်မြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းတစ်ခုတွင် ကျောင်းအပ်နှံသောအခါကျောင်းဝင်ခွင့်အတွက် တောင်းခံသောငွေကြေးအား မတတ်နိုင်သဖြင့် ကျောင်းသားမှာယခုအခါနဂိုကျောင်းတွင်ပြန်လည်တက်ရောက် ပညာသင်ယူနေရကြောင်း ကျောင်းသားမိခင်တစ်ဦးကဆိုသည်။

"အိမ်ပြောင်းသွားလို့ ကိုးတန်းကနေ ဆယ်တန်းတက်ဖို့အတွက် သားကိုကျောင်းသွားအပ်တာပါ။ အဲ့ဒါကျောင်းအပ်တော့ (ကျပ်)တစ်သိန်းခွဲလို့ပြောတယ်။ အဲ့ဒါမတတ်နိုင်လို့ အရင်ကျောင်းပဲပြန်တက်နေရတယ်။ နေတဲ့နေရာနဲ့ အရမ်းဝေးသွားတော့ ကလေးဒုက္ခရောက်တာပေါ့။ တိုင်လို့ရတယ်ဆိုပေမယ့် အိမ်နဲ့ပြန် တိုင်ပင်လိုက်ပါဦးမယ်" ဟု အထက်ပါအမျိုးသမီးကပြောသည်။



နယ်မြို့ရှိ ကျောင်းအချို့မှာလည်း ကျောင်းဝင်ကြေး အနည်းငယ်သာကောက်၍ အလှူခံခြင်းနှင့် အခြားခေါင်းစဉ်မျိုးစုံဖြင့်ကောက်ခံကြောင်း သတင်းရရှိသည်။

"အလှူငွေကို သဒ္ဒါသလောက်ထည့်ခိုင်းတယ်။ အဲဒီတော့ ၂၀၀၀ ထည့်လိုက်တယ်။ အတန်းခွဲတော့ ကိုယ်ကြိုက်တဲ့ ဆရာမအခန်းရဖို့၅၀၀၀ ထပ်ပေးရတယ်။ အတန်းထဲရောက်ပြန်တော့ထိုင်ခုံကြေးဆိုပြီး ၂၃၀၀ ကျပ် ထပ်တောင်းတယ်"ဟု နယ်မြို့တစ်မြို့မှ ကျောင်းသားမိဘတစ်ဦးကပြောသည်။

ကျောင်းများ၏ အလှူငွေကောက်ခံမှုများနှင့်ပတ်သက်၍ အမှတ်(၃)၊ အခြေခံဦးစီးဌာနတွင် လာရောက်တိုင်ကြားမှုများ ရှိနေဆဲဖြစ်ကြောင်း ၎င်းဌာနမှသတင်းရရှိသည်။

## မျက်မမြင်ကျောင်းသား ၁၄ ဦး တက္ကသိုလ်ဝင်တန်း အောင်မြင်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန် - ၇**

မြန်မာနိုင်ငံရှိ မျက်မမြင်ကျောင်း လေးကျောင်းမှကျောင်းသား ၁၄ဦး ၂၀၁၀-၂၀၁၁ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့ပြီး ဂုဏ်ထူးဖြင့် အောင်မြင်သူလေးဦးပါဝင်ခဲ့ကြောင်း မြန်မာနိုင်ငံမျက်မမြင်အသင်းမှသတင်း ရရှိသည်။

"ခဝဲခြံ မျက်မမြင်ကျောင်းက ငါးယောက်အောင်တယ်။ ရိုးရိုးလေးယောက်နဲ့ ဂုဏ်ထူးတစ်ယောက်ပါတယ်။ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းက ခြောက်ယောက်အောင်တယ်။ ရိုးရိုး ငါးယောက်နဲ့ဂုဏ်ထူးတစ်ယောက်ပါတယ်။ စစ်ကိုင်းမျက်မမြင်ကျောင်းက နှစ်ယောက်အောင်တယ်။ နှစ်ဘာသာဂုဏ်ထူးတစ်ယောက်၊ သုံးဘာသာ ဂုဏ်ထူးတစ်ယောက်ပါ တယ်။ မိတ္ထီလာမျက်မမြင်ကျောင်းက ရိုးရိုးတစ်ယောက်အောင်တယ်။ စုစုပေါင်း ၁၄ယောက်ပါ"ဟုမြန်မာနိုင်ငံမျက်မမြင်အသင်းမှအတွင်းရေးမှူး ဦးအောင်ကိုမြင့်ကပြောသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်၎င်းကျောင်းသားများအား ဂုဏ်ပြုဆုပေးပွဲကို မြန်မာနိုင်ငံလူမှုဝန်ထမ်းဦးစီးဌာနနှင့်မြန်မာနိုင်ငံ မျက်မမြင်အသင်းတို့ပူးပေါင်းကာ ယခုလ၁၀ရက်တွင် ခဝဲခြံမမျက်မြင်ကျောင်းတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်မတို့ကျောင်းက ၂၀၀၇ မှာ ၁၀တန်းစဖြေတာပါ။ နှစ်တိုင်း အောင်ချက်ကောင်းခဲ့ပါတယ်။ ဆုပေးပွဲကိုလည်းသွားတက်ဖို့အစီအစဉ်ရှိပါတယ်"ဟု စစ်ကိုင်းမျက်မမြင်ကျောင်းမှ ဒုတိယကျောင်းအုပ် ဒေါ်နန်းမောက်ဆိုင်ကပြော သည်။

မြန်မာနိုင်ငံ မျက်မမြင်အသင်း၏ရည်ရွယ်ချက်တွင် ပညာရေး ထောက်ပံ့မှုများပြုလုပ်ပေးမည့်အချက်ပါဝင်ပြီး ယခုကဲ့သို့ တက္ကသိုလ်ဝင် တန်းအောင်မြင်သူများအား ဂုဏ်ပြုပွဲပြုလုပ်ပေးခြင်းသည်အသင်းအနေဖြင့် ပထမဦးဆုံးအကြိမ်ဖြစ် ကြောင်းသိရသည်။

"ကျွန်တော်တို့က ရိုးရိုးအောင်တဲ့ကလေးတစ်ယောက်ကို ကျပ် ငါးသောင်း၊ဂုဏ်ထူးနဲ့အောင်တဲ့ကလေးတစ်ယောက်ကိုကျပ် ခြောက်သောင်း ဆုချသွားမှာပါ။ အဲဒီနေ့ကျရင် ဆုပေးပွဲလာတတ်တဲ့လူတွေကလည်း ပုဂ္ဂလိကဆုချတာတွေလုပ်ကြမှာပါ" ဟု ဦးအောင်ကိုမြင့်က ဆက်လက်ပြောကြားသည်။

## ဖိအားပေးကျူရှင်တက်ခိုင်းသောစနစ် ပပျောက်ရန် စတင်လုပ်ဆောင်

**သီဟ**

**ရန်ကုန်၊ဇွန် - ၉**

ကျောင်းသားမိဘများ စိတ်ဆင်းရဲ နေရသည့် ကျူရှင်ယူရန် တိုက်တွန်းတက်ရောက်ခိုင်းသည့် Force Tution စနစ်ပပျောက်ရေးနှင့် အခြားကျောင်းများတွင် ကျူရှင်မ ယူပါက စာမေးပွဲကျရှုံးမည့်အဖြစ်မျိုးမဖြစ်စေရန် အမှတ် ၃အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းများသို့ ရန်ကုန်တိုင်းဒေသကြီးပညာရေးဝန်ကြီး ဦးဉာဏ်ထွန်းဦးကညွှန်ကြားချက်များပို့ရန် လမ်းညွှန်ထားကြောင်း သိရသည်။

ဦးဉာဏ်ထွန်းဦးက ယခုလ ၂ ရက်နေ့က ကျောင်းအုပ်ဆရာကြီး များနှင့် မိဘဆရာအသင်းအဖွဲ့ဝင်များကျောင်းအကျိုးတော်ဆောင် များနှင့် ဆွေးနွေးညှိနှိုင်းပွဲတွင် ပြောကြားသွားခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် နှစ်စဉ်ကျောင်းပြုပြင်စရိတ်နှင့်ပတ်သက်၍ မိဘဆရာအသင်းကြေးဖြင့် လုံလောက်မှုမရှိသဖြင့် အလှူငွေများလက်ခံရန်လိုအပ်နေကြောင်း ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘဆရာအသင်းဝင်များက တင်ပြရာ မိမိဆန္ဒအလျောက်လှူဒါန်းသည့်အလှူငွေများအား စနစ်တကျလက်ခံရယူရန် အလှူငွေအားဘဏ်တွင် ချက်ချင်းအပ်နှံရန်နှင့် လိုအပ်မှသာ အဖွဲ့မှ စနစ်တကျထုတ်ယူရန်ဝန်ကြီးကပြောကြားကြောင်း သိရသည်။

သို့သော် ကျောင်းအုပ်ကြီးများ၊ ကျောင်းဆရာ၊ ဆရာမများမှ ငွေကောက်ခံခြင်းအား ခွင့်မပြုဟု ပြောကြားသွားကြောင်းသိရသည်။

## တိုဖယ်လ်အမှတ်ရရှိထားသူများကိုပါ ဩစတြေးလျက ပညာသင်ယူခွင့်ပေးတော့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၁၀**

ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူရန် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလက်မှတ်တစ်ခုဖြစ်သည့် TOEFL အမှတ်ရရှိထားသောကျောင်းသားများကိုလည်း မကြာခင်ပြည်ဝင်ခွင့်လက်ခံသွားမည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာအပါအဝင် နိုင်ငံတကာကျောင်းသားများသည် ဩစတြေးလျနိုင်ငံတွင်ပညာသင်ယူရန် ကျောင်းသားပြည်ဝင်ခွင့်လျှောက်ထားရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလက်မှတ်တစ်ခုဖြစ်သည့် IELTS အမှတ်ရရှိထားရန် မဖြစ်မနေ လိုအပ်သည်။


"လက်ရှိချိန်ထိကတော့ ဘာညွှန်ကြားချက်မှမလာသေးပါဘူး IELTS နဲ့ပဲ ကျောင်းသားပြည်ဝင်ခွင့်အတွက် ဆောင်ရွက်နေပါတယ်။ မကြာခင်တော့ TOEFL ကိုလက်ခံသွားမယ်လို့သိရပါတယ်။ ဘယ်တော့လဲတော့ အတိအကျမထုတ်ပြန်သေးပါဘူး" ဟု ဩစတြေးလျသံရုံးမှဝန်ထမ်းတစ်ဦးကပြောသည်။


လက်ရှိအချိန်တွင် ဗြိတိသျှကောင်စီမှစစ်ဆေးလျက်ရှိသည့် ယူကေအသိအမှတ်ပြုIELTS စာမေးပွဲလက်မှတ်ကိုသာ ကျောင်းသား ပြည်ဝင်ခွင့်လိုအပ်ချက်အတွက်သတ်မှတ်ထားရာမှ အမေရိကန်စင်တာမှ စစ်ဆေးလျက်ရှိသည့် ယူအက်စ်အေအသိအမှတ်ပြု TOEFL စာမေးပွဲလက်မှတ်ကိုလက်ခံရန် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Pearson Test of English Academic (Pearson) နှင့် Cambridge English Advanced (CAE) from Cambridge ESOL တို့ကိုလည်း အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလက်မှတ်များနေဖြင့် ကျောင်းသားပြည်ဝင်ခွင့်အတွက် အသိအမှတ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသားပြည်ဝင်ခွင့်အတွက်၎င်းဘာသာစကားကျွမ်းကျင်မှုလက်မှတ်များ၏ အမှတ်သတ်မှတ်ချက်ကိုမကြာခင်ထုတ်ပြန်သွားမည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် လက်ခံကျင့်သုံးသွားရန်မျှော်လင့်ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရပ်ခြားပညာသင်အခွင့်အလမ်း ရည်မှန်းထားသော ကျောင်းသားများသည် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု ပြသနိုင်ရန်အတွက် ယူကေမှ IELTS နှင့် ယူအက်စ်မှ TOEFL စာမေးပွဲများကိုဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

7 DAY NEWS JOURNAL
Vol.10, No.13 · JUNE 16, 2011

## အင်္ဂလန်ရှိ နာမည်ကြီးတက္ကသိုလ်များအကြောင်း ဟောပြောပွဲပြုလုပ်မည်

သီဟ

ရန်ကုန်၊ ဇွန် - ၁၁

အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်များဖြစ်သော Royal Holloway, University of London, University of Stirling, University of Hudersfieled အစရှိသည့် တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိနိုင်မည့် နည်းလမ်းများနှင့် အဆိုပါတက္ကသိုလ်များတွင် သင်ကြားနိုင်မည့် ဘာသာရပ်များအကြောင်းအား ရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဟောပြောပွဲတွင် အင်္ဂလန်တွင် ပညာသင်ကြားရာတွင် ကုန်ကျစရိတ်များ ရရှိနိုင်မည့် ပညာသင်ထောက်ပံ့ကြေးများအကြောင်းကိုလည်း ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲအား ဩစတေးလျနှင့် နယူးဇီလန်အခြေစိုက် Study Group နှင့် Crown Education တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အဆိုပါ Study Groyp သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၂၀၀ ကျော်တွင် ကျောင်းသူကျောင်းသားများ အဆင်ပြေစွာပညာသင် ကြားနိုင်ရန်အတွက်တက္ကသိုလ်အခြေခံအတန်းများလည်းဖွင့်လှစ်ထားရှိကြောင်းသိရသည်။

ဟောပြောပွဲအားယခုလ ၂၂ရက်တွင် ပဲ့ခ်ရှိုင်ရယ်ဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

## ၂၀၁၁ တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်သူများကို ကေအမ်ဒီက ပညာသင်ဆု ပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဇွန် - ၉**

၂၀၁၁တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့သောကျောင်းသားများအတွက် ကွန်ပျူတာ ဒီပလိုမာသင်တန်းပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း KMDကွန်ပျူတာသင်တန်းကျောင်းမှသိရသည်။

ပညာသင်ဆုအစီအစဉ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး၄ဘာသာနှင့်အထက် ရရှိသောကျောင်းသားများအတွက် ရာနှုန်းပြည့်သင်တန်းကြေးကင်းလွတ်ခွင့်၊ လေးဘာသာဂုဏ်ရှင်များအတွက် သင်တန်းကြေး ၅၀ရာခိုင်နှုန်း၊ သုံးဘာသာဂုဏ်ထူး ရှင်များအတွက် သင်တန်းကြေး ၄၀ရာခိုင်နှုန်း၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင်များအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမနှစ်ဒီပလိုမာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ဒုတိယနှစ်ဒီပလိုမာ သင်တန်းကိုဆက်လက်တက်ရောက်ရန်သင်တန်းကြေး ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး ဒုတိယနှစ်သင်တန်းတွင် ထူးချွန်သောကျောင်းသားများကိုနောက်ဆုံးနှစ် ကွန်ပျူတာဘွဲ့သင်တန်း အတွက်သင်တန်းကြေးကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယူကေအသိအမှတ်ပြု ကွန်ပျူတာဒီပလိုမာသင်တန်းအတွက် ပုံမှန်သင်တန်းကြေးသည် ကျပ်ခြောက်သိန်းဖြစ်ပြီး စာမေးပွဲကြေးသည် အမေရိကန်ဒေါ်လာ ၃၄၀ကျသင့်ကြောင်းသိရသည်။

## ကလေးသူငယ် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဇွန် - ၅**

မလေးရှားနိုင်ငံရှိဆက်ဂီကောလိပ်သည် ကလေးသူငယ်ပညာရေး (Early Childhood Education)နှင့်ပတ်သက်သောအလုပ်ရုံဆွေး နွေးပွဲကိုဇွန်လ ၁၉ ရက်တွင် ပဲ့ခ်ရှိုင်ရယ်ဟိုတယ်၌လာရောက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ကလေးသူငယ်များအား ပညာသင်ကြားနေသည့်ဆရာများ၊ မိဘများ၊စိတ်ဝင်စားသူများ စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်းဂျန်ကိုမလေးရှားပညာရေးဝန်ဆောင်မှုမှ သိရသည်။

ကလေးငယ်များ ဦးနှောက်ဖွံ့ဖြိုးနေစဉ်တွင် လွှမ်းမိုးမှုမျိုးစုံသည်ကလေးငယ်၏လောကအပေါ် နားလည်နိုင်မှု၊ခံစားနိုင်မှုကိုသက်ရောက်မှုဖြစ်စေမှု၊ကလေးများ၏ အကျင့်စရိုက်နှင့်ဉာဏ်ပညာဖွံ့ဖြိုးမှုအဆင့်လေးဆင့်ဖြစ်သော သန္ဓေတည်ခြင်း၊ မွေးဖွားခြင်း၊ ကြီးထွားခြင်းနှင့်လူလားမြောက်ခြင်းတို့အား မည်သို့နားလည်ရမည်၊ မည်သို့ခွဲခြမ်း စိတ်ဖြာရမည်၊ ကလေးငယ်များ၏ လူမှုရေး၊ စိတ်ခံစားရေးရာနှင့် ကိုယ် ခန္ဓာဖွံ့ဖြိုးရေးတို့အတွက် မည်သို့တာဝန်ယူ လုပ်ဆောင်ရမည်တို့မှာ ကလေးသူငယ်ပညာရေး (Early Childhood Education) ပညာရပ်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လိုသူများအတွက် လူဦးရေကန့်သတ်ထားသောကြောင့် ကြိုတင် စာရင်းပေးသွင်းရန် လိုအပ်ပြီးဖုန်း- ၀၉-၅၀၆၂၈၉၁သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

## တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ အိမ်တွင်းအလှဆင်ဒီပလိုမာတက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဇွန်-၉

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အိမ်တွင်းအလှဆင်ယင်မှု Interior Decoration ဘာသာရပ်ကို စိတ်ဝင်စားသူများသည် စင်ကာပူနိုင်ငံ BCA Academy မှချီးမြှင့်သည့် Diploma in Design ဘာသာရပ်အား လျှောက်ထားနိုင်ကြောင်းသိရသည်။

လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ရမည့်အပြင် BCA မှ လာရောက်စစ်ဆေးမည့် အင်္ဂလိပ်စာနှင့် ပုံဆွဲဘာသာရပ်များအားလည်း ဖြေဆိုအောင်မြင်ရမည်ဖြစ်ကြောင်း သိရသည်။အဆိုပါဝင်ခွင့်စာမေးပွဲအား တစ်နှစ်လျှင် နှစ်ကြိမ် ဧပြီနှင့် အောက်တိုဘာလတို့တွင်စစ်ဆေးကြောင်း သိရသည်။

အဆိုပါဘာသာရပ်တွင် ဒီဇိုင်းဘာသာရပ်များသာမက စီမံခန့်ခွဲမှုဘာသာရပ်များလည်း သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ဒီပလိုမာအတန်းပြီးဆုံးပါက ဩစတေးလျတက္ကသိုလ်များတွင် ဗိသုကာဘွဲ့အား ဆက်လက်တက်ရောက်နိုင်ကြောင်းသိရသည်။

TRADEMARK CAUTION

Technology

7DAY NEWS JOURNAL

Vol.10, No.13 · JUNE 16, 2011

# အရင်နှုန်းထားတွေနဲ့ ချထားပေးပြီးသားဖုန်းတွေကို ထပ်ပြီးလျှော့ပေးဖို့ အပြောင်းအလဲလုပ်ပစ်ဖို့ မရှိပါဘူး

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း

**ယုဇနကိုကို**

၂ နှစ်တာကာလအတွင်း ကျပ်ငါးသိန်းတန်ဖုန်းများကြောင့် လူလတ်တန်းစားတွင် ဖုန်းကိုင်နိုင်သူ တိုးလာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စံနှုန်းသတ်မှတ်ချက်များအတိုင်း ပြည့်ဝရန်လိုအပ်ချက်များစွာရှိနေသေးသည်။ ထို့အပြင် အသုံးပြုသူများအတွက် အခက်အခဲအချို့ရှိနေသည့် ပြည်တွင်းတယ်လီဖုန်းသုံးစွဲမှုအခြေအနေများနှင့်ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဆက်သွယ်ရေးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှတာဝန်ရှိသူများနှင့် ပြည်တွင်းထုတ်ဂျာနယ်အချို့ သီးသန့်တွေ့ဆုံပွဲပြုလုပ်ရာတွင် 7Day News ဂျာနယ်က (အဆိုပါတွေ့ဆုံပွဲတွင်) မေးမြန်းခဲ့သော မေးခွန်းများအပြင် တယ်လီဖုန်းဖြင့်ထပ်မံဆက်သွယ်မေးမြန်းခဲ့သည့်အချက်အလက်အချို့ကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အစိုးရသစ်လက်ထက်မှာချထားပေးမယ့်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းသန်းသုံးဆယ်ကိုဘယ်အချိန်မှာ ဘယ်လောက် အရေအတွက်နဲ့ စတင်ချထားပေးမှာပါလဲ။**

ဂျီအက်စ်အမ်မိုဘိုင်းသန်းသုံးဆယ်ကို ဒီနှစ်ဘဏ္ဍာရေးနှစ်မှာ စတင်ချထားပေးပါမယ်။ ပထမအသုတ်စီမံကိန်းဖြစ်တဲ့ ဒီဘဏ္ဍာနှစ်မှာ အလုံးရေလေးသန်းကိုစပြီးချထားပေးပါမယ်။

**စီမံချက်နဲ့ချထားပေးမယ့် သန်းလေးဆယ်ဂျီအက်စ်အမ်တွေရဲ့ ဈေးနှုန်းကို ဘယ်လို သတ်မှတ်ပေးမှာပါလဲ။ အပြင်မှာ သတင်းတွေထွက်နေတဲ့ ကျပ်သုံးသိန်းတန်ဂျီအက်စ်အမ်တွေ ဖြစ်လာမှာလား။**

သုံးသိန်းတန်တွေဖြစ်လာမှာလားဆိုတာ အခုချိန်တော့သေချာပြောလို့မရသေးပါဘူး။ ဈေးနှုန်းတွေကိုတော့ အသက်သာဆုံးဖြစ်အောင် အထက်ကစီစဉ်နေပါတယ်။ စီမံကိန်းအဆင့်လိုက်၊ ဈေးနှုန်းတွေသက်သာလာအောင် ချပေးသွားမှာပါ။

**စီမံကိန်းအဆင့်လိုက်ဖုန်းလျှောက်ခတွေလျှော့ချပေးမယ်ဆိုတော့ စီမံကိန်းသန်းသုံးဆယ်မှာ နှစ်အလိုက်ချပေးလာမယ့်ဖုန်းဈေးနှုန်းတွေက တစ်သုတ်နဲ့တစ်သုတ် ဈေးနှုန်းတွေမတူနိုင်ဘူးလား။**

အတတ်နိုင်ဆုံး ဈေးနှုန်းတွေကို တစ်ပြေးညီနဲ့ အသက်သာဆုံးဖြစ်အောင်တော့ဆောင်ရွက်သွားပါမယ်။ စီမံကိန်းအရေအတွက်ဖြစ်တဲ့ သန်းသုံးဆယ်လုံးကို တစ်သုတ်ချင်းစီချပေးတဲ့အခါဈေးနှုန်းတွေတစ်ပြေးညီမဖြစ်ခဲ့ရင်တောင် လူတန်းစားအားလုံးသုံးနိုင်တဲ့နှုန်းထားတစ်ခုတော့ဖြစ်မှာပါ။



ဦးသိန်းဦးနှင့်ဦးဇော်မင်းဦး(မတ်တပ်ရပ်နေသူ)တို့က သတင်းထောက်များ၏မေးမြန်းမှုကိုပြန်လည်ဖြေကြားစဉ် ဓာတ်ပုံ-ယုဇနကိုကို

**ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းအသုံးပြုသူတွေကိုကျပ်တစ်သိန်းခွဲထပ်သွင်းရင် ငါးသိန်းတန်ဖုန်းတစ်လုံး ထပ်ချပေးမယ်ဆိုတာဟုတ်ပါသလား။**

အဲ့ဒီသတင်းတွေက ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းကိုင်နေတဲ့ အသုံးပြုသူနေသူတွေဖြစ်ချင်တဲ့ ဆန္ဒတွေပဲဖြစ်မယ်လို့ထင်ပါတယ်။ ပြည်တွင်းမှာ မိုဘိုင်းဆိုတာစပြီးခေတ်စားလာတဲ့အချိန်မှာ ဆယ်လူလာဖုန်းတွေကို ဒေါ်လာနှစ်ထောင်ပေးပြီး ဝယ်ခဲ့ရတယ်။ အဲ့ဒီနောက် ဂျီအက်စ်အမ်တွေကို ဆယ့်ငါးသိန်းနဲ့ ချပေးခဲ့တယ်။ ပြီးတော့ငါးသိန်းတန်တွေထပ်ပေါ်လာတယ်။ ဒီလိုပဲ အဆင့်ဆင့်နဲ့ ဈေးနှုန်းတွေကျလာအောင် လုပ်ပေးနေတာဖြစ်တဲ့အတွက် အရင်နှုန်းထားတွေနဲ့ချထားပေးပြီးသား ဖုန်းတွေကို ထပ်ပြီးလျှော့ပေးဖို့ အပြောင်းအလဲလုပ်ပစ်ဖို့ မရှိပါဘူး။

**အခုနောက်ပိုင်းမှာအစိုးရအနေနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေကို ပုဂ္ဂလိကနဲ့ပူးပေါင်းပြီး ဘယ်လောက်အတိုင်းအတာအထိဆောင်ရွက်သွားဖို့ရှိပါသလဲ။**

နောက်ပိုင်းကို ပုဂ္ဂလိကနဲ့ သေသေချာချာပူးပေါင်းပြီး လုပ်သွားဖို့တွေရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ Private Sector ကအဓိကကျပါတယ်။ အဲ့ဒီအတွက် နောက်ပိုင်း မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်တွေမှာ ပုဂ္ဂလိကက အစိုးရနဲ့ တန်းတူလုပ်ကိုင်ခွင့်တွေ ပေါ်လာတော့မှာပါ။

**အခုလက်ရှိလျှောက် ထားခွင့်တွေ ရပ်ဆိုင်းထားတဲ့ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ နဲ့ ၄၅၀ မဂ္ဂါဟတ်ဇ်ဖုန်းတွေကို ဘာကြောင့်ရပ်ဆိုင်းလိုက်ရတာပါလဲ။**

လောလောဆယ် အနေနဲ့ ယာယီသဘော ရပ်ဆိုင်းထားတာပါ။ အခုက ငါးသိန်းစီဒီအမ်အေတွေက ရွှေ့လျားသယ်ပြီး အသုံးပြုနိုင်နေတဲ့အတွက် စီးပွားရေးကောင်းမွန်ပြီး လူစည်ကားတဲ့နေရာတွေမှာ တအားပြုံပြီးသုံးနေကြတာဖြစ်တယ်။ အဲ့ဒီနေရာတွေကလည်း စီဒီအမ်အေတာဝါတိုင်တွေ အဓိကစိုက်ထူထားတဲ့နေရာတွေဖြစ်နေတော့ လိုင်းတွေကျတာ၊ ကျပ်တာတွေဖြစ်နေတယ်။ ပြီးတော့ သတ်မှတ်အရေအတွက်ထက် အလုံးရေတစ်သိန်းကျော်ချထားပြီးတာရယ် နောက်ထပ်မြို့နယ်တွေမှာ တာဝါတိုင်တွေစိုက်ထူနေတာတွေရယ်ကြောင့် ခေတ္တရပ်ပြီး ပြန်ပေးဖို့ စီစဉ်နေတာပါ။

**ဒါဆိုရင် စီဒီအမ်အေဖုန်းတွေကို နောက်ထပ်ထပ်ချပေးတဲ့အခါ ဈေးနှုန်းဘယ်လောက်နဲ့ အရေအတွက် ဘယ်လောက်ကို ဘယ်နမြို့နယ်မှာ ထပ်ချပေးသွားမှာပါလဲ။**

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းတွေကို နောက်ထပ်အလုံးရေ ခုနစ်သောင်း ချပေးဖို့ရှိပါတယ်။ ပြည်နယ်နဲ့တိုင်းတစ်ဆယ့်လေးခုမှာပါ။ ရန်ကုန်နဲ့ မန္တလေးမှာပါ ထပ်ချပေးသွားဖို့ရှိပါတယ်။ ၄၅၀ မဂ္ဂါဟတ်ဇ်ဖုန်းတွေကိုတော့ အလုံးရေကိုးသောင်းထပ်ချပေးသွားဖို့ လုပ်နေပါတယ်။

**လက်ရှိဒီမှာသုံးနေတဲ့ စီဒီအမ်အေဖုန်းတွေရဲ့အားသာချက်၊ အားနည်းချက်တွေကဘာတွေဖြစ်နိုင်မလဲ။**

၈၀၀ စီဒီအမ်အေမှာဆို သတ်မှတ်ဧရိယာကျဉ်းသေးတဲ့အတွက် လိုင်းဆွဲအားက သာနေပါတယ်။ ဒါပေမဲ့ သူလည်း နည်းနည်းတော့ လိုင်းတွေကျပ်လာပြီ။ အင်တာနက်သုံးနိုင်တဲ့အချက်ကတော့ အဓိကအားသာချက်ပါပဲ။ ၄၅၀ စီဒီအမ်အေရဲ့ အဓိကအားသာချက်က ဝေးလံလွန်းတဲ့ဒေသတွေအတွက် အရမ်းကောင်းတာပါပဲ။ ပြီးခဲ့တဲ့ လအနည်းငယ်လောက်က ထူးကုမ္ပဏီရဲ့ဦးတေဇနဲ့အဖွဲ့ မတော်တဆ လေယာဉ်ပျက်ကျခဲ့မှုမှာ ဒီစီဒီအမ်အေ ၄၅၀ ဖုန်းတွေက အဓိကအကျိုးပြုခဲ့တယ်လို့သိထားပါတယ်။ နောက်ပိုင်းမှာဖုန်းတွေရဲ့ အရည်အသွေးတွေ ပိုပြီးကောင်းလာအောင် လုပ်သွားမှာပါ။

**လက်ရှိမြန်မာနိုင်ငံရဲ့ တယ်လီဖုန်းသုံးစွဲနိုင်မှုအခြေအနေက အာဆီယံနိုင်ငံတွေနဲ့ယှဉ်ရင်ဘယ် အခြေအနေမှာရှိမလဲ။**

အခုလက်ရှိကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသုံးပြုနိုင်တာ

စာ(၂၄)သို့

# မြန်မာဂျီအက်စ်အမ်ဖုန်းများ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်တို့တွင် အသုံးပြုနိုင်ရန် စီစဉ်

**ရန်ကုန်၊ဇွန် -၁**

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့်ပူးပေါင်းကာ International Roaming System ကိုအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှသတင်းရရှိသည်။

အဆိုပါစနစ်သည် ဂျီအက်စ်အမ်ဖုန်းများအတွက်ဖြစ်ပြီး အထက်ပါသုံးနိုင်ငံသို့ သယ်ဆောင်ကာအသုံးပြုနိုင်မည့်အစီအစဉ်ဖြစ်ကြောင်း ယင်းဌာန၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ပြည်ပသို့ထွက်ခွာသူများအနေဖြင့် အခြားနိုင်ငံများသို့ရောက်လျှင် ဆက်သွယ်မှုများ အဆင်ပြေစေရန်အတွက် ယခုကဲ့သို့အထက်ပါသုံးနိုင်ငံနှင့် စတင်ဝန်ဆောင်မှုပေးရန် ဆောင်ရွက်နေရခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အာဆီယံနိုင်ငံများနှင့်ပါ ဆောင်ရွက်သွားရန်ရှိသေးကြောင်း သိရသည်။

Outbounding ဟူသော စနစ်ကို သုံးစွဲမည်ဖြစ်ပြီး အဆိုပါစနစ်သည် အခြားနိုင်ငံများသို့မိမိ၏ ဖုန်းကိုယူဆောင်ကာအသုံးပြုခြင်းဖြစ်သည်။ အထက်ပါနိုင်ငံများသို့ အဆိုပါဖုန်းများကို Outbounding စနစ်ဖြင့် သယ်ဆောင်အသုံးပြုမည်ဆိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ကန်ဒေါ်လာဖြင့် အသုံးပြုခွင့် ပေးသွင်းရဖွယ်ရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါ နိုင်ငံသုံးနိုင်ငံမှ ဂျီအက်စ်အမ်ဖုန်း ကိုင်ဆောင်သူများသည်လည်း ၎င်းတို့ဖုန်းများကို မြန်မာနိုင်ငံသို့ သယ်ဆောင်လာနိုင်မည့် Inbounding စနစ်ကိုပါ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားရန်ရှိကြောင်းလည်း သိရသည်။

အဆိုပါ ဝန်ဆောင်မှု စနစ်အား ယခုနှစ်မကုန်မီ စတင်ပေးသွားမည်ဖြစ်ပြီး ကိုရီးယား၊ ဂျပန်၊ အိန္ဒိယနိုင်ငံများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီဖြစ်သည်။



## ဖိုက်ဘာဆက်ကြောင်းဝန်ဆောင်မှု ရန်ကုန်တွင် တစ်နှစ်အတွင်း တပ်ဆင်နိုင်ဖွယ်ရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၉**

မြန်နှုန်းမြင့်အင်တာနက်ဆက်သွယ်ရေးစနစ်ဖြစ်သည့် ဖိုက်ဘာဆက်ကြောင်းဝန်ဆောင်မှု (Fiber to the Home-FttH)ကို ရန်ကုန်မြို့တစ်မြို့လုံးတွင်တစ်နှစ်အတွင်း တပ်ဆင်နိုင်ရန်ဆောင်ရွက်နေသည်ဟု ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှသတင်းရရှိသည်။

FttH စနစ်ကို ယခုလက်ရှိအင်တာနက်သုံးစွဲမှုနှုန်းအများဆုံးဖြစ်သည့် ရန်ကုန်တစ်မြို့လုံးတွင် တပ်ဆင်သုံးစွဲနိုင်ခြင်းမရှိသေးခြင်းမှာတပ်ဆင်မည့် လမ်းကြောင်းတစ်လျှောက်ရှိအခက်အခဲအချို့ကြောင့် နှောင့်နှေးနေရခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးကပြောသည်။


"ဒီဖိုက်ဘာစနစ်က မြေအောက်တွေကနေမှသွားတာဆိုတော့ ရန်ကုန်မြို့လိုလမ်းကြောင်းရှုပ်ထွေးတဲ့နေရာမှာ တစ်မြို့လုံးအတိုင်းအတာအတွက်က လတ်တလောမဖြစ်နိုင်သေးတာပါ။ တစ်နှစ်လောက်အတွင်းမှာတော့ တပ်ဆင်ပေးသွားမှာပါ" ဟုအထက်ပါတာဝန်ရှိသူကပြောသည်။

အဆိုပါ ဖိုက်ဘာဆက်ကြောင်းဆက်သွယ်ရေးစနစ်အား လတ်တလောတွင် မြို့ပတ်လမ်းကြောင်းအတိုင်း တပ်ဆင်ထားသေးပြီး ယင်းစနစ်ပေါ်တွင်စီးပွားရေးလုပ်ငန်းအချို့ကအသုံးပြုနေကြပြီဖြစ်သည်။

အင်တာနက်၊ တယ်လီဖုန်းနှင့် နိုင်ငံတကာရုပ်သံလိုင်းများကိုတွဲဖက်အသုံးပြုနိုင်မည့် (Triple Play Service) စနစ်သုံးမျိုး ဝန်ဆောင်မှုဖြစ်သည့် FttH စနစ်ကို မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်နှင့် မန္တလေးမြို့အတွင်း သုံးစွဲနေကြပြီဖြစ်သည်။

ယခုလက်ရှိအချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဖိုက်ဘာဆက်ကြောင်း မိုင်ပေါင်းကိုးထောင်နီးပါးအသုံးပြုနေပြီဖြစ်သည်။



## ဟက်ကာများက ဂျပန်ကွန်ပျူတာဂိမ်းကုမ္ပဏီ ဆာဗာအား တိုက်ခိုက်

**နယူးယောက်၊ ဇွန် - ၇**

ဂျပန်ကွန်ပျူတာဂိမ်းကုမ္ပဏီဆိုနီ၏ ကွန်ရက်များအား မကြာသေးမီက တိုက်ခိုက်ခံရပြီးနောက် အခြားဂျပန်ဗီဒီယိုဂိမ်းကုမ္ပဏီတစ်ခုဖြစ်သည့် Nintendo ၏ အမေရိကန်နိုင်ငံရှိကွန်ရက်ဆာဗာသည်လည်း ဟက်ကာများ၏တိုက်ခိုက်မှုကိုခံခဲ့ရကြောင်း သိရသည်။

အဆိုပါဂျပန်ဂိမ်းကုမ္ပဏီက အမေရိကန်ရှိ ၎င်းတို့၏ ဆာဗာတစ်ခုသည် Lulz Security ဟု အမည်ပေးထားသော ဟက်ကာအဖွဲ့တစ်ခု၏ တိုက်ခိုက်မှုကိုခံခဲ့ရကြောင်း၊ ယင်းအဖွဲ့မှာ ပြီးခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်းဆိုနီကုမ္ပဏီ၏ Play Station ဂိမ်းကွန်ရက်များကို တိုက်ခိုက်ခဲ့သောအဖွဲ့ပင်ဖြစ်ကြောင်းပြောကြားသည်။ သို့သော် Nintendo ၏ ယခုတိုက်ခိုက်ခံရမှုတွင်မူ ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များကိုအသုံးပြုသူများ၏ အချက်အလက်များနှင့် ကုမ္ပဏီ၏ သတင်းအချက်အလက်များ ပျောက်ဆုံးခြင်းမရှိဟု ဆိုသည်။ ကုမ္ပဏီ၏ပြောခွင့်ရပုဂ္ဂိုလ်ကင်တိုယိုဒါက "ဒီတိုက် ခိုက်ခံရမှုမှာ ကြားခံဆုံးရှုံးနစ်နာသူတွေမရှိပါဘူး။ ဒါပေမဲ့ ဝက်ဘ် ဆိုက်ကို ဟက်လုပ်ပြီးတိုက်ခိုက်ခံရတာကတော့အမှန်ပါပဲ"ဟု ပြောသည်။

ပြီးခဲ့သည့်လအနည်းငယ်အတွင်း ဟက်ကာများ၏ တိုက်ခိုက်မှုကြောင့် ထိပ်တန်းကုမ္ပဏီကြီးများတွင် သတင်းအချက်အလက်ပေါက်ကြားမှုများစွာရှိခဲ့သည်။ ဂျပန်ဂိမ်းကုမ္ပဏီကြီးဆိုနီသည်လည်း ယခုနှစ်အစောပိုင်းက ဟက်ကာများ၏ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် ၎င်း၏ Play Station ကွန်ရက်ပျက်စီးခဲ့ပြီး ကွန်ရက်မှ အသုံးပြုသူ ၇၇ သန်း၏ အသေးစိတ်ကိုယ်ရေးအချက်အလက်များလည်းပေါက်ကြားခဲ့သည်။ *—Ref: BBC*

### စာ(၂၃) - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း မှ

စာ(၂၃) မှ

ငါးရာခိုင်နှုန်းပဲရှိသေးတယ်။ ဒါက လူတစ်ရာမှာ ငါးယောက်ပဲရှိသေးတာကိုပြတာပါ။ အာဆီယံနဲ့နှိုင်းယှဉ်ရင် တော်တော်လေးကို နိမ့်ကျနေသေးပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ တယ်လီဖုန်းသုံးစွဲနိုင်မှုက ၉၀ရာခိုင်နှုန်းနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သုံးစွဲနိုင်မှုနှုန်းက ၅၇ ရာခိုင်နှုန်းဖြစ်ရမယ်လို့ နိုင်ငံတကာတယ်လီကွန်းအဖွဲ့အစည်းဖြစ်တဲ့ International Telecom Union(ITU) က သတ်မှတ်ထားတာပါ။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ငါးနှစ်တာစီမံကိန်းထဲမှာမိုဘိုင်းဖုန်းသန်းသုံးဆယ်ကိုချပေးနိုင်ရင်တောင်မှ အိုင်တီယူက သတ်မှတ်ထားတဲ့ ၅၇ ရာခိုင်နှုန်း မပြည့်သေးပါဘူး။

**ဒါဆိုရင် လာမယ့် ငါးနှစ်တာအတွင်းမှာမြန်မာနိုင်ငံရဲ့တယ်လီဖုန်းအသုံးပြုနိုင်မှုအခြေအနေဟာ ဘယ် အတိုင်းအတာလောက်ထိ ရောက်လာမယ်လို့ ထင်ပါသလဲ။**

အခု ဒီနှစ်ထဲမှာကို ပြည်တွင်းမှာ လက်ရှိသုံးနေတဲ့ ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်တွေကအစ ကြိုတင်ငွေဖြည့်စနစ်ဖြစ်တဲ့ Prepaid Card တွေနဲ့သွားတော့မှာပါ။ ဒါက မိုဘိုင်းအားလုံးအကျုံးဝင်မှာပါ။ ပြီးတာနဲ့သန်းသုံးဆယ်စီမံကိန်းကို အပြည့်အဝအကောင်အထည်ဖော်မှာဖြစ်ပြီး လူတန်းစားအားလုံးနီးပါးအသုံးပြုနိုင်တဲ့ ဈေးနှုန်းတွေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်လို့ နိုင်ငံတကာစံနှုန်းအတိုင်း တယ်လီဖုန်းကို အဆင့်မြင့်မြင့် သုံးစွဲလာနိုင်မယ့်နိုင်ငံဖြစ်လာမယ်လို့မြင်ပါတယ်။ ဒီအတွက် ပုဂ္ဂလိကကလည်း အဓိကအခန်းကဏ္ဍတစ်ခုကနေပါဝင်ပေးဖို့ အရေးကြီးပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ဗောဓောဗုဓ = ဝိဟာရဗုဒ္ဓ = ဗုဒ္ဓဝိဟာရ ကမ္ဘာ့အံ့ချီးဖွယ်ရာဘုရားကျောင်းတော်ကြီး

(ယခင်အပတ်မှ အဆက်)

ဒေါက်တာအရှင်ဉာဏိသာရ (သီတဂူဆရာတော်)

သူ့ကို Discover of Bodobudur ဟုသမိုင်းပညာရှင်တို့ကဆိုကြသည်။ Monumental History of Java စာအုပ်ကိုရေး၍ ၁၈၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဂျာဗားကျွန်းပေါ်ကို အင်္ဂလိပ်တို့ တစိမ့်စိမ့် စိမ့်ဝင်ရေး၌ စနစ်တကျပလ္လင်ချ၍ အောင်မြင်စွာထိုးဖောက်ဝင်ရောက်နိုင်ခဲ့သူဖြစ်သည်။ သူ၏ တက်ကြွသောစိတ်ဓာတ်နှင့် လွတ်လပ်စွာ ကုန်သွယ်ခြင်းဟူသော အယူဝါဒက သူ၏အသစ်အဆန်းများကို ပြန်လည်ဖော်ထုတ်ရေး၌အောင်မြင်ကျော်ကြား စေခဲ့သည်။

စေတီတော်ကြီးသည် ၁၉ ရာစုနှစ်၌ နိုးကြားခဲ့လေသည်။ ၁၉ ရာစု၌ ဂျာဗားကျွန်း၏ အုပ်ချုပ်ရေးမှူး (Governor) Lieutenant Thokmas Stanfort Raffle သည် ဗောဓော ဗုဓုစေတီတော်ကြီးသို့ အလည်အပတ်ရောက်လာခဲ့ဖြစ်သည်။ သူသည် ပထမဆုံးသော ဂျာဗားကျွန်း၏ ကိုလိုနီအုပ်ချုပ်သူဖြစ်သည်။ သူသည် ရှေးဟောင်းအမွေအနှစ်များကို စိတ်ဝင်စားသည်။ စစ်ရေးစစ်ရာလေ့လာသူ Collin Mac Kenzie က Raffle အား အပြည့်အစုံသတင်းကို အစီရင်ခံခဲ့လေရာ Raffle သည် အထူး စိတ်ဝင်စားခဲ့လေသည်။ Collin Mac Kenzieသည် အိန္ဒိယပြည်၌ ၁၁နှစ်ကြာ နေခဲ့ဖူးသောကြောင့် ဟိန္ဒူဘာသာ၊ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ် ဘုရားကျောင်းကန်တို့နှင့် ရင်းနှီးခဲ့သူဖြစ်သည်။ Raffle သည် Mac Kenzie အား တာဝန်ပေး၍ ဂျာဗားကျွန်းတစ်ကျွန်းလုံးရှိ စစ်ရေး၊ ကူးသန်းသွားလာရေး၊ ဘာသာရေးယဉ်ကျေးမှုအမွေအနှစ်တို့ကို တိုင်းတာတွက်ချက်၍ အစီရင်ခံခိုင်းခဲ့လေသည်။ ၁၈၁၄ -ခုနှစ်၌ Raffleကိုယ်တိုင် ဂျာဗားကျွန်းသို့ ရောက်ရှိကာ ဗောဓောဗုဓုစေတီတော်ကြီးကိုတက်ရောက်လေ့လာခဲ့လေသည်။

၁၈၈၃ ခုနှစ်တွင် အင်ဒိုနီးရှား၏ ကိုလိုနီအစိုးရကို ဖွဲ့စည်းခဲ့သည်။ ဂျာဗားကိုလိုနီ အစိုးရကိုယ်တိုင်ကမူ ၁၈၄၄ ခုနှစ်တွင် ဗောဓောဗုဓုစေတီတော်ကြီး၏ ထိပ်၌ ဝါးဖြင့် တည်ဆောက်သည့် တဲတစ်ခုမှ ပြာများရှိ တွေ့အောက်မှာ ဖုံးကွယ်နေသည့်ရှေးဟောင်းတို့ကို တူးဖော်ရန် စီမံကိန်းကို စခဲ့သည်။ Thomas Staford Raffles သည် ပေါင် စတာလင်ငွေ ၅၀၀ မျှကို သုံးစွဲ၍ စေတီတော်ကြီးကိုစတင်ဖော်ထုတ်ပြုပြင်ထိန်းသိမ်းခဲ့လေသည်။

**ဗောဓောဗုဓုစေတီတော်ကြီး**

ဤဗောဓောဗုဓုစေတီတော်ကြီးကို ၉ ရာစု၊ အေဒီ ၇၇၈ နှင့် အေဒီ ၈၅၆ တို့အကြားသေလိန္ဒြရ မင်းဆက်တို့က တည်ဆောက်ခဲ့ကြသည်။ ကမ္ဘောဒီးယားရှိအန်ကောဝပ်ကျောင်းတော်ကြီးထက် နှစ် ၃၀၀ စောသည်။ ပေါက်ကွဲပြီးသော မီးငြိမ်းတောင်တို့၏ အလွန်အေးမြသော ရာသီဥတုအောက်ဝယ် တစ်နှစ်ပတ်လုံး တဝုန်းဝုန်း ရွာသွန်းဖြိုးလျက်ရှိသော မိုးရေတို့၏ သွန်းဖြိုးခြင်းအောက်ဝယ် Mt. Merapi - မေရပ္ပိတောင်ကုန်းပေါ်၌ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ မေရပ္ပိတောင်၏ ပတ်ဝန်းကျင် မငြိမ်းသေးသော မီးတောင်များ၏ အကြိမ်ကြိမ်ပေါက်ကွဲပြန့်ထွက်လာသော ရွှံ့ညွန်များ၊ ပြာများ၊ မီးသွေးကျောက်များ၏ ဖုံးအုပ်ခြင်းတို့အောက်ဝယ်နှစ်ရာပေါင်းများစွာသည်းခံ၍ ပုန်းအောင်းနေတော်မူရရှာသည်။ ဂျော့ဂျကာတာမြို့မှအနောက်မြောက်၄၂ကီလိုမီတာ ၂၆မိုင်ခန့်သွားလိုက်လျှင် စိမ်းစိမ်းစိုစိုညို့ညို့မှိုင်းမှိုင်း မီးငြိမ်းတောင်တွေဝန်းရံလျက်ရှိသော Mt.Merapi တောင်ကုန်းပေါ်က ဗောဓောဗုဓုသို့ရောက်ပါသည်။ တစ်နှစ်လုံး ရွာသွန်းသော အီကွေတာရပ်ဝန်း၏မိုးကြောင့် မီးတောက်မီးလျှံတွေငြိမ်းခဲ့ပြီဖြစ်သော တောတောင်လျှိုမြောင်တို့မှာ အမြဲတမ်း စိမ်းညို့ညို့ရှိနေသည်။

ရံခါ ညို့ညို့မှိုင်းမှိုင်းအုံ့အုံ့ဆိုင်းဆိုင်းရှိနေသော မီးငြိမ်းတောင်တို့၏ အကြား၌ ဖြူဖြူဖွေးဖွေးလေးလေးတွဲ့တွဲ့ အဆုပ်အဆုပ်အဆိုင်းအဆိုင်း မှီတွယ်နေကြသော မိုးတိမ်တို့မှာ ကောင်းကင်တမာန်နတ်ဒေဝါများ၊ ဘုရားဖူးများ လာရောက်ကြလေသည်လားဟုပင်ထင်ယောင်မြင်ယောင်ဖြစ်မိသည်။ အိန္ဒိယမျိုးနွယ် မင်းဆက်များနှင့် လူသားများက အိန္ဒိယယဉ်ကျေးမှုကိုအခြေခံသော အိန္ဒိယအသွင်သဏ္ဌာန်နှင့် ခံယူချက်တို့မှာ အိန္ဒိယပြည်မှာ မတွေ့နိုင်သောရှေးခေတ်ဂျာဗားမင်းနှင့်ပြည်သူအနုပညာရှင်တို့၏ အလွန် ထူးခြားဆန်းကြယ်အံ့သြဖွယ်ကောင်းသော ဗိသုကာပညာ၏ ကြီးမြတ်သော လက်စွမ်းပြတစ်ရပ်ဖြစ်သည်။ စေတီတော်ကြီးကို Cosmology စကြဝဠာပညာ၊ Archaeology ဗိသုကာပညာရပ်၊ History, Religion, Philoso-phy, Atr, Technology၊ အစရှိသော နည်းပညာ၊ အနုပညာ၊ ဗိသုကာပညာ၊ သမိုင်းပညာ၊ အတွေးအခေါ်ပညာ၊ ဘာသာရေး အစရှိသောပညာရပ်မျိုးစုံတို့၏ စုဝေးရာ The Center of Multipal Learning အဖြစ်ရှေးခေတ်ဂျာဗားသားတို့ တည်ဆောက်ခဲ့ကြသည်ဟုဆိုနိုင်သည်။ ဥပမာ- မီးသင့်ကျောက်တုံးပေါင်း ၁၃ သိန်းကျော်တို့ကို အချင်းချင်း ချိတ်ဆက်၍မုခ်ဦး၊ ဆောင်းတန်း လေးဘက်၊ ပစ္စယံငါးခုတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပုံမှာ အာစီ (RC)သံချောင်း နှင့် ဘိလပ်မြေတို့မပေါ်သေးသည့်နှစ်တစ်ထောင်ကျော်က ရှေးလူဟောင်းတို့၏ နည်းပညာမှာ ရိုးလွန်းသည်ဟု ဆိုနိုင်သော်လည်း ဆန်းပြားသော ခေတ်လူတို့ မတီထွင်နိုင်ခဲ့သော နည်းစနစ်များဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။

ပစ္စယံငါးဆင့်၌ Buddhist Philosophy ၌ဖော်ပြထားသော ကာမဘုံ၊ရူပဘုံ၊ အရူပဘုံ၊ ဘုံသုံးပါးနှင့်တကွ ထိုဘုံများအားလျော်စွာ ထွင်းထုထားသော ဘုံသုံးပါးရှိ သတ္တဝါတို့၏ ဖွဲ့စည်းတည်ဆောက်နေထိုင်ပုံ အသွင်ဟန်တို့ဖြင့်ပုံဖော်ထားသည်။ အဝတ္တာဘုံ ဆိုရသော နိဗ္ဗာန်ကို ထိပ်ဆုံးမှတင်၍ စေတီငယ်ပေါင်း ၇၂ ဆူ တို့၏ အတွင်းလှိုင်များ၌ ဗုဒ္ဓဆင်းတုတော်ပေါင်း ၇၂ ဆူတို့ ဆိတ်ငြိမ်စွာ သီတင်းသုံးနေတော်မူဟန်မှာ နိဗ္ဗုတိသုခမာနာဟူသော ရတနသုတ် ပါဠိတော်အရနိဗ္ဗုတိအရသာ ခံစားတော်မူနေကြသည့်ဟန်ကို ဖော်ပြနေသောဗိသုကာ ပညာရှင်တို့၏ လက်ရာနှင့် ထိုအဓိပ္ပာယ်ကို ပုံစံဒီဇိုင်းနှင့် အတွေးအခေါ်ပိုင်းက လမ်းညွှန်ပြခဲ့ကြသည့် Conceptual Designer တို့၏ နှလုံးသားနှင့်ဦးနှောက်တို့မှာ ထူးထူးဆန်းဆန်း အံ့မခန်းဖြစ်ပေသည်။ ဘုံသုံးပါး၌ ကာမနှင့် ဈာနတို့၏ ရသကိုကာမဘုံသားနှင့် ဈာန်ဘုံသားတို့ခံစားနေကြသည့်အဓိပ္ပာယ်ဆောင်သောကျောက်ဆစ်လက်ရာများ၊ ကာမနယ်၌ ပါဝင်သောအပါယ်ဘုံသားတို့ဒုက္ခခံစားနေကြသည့် ကျောက်ဆစ်လက်ရာများမှာ ထေရဝါဒနှင့်မဟာယနတို့ရာနှုန်းခပ်များများ တူညီလက်ခံကြသည့် ဘုံအတွေး အခေါ် အယူအဆများ(Common Concept) ဖြစ်သည်။

ထို့ပြင် ဒေဝလောကခန်း၌ ရံရွေတော်များနှင့် စံမြန်းနေသော မိုက်တရေးရ(အရိမေတ္တေယ)၊ဗောဓိသတ္တအား အားပါးတရ ပူဇော်ကိုးကွယ်ခြင်းအခန်းများကိုတွေ့ရသည်မှာထေရဝါဒ၌ အရိမေတ္တေယ၊ ဗောဓိသတ္တကိုတကယ်အရှိအဖြစ်လက်ခံယုံကြည်ကြသော်လည်း သကျမုနိဗုဒ္ဓနှင့်အတူထား၍ ကိုးကွယ်သည့် အယူအဆများမှာ မဟာယနဗုဒ္ဓဘာသာ၏ ဝိဘုရားလောင်းက မဟာရာဇာ သဖွယ်အရိမေတ္တေယ ဘုရားလောင်းက ဥပရာဇာသဖွယ် စည်းစိမ်ခံစားနေကြစဉ်စကြဝဠာတစ်သောင်းက နတ်ဗြဟ္မာအပေါင်းတို့ ဝိုင်းဝန်းတောင်းပန်ကြသဖြင့် သေတကေတု ဂေါတမဘုရားလောင်းတော်နတ်သား လူ့ပြည်ဆင်းကာနီးတွင် စည်းစိမ်ချမ်းသာနှင့် အုပ်ချုပ်မှုအာဏာတို့ကို အရိမေတ္တေယဘုရားလောင်းကိုလွှဲခန်း ကျောက်ဆစ်ရုပ်ကြွမှာ ထူးဆန်းအံ့ဖွယ်ကောင်းသည့် မဟာယာနဗုဒ္ဓဘာသာတို့၏ အတွေးအခေါ် အယူအဆဖြစ်သည်။ မာယာဒေဝီ အိပ်မက်ခန်း၊ ဖွားတော်မူခန်း၊ လေးတော်တင်ခန်း၊ ယသောဓရာနှင့် လက်ထပ်ခန်း၊ နိမိတ်လေးပါးမြင်ခန်း၊ တောထွက်ခန်း၊ ဒုက္ကရစရိယကျင့်တော်မူခန်း၊ မာရ်နတ် အောင်တော်မူခန်း၊ ဘုရားဖြစ်ခန်း၊တရားဦးဟောခန်း၊ပရိနိဗ္ဗာန်ပြုခန်း၊ ဓာတ်တော်ဝေခန်းတို့မှာ ထေရဝါဒတို့၏ အတွေးအခေါ် အယူအဆအတိုင်းပင် ဖြစ်သည်။



*သမာဓိမုဒြာ(အမိတာဘာ) ဆင်းတုတော်*

...သေသလက္ခဏာဖြစ်သည်။

နိဗ္ဗာန်၌ ထေရဝါဒတို့က ရုပ်၊ နာမ်တို့ အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ နိဗ္ဗာန်ကိုလက်ခံယုံကြည်၍ နိဗ္ဗာန်ဟူသည်ရုပ်၊နာမ်အဟောင်းလည်း ချုပ်ငြိမ်းအသစ်လည်းမဖြစ် သန္တိ၊ အစ္စုတိ၊ နိဗ္ဗုတိငြိမ်နေသော အငြိမ်းဓာတ်သာရှိသည်ဟုလက်ခံကြသည်။ မဟာယာန၏ အတွေးအခေါ်၌ နိဗ္ဗာန်ဟူသည် ၃၁-ဘုံ၏ အပြင်မှ သီးခြားဘုံတစ်ခု၊ ထိုဘုံ၌ မအို၊ မပျို၊ မပျက်သော ရုပ်နာမ်၊ အထူးသဖြင့် နိဗ္ဗာန်အရသာ ခံစား၍နေကြကုန်သောဘုရား၊ရဟန္တာပေါင်းများစွာတို့ ရှိနေကြကုန်၏ဟု လက်ခံလေသည်။ အမိတ္တာဘာ၊ အမိတာယု၊ဝေရောစနဗုဒ္ဓ၊အက္ခောဘယဗုဒ္ဓ၊ ရတနသမ္ဘဝဗုဒ္ဓ စသည်ဖြင့် ထိုထိုဘုရားတို့ကို ပူဇော်ကြကုန်၏။ ဤစေတီတော်ကြီးကို တည်ဆောက်ရာ၌အေဒီ၈ရာစုနှင့်အေဒီ၉ရာစုနှစ်များစီက ဆူမားတြား၊ ဂျာဗားကျွန်းစုတစ်ဝိုက်၌ မဟာယာနဗုဒ္ဓဘာသာ လွှမ်းမိုးခဲ့သောခေတ်ဖြစ်၍ သေလိန္ဒြရမင်းတို့မှာလည်း မဟာယာနဗုဒ္ဓဘာသာကိုးကွယ်သောမင်းများဖြစ်ကြသည်။

စေတီတော်ကြီး၏ ပစ္စယံ ငါးဆင့်လျှောက်လမ်းငါးခု အတွင်းအပြင်နံရံတို့၌ထုလုပ်ထားသောကျောက်ဆစ်ရုပ်ကြွ၊ကျောက်ချပ်ပေါင်း၁၄၆၀ တို့တွင်အရှေ့ဘက်ဂိတ်၊ဗဟိုလျှောက်လမ်း ကျောက်ဆစ်ရုပ်ကြွနှစ်တန်းရှိရာတွင် အထက်တန်းကျောက်ချပ်အမှတ်စဉ်(၆)တွင် ကျောက် ထွင်းရုပ်ကြွတစ်ခုမှာ ထေရဝါဒ၌ မကြားဖူးမရှိဖူးသောရုပ်ကြွတစ်ခု ဖြစ်သည်။ ရုပ်ကြွ၏ အဓိပ္ပာယ်မှာ အရိမေတ္တေယဘုရားလောင်းနှင့် ဂေါတမဘုရားလောင်းတို့ ထီးနန်းလွှဲသည့်ရုပ်ကြွဖြစ်သည်။ထိုဘုရားလောင်းနတ်သားနှစ်ပါးတို့တုသိတာနတ်ပြည်၌ဂေါတမ

တိဗက်ဗုဒ္ဓဘာသာတို့၏ အယူအဆအရ သမန္တဘဒ္ဒဘုရားလောင်းသည်လည်း တစ်ချိန်သောအခါသဗ္ဗညုဖြစ်လိမ့်မည်ဟု ယူဆကြလေသည်။ ထို့ကြောင့် တတိယပစ္စယံ၏ ကျောက်ချပ်ရုပ်ကြွတစ်ခု၌ Great Vow Samanta Battara ဟု ဖော်ပြထားသောစာတန်းတစ်ခုနှင့်ရုပ်ကြွတစ်ခုကို တွေ့ရသည်။ အလွန်အရိုအသေပြုအပ်သော သမန္တဘတ္တရဟူသော အဓိပ္ပာယ်ကိုဖေါ်ပြသည်။ ထေရဝါဒ၌ မဟာကမ္မဝိဘင်္ဂသုတ္တန်နှင့် ဇာတကများရှိသလို မဟာယနမှာ၌လည်းရှိပါသည်။ ကံအမျိုးမျိုးကို ဝေဖန်ပြ၍ ကံ၏အကျိုးအမျိုးမျိုးကို ခံစားကြရပုံများကို ကမ္မဝိဘင်္ဂ၊ ဇာတကတို့ တွဲဖက်ပေါင်း စပ်ထွင်းထုထားသည်မှာ အံ့ချီးဖွယ်ကောင်းသည့် ဘာသာရေး အတွေးအခေါ် အယူအဆ၊ ယဉ်ကျေးမှုတို့၏ ပေါင်းစုံခြင်းဖြစ်သည်။ မဟာယာနဗုဒ္ဓဘာသာ၌ အလွန်ထင်ရှားကျော်ကြားသော ပညာပါရမိတသုတ္တန်၊ လလိတ ဝိတ္ထာရသုတ္တန်၊ အဝဒါနသုတ္တန်၊ မဟာဝေရောစနသုတ္တန်၊ အတ္ထပြုဟာသုတ္တန်၊ အဝဋံသကသုတ္တန်များ၏ အတွေးအခေါ် အယူအဆ၊ အကျဉ်းပဋိပါတ် အကျိုးကျေးဇူးယဉ်ကျေးမှုနှင့် ဖြစ်စဉ်အားလုံးတို့ကိုသေလိန္ဒြရမင်းနှင့်မင်းဆရာ ရဟန်း၊ ဘာသာရေးဆရာ၊ သမိုင်းဆရာ၊ အနုပညာဆရာတို့ ပေါင်းစည်းဖွဲ့စပ်ထားပုံမှာ ထူးဆန်းထွေလာ အံ့ချီးဖွယ်ရာဖြစ်သောကြောင့် ဤဗောဓောဗုဓုစေတီတော်ကြီးကို Great Gathering Centre of all Aspect and Fact ဟု ဆိုနိုင်လေသည်။ ဗောဓောဗုဓုတွင် တွေ့ရသော ဗုဒ္ဓဆင်းတုတော်ပေါင်း ၅၀၄ ဆူတို့ကို လေ့လာသောအခါ အကျဉ်းချုပ်အားဖြင့် မုဒြာ ၅- မျိုးကိုလေ့လာတွေ့ရှိရပါသည်။ အရှေ့မျက်နှာပြင်တစ်ခုလုံးရှိ ဗုဒ္ဓဆင်းတုတော်များမှာ မြန်မာတို့ ခေါ်သော ဗောဓိရိုးဟူသည့် ဘူမိဖဿမုဒြာ (သို့) မာရဝိဇယဟန် မျိုးဖြစ်ပြီး မဟာယာနကျမ်းများ၏ အဆိုအရ အက္ခောဘယ မုဒြာခေါ်လေသည်။ စုစုပေါင်း ဘူမိ ဖဿဆင်းတုတော် ၇၂ ဆူရှိကြောင်း ပညာရှင်တို့ မှတ်တမ်းအရသိရသည်။တောင်ဘက်ခြမ်း တစ်ခြမ်းလုံးရှိ ဆင်းတုတော်များမှာမဟာယာနတို့ခေါ်သောဝါဟာရအရ ရတနာသမ္ဘဝ၊ မြန်မာပြည်တွင် ထင်ရှားသော ဝရမုဒြာဆင်းတုတော်များဖြစ် သည်။ အနောက်ဘက် မျက်နှာပြင်တစ်ခုလုံးရှိ ဆင်းတုတော်များမှာ ထေရဝါဒတို့က သမာဓိမုဒြာဟုခေါ် ဆိုသော ဆင်းတုတော်များဖြစ်၍ မဟာယာနတို့ကတော့ အမိတါဘာဟုဆိုကြလေသည်။မြောက်ဘက်မျက်နှာပြင်ရှိ ဆင်းတုတော်များမှာ အဘယမုဒြာဆင်းတုတော်များဖြစ်ကြသည်။ ထိုအဘယကို မဟာယာနတို့က အမောဃဂသိဒ္ဓဟုခေါ်ကြလေသည်။ စေတီတော်ကြီး၏အထွဋ်ထိပ်ဆုံးရှိဆင်းတုတော်များမှာ ထေရဝါဒတို့က ဝိတက္ကမုဒြာခေါ် ဆိုသော ဆင်းတုတော်များဖြစ်၍ မဟာယာနတို့က ဝေရာစနဆင်းတုဟုခေါ်သည့် ဝေရောစနစေတီရံငယ် ၇၂ ဆူတို့၏ အတွင်း၌ကိန်းအောင်းတော်မူကြသော ဆင်းတုတော်များမှာ ဓမ္မစက္ကမုဒြာဆင်းတုတော်များဖြစ်ကြသည်။ မဟာယာနတို့၏ ဝေါဟာရ၌ ဝဇီရာသတ္တဟုခေါ် ဆိုလေသည်။

စေတီတော်ကြီး၏ အောက်ခြေပလ္လင်မှစ၍ ပစ္စယံအဆင့်ဆင့်ဗုဒ္ဓဝင်ပြခန်းအဆင့်ဆင့်ကို လေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။ မြေပြင်၌ စိုက်လျက်ရှိသော ပလ္လင်ခုံ၌ ကုသိုလ် ကံ၊ အကုသိုလ်ကံအကြောင်းတို့ကိုဝေဖန်ပြသော ကမ္မဝိဘင်္ဂသုတ်တော်အရ ခံစားကြကုန်သော ကာမဘုံသားတို့၏ အကြောင်းအရာကို ကျောက်ချပ်ပေါင်း ၁၆၀ တို့ဖြင့်ထွင်းထုခင်းကျင်းပြသထားလေသည်။ ပထမပစ္စယာ၏ စေတီတော်ဘက်ကိုကပ်လျက် အဓိကနံရံတစ်ခုလုံး၌ လလိတဝိတ္ထာရကျမ်း အားလျော်စွာ ကျောက်ချပ်ပေါင်း ၁၂၀၊ ဇာတကနှင့် အဝဒါနကျမ်းအားလျော်စွာ ကျောက်ချပ်ပေါင်း ၁၂၀ တို့ဖြင့် ထွင်းထုခင်းကျင်းပြသထားသည့် ကျောက်ဆစ်ရုပ်ကြွပြခန်းကြီးကို လေ့လာတွေ့ရှိနိုင်သည်။ ထိုပထမ ပစ္စယံ၌ပင် လျှောက်လမ်း၏ အပြင်နှုတ်ခမ်းသားမှာ ပတ်ရံ၍ ထားသော တံတိုင်းသဖွယ်ရှိသည့် အပြင်ကာနံရံတစ်ခုလုံး၌ ဇာတကနှင့် အပဒါနကျမ်းတို့မှလာသော ကျောက်ချပ်ရုပ်ကြွင်းပေါင်း ၅၀၀ တို့ကို လေ့လာတွေ့ရှိနိုင်သည်။ ဒုတိယပစ္စယံဒုတိယလျှောက်လမ်း၏ အတွင်းနံရံ၌ အတ္ထပြုဟာကျမ်းလာ ကျောက်ချပ်ပေါင်း ၁၂၈ ချပ်၊ အပြင်နံရံ၌ ဇာတက နှင့် အဝဒန္တ ကျောက်ချပ်ပေါင်း ၁၀၀ တို့ကို လေ့လာတွေ့ရှိနိုင်သည်။

မှတ်ချက်-ဤကျောက်ချပ်ရုပ်ကြွများထွင်းထုခင်းကျင်းပြသထားသည့် အတွင်းပြင်နံရံ နှစ်ခုတို့ဖြင့် တန်ဆာဆင်ထားသည့်လျှောက်လမ်းများကို ဗုဒ္ဓဝင် ရုပ်ကြွပြခန်းများဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ခြင်းကြောင့် ဤသို့ ဆိုချင်ပါသည်။ တတိယဗုဒ္ဓဝင်ပြခန်း အတွင်းနံရံ၌ အတ္ထပြုဟာကျမ်း အဆိုတိုင်းထုထားသော ကျောက်ချပ်ပေါင်း ၈၈ ချပ် အပြင်နံရံ၌ အတ္ထပြုဟာကျမ်း အဆိုတိုင်းထုထားသော ကျောက်ချပ်ပေါင်း ၈၈ ချပ်တို့ ခင်းကျင်း ပြသထားသည်။ စတုတ္ထအဆင့်ပြခန်း၌လည်း ထိုနည်းတူစွာပင်မဟာယာန ဂန္ဓဗျူဟာကျမ်း၌လာသော ကျောက်ချပ်တို့ဖြင့် အတွင်း နံရံ၌ ၈၄ ချပ်၊ အပြင်နံရံ၌ ၇၂ ချပ်တို့ဖြင့် ခြယ်မှုန်းထွင်းထုထားသည်။ ဂျာဗားလူမျိုးတို့၏ စိတ်ဓာတ်၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အနုပညာအမွေအနှစ်အားလုံးတို့၏ စုဝေးရာ ဗောဓောဗုဓုဗုဒ္ဓဝင်ပြတိုက်ကြီး၌ ခင်းကျင်းပြသထားသော မီးသင့်ကျောက်ဗုဒ္ဓဝင်ရုပ်ကြွင်းများမှာ စုစုပေါင်း ၁၄၆၀ ခန့်ရှိပါသည်။

ဗောဓောဗုဓုစေတီတော်ကြီးကို အေဒီ၇၇၈မှအေဒီ၈၅၆ထိနှစ်ပေါင်း ၇၈နှစ်ကြာအောင်သေလိန္ဒြရဗုဒ္ဓဘာသာမင်းဆက်တို့က တည်ဆောက်ခဲ့ကြသည်။ အမြင့် ၁၂၆ ပေအမြင့်ဆောင် လျက် အောက်ခြေ အချင်းပေဗျက်အကျယ်ပေ ၃၆၀ အကျယ် ရှိသည်။ မီးသင့် ကျောက် တုံးပေါင်း ၁,၃၀၀,၂၃၂ တို့ဖြင့်တည်ဆောက်ခဲ့သည်။ ဗုဒ္ဓဓမ္မ၏ မြင့်မြတ်သော အမှတ်လက္ခဏာ၊ ဗုဒ္ဓရှင်တော်ကို သတိရခြင်းအထိမ်းအမှတ်၊ ဗုဒ္ဓရှင်တော်ကို အစဉ်သဖြင့် အရိုအသေပြုခြင်းအထိမ်းအမှတ်၊ မြတ်ဗုဒ္ဓ၏ စေတီလေးပါးစုဝေးရာ အထိမ်းအမှတ်၊ ဂိုဏ်းပေါင်းစုံသော ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုများစုဝေးရာ အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်းကို လေ့လာ ဆည်းပူးရပါသတည်း။

-သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ။ ॥

**ကျမ်းကိုးစာရင်း**

ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်း။ ၁၉၅၈။ မော်လမြိုင်တောင်ပေါက်ဆရာတော်၊ စက္ကပါလပိဋကလယ ဂေါပကအဖွဲ့။
မြန်မာ့စွယ်စုံကျမ်းအတွဲ၈-ဗီ-မဟော။ ၁၉၆၃။ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ စာပေဗိမာန်။
မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅-ဥ-အွန်။ ၁၉၆၃။ ရန်ကုန်၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ စာပေဗိမာန်။
Dumarcay, Jacques. 1991. **Borobudur**. 2 nd ed. Oxford: Oxford University Press.
**Encyclopaedia of Buddhism**. 2005. 2nd ed. U.S.A.: Thomson Gale:
Hoffmann, Michael. 2009. 100 Wonders of the World. UK: Parragon.
**Insight Guides Indonesia**. Signapore: Apa Production.
Larisa. 2002. **The Magnificence of Borobudur**. Jakata: PT Gramedia Pustaka Utama.
Miksic, John. 2000. **Borobudur: Golden Tales of The Buddhas**. Indonesia: Periplus.
Nacci, Benoit. 2007. Wonders of the World. New York: Abarms.
Soekmon. 1990. **Borobudur: Prayer in Stone**. Singapore: J G De Casparis.
Archipelago Press.

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ဆင်းရဲနွမ်းပါးမှုမျိုးစုံ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

အသက် ၇၀ ရှိပြီဖြစ်တဲ့ ဒေါ်ရွှေသွင်ဟာ မန္တလေးမြို့အနီးရွာတစ်ရွာမှာ သူ့ရဲ့ ခင်ပွန်း၊ သား၊ ချွေးမ၊ မြေးငယ်တစ်ဦးနဲ့အတူ နေထိုင်လျက်ရှိပါတယ်။ သူ့ရဲ့ ခင်ပွန်း ဦးသန်းကြွယ်ဟာ မျက်စိမမြင်တော့တဲ့အတွက် အလုပ်မလုပ်နိုင်ပါဘူး။ သူ့ရဲ့သား ကိုထွေးဟာ မွေးကတည်းက စိတ်ရောဂါဝေဒနာခံစားခဲ့ရပြီး သူများလယ်မှာ စားရင်းငှားအဖြစ် အလုပ်လုပ်နေရတယ်။ ဒေါ်ရွှေသွင်ဟာ ငယ်တုန်းက အလုပ်လုပ်နိုင်ပေမယ့် အခုတော့ ကောက်ရိတ်သိမ်းပြီး ဝင်ငွေမရဘဲ အစားအသောက်ကို လက်ခံရရှိနေပါတယ်။ သူ့ရဲ့ မိသားစုမှာ တစ်ဦးမှ မူလတန်းပညာဆုံးတဲ့အထိ မသင်နိုင်ခဲ့ပါဘူး။ သူနေတဲ့တဲအိမ်ဟာ မြေကြီးနဲ့ခင်းထားပြီး လျှပ်စစ်လည်း မရှိ။ သောက်ရေသုံးရေကို ရွာထိပ်က ရေကန်မှာ သွားခပ်ပြီး သုံးစွဲရပါတယ်။

မလေးငယ်ကတော့ အသက် ၇၀ ရှိ ခင်ပွန်းသည်၊ သမီးခြောက်ယောက်နဲ့အတူ ထားဝယ်မြို့ပေါ်မှာနေထိုင်လျက်ရှိပါတယ်။ သူ့ရဲ့ ခင်ပွန်းသည်ဟာ မြို့ပေါ်မှာ ရရာအလုပ်ကိုလုပ်နေရပြီး အလုပ်အကိုင်ကလည်း မမှန်ဘဲ ရတဲ့အခါ ရလိုက် မရတဲ့အခါလည်း အိမ်မှာပဲ အချိန်ကုန်နေပါတယ်။ မလေးငယ်က အလုပ်လုပ်ချင်ပေမယ့် သမီးတွေကို ပြုစုစောင့်ရှောက်နေရတာမို့ မည်မည်ရရ အလုပ်မရှိခဲ့ပါဘူး။ တစ်ခါတလေတော့ အိမ်နီးနားချင်းတွေအတွက် ရေခပ်ပြီး ဝင်ငွေရှာရရှာတယ်။ အိမ်မှာလည်း အိမ်သာမရှိ၊ လျှပ်စစ်မီးမရှိ။ သောက်ရေ သုံးရေကိုလည်း အိမ်နီးနားချင်းအိမ်မှာရှိတဲ့ ရေတွင်းရေကို အားကိုးနေရပါတယ်။ အမှန်တော့ မလေးငယ်မှာ ခုနစ်ယောက်မြောက် သမီးတစ်ဦး ထွန်းကားခဲ့ပါတယ်။ ဒါပေမဲ့ ကလေးမဟာ လေးလမှာ ဝမ်းရောဂါနဲ့ဆုံးခဲ့ပါတယ်။ သူ့ရဲ့ သမီးငယ်မပွင့်ဟာ ခြောက်နှစ်ပြည့်ပေမယ့် သူ့ကို ကျောင်းဝင်ကြေးမပေးနိုင်တဲ့အတွက် ကျောင်းမထားနိုင်ပါဘူး။ သူ့ရဲ့သမီးအကြီးက ၁၄ နှစ်ရှိပြီး အငယ်ဆုံးက နှစ်လအရွယ်သာရှိပါသေးတယ်။ တစ်ခါတစ်ရံ အိမ်မှာ ညစာစားဖို့မရှိတဲ့အတွက် ထမင်းမစားဘဲ အိမ်ရာဝင်ခဲ့ရတဲ့ ညတွေ ရေမတွက်နိုင်အောင်ပါပဲ။

မသန်းခင်ဟာ ရွှေတောင်မြို့ အဆင်းရဲဆုံးရပ်ကွက်မှာ တဲအိမ် ငှားရမ်းပြီး နေထိုင်လျက်ရှိပါတယ်။ အသက် ၂၅ နှစ်သာရှိပေမယ့် သူ့မှာ ကလေးလေးယောက်နဲ့ မြေးငယ်တစ်ဦးနဲ့အတူ နေထိုင်လျက်ရှိပါတယ်။ သူ့ရဲ့ ခင်ပွန်းဟာ သူနဲ့အတူ မနေတော့ဘဲ လင်မယားကွဲနေတာ လေးနှစ်နီးနီးရှိပါပြီ။ အမှိုက်ပုံတွေက အဟောင်းအစုတ်တွေကောက်ပြီး ဈေးထဲမှာ ရောင်းချပါတယ်။ မနက်စောစော ၅ နာရီလောက် အိမ်ရာကထပြီး ဈေးအရောင်းထွက်ပါတယ်။ သူ့ရဲ့ သမီးအကြီးဆုံး မဘုတ်ဆုံက ကျန်တဲ့ကလေးတွေကိုစောင့်ရှောက်ပါတယ်။ တစ်ခါတလေ သူ့ရဲ့ကလေးတွေဟာ သူနဲ့အတူလိုက်ပြီး အမှိုက်ပုံတွေမှာ ပြန်ရောင်းနိုင်မယ့် စွန့်ပစ်ပစ္စည်းတွေကိုဝိုင်းရှာပါတယ်။ ကလေးတစ်ယောက်မှ ပညာသင်ခွင့်မရခဲ့ပါဘူး။

ဆင်းရဲနွမ်းပါးမှုကို စဉ်းစားတဲ့အခါ အများက ဝင်ငွေကိုပဲစဉ်းစားမိကြပါတယ်။ အမှန်တော့ ဆင်းရဲခြင်း၊ နွမ်းပါးခြင်းဆိုတဲ့ဟာ မကျန်းမာခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ပညာမတတ်ခြင်း၊ ကျွမ်းကျင်လိမ္မာမှုလျော့ပါးခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ ပတ်ဝန်းကျင်က အပယ်ခံရခြင်း၊ ပါဝင်ပတ်သက်မှုမရှိခြင်း အစရှိတာတွေပါဝင်ပါတယ်။ ဖော်ပြခဲ့တဲ့ဒေါ်ရွှေသွင်း၊ မလေးငယ်နဲ့ မသန်းခင်တို့ရဲ့အဖြစ်တွေဟာ ဆင်းရဲနွမ်းပါးမှုအမျိုးမျိုးကို သရုပ်ဖော်ဝန်ခံခြင်းသာဖြစ်ပါတယ်။



ဆရာတို့နိုင်ငံမှာ အခုလို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တွေ စဉ်းစားဖော်ထုတ်နေချိန်မှာ ဆင်းရဲနွမ်းပါးမှု မျိုးပြားလှတဲ့မျက်နှာပြင်တွေကို သိနားလည်နိုင်ဖို့လိုအပ်ပါတယ်။ ငွေကြေးကိုအခြေခံပြီး ဆင်းရဲနွမ်းပါးမှုကို တိုင်းထွာတာဟာ အရေးကြီးပါတယ်။ ဒါပေမဲ့ မလုံလောက်ပါဘူး။ အမှန်တော့ ဆင်းရဲမှုဟာ မရှိခြင်းအမျိုးမျိုးသာဖြစ်ပါတယ်။ မရှိခြင်းများလေလေ ပိုပြီးဆင်းရဲလေလေသာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆင်းရဲနွမ်းပါးမှုကို ဖြေရှင်းလိုလာကာ ဆင်းရဲနွမ်းပါးမှု ပုံစံအမျိုးမျိုးကို နားလည်ဖို့ လိုပါတယ်။ တိုင်းထွာနိုင်ဖို့အရေးကြီးပါတယ်။ ဆင်းရဲနွမ်းပါးမှုကို သုံးသပ်တဲ့နေရာမှာ ရှုထောင့်သုံးရပ်က စဉ်းစားနိုင်ပါတယ်။ ဒါတွေကတော့ ကျန်းမာရေး၊ ပညာရေးနဲ့ လူနေမှုအဆင့်အတန်းတွေဖြစ်ပါတယ်။ ဒီရှုထောင့်သုံးရပ်ကိုအောက်ပါညွှန်ကိန်း ၁၀ ခုနဲ့တိုင်းထွာလို့ရပါတယ်။

အိမ်ထောင်စုတစ်စုမှာ အထက်ဖော်ပြခဲ့တဲ့ညွှန်ကိန်းနှစ်ခုကနေ ခြောက်ခု ချို့တဲ့နေရင် ဒီအိမ်ထောင်စုကို ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုအဖြစ်သတ်မှတ်နိုင်ပါတယ်။ ဒီပေတံကို အသုံးပြုပြီး ချို့တဲ့မှုကိုဖော်ပြနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကိုပြည့်ပြည့်ဝဝသုံးသပ်နိုင်ပါတယ်။ အခုလိုချို့တဲ့မှုကို ပေါင်းစပ်လိုက်ရင် ဆင်းရဲခြင်းကို ဖော်ထုတ်နိုင်မှာသာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အသုံးအများဆုံး ဆင်းရဲနွမ်းပါးမှုပေတံဟာ ဝင်ငွေပေတံဖြစ်ပြီး တစ်ဦးကို တစ်ရက် ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ထက်လျော့နည်းပါက အလွန်အမင်းဆင်းရဲခြင်းလို့သတ်မှတ်ပြီး ၂ ဒေါ်လာထက်နည်းပါတယ်။ အတော်အသင့် ဆင်းရဲခြင်းလို့သတ်မှတ်ပါတယ်။ အခုချိန်မှာ အလွန်အမင်းဆင်းရဲတဲ့လူဦးရေဟာ ၁ ဒသမ ၇၅ ဘီလီယံရှိနေပြီး ဝင်ငွေပေတံနဲ့တိုင်းထွာပါက ၁ ဒသမ ၄၄ ဘီလီယံသာရှိတာတွေ့ရပါတယ်။ တစ်နည်းပြောရရင် ဝင်ငွေ ဆင်းရဲနွမ်းပါးမှုနဲ့ စုပေါင်းချို့တဲ့မှုနဲ့ တိုင်းပြီး ဖော်ထုတ်နိုင်တဲ့ ဆင်းရဲနွမ်းပါးမှုပမာဏဟာ မတူညီတာတွေရှိပါတယ်။ အခုလို ဆင်းရဲမှုပေတံနှစ်ခုကို တိုင်းထွာတဲ့အခါ နိုင်ငံများရဲ့ အခြေအနေကို အခုလိုဖော်ပြနိုင်ပါတယ်။

ဒီ ၁၂ နိုင်ငံကို သုံးသပ်တဲ့အခါ အချို့နိုင်ငံတွေမှာ စုပေါင်းချို့တဲ့မှုဟာ ဝင်ငွေနွမ်းပါးမှုထက်များပြီး အချို့နိုင်ငံမှာတော့ နည်းနေတာတွေ့ရပါတယ်။ အခုလိုဖြစ်ပေါ်နေတဲ့အခြေအနေဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ ဖော်ထုတ်ချမှတ်တဲ့အချိန်မှာ

| နိုင်ငံ | ဝင်ငွေဆင်းရဲနွမ်းပါးမှု (ရာခိုင်နှုန်း) | စုပေါင်းချို့တဲ့ ဆင်းရဲနွမ်းပါးမှု(ရာခိုင်နှုန်း) |
|---|---|---|
| နိုင်ဂျာ | ၆၆ | ၉၃ |
| အီသီယိုးပီးယား | ၃၉ | ၉၀ |
| ဘင်္ဂလားဒေ့ရှ် | ၇၇ | ၈၇ |
| တန်ဇန်းနီးယား | ၈၉ | ၆၅ |
| မော်ရီတေးနီးယား | ၂၇ | ၆၂ |
| အိန္ဒိယ | ၄၂ | ၅၅ |
| ကမ္ဘောဒီးယား | ၂၆ | ၅၄ |
| မော်ရိုကို | ၃ | ၂၉ |
| ဂွါတီမာလာ | ၁၂ | ၂၆ |
| တရုတ် | ၁၆ | ၁၂ |
| သီရိလင်္ကာ | ၁၄ | ၅ |
| ဥဇဘက်ကစ္စတန် | ၄၆ | ၂ |

| ဆင်းရဲနွမ်းပါးမှုရှုထောင့် | ညွှန်ကိန်း |
|---|---|
| ကျန်းမာရေး | ၁။ အာဟာရပြည့်ဝမှု<br>၂။ ငါးနှစ်အောက်ကလေး သေဆုံးမှု |
| ပညာရေး | ၃။ ကျောင်းအပ်တဲ့ ကလေးအရေအတွက်<br>၄။ ကျောင်းနေနှစ်ပေါင်း |
| လူနေမှုအဆင့်အတန်း | ၅။ ချက်ပြုတ်ရာတွင်သုံးစွဲသည့် လောင်စာ<br>၆။ အိမ်သာ<br>၇။ သောက်ရေသုံးရေ<br>၈။ လျှပ်စစ်မီး<br>၉။ အိမ်ကြမ်းခင်း<br>၁၀။ ပစ္စည်းပိုင်ဆိုင်မှု |

| မြန်မာနိုင်ငံ၏ အခြေအနေ | (၂၀၀၀-၂၀၀၈) |
|---|---|
| ၁။ စုစုပေါင်းချို့တဲ့မှုဖြင့် တိုင်းထွာတဲ့ ဆင်းရဲနွမ်းပါးမှု | ၀ ဒသမ ၀၈၈ |
| ၂။ ဆင်းရဲနွမ်းပါးမှုဦးရေ (စုစုပေါင်းရာခိုင်နှုန်း) | ၁၄ ဒသမ ၂ |
| ၃။ ချို့တဲ့မှုအတိမ်အနက် (ရာခိုင်နှုန်း) | ၆၂ ဒသမ ၀ |
| ၄။ စုစုပေါင်း ချို့တဲ့မှုအန္တရာယ်ရှိသူ(ရာခိုင်နှုန်း) | ၁၇ ဒသမ ၆ |
| ၅။ ချို့တဲ့မှု(ရာခိုင်နှုန်း) ပညာရေး | ၃၂ ဒသမ ၇ |
| ၆။ ချို့တဲ့မှု(ရာခိုင်နှုန်း) ကျန်းမာရေး | ၁၁ ဒသမ ၇ |
| ၇။ ချို့တဲ့မှု(ရာခိုင်နှုန်း) လူနေမှုအဆင့်အတန်း | ၂၂ ဒသမ ၈ |
| ၈။ အမျိုးသားဆင်းရဲမှုမျဉ်း | ၃၂ ဒသမ ၀ |

ထည့်သွင်းစဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဆင်းရဲနွမ်းပါးမှု ပုံစံအမျိုးမျိုးကို ၂၀၁၀ ပြည့်နှစ် UNDP အဖွဲ့အစည်းက ထုတ်ဝေခဲ့သော လူသားဖွံ့ဖြိုးရေးအစီရင်ခံစာ (Human Development Report) မှာ အခုလိုဖော်ပြထားတာတွေ့ခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှုကို အခုလို ပေတံအမျိုးမျိုးနဲ့တိုင်းထွာပြီး ဆင်းရဲနွမ်းပါးမှုအခြေအနေကိုသုံးသပ်နိုင်ပြီး ရင်ဆိုင်ဖြေရှင်းပေးနိုင်မယ့် မူဝါဒများ ထုတ်ဖော်သွားရမှာဖြစ်ပါတယ်။

အရေးကြီးတဲ့ အချက်ကတော့ တစ်ဖက်က မူဝါဒငွေကို မှန်ကန်စွာ ထုတ်ဖော်နိုင်ဖို့ အရေးကြီးသမို့ ဖော်ထုတ်ခဲ့တဲ့ မူဝါဒများကို ထိထိရောက်ရောက်အကောင်အထည်ဖော်ထုတ်နိုင်ဖို့ အရေးကြီးလှပါတယ်။ "လူမွဲတွေက မနေ့ခေတ်မီ ×× သူဌေးဖြစ်တော့မည် ×××"။ ။

# ကမောက်ကမ ရာသီဥတုဒဏ်နဲ့ ကျွန်တော်တို့တောင်သူတွေ

မောင်ထွန်းလွင်(မိုးလေဝသ)



ဓာတ်ပုံ-ကိုသက်

*ရေနစ်နေသော ကြက်သွန်နီများကို ဆယ်ယူနေသော လယ်သူမများ*

လူမှုရေးအညွှန်းကိန်းတွေကပြောနေတဲ့ လက်ရှိလယ်သမားများရဲ့အခြေအနေ၊ ရာသီဥတုတွေ ဖောက်ပြန်နေတာတွေနဲ့အတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေအပေါ် ထိခိုက်နေရတာတွေဟာ ဂရုမစိုက်လို့ မရတော့လောက်အောင်အရေးကြီးလာနေပါတယ်။ တောင်သူလယ်သမားတွေ တောင့်ခံနိုင်ဖို့ အတော်အခြေအနေဆိုးရွားလာနေတာကို မျက်ဝါးထင်ထင်တွေ့နေရပါတယ်။ ဒီပြဿနာရဲ့ အတိမ်အနက် Social Index ကတော့ တစ်နေ့ထက်တစ်နေ့ လယ်ယာလုပ်ငန်းတွေကို စွန့်ခွာပြီး တစ်ဖက်နိုင်ငံကို ပြောင်းရွှေ့နေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေ တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေတာပဲဖြစ်ပါတယ်။

**ရာသီဥတုဖောက်ပြန်မှုတွေရဲ့ ထိုးနှက်မှု**

ရာသီဥတုဆိုးရွားလာမှုဒဏ်ကို တောင်သူလယ်သမားတွေနဲ့ လယ်ယာလုပ်သားတွေ ခါးစည်းခံရတာဟာ ပြောရရင်တော့ နာဂစ်က စခဲ့တာပါပဲ။ နာဂစ်ဒဏ်ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက လယ်သမားမိသားစုတွေ အိုးမဲ့အိမ်မဲ့၊ မိသားစုမဲ့၊ အရင်းအနှီးမဲ့ဖြစ်ခဲ့ကြရတာ တစ်တိုင်းတစ်ပြည်လုံးအသိ ဖြစ်ပါတယ်။ ဒီဒဏ်ရာဟောင်းတွေမှ နာလန်မထူနိုင်မီ ၂၀၀၉-၂၀၁၀ ဟာ ပူပြင်းခြောက်သွေ့တဲ့ အယ်လ်နီညိုရာသီဥတုက ဖြစ်လာခဲ့တယ်။ အဲဒါပြီးတော့ တစ်ခါ ၂၀၁၀-၂၀၁၁ မှာ အေးပြီးစွတ်စိုတဲ့ လာနီညာ ရာသီဥတုကဖြစ်ခဲ့ပြန်ပါတယ်။

**၂၀၀၆ ခုနှစ်က စခဲ့ပါတယ်**

ပြောရရင်တော့ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်ကစပြီး ရာသီဥတုတွေ ဖောက်ပြန်နေခဲ့တာ ကျွန်တော်တို့လို ရာသီဥတုလေ့လာရေးသမားတွေအနေနဲ့ တွေ့နေခဲ့ကြရပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး အခုလက်ရှိ ၂၀၁၁ နှစ်ဝက်ကာလအထိ ရာသီဥတုတွေ ကမောက်ကမ ရှိနေခဲ့ပါတယ်။ ပိုမိုလျော့နည်းလာတဲ့ မုတ်သုံလေအင်အားတွေနဲ့အတူမုတ်သုံလေဝင်ရောက်မှုတွေနောက်ကျ၊ ထွက်ခွာမှုကစော၊ ဒါကြောင့် . . မိုးကာလကတိုတောင်းလာခဲ့တယ်၊ မိုးတွင်းကာလ မုတ်သုံလေအခြေအနေတွေက အားမမှန်ခဲ့ဘူး။ ဒါကြောင့် မုတ်သုံမိုးတွေ လျော့ခဲ့တယ်။ တစ်နှစ်ပတ်လုံး မိုးရေချိန်ပမာဏရဲ့ အနည်းဆုံး ၈၅ ရာခိုင်နှုန်းကနေ ၉၅ ရာခိုင်နှုန်းလောက်အထိ ရွာသွန်းပေးနေခဲ့တဲ့ မုတ်သုံမိုးက မမှန်တော့ဘူးဆိုမှတော့ မိုးရွာသွန်းမှုအခြေအနေတွေဟာ သွားပြီပေါ့။ ဒါဟာ စိုက်ပျိုးရေးကိုတိုက်ရိုက်ထိခိုက်စေတော့တာပါပဲ။

မုတ်သုံမုန်တိုင်းတွေက မုတ်သုံအားတွေ မမှန်ဖြစ်နေခဲ့တာကို ပြသနေပါတယ်။

မိုးတွင်းကာလ ရွာသွန်းတဲ့ မိုးတွေ လျော့နည်းသွားတာဟာ မုတ်သုံလေ အားမကောင်းတာကို ပြသနေတာဖြစ်တဲ့အပြင်ပိုဆိုးတာက အားမမှန်တော့ဘူးဆိုတာကိုလည်းပြသနေတာပဲဖြစ်ပါတယ်။ အားမကောင်းတာကမှ မုတ်သုံလေက အားလျော့ကောင်း လျော့နေမယ်။ ဒါပေမဲ့ နေ့တိုင်း ရှိနေတယ်။ အားမမှန်ဘူးဆိုတာက ရှိလိုက် မရှိလိုက်။ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ အားတွေပျော့သွားလိုက်၊ ပြင်းထန်လာလိုက်။ ဒီလိုဖြစ်နေတာကိုပြောတာပါ။ မုတ်သုံလေအင်အားနဲ့ ပတ်သက်လို့ သာဓကအဖြစ် အထင်အရှားတွေ့ရတာကတော့ မုတ်သုံမုန်တိုင်းတွေလျော့နည်းလာတာပါပဲ။ မုတ်သုံလေရဲ့ သွင်ပြင်လက္ခဏာတွေ (Monsoon Features) ထဲမှာ မုတ်သုံမုန်တိုင်းတွေ (Monsoon Depressions)ဟာ အဓိကအခန်းက ပါပါတယ်။ တကယ်တော့ မုတ်သုံလေရာသီဥတုမှာ အဓိကပတ်လည်ဖြစ်စဉ်သုံးမျိုး ရှိပါတယ်။ Three prominent oscillations (or) three prominent modes လို့လည်း ဘာသာရပ်စကားအရခေါ်ပါတယ်။ ကြာမြင့်ချိန် ကိုယ်စီရှိနေကြတဲ့ အဲဒီသုံးမျိုးကတော့ လွှဲချိန် ၅ ရက်မှ ၇ ရက်ရှိတဲ့ ဖြစ်စဉ်၊ လွှဲချိန် ၁၀ ရက်မှ ၂၀ ရက်ရှိတဲ့ဖြစ်စဉ်နဲ့ လွှဲချိန် ၃၀ ရက်နဲ့ ၅၀ ရက်ရှိတဲ့ဖြစ်စဉ်တွေပဲဖြစ်ပါတယ်။

*စာ(၁၈) သို့*

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.13 · JUNE 16, 2011

## ကန်ဒေါ်လာတန်ဖိုးကျ၍ ကွန်ပျူတာဆက်စပ်ပစ္စည်း ရောင်းချသူများ အခက်တွေ့

ယုဇနကိုကို

ရန်ကုန်၊ ဇွန် – ၉

**အမေရိကန်ဒေါ်လာတန်ဖိုးငွေများ ဆက်တိုက်ကျဆင်းနေမှုကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးဆိုင်ရာအကျပ် အတည်းများကို စတင်ရင်ဆိုင်နေရပြီဖြစ်ကြောင်း သတင်းရရှိသည်။**

ပြည်ပမှတင်သွင်းလာကြသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ကျဆင်းနေသည့် ကန်ဒေါ်လာဈေးနှုန်းများအတိုင်း တွက်ချက်ပြီး ဝယ်ယူသူများသို့ မြန်မာကျပ်ငွေဖြင့်ပြန်လည်ရောင်းချနေရသည့်အတွက်များများရောင်းလျှင်များများရှုံးသောအခြေအနေ ရောက်လာသည်။ ထိုထက်ပို၍ လုပ်ငန်းအပေါ်ထိခိုက်မည်ကို လုပ်ငန်းရှင်များ ပူပန်နေကြရကြောင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များက ပြောသည်။

ထို့အပြင် အဆိုပါစီးပွားရေးလုပ်ငန်းများအနေဖြင့် အခန်းငှားရမ်းခများ၊ အစိုးရသို့ပေးဆောင်နေရသည့် အခွန်များအစရှိသည့် အခြားသော ကုန်ကျစရိတ်များသည်လည်း မြန်မာကျပ်ငွေများဖြင့်သာဖြစ်နေသဖြင့် ရေရှည်တွင် လုပ်ငန်းရပ်တည်နိုင်မှုအခြေအနေကို စဉ်းစားနေရပြီဖြစ်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင်များကဆိုသည်။




နည်းပညာကုန်စည်ပြပွဲတစ်ခုတွင် လက်ပ်တော့များပြသရောင်းချနေသော အရောင်းဝန်ထမ်းများကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ပထမ တစ်ဒေါ်လာရှစ်ရာလောက်တုန်းက သိပ်ပြီးရုပ်မပျက်ဘူး။ ခုအခြေအနေကတော့ ရေရှည်မှာ ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုလုပ်ကြမလဲဆိုတာကို စဉ်းစားနေရပြီ။ ခုဖြစ်နေတဲ့ အကျပ်အတည်းက ကျွန်မတို့လိုကွန်ပျူတာဘက်ကသူတွေအတွက်ဆို ဈေးသက်မှတ်ဖို့တော်တော်ခက်တယ်"ဟု တိုရှီဘာအမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား အမိကရောင်းချပေးနေသည့် လက်ကီးဘာ့ဒ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်မေဖြူသွယ်ကသုံးသပ်ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံခြားငွေလဲလှယ်နှုန်းထားများဆက်တိုက်ကျဆင်းနေသည့်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် ဈေးနှုန်းများဆက်တိုက်နီးပါး ကျဆင်းနေသည်။ ထိုအချက်က ဝယ်ယူသူများအတွက် အဆင်ပြေစေသော်လည်း လုပ်ငန်းရှင်များအတွက်မူ ထိခိုက်နေသည်ဟု အထက်ပါပုဂ္ဂိုလ်များကသုံးသပ်ပြောကြားသည်။

ယခုကဲ့သို့ ကြုံတွေ့နေရသည့် အထက်ပါအခြေအနေများကြောင့်ကွန်ပျူတာပစ္စည်းများအား အစိုးရမှ မြန်မာကျပ်ငွေဖြင့် သတ်မှတ်ပေးစေလိုကြောင်းလည်း လုပ်ငန်းရှင်များအနက်မှ အချို့က ဆိုကြသည်။

"လတ်တလောတော့လုပ်ငန်းရှင်တွေဘက်က ထိခိုက်မှုတွေက အနည်းနဲ့အများတော့ရှိနေကြတယ်။ ဝယ်ယူစားသုံးသူတွေအတွက်ကတော့ အဆင်ပြေတယ်။ ဒီအတိုင်း ဆက်သွားမယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက်မကောင်းဘူး"ဟု ရန်ကုန်မြို့အတွင်း ဖွင့်လှစ်ထားသည့် တက်ခ်နိုလန်းကွန်ပျူတာအရောင်းနှင့် ဝန်ဆောင်မှုဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

လက်ရှိ ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်၏ ဝယ်လိုအားအခြေအနေမှာ ပုံမှန်ကြုံတွေ့နေကျ မိုးရာသီကာလတွင်အရောင်းအဝယ်နည်းပါးတတ်သော်လည်း ယခုအခါ ဝယ်လိုအား အနည်းငယ်တက်နေကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံ၏ အမေရိကန် ဒေါ်လာဈေးနှုန်းကျဆင်းနေရခြင်း အဓိကအကြောင်းရင်းများမှာပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်းတွင် ပြည်ပမှဝင်ရောက်လာကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများမှာ အဆပေါင်းများစွာ ပိုမိုများပြားလာခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများနှင့် အိမ်ယာမြေများ ရောင်းချမှုများမှ မြန်မာကျပ်ငွေများ အစိုးရလက်ထဲသို့ရောက်ရှိသွားခြင်း စသည့် အချက်များအပါအဝင် အခြားသောငွေကြေးဆိုင်ရာဆောင်ရွက်မှုများကြောင့်ဖြစ်နိုင်သည်ဟု ယူဆရကြောင်း စီးပွားရေးပညာရှင်ခင်မောင်ညို(ဘောဂဗေဒ)ကဌင်း၏ ထင်မြင်ချက်ကို ပြောကြားသည်။

အမေရိကန်ဒေါ်လာ ဈေးနှုန်းများ တဖြည်းဖြည်းချင်းကျဆင်းလာမှုများမှာ အချိန်ကာလအားဖြင့် တစ်နှစ်နီးပါး ရှိနေပြီဖြစ်ပြီး လက်ရှိကာလမှာ အနိမ့်ဆုံးအနေအထားသို့ရောက်ရှိနေခြင်းဖြစ်သည်။

## ဒေါ်လာနှင့်ပို့ကုန်ရငွေတန်ဖိုးကျသော်လည်း သွင်းကုန်အများစု ဈေးမကျ

ပြည်သိမ်း၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇွန် – ၁၁

အမေရိကန်ဒေါ်လာ၊ပြည်ပပို့ကုန်ရငွေ၊ နိုင်ငံခြားငွေလွှဲလက်မှတ်(FEC)တန်ဖိုးများ ပြည်တွင်း၌ကျဆင်းနေသော်လည်း သွင်းကုန်ပစ္စည်းအချို့မှအပ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများမှာ ဈေးနှုန်းကျဆင်းခြင်းမရှိကြောင်း သတင်းရရှိသည်။

ပြည်ပမှစားသောက်ကုန်နှင့် လူသုံးကုန်တင်သွင်းသော ကိုယ်စားလှယ်များက ဒေါ်လာဈေးနှုန်းပြန်လည်မြင့်တက်မည်ကိုစိုးရိမ်ပြီး စောင့်ကြည့်နေခြင်းကြောင့် ဈေးမချခြင်းဖြစ်သည်။ ထို့အပြင် ဈေးကွက်၌ ဝယ်လိုအားက နည်းနေသည့်အတွက် ဈေးမချဘဲ ယခုကဲ့သို့ထိန်းရောင်းနေခြင်းဖြစ်ကြောင်း သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အရောင်းအဝယ်ကောင်းပြီး ပစ္စည်းအလဲအလှယ်မြန်ရင် ဈေးချလို့ရတယ်။ လက်ရှိ ကိုယ့်လက်ထဲကပစ္စည်းတွေက အရင်ဈေးနဲ့ဝယ်ထားတာပါ။ ကျွန်တော်တို့က ချရောင်းချင်တယ်။ ကိုယ်စားလှယ်က ချမပေးတော့ ဒီဈေးနဲ့ပဲရောင်းနေရတယ်"ဟု ရန်ကုန်မြို့ရှိ နာမည်ကြီးစူပါမားကက်မှ တာဝန်ခံမန်နေဂျာတစ်ဦးက ပြည်ပမှတင်သွင်းသော စားသောက်ကုန်နှင့် လူသုံးကုန်များ ဈေးမကျခြင်းအကြောင်းရင်းကိုပြောသည်။

သို့သော် ဆောက်လုပ်ရေး ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများမှာမူ ဒေါ်လာဈေးကျသည့်နောက်ပိုင်း ဈေးနှုန်းများ အပြောင်းအလဲဖြစ်လာသည်။ ပြည်ပမှတင်သွင်းရသော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းတစ်တန်လျှင် ကျပ်ငါးသောင်းဝန်းကျင် ဈေးကျလာသည်။ ဆောက်လုပ်ရေးလုပ်ငန်း သုံးသံချောင်းများမှာပြည်ပမှတင်သွင်းသော သံချောင်းအမျိုးအစားများသည်ဒေါ်လာတန်ဖိုးဈေးမကျမီကပင် တစ်တန်လျှင် ကျပ်ခုနစ်သိန်းခွဲဝန်းကျင်ရှိသော်လည်း ဒေါ်လာဈေးကျပြီးနောက်တွင် ကျပ်ခုနစ်သိန်းဝန်းကျင်သာ ဈေးရှိသည်။

"ကျွန်တော်တို့ကတော့ ဒေါ်လာဈေးနဲ့လိုက်ပြီး ဈေးလျှော့ရောင်းတယ်။ တက်ရင်တက်သလို ကျရင်ကျသလို ဈေးပြောင်းပေးတယ်"ဟုဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသန်းဝင်းအောင်က ပြောသည်။

ထို့အပြင် အီလက်ထရွန်နစ်ပစ္စည်းများသည် တင်သွင်းစဉ်က ငွေလဲနှုန်း တစ်ဒေါ်လာလျှင် ကျပ် ၉၀၀ ဝန်းကျင်ရှိခဲ့သဖြင့် လက်ရှိဈေးကွက်ထဲတွင် ဈေးနှုန်း ရုတ်တရက် လျှော့ချမှုများမပြုလုပ်နိုင်သေးဘဲ ဒေါ်လာဈေးမကျမီ ရောင်းချခဲ့သည့် ဈေးနှုန်းထက် အများဆုံး ၁၂ ရာခိုင်နှုန်းသာ ဈေးလျှော့ရောင်းပေးကြောင်း ခရောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးထွန်းမင်းကပြောသည်။ ဘိလပ်မြေဝယ်လိုအားကျဆင်းနေသည့်အပြင် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းနေသော်လည်း ဘိလပ်မြေ ဈေးနှုန်းများမှာမူ ကျဆင်းခြင်းပေ။

"ဘိလပ်မြေက ဟိုအရင်ကတော့ ဒေါ်လာဈေးတက်ရင် တက်မယ်၊ ငွေဈေးကျရင် ကျမယ်၊ တွက်လို့ရတယ်။ အခုက အဲဒီလိုမဟုတ်ဘူး။ ပစ္စည်းအဝင်၊အထွက်ပေါ် မူတည်ပြီး ဈေးနှုန်းအတက်အကျဖြစ်တယ်"ဟု ဘိလပ်မြေလက်ကားရောင်းချနေသူတစ်ဦးက ပြောသည်။ လက်ရှိရောင်းချနေသော ဘိလပ်မြေဈေးနှုန်းများမှာ သင်္ဘောပေါ်မှတိုက်ရိုက် ဂိုဒေါင်အရောက်တင်ပို့ရပါက ဆင်တံဆိပ်မှာ တစ်အိတ်လျှင် ကျပ် ၅၀၀၀ နှင့် စိန်တံဆိပ်မှာ ၄,၉၀၀ ကျပ်ကျသင့်မည်ဖြစ်သည်။ ဂိုဒေါင်မှတစ်ဆင့် မှာယူပါက ဆင်တံဆိပ်မှာ တစ်အိတ်လျှင် ၅,၀၅၀ ကျပ်နှင့် စိန်တံဆိပ်မှာ တစ်အိတ်လျှင် ၄,၉၅၀ကျပ်ဈေးရှိသည်။

## ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ခရီးသွားကုမ္ပဏီများ အခက်တွေ့

အောင်သူရ


ရန်ကုန်၊ ဇွန် – ၁၀

အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းနေခြင်းနှင့် ဟိုတယ်များ အခန်းခ ၃၀ရာခိုင်နှုန်းခန့် ဈေးတက်လာခြင်းကြောင့် ခရီးသွားကုမ္ပဏီများ ခရီးစဉ်ရောင်းချရာတွင် ခက်ခဲနေကြကြောင်း သတင်းရရှိသည်။

"အရင် တစ်ဒေါ်လာကို ၉၀၀ကျပ်လောက်ရှိတဲ့အချိန်ကတောင် ဒီက ခရီးစဉ်ဈေးနှုန်းတွေက တခြားအာဆီယံနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ဈေးကြီးနေတယ်။ အခုဒေါ်လာဈေးကျတာနဲ့ ဟိုတယ်ဈေးတက်လို့ ဈေးထပ်တက်ရင် ဘယ်သူမှဝယ်မှာမဟုတ်တော့ဘူး"ဟု ခရီးသွားလုပ်ငန်းမှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဟိုတယ်များမှာလည်း ဝယ်လိုအားများလာခြင်းနှင့် မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူအသုံးပြုရသောပစ္စည်းဈေးနှုန်းများ ဈေးမကျခြင်းကြောင့် ယခုနှစ်မိုးတွင်းကာလမှစ၍ အခန်းဈေးနှုန်းများအား ဈေးမြှင့်ရခြင်းဖြစ်ကြောင်း ဟိုတယ်မန်နေဂျာများကဆိုသည်။ ခရီးသွားလုပ်ငန်းတွင် ဟိုတယ်အခန်းကိုသာ အမေရိကန် ဒေါ်လာ (သို့မဟုတ်) အက်ဖ်အီးစီဖြင့် ပေးချေ၍ရသော်လည်း ကားခနှင့် စားသောက်စရိတ်များအား မြန်မာကျပ်ငွေဖြင့်သာ ပေးချေကြရသည်။

ယခုရက်ပိုင်းတွင် အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းထားမှာ ကျဆင်းနေပြီး အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၇၇၀ ကျပ်သာရရှိတော့ကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။



# ဒေါ်လာအကျဂယက် ဘယ်အထိသက်ရောက်မလဲ

သတင်းအဖွဲ့

ဖြစ်ရပ်(၁)

ရာဘာတန်ချိန် ၄၀ကို ပြည်ပသို့ ရောင်းခဲ့သော သူမမှာ တစ်ပတ်အတွင်း ကျပ်သိန်း ၈၀ ကျော် ရှုံးသွားသည်။ ဒေါ်သက်ထားဆွေ(အမည်ပြောင်း)က ဇွန်လ ၆ရက်က ရာဘာတန်ချိန် ၄၀ ရောင်းချခဲ့ရာတွင် ပို့ကုန်ရငွေတစ်ယူနစ်လျှင် ကျပ် ၈၂၀နှုန်းဖြင့် တွက်၍ ရောင်းချခဲ့ခြင်းကြောင့် ဇွန်လ ၁၃ ရက်ရောက်သောအခါ ပို့ကုန်ရငွေမှာ ၇၇၀ ကျပ်သာရှိတော့၍ သင်္ဘောမတင်ရသေးမီ သိန်း ၈၀ ကျော် ရှုံးသွားခြင်းဖြစ်သည်။

"အခု ရှုံးတာက နှစ်ပင်ရှုံးတာ။ ပို့ကုန်ရငွေကျလို့ ရှုံးတဲ့အပြင် ဒီမှာဝယ်ထားတဲ့ ကုန်ကြမ်းဈေးတွေကလည်း ရက်ပိုင်းအတွင်းပြုတ်ကျပြီး ရှုံးတာ။ ကျွန်မတော့ ဒီရက်ပိုင်းအတွင်း သိန်း ၁၅၀ လောက်ရှုံးသွားတယ်။ ဒါတောင် တစ်ယောက်တည်းပဲ။ ကုမ္ပဏီက မပါသေးဘူး"ဟု ဒေါ်သက်ထားဆွေက ဖွင့်ဟသည်။

ထို့အပြင် မကြာမီက တစ်ပေါင်လျှင် ကျပ် ၁,၃၆၀ရှိခဲ့သော ရာဘာဈေးမှာ ကျပ် ၁,၂၀၀ ဝန်းကျင်အထိ ကျဆင်းသွား၍ ဈေးကြီးဖြင့် ပေးဝယ်ထားမိသော ရာဘာများမှ ကျပ်သိန်း ၇၀ ကျော်သူမ ထပ်မံဆုံးရှုံးပြန်သည်။

ဖြစ်ရပ်(၂)

စက်သုံးဆီတင်သွင်းရန် စင်ကာပူနိုင်ငံရှိ ဘဏ်တွင် ၂၀၁၀ နှစ်လယ်ပိုင်းက ဒေါ်လာတစ်သန်းကျော် ငွေစာရင်းဖွင့်ထားသော ဦးအောင်ထူး(အမည်ပြောင်း)မှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခြင်းကြောင့် ရက်ပိုင်းအတွင်း ကျပ်သိန်းထောင်နှင့်ချီ၍ ဆုံးရှုံးခဲ့သည်။ ဘဏ်စာရင်းဖွင့်ချိန်က ပို့ကုန်ရငွေတစ်ယူနစ်လျှင် ကျပ် ၁,၁၀၀ ရှိသော်လည်း ယခုအခါ ကျပ် ၇၇၀ ဝန်းကျင်သာရှိ၍ ၃၀ ရာခိုင်နှုန်းကျော် ဆုံးရှုံးနေပြီဖြစ်ကြောင်း ဦးအောင်ထူးကရှင်းပြသည်။

ဖြစ်ရပ်(၃)

ဆန်ကို အမေရိကန်ဒေါ်လာ နှစ်သန်းဖိုး ပြည်ပတင်ပို့ခဲ့သော မြန်မာ့ဩဘာလုပ်ငန်းစုမှာ ပို့ကုန်ရငွေကျဆင်းခြင်းကြောင့် ကျပ်သိန်း ၁၂၀ ကျော် အရှုံးပေါ်ခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူကပြောသည်။ "ဒီတစ်ခေါက်တော့ ကျွန်တော်တို့ ရှုံးတာပေါ့။ နောင် တစ်ခေါက်ဆိုရင် တောင်သူတွေ ရှုံးလိမ့်မယ်။ ကျွန်တော်တို့က ကိုက်တဲ့ဈေးနဲ့ ဝယ်ရတော့မှာဆိုတော့" အထက်ပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။

သို့သော် ပို့ကုန်လုပ်ငန်းရှင်အများစုမှာ ဝယ်ယူသူများနှင့် ချုပ်ဆိုထားသော စာချုပ်နှင့် ကတိများကြောင့် ငွေဈေးအကျမှာပင် အရှုံးခံ၍ ရေရှည်အတွက် တင်ပို့နေကြရသည်။

အထက်ပါ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များမှာ လုပ်ငန်းများ လုပ်ကိုင်နေရင်းမှ ထိုသို့ အရှုံးပေါ်ခြင်းမှာ ပြည်တွင်း၌ ငွေမာဟု သတ်မှတ်ထားသော အမေရိကန်ဒေါ်လာ၊ ပို့ကုန်ရငွေ၊ အက်ဖ်အီးစီတို့ရက်ပိုင်းအတွင်း ထိုးကျခဲ့သောကြောင့်ဖြစ်သည်။ ရက်ပိုင်းအတွင်း ငွေမာတန်ဖိုး ပြုတ်ကျခဲ့ခြင်းဂယက်က ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များသာမက ဒေါ်လာနှင့် အက်ဖ်အီးစီရသော ဝန်ထမ်းများ၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူများနှင့် ၎င်းတို့၏ မိသားစုများ၊ ပြည်ပ ပို့ကုန်ထုတ်လုပ်ငန်းများစသော နယ်ပယ်များစွာအပေါ်တွင်လည်း သက်ရောက်မှုရှိလာသည်။

ရေထွက်ကုန် ပြည်ပတင်ပို့သူအချို့မှာ ငါးအစာဝယ်ယူခြင်းကို ရပ်ဆိုင်းလိုက်ကြသည်။ ထို့အတူ ဆန်တင်ပို့သူ အချို့ကလည်း ယခင်ဈေးနှင့်ဝယ်လျှင် အရှုံးပေါ်၍ စပါးဈေးကို လျှော့လိုက်သဖြင့် ရက်ပိုင်းအတွင်း စပါးတင်းတစ်ရာလျှင် ကျပ်နှစ်သောင်းကျော်ဈေးပြုတ်ကျသွားသည်။ ထို့ကြောင့် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက တောင်သူများသို့ပါ သက်ရောက်ကုန်သည်။

"အိမ်က လူတွေကတော့ ဝင်ငွေတော့လျော့နေတာကြာပြီ။ အခုဆို တစ်လကို တစ်သိန်းလောက်လျော့သွားတယ်။ ဒေါ်လာဈေးတက်တုန်းက ကုန်ဈေးနှုန်းတွေ လိုက်တက်ပြီး စားသုံးသူကိုထိခိုက်တယ်။ မြန်မာငွေဈေးတက်တော့ စားသုံးသူလည်း ဈေးမသက်သာဘဲနဲ့ ပို့ကုန်သမားရော၊ ပြည်ပရောက် အလုပ်သမားတွေရော၊ လယ်သမားတွေရော အကုန်ထိတယ်"ဟု ဂျပန်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေသူ တစ်ဦးက သူ၏အမြင်ကိုပြောခြင်းဖြစ်သည်။

"မှတ်မိသလောက် ဒေါ်လာဈေးက တစ်ခါမှ ဒီလောက်မကျဘူး။ ပြဿနာက ဘာကြောင့်ကျနေမှန်းမသိတာ။ ဘယ်သူမှ ဒီလောက်ဈေးတွေကျသွားတာ ဘာကြောင့်လဲဆိုတာ သေချာမသိကြဘူး။ ကိုယ်ထင်တာပဲ မှန်းပြောနေကြတာ"ဟု ဒေါ်သက်ထားဆွေက သူ၏အမြင်ကိုပြောသည်။

အမေရိကန်ဒေါ်လာ၊ ပို့ကုန်ရငွေနှင့် အက်ဖ်အီးစီတို့မှာ မေလ ၂၄ ရက်အထိ တက်လိုက်၊ ကျလိုက်၊ ဈေးငြိမ်လိုက်ဖြင့် ရှိခဲ့သည်။ မေလ ၂၅ရက်မှစ၍ တဖြည်းဖြည်းချင်း ဈေးပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မေလ ၂၄ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၂၀ရှိရာမှ ဇွန်လ ၁၃ရက်တွင် ကျပ် ၇၅၀ သာရှိခဲ့၍ သုံးပတ်အတွင်း ကျပ် ၇၀ ဈေးပြုတ်ကျခဲ့သည်။

ထို့အတူ ပို့ကုန်ရငွေမှာလည်း မေလ ၂၄ရက်က ကျပ် ၈၇၉ရှိရာမှ ဇွန်လ ၁၃ရက်တွင် ကျပ် ၇၇၁ ရှိ၍ ကျပ် ၁၀၀ ကျော် ဈေးပြုတ်ကျခဲ့သည်။ နိုင်ငံခြားငွေလွှဲလက်မှတ်ခေါ် အက်ဖ်အီးစီမှာလည်း မေ ၂၄ရက်တွင် ကျပ် ၈၁၅ရှိရာမှ ဇွန် ၁၃ရက်တွင် ကျပ် ၆၅၅ သာရှိ၍ သုံးပတ်အတွင်း ကျပ် ၁၆၀ တန်ဖိုးလျော့သွားသည်။

ထိုသို့ ငွေမာတန်ဖိုးများ ကျဆင်းခဲ့ခြင်းမှာ ပြည်ပမှ ရင်းနှီးမြှုပ်နှံငွေ များစွာဝင်ရောက်နေခြင်း၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့်သဘာဝဓာတ်ငွေ့ တင်ပို့ရာမှ နိုင်ငံခြားငွေ များစွာရရှိထားခြင်း၊ ပြည်ပနိုင်ငံအချို့ရှိ လုပ်ငန်းရှင်များက ပြည်တွင်း အိမ်ခြံမြေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလာကြခြင်း၊ နိုင်ငံပိုင်အဆောက်အအုံ ဝယ်ယူထားသူများမှာ ဒုတိယအရစ် ငွေသွင်းရမည့်ကာလ နီးကပ်လာခြင်း၊ နိုင်ငံခြားငွေများစွာ ရရှိမည့် ကျောက်မျက်ပြပွဲကို မကြာမီကျင်းပရန်ရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း စီးပွားရေးပညာရှင်နှင့်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။ ထို့အပြင် ယခုနှစ်ပိုင်းအတွင်း အစိုးရက နိုင်ငံပိုင်အဆောက်အအုံနှင့် လုပ်ငန်းများစွာကို ပုဂ္ဂလိကပိုင်ပြုခဲ့သောကြောင့် ပုဂ္ဂလိကရှိ ကျပ်ငွေများ အစိုးရထံသို့ ရောက်ရှိနေခြင်းမှာလည်း ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးလျော့ကျစေခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း ၎င်းတို့ကဆက်လက်ပြောသည်။

ပြည်တွင်း ငွေလဲလှယ်ရေးဈေးကွက်တွင် ဒေါ်လာအပါအဝင် နိုင်ငံခြားငွေအားလုံး တန်ဖိုးလျော့ကျသွားခြင်းမှာ ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု အချို့ကဆိုကြသည်။ သို့သော် ကျပ်ငွေမှာ နိုင်ငံခြားငွေများနှင့်လဲလှယ်ရာတွင် မာလာသော်လည်း၊ ဈေးကွက်အတွင်း ကျပ်ငွေ၏ ဝယ်ယူနိုင်စွမ်းမှာ တက်လာခြင်းမရှိ၍ တန်ဖိုးတက်သည်ဟု ပြော၍မရနိုင်ကြောင်း စီးပွားရေးပညာရှင်များကပြောသည်။

"တိုင်းပြည်တစ်ပြည်အနေနဲ့ ကိုယ့်ငွေက မာလာတယ်၊ တန်ဖိုးတက်လာတယ်ဆိုရင် ကိုယ့်အတွက် အခြေအနေကောင်းဖြစ်ဖို့ မျက်နှာစာလည်းရှိတယ်၊ အခြေအနေမကောင်းတဲ့ မျက်နှာစာလည်းရှိတယ်။ အခြေအနေကောင်းက လွယ်လွယ်နဲ့ပြောရင် ကိုယ့်နိုင်ငံက နိုင်ငံခြားကုန်ပစ္စည်းတွေဝယ်ယူတင်သွင်းပြီး စားသုံးနေကြတယ်။ အရင်က တစ်ဒေါ်လာ ပေးဝယ်ရတဲ့ပစ္စည်းသည် ကျပ်တစ်ထောင် ပေးနေရတာက အခု တစ်ဒေါ်လာသည် ကျပ် ၇၅၀၊ ၈၀၀ ဖြစ်သွားတော့ ကျသွားတာပေါ့။ ပြည်သူပြည်သားတွေ နိုင်ငံခြားက တင်သွင်းစားသုံးတဲ့ကုန်စည်တွေအတွက် ကုန်ကျစရိတ် သက်သာသွားတယ်ဆိုရင် ကောင်းတဲ့ မျက်နှာစာပေါ့။ မကောင်းတဲ့ မျက်နှာစာကတော့ ခုနက နမူနာအတိုင်းပဲ၊ နိုင်ငံခြားကို ကုန်ပစ္စည်းတွေတင်ပို့တယ်။ ရတာကတော့ တစ်ဒေါ်လာပဲ။

# ဒေါ်လာစားတို့ မှိုင်တွဲအချိန်

သတင်းအဖွဲ့



အိမ်ထောင်ဦးစီးဖြစ်သူ စင်ကာပူမှ ငွေလွှဲပို့လိုက်သည့်အခါတိုင်းမဝါဝါတစ်ယောက် ဂဏန်းပေါင်းစက်တစ်လုံးရှေ့တွင် ချကာအလုပ်များလေတော့သည်။ အိမ်စရိတ်၊ စားစရိတ်၊ နေစရိတ်များအပြင်ယခုနှစ်တွင်သားဖြစ်သူ သူငယ်တန်းကျောင်းသား၏ကျောင်းစရိတ်များပါ ပိုလာလေပြီ။ စရိတ်စကများ တဖြည်းဖြည်းများပြားလာသော်လည်း မဝါဝါ၏ အမျိုးသားပို့သော ငွေပမာဏမှာ တိုးမလာသည့်အပြင် တဖြည်းဖြည်းလျော့၍ပင်လာသည်။ မြန်မာငွေဈေးမာလာသည်နှင့်အမျှ ဒေါ်လာဈေးမှာ အောက်ဆုံးသို့ထိုးကျနေသဖြင့် မဝါဝါ အမျိုးသားပို့သောပမာဏမှာ ပုံမှန်ပို့နေကျငွေပမာဏ ဖြစ်သော်လည်း မြန်မာကျပ်ငွေအဖြစ် ပြောင်းလဲလိုက်ရာတွင် ပုံမှန်ထက် ကျပ်တစ်သိန်းကျော်ကျော် လျော့နည်းသွားလေသည်။ ကျပ်တစ်သိန်းကျော်ဆိုသည့် ပမာဏမှာ မဝါဝါတို့အိမ်တစ်လစာအိမ်ငှားခနှင့် ညီမျှလေသည်။ အမေရိကန်ဒေါ်လာငွေလဲနှုန်းမှာ ယခုနှစ်ဆန်းပိုင်းမှစတင်ကျဆင်းလာခဲ့ရာ ယခုကာလတွင် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မဝါဝါတို့ကဲ့သို့ အိမ်ရှင်မများမှအစ အမေရိကန်ဒေါ်လာဖြင့် လခရရှိသော နိုင်ငံခြားအဖွဲ့အစည်းများမှ ဝန်ထမ်းများအလယ်၊ ငွေအရင်းအနှီးများစွာနှင့်လုပ်ငန်းလည်ပတ်နေရသော လုပ်ငန်းရှင်ကြီးများအဆုံး အကျပ်အတည်းကြုံနေရသည့်ကာလဖြစ်သည်။

တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၇၄၀သာရှိတော့ကြောင်း ကြားသိလိုက်ရသည်နှင့် မဝါဝါအပါအဝင် ဒေါ်လာစားဟု အများကခေါ်ကြသော နိုင်ငံခြားငွေဖြင့် လစာရရှိသူများအားလုံး စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရသည်။

"ဒီနှုန်းနဲ့သာဆိုရင် လစာထုတ်ရင် အရင်ထက် ထက်ဝက်လောက်နည်းသွားနိုင်တယ်"ဟု နိုင်ငံခြားငွေဖြင့် လစာရရှိပြီး နိုင်ငံကို လစာ၏ ၁၀ ရာခိုင်နှုန်းအခွန်ပေးဆောင်နေရသည့် နိုင်ငံခြားသတင်းထောက်တစ်ဦးက ညည်းတွားသည်။

မြို့လယ်တွင်ငှားရမ်းနေထိုင်သောတိုက်ခန်းမှ စရိတ်လျော့ချသည့်အနေနှင့် ဈေးသက်သာသောမြို့နယ်များတွင်တိုက်ခန်းငှားရမ်းနေထိုင်ရန် ရှာဖွေနေရပြီဟု ထိုသတင်းထောက်ကပင်ပြောကြားသည်။

"ရတာနဲ့ မလောက်တော့အသုံးတွေလျှော့၊ နေစရိတ်တွေလျှော့ရတော့တာပေါ့"ဟုယင်းက ပြောသည်။

ငွေလဲနှုန်းများကျဆင်းနေခြင်းက ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မိသားစုဝင်များကိုမှီခိုနေရသည့် အိမ်ထောင်စုများအတွက်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့သည်။

လစဉ်ငွေကြေးလိုအပ်နေသည့်မိသားစုဝင်များကိုငွေပမာဏလျော့နည်းရရှိသော်လည်း မတတ်သာသဖြင့်ပို့နေရသူများရှိသလို ငွေလဲနှုန်းမြင့်တက်လာမည်ကိုစောင့်မျှော်နေသူများလည်းရှိသည်ဟုစင်ကာပူနိုင်ငံတွင်အင်ဂျင်နီယာ အဖြစ်အသက်မွေးဝမ်းကျောင်းနေ သော ကိုအောင်ကိုကပြောကြားသည်။

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်နေသူ အသက် ၂၃ နှစ် အရွယ်ရှိကိုမျိုးကျော်သူကလည်း "အခုဒေါ်လာဈေးတွေကျနေတော့ အိမ်ကမဖြစ်မနေလိုမှပို့တယ်။ ခုဆိုတစ်လကို တစ်သိန်းကျော်လောက်လျော့နေတာ။ ငွေ

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011



ဟိုတုန်းကတော့ တစ်ဒေါ်လာကို ကျပ်တစ်ထောင်ပြန်လဲရတယ်။ မြန်မာနိုင်ငံမှာ လုပ်ငန်းလုပ်ကိုင်တဲ့အဖွဲ့အစည်းက သူ လုပ်ငန်းလုပ်ဆောင်ရတဲ့ငွေက ကျပ်ငွေပဲဖြစ်တယ်။ တစ်ဒေါ်လာရလာရင် ဟိုတုန်းကတော့ ကျပ်တစ်ထောင်ရတယ်။ အခုကျတော့ ကျပ် ၈၀၀ ပဲရတော့တယ်ဆိုရင် ပို့ကုန်လုပ်ငန်းလုပ်တဲ့သူတွေအဖို့က ထိခိုက်တယ်။ ပို့ကုန်လုပ်ငန်း လုပ်ကိုင်တဲ့သူတွေ ထိခိုက်တဲ့အတွက် နောက်ကွယ်မှာရှိတဲ့ တောင်သူလယ်သမားတွေ၊ ပို့ကုန်လုပ်ငန်းနဲ့ ဆက်စပ်ပြီး အလုပ်အကိုင်ရှိတဲ့သူတွေ၊ ဒီလူတွေကိုတောက်လျှောက်ကွင်းဆက်ထိတော့တာပေါ့။ဟိုတုန်းက တစ်ထောင်ရတုန်းက အလုပ်တွေလုပ်တယ်။ လူတွေခန့်ထားတယ်။ ပစ္စည်းတွေဝယ်တယ်။ တစ်ထောင်ရတုန်းက ပေးရတဲ့ဈေးနဲ့ အခု ၈၀၀ပဲရတော့တဲ့အခါ မှုချမကိုက်တော့ဘူး။ ပိုဆိုးတာက မကိုက်ဘူးဆိုပြီး မလုပ်တော့ရင် ပို့ကုန်လုပ်ငန်းပါတန့်သွားတာပေါ့။ ဈေးက မကျဘူးဖြစ်နေတယ်။ တန်ဖိုးရှိတယ်ဆိုပြီးစာရင်းမှာပြတယ်။လက်တွေ့မှာတော့ ဘာမှ တန်ဖိုးတက်မလာဘူး။ တကယ်တော့ ကိုယ့်ငွေကြေးတန်ဖိုး မြင့်တက်လာတယ်ဆိုရင် ဒီလခဝင်ငွေနဲ့ ပိုပြီး ချောင်ချိသွားရမှာပေါ့။ အခုက ပိုပြီးကျပ်တည်းနေတယ်။ တရားခံကတော့ ဈေးနှုန်းပဲ”ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဦးမော်သန်းကပြောသည်။

ထိုသို့ ငွေမာတန်ဖိုးများ ဆက်လက်ကျဆင်းနေပါက စီးပွားရေးလုပ်ငန်းအချို့မှာ ရပ်တန့်သွားဖွယ်ရှိသည်။ “အခြေခံကုန်ထုတ်လုပ်သူတွေအကုန်လုံးထိတယ်။ ဒီအတိုင်းကြီးနေရင် မကြာခင် ကုန်ထုတ်လုပ်မှုတွေအကုန်လုံး ရပ်သွားလိမ့်မယ်”ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေမှာ တစ်နှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ခြင်းဖြစ်သည်။ လက်ရှိကာလတွင် အမေရိကန်ဒေါ်လာမှာ နိုင်ငံတကာငွေလဲလှယ်နှုန်းတွင်လည်း ကျဆင်းနေသည်။

ထိုင်းနိုင်ငံတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၃၀ ဘတ်၊ မလေးရှားနိုင်ငံတွင် တစ်ဒေါ်လာလျှင် ၃ ရင်းဂစ်၊ တရုတ်နိုင်ငံတွင် တစ်ဒေါ်လာလျှင် ၆ ဒသမ ၅ ယွမ်အောက် မရောက်ရန် သက်ဆိုင်ရာအစိုးရများက ထိန်းညှိထားလေ့ရှိသည်။

မြန်မာနိုင်ငံတွင်မူ ယခင်က အမေရိကန်တစ်ဒေါ်လာလျှင် အစိုးရက တရားဝင် သတ်မှတ်သောနှုန်းမှာ ခြောက်ကျပ်သာဖြစ်ပြီး ပြင်ပ ငွေလဲလှယ်ရေးဈေးကွက်နှင့် ကုန်သွယ်ရေးတွင်မူ နှုန်း အမျိုးမျိုးဖြစ်နေသည်။

ငွေမာတန်ဖိုး တက်လွန်းလျှင် မကောင်းသကဲ့သို့ ကျလွန်းလျှင်လည်း တိုင်းပြည်စီးပွားရေးထိခိုက်နိုင်၍ သက်ဆိုင်ရာမှ ယခုကဲ့သို့ ငွေမာတန်ဖိုးများ ပြုတ်ကျနေခြင်းကို အလေးထားသင့်ကြောင်းလည်း စီးပွားရေးပညာရှင်များက အကြံပြုသည်။ ထို့ကြောင့် ငွေမာတန်ဖိုးကျ၍ အရှုံးပေါ်နေသော စီးပွားရေးလုပ်ငန်းရှင်များ နာလန်ထူနိုင်ရန် ဒေါ်လာတန်ဖိုး ဖြစ်သင့်သောနှုန်းသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးသင့်ကြောင်း စီးပွားရေးပညာရှင်များက အကြံပြုသည်။

ဒေါ်လာတန်ဖိုး ရှိသင့်သောနှုန်းသို့ ရောက်ရှိလာရန် အစိုးရက ကျပ်ငွေဖြင့် ဈေးကွက်တွင်းမှ ဒေါ်လာများကို ပြန်လည်ဝယ်ယူပေးခြင်းဖြင့် ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးပညာရှင် ဒေါ်လှမြင့်က ပြောသည်။

“လက်ရှိအခြေအနေ၌ အစိုးရက ဒေါ်လာတန်ဖိုးမြင့်စေလိုလျှင် ဒေါ်လာတွေ ဈေးကွက်တွင် လိုက်ဝယ်ခြင်း၊ လူတွေလက်ထဲ ကျပ်ငွေများများကိုင်ထားစေလိုခြင်း၊ အိမ်နီးချင်းဘဏ်များထက် နှစ်ဆ၊ သုံးဆခန့်များနေသော ဘဏ်အတိုးနှုန်းများ ချပေးကာ စားသုံးသူ၊ ရင်းနှီးမြှုပ်နှံသူများ၏ စုဆောင်းသူနည်းစေရန် ဆောင်ရွက်နိုင်ပါသည်”ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဦးခင်မောင်ညို(ဘောဂဗေဒ)ကလည်း အကြံပြုပြောကြားသည်။

“ဒီတစ်ခါထိတာက စီးပွားရေးလုပ်ငန်းကြီးသမားတွေ ထိတာ။ လုပ်ရင်းကိုင်ရင်းနဲ့ကို ရှုံးနေတာ” ဒေါ်သက်ထားဆွေက ငွေမာတန်ဖိုးကျဆင်းခြင်း၏ သက်ရောက်မှုကို အမိပွာယ်ဖွင့်လေသည်။ ။

## ■ စာ-၇၊ ဒုတိယ ႕န်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် တွေ့ဆုံခြင်း မှ

ကျွန်တော်တို့က ဘယ်ဂျာနယ်၊ မဂ္ဂဇင်း၊ အထွေထွေရယ်ဆိုပြီး ကြည့်တာမဟုတ်ပါဘူး။ ဘာသာရပ်အလိုက် လေးနက်မှုအပေါ်မှာ အဓိကထားပြီး ဖြေလျှော့ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်ပေါ်လာမယ့် အခြေအနေနဲ့ ရလဒ်အပေါ်မှာ မူတည်ပြီး အုပ်စု-၂ က ဘာသာရပ်တွေဟာလည်း အုပ်စု-၁ ကို ရွှေ့ပြောင်းရောက်ရှိမှာဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင် အဆင်ပြေလိုတယ်ဆိုတဲ့ ခင်ဗျားမှာရှိတဲ့ စိတ်ဆန္ဒပမာဏမျိုးပဲ ကျွန်တော့်မှာလည်းရှိပါတယ်။

**လက်ရှိ ထုတ်ဝေနေတဲ့ ဂျာနယ်၊ မဂ္ဂဇင်းများအားလုံးထဲမှာ တာဝန်သိမှု၊ တာဝန်ယူမှု၊ သတင်းစာကျင့်ဝတ်နဲ့အညီ လုပ်ကိုင်မှု၊ သတင်းစာပညာ ပြည့်ဝမှု စတဲ့ စတုတ္ထမဏ္ဍိုင်မှာရှိအပ်တဲ့ အရည်အချင်းတွေနဲ့အညီ လုပ်ကိုင်နိုင်ဆုံး ဂျာနယ်တွေက ဘယ်ဘာသာရပ်မှာ အများဆုံးရှိတယ်လို့ထင်ပါသလဲ။**

ပထမဆုံးမေးခွန်းမှာ ဖြေခဲ့သလိုပဲ စာဖတ်ပရိသတ်ကပဲ အဆုံးအဖြတ်ပေးတာ တရားနည်းလမ်းအကျဆုံးလို့ ထင်ပါတယ်။

**မူဝါဒသစ်အရ စိစစ်သုံးသပ် တင်ပြရေးအဖွဲ့ဆိုတာ စပြီးပေါ်လာခဲ့ပါတယ်။ စိစစ်သုံးသပ်တင်ပြရေးအဖွဲ့ ဖွဲ့စည်းရာမှာ သီးခြားလွတ်လပ်တဲ့၊ သတင်းစာ ပညာပြည့်ဝတဲ့၊ သမာသမတ်ကျတဲ့ သတင်းစာဆရာတွေ ပါသင့်တယ်လို့ တချို့က ထောက်ပြကြတယ်။ အဲဒီအပေါ်မှာ ဘယ်လိုများ မြင်ပါသလဲ။ အနာဂတ်မှာရော အဲဒီအဖွဲ့မှာ သီးခြားလွတ်လပ်တဲ့ သတင်းစာဆရာတွေ ပါဝင်လာနိုင်ပါသလား။**

ခင်ဗျားအမြင်ကို ကျွန်တော်လည်း သဘောတူပါတယ်။ အနာဂတ်မှာ သီးခြားလွတ်လပ်တဲ့ သတင်းစာဆရာတွေပါဝင်နိုင်သလားဆိုတာထက် အဲဒီလို အဖွဲ့မျိုးနဲ့ စိစစ်သုံးသပ်ဖို့ကိုမလိုတော့တဲ့ ပုံနှိပ်၊ ထုတ်ဝေရေး ပတ်ဝန်းကျင်သစ်မျိုးဖြစ်ပေါ်လာမယ်ဆိုရင် ပိုမကောင်းဘူးလား။

**ချမှတ်ထားတဲ့ စာပေစိစစ်ရေး မူဝါဒနဲ့အညီ ထုတ်ဝေခွင့်မရှိတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို နည်းလမ်းနှစ်မျိုးနဲ့ အရေးယူတဲ့အခါမှာ အုပ်ချုပ်မှုနည်းလမ်းအရ အရေးယူခြင်းဖြစ်တဲ့ စပေါ်ငွေ ကျပ်သိန်းငါးဆယ်တင်စေတာကို တွေ့ရပါတယ်။ စပေါ်တင်ထားတဲ့ ဂျာနယ်၊ မဂ္ဂဇင်းက စပေါ်ငွေကုန်အောင် ဒဏ်ငွေအဖြစ်မခံရသေးခင် ဂျာနယ်၊ မဂ္ဂဇင်း မထုတ်တော့ဘူးဆိုပါက စပေါ်ငွေပြန်ရနိုင်ပါသလား။ ထိုစပေါ်ငွေမှာ မည်သည့်အချိန်တွင် ပြန်လည်ရရှိမှာပါလဲ။**

စပေါ်ငွေတင်ထားတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတစ်ခုခုဟာ ထုတ်ဝေသူအလုပ်ကိုမလုပ်တော့ပါဘူးဆိုရင် သူတင်ထားတဲ့ စပေါ်ငွေကို ယေဘုယျအားဖြင့် ချက်ချင်းပြန်ထုတ်ပေးမှာဖြစ်ပါတယ်။ သို့သော်လည်း စပေါ်ငွေတင်ထားရပြီး ပြဿနာတစ်စုံတစ်ရာ ထပ်မံဖြစ်ပွားလာချိန်မှ မရိုးမသားနဲ့ လုပ်မှာမျိုးကတော့ သီးခြားစဉ်းစားသုံးသပ်ခံရမှာဖြစ်ပါတယ်။ ရိုးသားစွာ ပြန်လည်ထုတ်ယူလိုသူများအတွက် နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**လက်ရှိဂျာနယ်၊ မဂ္ဂဇင်း ထုတ်ဝေခွင့်ကတ်တွေကိုငှားပြီး၊ ဝယ်ပြီး လုပ်ကိုင်နေသူများရှိပါတယ်။ ၎င်းတို့အတွက်၊ ထုတ်ဝေခွင့်ကတ်များကို ငှားထား၊ ရောင်းထားသူများအတွက် မည်သို့ဖြေရှင်းပေးရန်ရှိပါသလဲ။**

ထုတ်ဝေခွင့်လက်မှတ်၊ ပုံနှိပ်ခွင့်လက်မှတ်တွေကို လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း ပြုခွင့်မရှိပါဘူး။ ၂၀၀၄ ခုနှစ် နှောင်းပိုင်းအခြေအနေတစ်ခုကြောင့် လက်မှတ်ပါ ပုံနှိပ်ထုတ်ဝေနေသူများအစား လက်တွေ့ အမှန်တကယ် ပုံနှိပ်ထုတ်ဝေသူ ၂၀ ခန့်ကို သီးခြားစဉ်းစားပြီး ကြီးကြပ်မှုဗဟိုက ၂၀၀၅ ခုနှစ်မှာ ပြောင်းလဲဆောင်ရွက်ပေးခဲ့ဖူးပါတယ်။ ဒါကိုတော့ ကြီးကြပ်မှုဗဟိုအနေနဲ့သာ ဆုံးဖြတ်ပေးနိုင်ပါလိမ့်မယ်။

**ညွှန်ကြားချက် ၄၆ အရ စာပေစိစစ်ရေးဆိုင်ရာ မူဝါဒ ၁၂ချက် ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ ထပ်ပြီးတော့လည်း အသေးစိတ်အခြေခံရမည့်အချက်များဆိုပြီးတော့ အချက်၁၆ ချက် ထပ်ထွက်လာတာ တွေ့ရပါတယ်။ အဲဒီအချက်တွေနဲ့ပတ်သက်ပြီး အကျဉ်းချုပ် ပြောပြပေးစေလိုပါတယ်။**

ပုံနှိပ်ဥပဒေနဲ့မူဝါဒစည်းကမ်းတွေဟာ ကျွန်တော်တို့ အာဆီယံနိုင်ငံတိုင်းလိုလိုမှာ ရှိကြပါတယ်။ ယခုထုတ်ပြန်တဲ့ မူဝါဒ ၁၂ ချက်ဆိုတာကလည်း ဖြန့်ဝေထားတဲ့ စာအုပ်တွေမှာ အတိအကျပါပြီးဖြစ်ပါတယ်။ ၁၆ချက်ဆိုတာကလည်း အဲဒီ ၁၂ချက်ကို အသေးစိတ်ထပ်မံသုံးသပ်စဉ်းစားတွေးခေါ်နိုင်အောင် ချမှတ်ပေးထားတာဖြစ်ပါတယ်။ အချက်အလက်တွေကလည်း ရှင်းပါတယ်။

**သတင်းဦးစားပေးဂျာနယ်၊မဂ္ဂဇင်းတွေအနေနဲ့ စိစစ်ရေးတင်စရာမလိုဘဲ ထုတ်ဝေခွင့် ဘယ်တော့လောက်ရရှိမယ်လို့ ထင်ပါသလဲ။**

ကျွန်တော်ဖြေခဲ့ပြီးပါပြီ။ အမြန်ဆုံး အဆင်ပြေလိုတယ်ဆိုတဲ့ ခင်ဗျားမှာရှိသော စိတ်ဆန္ဒပမာဏမျိုးထက် မလျော့သောဆန္ဒ ကျွန်တော့်မှာလည်းရှိပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။** ။

## ‘ဆန်ရှင်က ကျွန်မတို့ကိုဘာမှ မထိခိုက်ဘူး။ ငွေဈေးကျတာကတော့ တော်တော်ထိခိုက်တယ်’

**ပို့ကုန်လုပ်ငန်းရှင်တစ်ဦး**

**သန်းဌေး**

**ရန်ကုန်၊ ဇွန် -၇**

ပို့ကုန်ရငွေတန်ဖိုး ကျဆင်းမှုနှုန်း လျင်မြန်လာသောကြောင့် ရေထွက်ပစ္စည်း ပြည်ပတင်ပို့သူများ ကျပ်ငွေသိန်းပေါင်းထောင်ချီ ဆုံးရှုံးနေရကြောင်း ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

“ဆန်ရှင်(စီးပွားရေးပိတ်ဆို့မှု)က ကျွန်မတို့ကို ဘာမှမထိခိုက်ဘူး။ ငွေဈေးကျတာကတော့ တော်တော်ထိခိုက်တယ်”ဟုမြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ ဘဏ္ဍာရေးမှူး ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

“အရင်က အတက်အကျရှိနေတယ်။ အခုဟာက အကျချည်းပဲဖြစ်နေလို့ အလုပ်လုပ်လို့ မရတော့ဘူး”ဟု ၎င်းကဆက်ပြောသည်။

ထိုသို့ ပို့ကုန်ရငွေတန်ဖိုး ကျဆင်းခြင်းကြောင့် ရေထွက်ကုန်ပြည်ပတင်ပို့သူများမှာ ကျပ်သိန်းပေါင်းထောင်နှင့်ချီ၍ ဆုံးရှုံးနေကြပြီဖြစ်ကြောင်း အအေးခန်းစက်ရုံပိုင်ရှင်တစ်ဦးကပြောသည်။

လဲတော့ဘာမှမကျန်ဘူး။ အဲလိုဖြစ်နေတာ”ဟု ငွေလဲနှုန်းကြောင့် အခက်ကြုံနေရသည်ကိုပြောပြသည်။

စင်ကာပူ၊ မလေးရှားနိုင်ငံများတွင် အခြေခံလုပ်သားများအဖြစ် အလုပ်လုပ်ကိုင်ကာမိသားစုဝင်ငွေဖြည့်ဆည်းနေရသောသူများအတွက် ယခုကာလသည် အခက်ခဲဆုံးကာလဖြစ်ကြောင်း ထိုသူများက ပြောကြားသည်။

“ဒီအချိန်မှာ စင်ကာပူမှာဆိုရင် အိမ်အကူလုပ်တဲ့သူတွေဆို အရမ်းသနားဖို့ကောင်းတယ်။ ရတဲ့ လခက ၄၀၀(စင်ကာပူဒေါ်လာ)။ ဒီမှာသုံးဖို့စွဲဖို့ချန်ပြီး အိမ်ကို ခြစ်ခြုတ်ပြန်ပို့ရတာ။ လာတုန်းက အကြွေးယူပြီးလာရတယ်။ အခုငွေဈေးတွေကျနေတော့ ပို့တဲ့ငွေကထုထည်မဖြစ်တော့ သူတို့အနေနဲ့ သိပ်ခက်ခဲတယ်”ဟုစင်ကာပူရောက်မြန်မာတစ်ဦးကပြောကြားသည်။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေသောသားဖြစ်သူ၏ အကြွေးများဖြင့် ပိနေသောမိခင်တစ်ဦးကလည်း“သားကငွေမပို့တာကြာပြီ။ သုံးလလောက်ရှိပြီ။ငွေဈေးအရမ်းကျလို့လို့ပြောတယ်။ နောက်ဆို ငွေဈေးမငြိမ်လို့ သုံးလတစ်ခါလောက်မှပို့မယ်ပြောတယ်။ သွားတာတစ်နှစ်လောက်ရှိပြီ။အကြွေးကလည်းမကျေသေးဘူး” ဟု ညည်းတွားသည်။

တစ်ရက်တွင်လူသုံးအများ ဆုံးလူမှုရေးကွန်ရက်တစ်ခုဖြစ်လာသော ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်စာသားတစ်ခုပေါ်လာသည်။ ဖေ့စ်ဘွတ်သုံးစွဲသူတစ်ဦး ရေးသားလိုက်သည်မှာ “၆၉၀တဲ့ . . ကြားလို့မှကောင်းကြသေးရဲ့လား”ဟူ၏။ ယင်းစာသားသည်နိုင်ငံခြားငွေလဲလှယ်သည့်လက်မှတ်(သို့မဟုတ်)အက်ဖ်အီးစီဈေးနှုန်းကို ရည်ညွှန်းလိုခြင်းဖြစ်ပြီးပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်နိုင်ငံခြားကုမ္ပဏီ အချို့မှာလစာငွေကိုအက်ဖ် အီးစီနှင့်ရရှိလေ့ရှိကြသည်။ လစဉ် လစာထုတ်လျှင်ဘဏ်စာရင်းအတွင်း ရောက်ရှိလာသောငွေကိုအက်ဖ် အီးစီနှင့်ပြန်လည်ထုတ်ယူရသည်များရှိသလိုအက်ဖ်အီးစီဈေးထက် အနည်းငယ်ပိုရသော Credit Note ဟုခေါ်သော နည်းနဲ့လဲလှယ်လျှင်အက်ဖ်အီးစီဈေးထက်အနည်းငယ်ပိုသော ပမာဏရရှိသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးကပြောသည်။

“အစ်ကိုတို့ဆိုရင်အခုဝင်ငွေ ရဲ့ ၃၀ရာခိုင်နှုန်းလောက်လျော့သွားပြီ။ ယူအင်န်အဖွဲ့အစည်းတွေက တခြားအဖွဲ့အစည်းတွေလို လစာအလွယ်တကူပြင်လို့မရဘူး”ဟု ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦး ပြောသည်။

ပြည်တွင်းတွင်ငွေလဲနှုန်းများကျဆင်းနေသည့်အတွက် ဝန်ထမ်းများအခက်အခဲကိုပြေလည်စေရန် နှုန်းတစ်ခုသတ်မှတ်ကာ လစာငွေထုတ်ပေးသည့်အစိုးရမဟုတ်သောအဖွဲ့အစည်းများလည်း ရှိလာသဖြင့် ဒေါ်လာစားသူအချို့ အသက်ရှူချောင်ခဲ့ရသည်။

“ပြီးခဲ့တဲ့လကစပြီး ကျပ် ၉၅၀နှုန်းနဲ့တွက်ပေးတယ်။ ငွေလဲနှုန်းစပြီးလျော့ကတည်းကလစာလျော့သွားတာကိုခံနေရတာ။ မခံနိုင်တာတွေများတော့မှအခုလို ၉၅၀နဲ့ဈေးဖြတ်ပေးတာ”ဟု နာဂစ်ဒေသတွင် ကျောင်းများဆောက်လုပ်ပေးနေသည့်အန်ဂျီအိုဝန်ထမ်းတစ်ဦးက သူတို့အဖွဲ့အစည်းမှငွေလဲနှုန်းနှင့်ပတ်သက်ကာ ပြင်ဆင်သတ်မှတ်ပေးသည်ကိုပြောပြသည်။ ငွေလဲနှုန်းများကျဆင်းနေခြင်းက ဒေါ်လာနှင့်ဆက်စပ်ပတ်သက်နေသူတိုင်းအတွက်တော့ပျော်စရာမကောင်းသောဇာတ်လမ်း တစ်ပုဒ်ကိုကြည့်နေရသလိုပင်ဖြစ်သည်ဟု ပြောကြားလာသူမှာပြည်တွင်းမှဒေါ်လာစားတစ်ဦးဖြစ်သည်။

ယခင်ကတစ်ဒေါ်လာနှုန်းနှင့် ထမင်းတစ်ပွဲစားနိုင်သော်လည်း ယခုတော့ သန့်ရှင်းပြီးသင့်တင့်သော ထမင်းတစ်ပွဲစားမည်ဆိုလျှင် သုံးဒေါ်လာနှင့် ညီမျှသောငွေကြေးကိုသုံးစွဲရပေမည်။

“လစာတွေကကျနေပေမယ့် မကျတာကဈေးနှုန်းတွေနဲ့နေထိုင်စရိတ်တွေပဲ”ဟု ပြောကြားလာသူမှာ လစဉ်ဒေါ်လာ ၄၀၀ရရှိသော ဝန်ထမ်းတစ်ဦးဖြစ်သည်။ သူစတင်အလုပ်လုပ်သောအချိန်နှင့် နှိုင်းယှဉ်လျှင် သူ၏မြန်မာငွေလစာမှာ ထက်ဝက်နီးပါး ကျဆင်းခဲ့လေပြီ။

ငွေလဲနှုန်းများစံချိန်တင်ကျဆင်းနေသော်လည်း ကုန်စည်ဈေးနှုန်းများနှင့်စားသောက်ကုန်များမှာမူ နေမြဲဈေးနှုန်းများသာဖြစ်သဖြင့်နေထိုင်စားသောက်မှုစရိတ်နှင့်ဝင်ငွေမျှတအောင် ချိန်ညှိနေရသည်မှာဒေါ်လာစားတို့၏ အဓိကအလုပ်တစ်ခုဖြစ်လာသည်။

မဝါဝါအပါအဝင်သူတို့ အားလုံးမျှော်လင့်နေကြသည်မှာငွေလဲလှယ်နှုန်းများတည်ငြိမ်လာမည့်နေ့ ရက်များပင်ဖြစ်တော့သည်။ ။

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ဆန်နှင့် စပါးဈေးနှုန်းများ ထိုးကျ

**ထူးသန့်**

**နေပြည်တော်၊ ဇွန် - ၁၀**

ဆန်ပြည်ပတင်ပို့ခွင့်ပြုခဲ့သော်လည်း ငွေမာဈေးနှုန်း အပြောင်းအလဲကြောင့် ယခုလအတွင်း ဆန်နှင့် စပါးဈေးနှုန်းများ ထိုးကျသွားခဲ့ကြောင်း နေပြည်တော်ရှိ ဆန်စက်လုပ်ငန်းရှင်နှင့် လယ်သမားအချို့ထံမှ သတင်းရရှိသည်။

ယခင်နှစ်များက ဆန်နှင့် စပါးမှာ ဈေးနှုန်းများ အမြင့်သို့သာ ဦးတည်လေ့ရှိခဲ့သော်လည်း (ယခုကဲ့သို့မိုးရာသီအချိန်မျိုးတွင်) လက်ရှိဈေးကွက်၌မူ ဆန်တစ်အိတ်လျှင် ကျပ်သုံးထောင်ခန့်၊ စပါးတင်းတစ်ရာလျှင် ကျပ်တစ်သိန်းနီးပါးအထိ ထိုးကျသွားခဲ့သဖြင့် အံ့ဩမိကြောင်း ဆန်စက်လုပ်ငန်းရှင်နှင့်ဆန်ကုန်သည်များကပြောသည်။

“ဆန်စက်လည်နေသရွေ့ ရှုံးနေတာပေါ့။ မနေ့က စပါးဝယ်ပြီး ဒီနေ့ဈေးကွက်ထဲဆန်ပို့လိုက်ရင် ဈေးက ထပ်ကျသွားပြန်ရော။ စပါးကလည်း ဝယ်ပြီးသားဆိုတော့ မတတ်နိုင်ဘူး။ နောက်ပြီး ဖောက်သည်တွေ မပျက်ဖို့နဲ့ အလုပ်သမားတွေအတွက် ဒီလိုပဲထိန်းပြီး လည်နေရမှာပဲ”ဟု ဆန်စက်လုပ်ငန်းရှင်တစ်ဦးကလည်း ပြောသည်။



စပါးနေလှန်းရန်ပြင်ဆင်နေသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ ဒေသခံတစ်ဦးကို ဇွန် ၁၀ ရက်က တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာမှ လယ်သမားကြီးတစ်ဦးကလည်း သူခအုပ်စုဝင် စပါးတင်းတစ်ရာလျှင် ပြီးခဲ့သည့်လက ကျပ်ငါးသိန်းခွဲနီးပါးအထိ ပေါက်ဈေးရှိခဲ့ပြီး ယခုလတွင်မူ ကျပ်လေးသိန်းခွဲဝန်းကျင်အထိ ကျဆင်းသွားခဲ့ကြောင်း၊ ယခုကဲ့သို့ရာသီမျိုးတွင် စပါးဈေးကျသွားခြင်းကို မကြုံဖူး၍ အံ့သြနေရကြောင်းပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ကံဦးအုပ်စုမှ လယ်သမားကြီး ဦးစံထွေးလွင်ကလည်း “မိုးရာသီရောက်လို့ ပဲရောင်းပြီး ငွေဖော်တော့လည်း ပဲဈေးကျတယ်။ စပါးရောင်းပြီး ငွေဖော်မယ်ဆိုတော့လည်း စပါးဈေးပါ ထပ်ကျနေပြန်တယ်။ တောင်သူလယ်သမားတွေကတော့ ဒီလိုပါပဲ”ဟု လက်ရှိအခြေအနေကို ထင်ဟပ်ပြောဆိုသည်။

ယခုကဲ့သို့ ဆန်နှင့် စပါးဈေးနှုန်းများ ကျဆင်းနေသော်လည်း လုပ်ငန်းခွင်ဝင် လယ်ယာလုပ်သားများ၏ လုပ်အားခများကို အမြင့်ဈေးဖြင့်ပင် ရှင်းပေးနေရသည့်အတွက် စိုက်ပျိုးစရိတ်ကြီးမြင့်လာမည်ကိုစိုးရိမ်နေရကြောင်းလည်း လယ်သမားအချို့က ညည်းညူပြောဆိုနေကြသည်။

## ဒေါ်လာတန်ဖိုးကျဆင်းခြင်းက ပညာရေးဝန်ဆောင်မှု လုပ်ငန်းများအပေါ် သက်ရောက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၁၀**

အမေရိကန်ဒေါ်လာတန်ဖိုးကျနေခြင်းကြောင့် နိုင်ငံတကာကျောင်းများနှင့်ဆက်သွယ်လုပ်ကိုင်ရာတွင် နိုင်ငံခြားငွေအသုံးပြုနေရသည့် ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများအခက်အခဲကြုံတွေ့ရခြင်းများရှိနေကြောင်း သတင်းရရှိသည်။

နိုင်ငံတကာကျောင်းများနှင့် ချိတ်ဆက်လုပ်ကိုင်နေသောပညာရေး ဝန်ဆောင်မှုလုပ်ငန်းများသည် ကျောင်းသားစေလွှတ်နိုင်သည့်အရေအတွက်ပေါ်မူတည်၍ အကျိုးအမြတ်အားနိုင်ငံခြားငွေဖြင့်ရရှိနေသောကြောင့်ဒေါ်လာဈေးနှုန်းကျဆင်းနေမှာ လုပ်ငန်းဝင်ငွေကိုထိခိုက်စေလျက်ရှိကြောင်း ပြည်ပပညာရေးအကျိုးဆောင်တစ်ဦးကဆိုသည်။

“ဝင်ငွေက ဒေါ်လာနဲ့ဝင်နေတော့ တော်တော်ကြီးကိုကွာလာတယ်။ တော်ရုံတန်ရုံနဲ့ရပ်တည်ဖို့မလွယ်တော့ဘူးဗျ။ အကြီးအကျယ်အများကြီးကိုထိတာပေါ့။ ဥပမာ- ကျွန်တော်တို့က ကျောင်းကြော်ငြာစရိတ်ကိုတွက်ယူထားတဲ့ ငွေနဲ့တကယ်ဒီမှာပေးရတဲ့အချိန်ကျတော့ငွေဈေးက တအားကွာသွားပြီ။ ပညာရေးပွဲတွေအတွက် ကုန်ကျစရိတ်ကိုလည်း ပိုတောင်းရတော့တာပေါ့” အထက်ပါပုဂ္ဂိုလ်ကပြောသည်။

နိုင်ငံခြားငွေတန်ဖိုးသည်ကျပ်ငွေထက်တန်ဖိုးလျော့ကျနေသော်လည်း ပြည်တွင်း၌လုပ်ငန်းလည်ပတ်မှုစရိတ် လျော့ကျခြင်းမရှိကြောင်းသိရသည်။

“အင်္ဂလန်ကိုသွားမယ့်ကျောင်းသားတစ်ယောက်ကျောင်းလခသွင်းလိုက်တယ်။ သွင်းလိုက်တဲ့အချိန်က ငွေဈေးတစ်မျိုး၊ အခု ပြည်ဝင်ခွင့်မရလို့ကျွန်တော်တို့ကကျောင်းလခ ငွေပြန်အမ်းတဲ့အချိန်မှာ ငွေက ကျပ်ရှစ်သိန်းလောက်ကွာသွားတယ်။အပေါင်ယူမယ်ဆိုရင်တော့ ကျောင်းလခသွင်းထားတဲ့အတိုင်း ပြန်ရမှာပေါ့။ မြန်မာငွေယူမယ်ဆိုရင်အရင်အတိုင်းမရနိုင်တော့ဘူး”ဟု ယူကေပညာရေးဝန်ဆောင်မှုပေးနေသူတစ်ဦးကပြောသည်။

နိုင်ငံခြားငွေတန်ဖိုးကျဆင်းနေမှုသည် ပြည်တွင်း၌ပညာရေးဟောပြောပွဲများ လာရောက်ကျင်းပနေသည့် နိုင်ငံတကာမှကျောင်းများနှင့် ပညာရေးဝန်ဆောင်မှုများကို အခက်အခဲဖြစ်စေလျက်ရှိပြီး ပညာရေးဟောပြောပွဲကျင်းပမှုများလည်း လျော့ကျလျက်ရှိကြောင်း သိရသည်။

“မြန်မာငွေဈေးမာနေတဲ့အတွက် အခုလုပ်ဆောင်နေတဲ့ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေမှာ နိုင်ငံခြားကျောင်းတွေနဲ့ ဆက်ဆံလုပ်ဆောင်နေရတဲ့အတွက်အခက်အခဲတွေတော့အနည်းငယ်တွေ့လာပါတယ်။ မြန်မာငွေနဲ့ နိုင်ငံခြားငွေကွာဟမှုရှိလာပြီး ငွေကြေးတည်ငြိမ်မှုမရှိတဲ့အတွက်ကုန်ကျစရိတ်တွက်ချက်ပေးရတဲ့အခါ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းမှုတွေအကြိမ်ကြိမ်လုပ်လာရပါတယ်။ အဲ့ဒီအတွက် ကြန့်ကြာမှုတွေ၊ အခက်အခဲတွေ ဖြစ်လာပါတယ်။ ယုံကြည်မှုပမာဏအားနည်းလာနိုင်တဲ့ အခြေအနေရောက်လာနိုင်ပါတယ်။နောက်တစ်ချက်ကတော့ တကယ်လုပ်ငန်းလုပ်ဆောင်ရမယ့် အချိန်ကာလတွေကျော်လွန်သွားပြီး အခြေအနေတစ်ခုကိုစောင့်ကြည့်နေရတာတွေပိုများလာပါတယ်။ အဲ့ဒီလိုစောင့်ကြည့်ရတဲ့အချိန်ကာလ ကြာရှည်လာတာနဲ့အမျှ လုပ်ငန်းဖြစ်မြောက်မှုအောင်မြင်မှုတွေရဲ့ပမာဏအတိုင်းအတာတွေလည်း ယုတ်လျော့လာတာတွေ့ရပါတယ်”ဟု MSIပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌဦးသက်ဝင်းနိုင်က ပြောသည်။

ယခုချိန်သည် ပြည်ပသို့သွားရောက်ပညာသင်ယူရန်နိုင်ငံခြားငွေဝယ်ယူမည့်ကျောင်းသားများအတွက်ကျောင်းလခစရိတ်များ သက်သာလျက်ရှိပြီး နိုင်ငံရပ်ခြားပညာသင်ကြားရန် ရည်မှန်းထားသူများနှင့် အလည်အပတ်သွားရောက်မည့်သူများအတွက် အခွင့်အလမ်းကောင်းဖြစ်နေကြောင်း သိရသည်။

## ပို့ကုန်ရငွေတန်ဖိုးကျ ပဲဈေးနှုန်းများ ဆက်လက်ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် -၈**

ပို့ကုန်ရငွေတန်ဖိုးနှင့်အမေရိကန် ငွေဈေးနှုန်းများကျဆင်းနေ၍ ပဲမျိုးစုံအရောင်းအဝယ်ဈေးကွက်၌ပဲဈေးနှုန်းများဆက်လက်ကျဆင်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ပဲအရောင်းအဝယ်ဈေးကွက်မှ ကုန်သည်များက ပြောသည်။

ပို့ကုန်ရငွေတန်ဖိုးမှာဇွန်လပထမပတ်အတွင်းတစ်ယူနစ်လျှင် ၉၀၀ကျပ်မှ ၈၁၅ကျပ်ထိကျဆင်း လာသကဲ့သို့အမေရိကန်ငွေဈေးမှာလည်း ၈၂၀ကျပ်ကျော်မှ ၇၇၀ ကျပ်ထိဈေးနှုန်းများကျဆင်းလာခဲ့သည်။ ပို့ကုန်ရငွေတန်ဖိုးမှာလည်း ဇွန် ၉ ရက်တွင် ၇၉၀ ကျပ်ထိကျဆင်းလာခဲ့သည်။

ထို့ကြောင့် ပဲဈေးနှုန်းများမှာလည်း အမျိုးအစားအလိုက်ဈေးနှုန်းများကျဆင်းလာခဲ့သည်။မတ်ပဲ RCမှာ တစ်တန်လျှင် ၅၈၀,၀၀၀ ကျပ်မှ ၅၂၀၀၀၀ကျပ်ထိ ၄၀,၀၀၀ ကျပ်ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်းသိရသည်။ ထို့အတူ SQRC မတ်ပဲမှာလည်း ၆၉၅,၀၀၀ ကျပ်မှ ၆၃၅,၀၀၀ ကျပ်ထိကျဆင်းလာ၍ ကျပ် ၆၀,၀၀၀ ထိဈေးနှုန်းများ ကျဆင်းလာခဲ့သည်။

ထို့ပြင် ပဲတီစိမ်းဈေးနှုန်းမှာလည်း ပိဿာချိန် ၆၀ ဝင် တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်မှ ၇၅,၀၀၀ ကျပ် ထိကျဆင်းလာ၍ ကျပ် ၂၅,၀၀၀ ကျဆင်းလာခဲ့ကြောင်းသိရသည်။

“ဈေးကျပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ပဲ။ ဈေးကျတော့ ငွေဈေးတက်လာရင် ဈေးအတက်မှန်းပြီးဝယ်တဲ့ကုန်သည်တွေလည်းရှိတယ်။ဒါပေမဲ့ အရေအတွက်အများကြီးမဟုတ်တော့ အရောင်းအဝယ်တော့တက်မလာဘူး။ ကုန်သည်တွေက ဒီနှစ်က အရှုံးများတော့ သိပ်မဝယ်ရဲကြဘူး”ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

ယခုနှစ်သည် ရာသီဥတုကြောင့် ပဲပျက်စီးမှုများပြီးပဲဈေးနှုန်းများကျဆင်းခြင်းကြောင့်ပဲစိုက်တောင်သူနှင့်ပဲကုန်သည်များအရှုံးများခဲ့ကြရသည်။ယခုတစ်ချိန်၌လည်း ငွေ ဈေးနှုန်းများကြောင့်ဈေးထပ်မံကျဆင်း၍တောင်သူများအရှုံးထပ်မံတိုးခဲ့ရသည်။ ပဲကုန်သည်များအနေဖြင့်လည်း အရှုံးများတက်လာမည်စိုး၍ ဈေးကျသော်လည်း ပဲအဝယ်များစွာတက်မလာကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

## ကန်ဒေါ်လာဈေးကျ၍ ကျောက်မျက်လက်ဝယ်ရှိသူများ အရှုံးပေါ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် -၈**

အမေရိကန်ဒေါ်လာဈေးကျဆင်းနေသောကြောင့် ကျောက်မျက်လက်ဝယ်ရှိနေသော ကုန်သည်များ အရှုံးများနေသကဲ့သို့ကျောက်မျက်ရတနာအရောင်းအဝယ်ဈေးကွက်မှာလည်း အေးနေကြောင်း ကျောက်ကုန်သည်များကပြောသည်။

“ငွေဈေးကကျနေတော့ ကျောက်က ဈေးကောင်းမရဘူး။ ဆိုင်သမားတွေကလည်းဈေးနှိမ်ဝယ်တော့သိပ်အရောင်းအဝယ်မဖြစ်ဘူး။ ငွေဈေးကျတော့ကုန်သည်တွေ အရှုံးများတယ်”ဟုကျောက်စိမ်းကို အဓိက အရောင်းအဝယ်ပြုလုပ်သော ကျောက်ကုန်သည်တစ်ဦးကပြောသည်။

နိုင်ငံခြားငွေ လဲလှယ်နှုန်းကျဆင်းနေသော်လည်းကျောက်ဝယ်လေ့ရှိသော နိုင်ငံခြားသားများမှာ ဈေးပေးရာတွင်ယခင်ပေးသောဈေးများအတိုင်းသာပေးပြီးဈေးတိုးပေး ခြင်းမရှိ၍ကျောက်ကုန်သည်များ အရှုံးများနေရခြင်းဖြစ်ကြောင်း ကျောက်ကုန်သည်တစ်ဦးကရှင်းပြသည်။

လက်ရှိကျောက်အရောင်းအဝယ်ဈေးကွက်တွင်တန်ဖိုးနည်းသောကျောက်များအရောင်းအဝယ်သိသာစွာကျသွားပြီး ပစ္စည်း အရည်အသွေးကောင်းသောကျောက်များသာ အရောင်းအဝယ်ဖြစ်နေကြောင်း ကျောက်ကုန်သည်များကပြောသည်။

“ငွေဈေးကျတော့အရောင်းအဝယ်ကအေးတယ်။ ဒါပေမဲ့တရုတ်ငွေဈေးနဲ့တွက်ပြီးချိန်ဝယ်တဲ့ကုန်သည်တွေလည်းရှိတယ်။ ဝယ်နိုင်တဲ့သူတွေပိုက်ဆံချပြီးဝယ်နေတာလည်းရှိတယ်”ဟုကျောက်ကုန်သည်တစ်ဦးကပြောသည်။

ပုံမှန်အားဖြင့်ကျောက်မျက်ရတနာပြပွဲရက်နီးလာပါကကျောက်အရောင်းအဝယ်ကောင်းလေ့ရှိသော်လည်း ယခုအချိန်တွင်ငွေဈေးနှုန်း အတက်အကျကြမ်းမှုကိုခန့်မှန်းရခက်နေ၍ကျောက်အရောင်းအဝယ်ကျဆင်းနေခြင်းဖြစ်ကြောင်း ကျောက်ကုန်သည်များကပြောသည်။

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011





CHICKEN SOUP




ခေါင်မိုးချွန်ရဲ့အောက်မှာရှိတဲ့ အခန်းငယ်ကလေးထဲမှာရှည်ရှည်ကိုင်းကိုင်းလူကြီးတစ်ယောက်ဟာ နဂိုကမှကိုင်းနေတဲ့သူ့ကိုယ်ကို ထပ်ကိုင်းပြီးသေတ္တာတွေထပ်ထားတာကို လှမ်းမယူနေတယ်။ ပြီးတော့ အပေါ်ဆုံးက သေတ္တာတစ်လုံးကို မယူသွားပြီးအလင်းရောင်ကောင်းတဲ့ ပြတင်းပေါက်နားကို သယ်သွားတယ်။ ပြီးတော့ သေတ္တာမှာ ကပ်ငြိနေတဲ့ ပင့်ကူမျှင်တွေကို လက်နဲ့ အသာအယာပွတ်သပ်ဖယ်ရှားလိုက်တယ်။ သေတ္တာအဖုံးဖွင့်သံ တကျွီကျွီမြည်လာပြီးတော့အပေါ်ဆုံးက အယ်လ်ဘမ်စာအုပ်အဟောင်းကြီးတစ်အုပ်ကို မယူလိုက်တယ်။ ဓာတ်ပုံစာအုပ်ကြီးကို ဖွင့်လိုက်ပြီးတဲ့နောက်မှာ အရင်ကတောက်ပနေခဲ့တဲ့ သူ့မျက်လုံးတွေ အရောင်ပြန်မှိန်သွားခဲ့ပြန်တယ်။

ဒီဓာတ်ပုံတွေဟာ သူ့ဘဝတစ်လျှောက်လုံးမှာတွေ့ကြုံခံစားခဲ့ရတဲ့ ချစ်ခြင်းမေတ္တာပုံရိပ်တွေကို တနည်းနည်းနဲ့ထင်ဟပ်နေတယ်။ သူရှာနေတာက သူမရဲ့ ပုံပဲတွေပဲဖြစ်ပါတယ်။ သူဟာ ကြွက်တစ်ကောင်ငြိမ်ငြိမ်ကလေးတစ်ခုခုကို ချောင်းသလိုမျိုးပုံတွေကို ရွရွကလေးရှာနေတာဖြစ်တယ်။ ရတနာသိုက်အသစ်တစ်ခုတည်းကို ချွတ်နင်းဝင်ရောက်သွားတဲ့ သူခိုးတစ်ဦးလိုပဲ အယ်လ်ဘမ်နဲ့ အယ်လ်ဘမ်ထဲမှာဖော်ပြထားတဲ့အတိတ်ကမ္ဘာလောကကြီးထဲကို သူတဖြည်းဖြည်းချင်း ဝင်မှန်းမသိဝင်ရောက်သွားခဲ့တယ်။တကယ်တော့ သူဇနီးဆုံးပါးသွားပြီးတဲ့နောက် သူ့ရဲ့ကမ္ဘာလောကကြီးကလုံးလုံးလျားလျားရပ်တန့်သွားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အရင်ကလိုအသက်ဝင်စိုပြည်တော့ခြင်း မရှိဘဲ ခြောက်သယောင်းအထီးကျန်သွားခဲ့ရတယ်။

ဖုံတွေ အလိမ်းလိမ်းကပ်နေတဲ့ဓာတ်ပုံအယ်လ်ဘမ်ကို အသာဘေးကိုချပြီး သေတ္တာထဲကနေ နောက်ထပ်စာအုပ်တစ်အုပ်ကိုဆွဲထုတ်လိုက်ပြန်တယ်။ အဲဒီစာအုပ်ကအခုအရွယ်ရောက်နေပြီဖြစ်တဲ့ သားတော်မောင် ငယ်စဉ်ဘဝကရေးထားတဲ့ဓာတ်ပုံမှတ်တမ်းစာအုပ်ကလေးဖြစ်ပါတယ်။ ဒီစာအုပ်ကို သူအရင်တုန်းက မြင်ဖူးခဲ့သလားမမြင်ဖူးခဲ့ဘူးလားဆိုတာကိုလုံးလုံးမမှတ်မိဘူး။ သူ့သားဟာ ကလေးဘဝတုန်းကဒီလိုမျိုးဓာတ်ပုံမှတ်တမ်းဂျာနယ်ကလေးလုပ်ခဲ့ပါလားဆိုတာကိုတောင်မှတ်ဉာဏ်ထဲမှာသိရှိနေခြင်းမရှိခဲ့ပါဘူး။ ဘာဖြစ်လို့ ကလေးတွေရဲ့ အမှတ်တရ ပစ္စည်းအဟောင်းကလေးတွေကို သိမ်းထားမိသလဲဆိုတာကိုလည်း သူမစဉ်းစားတတ်ဘူး။ သူစဉ်းစားမရတဲ့အတွက် ထုံးစံအတိုင်းသူ့ရဲ့ခေါင်းဖြူဖြူကို လှုပ်ယမ်းခါကာသာနေနေမိတယ်။

ဒါပေမဲ့ ဒီစာအုပ်ကလေးကို သူ အမှုမဲ့အမှတ်မဲ့ ဖွင့်ဖတ်နေမိတယ်။ ဖတ်မိနေရင်းနဲ့ တစ်နေရာမှာ စာတစ်ခုကိုသွားဖတ်မိလို့ သူ့နှုတ်ခမ်းတွေက အလိုအလျောက်ပြုံးသွားမိတယ်။ ဖတ်နေရင်းနဲ့ သူ့မျက်လုံးတွေကအရောင်ပိုတောက်လာခဲ့တယ်။ ဒီစာသားတွေက သူ့နှလုံးသားကို ထုတ်ချင်းထိချိုသာမှုတွေပေးနေလို့ဖြစ်တယ်။ ဒီစာသားတွေက ဒီအိမ်ကလေးထဲမှာ နေပြီး အလျင်အမြန်ကြီးထွားလာခဲ့တဲ့ ကလေးကလေးတစ်ယောက်ရဲ့ အသံကို ဖော်ညွှန်းနေခဲ့တယ်။ တဖြည်းဖြည်းနဲ့ နှစ်ကာလတွေကြာညောင်းလာတဲ့အခါ ဒီအသံကလေးတွေ တဖြည်းဖြည်း ဖျော့ဖျော့လာခဲ့တယ်။ ဒါပေမဲ့ ခြောက်နှစ်သားအရွယ် ကလေးငယ်ကလေးရဲ့ ရိုးသားဖြူစင်လှတဲ့ စကားသံကလေးတွေက လုံးလုံးလျားလျားမေ့လျော့ခံအတိတ်ကာလတစ်ခုဆီ သူ့ကို ပြန်လည်ခေါ်ဆောင်သွားခဲ့တယ်။ ထပ်ခိုးကလေးကတော့ သူ့ရဲ့ အသက်ရှူသံသဲ့သဲ့ကလွဲရင် လုံးဝတိတ်ဆိတ်လို့နေတယ်။

အတိတ်ရဲ့အမှတ်တရတွေထဲ တစ်ခုပြီးတစ်ခုပြန်လည်ဝင်ရောက်သွားရင်းနဲ့ သူ့မှာ ခံစားမှုတစ်ခုဖြစ်ပေါ်လာခဲ့တယ်။ မှောင်မည်းအေးခဲတဲ့ ဆောင်းတွင်းမှာတောင် ဥယျာဉ်မှူးဟာ နွေဦးရဲ့ ပန်းရနံ့ကလေးတွေကိုကြိုတင်အာရုံခံနိုင်သလိုမျိုး ခံစားမှုပဲဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နာကျင်တဲ့ခံစားချက်က ကပ်လျက်ပါလာတာ အံ့ဩစရာတော့ဖြစ်ရတယ်။ သူ့သားလေးရဲ့ ငယ်ဘဝ ရိုးရှင်းတဲ့ အမှတ်တရကလေးတွေဟာ သူကိုယ်တိုင်ရဲ့ ငယ်ဘဝနဲ့တော့ ကွာခြားလှပါကလားလို့တွေးမိပြီး ဝမ်းနည်းသလိုဖြစ်လာရတယ်။ သူအလုပ်လုပ်စဉ်တုန်းကတော့ နေ့စဉ်နေ့တိုင်း အလုပ်မှတ်တမ်းဂျာနယ်ရေးလေ့ရှိတယ်။ ဒါကိုပြန်အမှတ်ရပြီး သူ့သားရဲ့ စာအုပ်ကိုပိတ်ကာ အောက်ကိုပြန်ဆင်းဖို့ ပြင်တယ်။ ဒီစာအုပ်ကလေးကိုတော့ သူအောက်ကျရင် အေးအေးဆေးဆေးဖတ်မယ်ဆိုတဲ့စိတ်ကူးနဲ့ ယူလာခဲ့တယ်။အဲဒီအချိန်မှာ သူမှူလကရည်ရွယ်ရင်းဖြစ်တဲ့ သွားလေသူသူ့ဇနီးရဲ့ဓာတ်ပုံဟောင်းကလေးတွေရှာဖို့ ကိစ္စကို လုံးလုံးမေ့သွားခဲ့ပါပြီ။ ခေါင်မိုးကထုတ်တန်းတွေနဲ့ တိုက်မိမှာစိုးတဲ့အတွက် သူဟာကိုယ်ကိုကိုင်းပြီး ကျဉ်းမြောင်းတဲ့ လှေကားကတစ်ဆင့်အောက်ကိုပြန်ဆင်းလာခဲ့တယ်။ အဲဒီနောက်တော့ အိမ်အပေါ်ထပ်နဲ့ အောက်ထပ်ကိုကူးတဲ့ကော်ဇောခင်းထားတဲ့လှေကားကြီးဆီကိုဦးတည်လိုက်ပြီးညှော်ခန်းထဲကိုဆင်းလာခဲ့တယ်။ ညှော်ခန်းထဲကိုဝင်ဖို့မှန်တံခါးကို တွန်းဖွင့်လိုက်ပြီး သူ့အလုပ်စားပွဲမှာ ဝင်ထိုင်ကာ သူရေးခဲ့တဲ့ အလုပ်မှတ်တမ်းဂျာနယ်အဟောင်းတစ်စောင်ကို ကောက်ဖတ်နေလိုက်တယ်။ ညှော်ခန်းထဲမှာ ပဲ သူ့အလုပ်စားပွဲရှိတယ်။ သူ့စားပွဲကအကောင်းစား လယ်သာအဖုံးနဲ့ သူ့နာမည်ကို ရွှေပြားပေါ်မှာ ကျကျနန ထိုးထွင်းထားတယ်။ ဘေးနားမှာ သူ့သားရဲ့ စာကျက်စားပွဲဟောင်းကလေးကိုယှဉ်ပြီး ထားတယ်။ အဲဒီစားပွဲကလေးမှာလည်း သူ့သားရဲ့ နာမည်ဂျင်မီဆိုတာကို ထိုးပေးထားတယ်။ သူ့စားပွဲပေါ်မှာ ခုနက ကောက်ဖတ်ခဲ့တဲ့ မှတ်တမ်းစာအုပ်နဲ့ ဂျင်မီလို့ အဖုံးမှာ နာမည်ထိုးထားတဲ့ သူ့သားရဲ့ စာအုပ်ကို ဘေးချင်းယှဉ်ပြီး ချထားတယ်။ သူရဲ့ အိုမင်းရွတ်တွနေတဲ့ လက်ချောင်းရှည်ရှည်တွေနဲ့ ဝါကျင့်ပြီး ပိုးပေါက်ကလေးတွေ ပါရှိနေပြီဖြစ်တဲ့ ဒီစာအုပ်တွေကို ပွတ်သပ်နေတယ်။ ဒီလိုပွတ်သပ်လိုက်ရင်ဒီစာအုပ်တွေဟာ အချိန်ကာလနဲ့အဖြစ်အပျက်တွေကို နောက်ကြောင်းပြန်ပြန်လည်ဖြတ်သန်းပြီး အသစ်ဘဝကို ပြန်ရောက်သွားမယ့်ပုံမျိုးနဲ့ သူပွတ်သပ်နေတာဖြစ်တယ်။

နောက်တော့ စာအုပ်တစ်အုပ်ကို သူဖွင့်ပြီး ကြုံရာစာမျက်နှာကနေ သူ့ဖွင့်ဖတ်တယ်။ တစ်နေရာအရောက်မှာတော့ သူမျက်လုံးပြူးသွားခဲ့တယ်။ အဲဒီစာမျက်နှာမှာက တခြားစာမျက်နှာတွေလိုလုပ်ငန်းအကြောင်းတွေ အများအပြားရေးထားတာမရှိဘူး။ ခပ်တိုတိုပဲ ဒီလိုရေးထားတယ်လေ။

'ဒီနေ့အလုပ်မဖြစ်၊ ဂျင်မီနဲ့ တစ်နေကုန်ငါးမျှားထွက်နေရသည်။ ငါးလည်းတစ်ကောင်မှမဖမ်းမိ'လို့ ရေးထားတဲ့စာမျက်နှာပါ။ အဲဒီရက်စွဲကို မှတ်ထားပြီးသူ့သားရဲ့ မှတ်တမ်းမှာ အဲဒီရက်စွဲကို ရှာကြည့်မိတယ်။ ရက်စွဲက ဇူလိုင်လလေးရက်နေ့တဲ့။ အဲဒီရက်စွဲနဲ့ စာမျက်နှာကိုတွေ့တယ်။ ကလေးလက်ရေးအလုံးကြီးကြီး မညီမညာတွေနဲ့စာရွက်ကိုအတင်းဖိပြီး အခုလိုရေးထားတဲ့ စာမျက်နှာကို တွေ့ရတယ်။ 'ဖေဖေနဲ့ ငါးမျှားထွက်။ ဒီနေ့ အပျော်ဆုံးနေ့ပဲ။'

*Ref: A story from To a Child LOVE is Spelled T-I-M-E*




တစ်နေ့တွင် မြို့ထဲသို့ကိစ္စများက စုံနေသဖြင့် တက္ကစီကားဖြင့် သွားဖြစ်ခဲ့သည်။ ထိုအခါ တက္ကစီမောင်းသူနှင့် စကားစမြည်ပြောကြရင်း နိုင်ငံခြားရောက်သွားသည်။ သူကစပြောပါသည်။

"ပညာတတ်တဲ့သူတွေနိုင်ငံခြားအလုပ်သွားလုပ်တာကိုတော့ အားပေးတယ်။ ပညာမတတ်ဘဲ သွားအလုပ်လုပ်တာတော့ အားမပေးဘူးဗျ"ဟုဆိုလာသည်။ အကြောင်းရင်းကို ဆိုစမ်းဦးဟု သူ့အထင်အမြင်ကိုသိလို၍မေးလိုက်ပါသည်။ "လွန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့ သူငယ်ချင်းတစ်ယောက်၊ သင်တန်းတွေ ဘာတွေတက်ပြီး နိုင်ငံခြားသွားတာ၊ ဟိုရောက်တော့ လမ်းဘေးမှာ သန့်ရှင်းရေးဝန်ထမ်းလုပ်နေရတယ်တဲ့။ ရတာနဲ့လည်း မကာမိဘူး။ ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်နဲ့ မင်းသားလေးလိုနေလာတဲ့အကောင်၊ ပညာမတတ်ဘဲ သွားတာ ဟိုရောက်တော့ လမ်းဘေးဝန်ထမ်းဆိုတော့ ဘာအလုပ်ဖြစ်မှာလဲ ကိုယ့်နိုင်ငံ ကိုယ်နေပြီး အလုပ်လုပ်နေတာကမှ အကျိုးရှိဦးမယ်။ မိသားစုနဲ့လည်း ဥမကွဲ သိုက်မပျက်နေလို့ရတယ်။ သူသင်တန်းတွေ တက်နေတဲ့အချိန်က ကျွန်တော်လည်း ကိုယ်ပိုင်ကား မရှိသေးဘူး။တက္ကစီဆွဲပြီး ရှန်းကန်နေရတာ။ အခု သူက နိုင်ငံခြားပြန်၊ ကားတစ်စီးတောင်မပိုင်ရှာဘူး။ ဒီမှာနေရင်းကြိုးစားလည်း ရတာပါပဲ။ ကျွန်တော်က တက္ကစီတစ်စီးတောင်ပိုင်နေပြီ" ဟု သူ့အမြင်ကို ဂုဏ်ယူဝံ့ကြွားစွာ ပြောပြသည်။

စပ်မိ၍ ဆိုရပါဦးမည်။ လွန်ခဲ့သော ရှစ်နှစ်ခန့်က စာရေးသူတို့ နယ်က ကောင်လေးတစ်ဦး၊ ဆယ်တန်းစာမေးပွဲအောင်ချိန် နိုင်ငံခြားသွားပြီး အလုပ်လုပ်ချင်လှသည်ဆိုသဖြင့် သူ့မိသားစုကဟုတ်သည်အထင်နှင့်နိုင်ငံခြားကို အလုပ်သွားလုပ်စေသည်။ ထိုအချိန်က ၁၂သိန်းလောက် အကုန်ကျခံနိုင်လျှင် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်နိုင်သောအခြေအနေဖြစ်သည်။ ထိုကောင်လေး၏ မိသားစုက သားကိုအလိုလိုက်ပြီး လွှတ်လိုက်ခြင်းသာဖြစ်သည်။ သို့သော် သူတို့သားသည် သူတို့ထင်သည်နှင့်ပါစင်အောင်လွဲလေတော့သည်။ သူများ သားသမီးအလိမ္မာများက တစ်လကို နှစ်သိန်းသုံးသိန်းခန့် ပို့နေကြသော်လည်း သူတို့သားမှာ ငွေမပို့နိုင်သည့်အပြင် သူမိဘများကပင် တစ်လလျှင် တစ်သိန်းပြန်လည်ပို့ကြရသည်ဟူ၏။

တစ်နှစ်ကျော်ကျော်လောက်ရောက်လာသောအချိန်တွင် ခဏခဏငွေပို့နေရသောကြောင့်နိုင်ငံခြားမှာ သူတို့သားလေးဒုက္ခရောက်နေပြီအထင်နှင့် ဆက်စပ်စုံစမ်းကြရတော့သည်။ ထိုအခါ စာရေးသူ မုံရွာရောက်ခိုက်နှင့် ကြုံသဖြင့် ကောင်လေးမိဘများက လာပြီး မေးမြန်းကြသည်။ စာရေးသူနှင့်ခင်မင်သော လူငယ်အချို့လည်း နိုင်ငံခြားတွင် အလုပ်လုပ်နေကြရာ သူတို့သားကို သိလိုသိငြားအဆက်အသွယ်ရရန် သူ့မိဘများက အကူအညီတောင်းလေသည်။ မိခင်ဖြစ်သူမှာ သူတို့သားလေးကို ဘယ်၍ဘယ်မျှ ချစ်ကြောင်း၊ အိမ်မှာအလုပ်ပင်မလုပ်ဖူးကြောင်း သားချစ်ရာဇဝင်ကို ဇာတ်စုံခင်းပြနေကြလေ၏။ စာရေးသူလည်းမနေနိုင်လှသည်နှင့် အသိလူငယ်များထံသို့ထိုကောင်လေးကို ရှာပြီး သူ့မိဘများ စိတ်ပူနေကြောင်း အဆက်အသွယ်လုပ်စေလိုကြောင်း စသည်ဖြင့် စာတစ်စောင်ရေးပေးလိုက်သည်။ နိုင်ငံခြားတွင်ရှိသော လူငယ်များက ထိုကောင်လေးမှာ စာရေးသူနှင့်ပတ်သက်သော မိတ်ဆွေများ၏ သားသမီးဖြစ်လိမ့်မည်ဟု ထင်မှတ်ပြီး စုံစမ်းကြရာ ထိုကောင်လေးအခြေအနေမဟန်သဖြင့် မြန်မာလူငယ်အချင်းချင်း ငွေစုပြီး မြန်မာပြည်သို့လေယာဉ်ဖြင့် တင်ပေးလိုက်ကြသည်။ အသိလူရွယ်များ နိုင်ငံခြားမှ ပြန်လာသည့်အခါ ပြောပြသဖြင့် ကြားသိရသည်မှာ လက်ဖျားခါရတော့သည်။ ဆယ်တန်းအောင်ပြီးသော၊ အိမ်မှာ ဖူးဖူးမှုတ်၍ ထားရသော တစ်အိမ်လုံး၏ အသည်းကျော်မောင်ကျောင်းသားမှာ အဘယ်မှာလျှင် သူ့မိဘများအိမ်သို့ ငွေပြန်ပို့ပေးနိုင်တော့မည်နည်း။ သူအလုပ်လုပ်သော နိုင်ငံတွင် နိုင်ငံခြားရှိအသွေးစား အသားစားအပျော်မယ်များနှင့် တဏှာရမ္မက်ကျူးကာ ပျော်မြူးနေခြင်းကြောင့် ရလာသော လစာကိုလည်း အိမ်သို့ မပို့နိုင်ဘဲ သူ့အိမ်ကပင် တစ်လတစ်သိန်းပြန်ပြီး ပို့ပေးနေရခြင်းဖြစ်သည်ဟုသိရသည်။ ထို့ကြောင့် နိုင်ငံခြားမှာ အလုပ်လုပ်လိုလျှင် ပညာတတ်စေချင်ပါသည်။ ပညာတတ်၍ သွားရောက်အလုပ်လုပ်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်တက်စေသည်။ ဥစ္စာဓနလည်းတိုးပွားစေပါသည်။ သွားရောက်နေထိုင် အလုပ်လုပ်ရသဖြင့်လည်း အကျိုးရှိလေသည်။ အမိနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေလည်း တိုးစေပါသည်။

ထပ်မံဆိုခြင်းသေးသည်မှာ နိုင်ငံခြားသွားရောက် အလုပ်လုပ်ကိုင်ကြသူ အများစုတွင် နှစ်မျိုးရှိသည်။ ငွေရေးကြေးရေး သီးသန့်အတွက် အလုပ်လုပ်သူ၊ ငွေရေးကြေးရေးအပြင် မိမိအတတ်ပညာကို အသုံးချလို၊ အတတ်ပညာအသစ်တတ်မြောက်လိုသဖြင့် သွားရောက်သူဟုရှိရာ အတတ်ပညာဖြင့် အသက်မွေးလိုခြင်းကြောင့် သွားရောက်ကြခြင်းကို အားပေးပါသည်။ ငွေကြေးတတ်နိုင်သဖြင့် ပညာသင်သွားရောက်ကြခြင်းကိုလည်း အထူးအားပေးပါသည်။ ယခုခေတ်စားနေသော ကိုရီးယားဇာတ်လမ်းတွဲများတွင် သူတို့နိုင်ငံမည်မျှပင်တိုးတက်စေကာမူ"နိုင်ငံခြားသွား၍ ပညာသင်ကြားခြင်း" ကို ဇာတ်ကားတိုင်းလိုလိုမှာ တွေ့မြင်နိုင်ပါသည်။ သီးသန့်သန့်ဖြင့် အတတ်ပညာမပါဘဲ သူတို့ ခိုင်းတာလုပ်၊ ပေးတာယူအဆင့်မျှဖြင့် အားမပေးလိုပါ။ အမိနိုင်ငံတွင်လည်း အဆင်ပြေစွာစားသောက်နေထိုင်၍ ရနိုင်ပေသည်။

စာရေးသူသိသော နိုင်ငံခြားသွား အလုပ်သမားအချို့အကြောင်းကို ပြောပြလိုသည်။ သူတို့သားလေးနိုင်ငံခြားသွားရောက်၍ အလုပ်လုပ်နိုင်ရန် သင်တန်းတွေ တက်ရသည်။ နှစ်လကြာသည်။ အဆင်မပြေ၍ ငွေအတိုးချေးဖြင့် ငွေများများရင်းနှီးကြရသည်။ အချိန်ကျလျှင် နိုင်ငံခြားသွားရောက်အလုပ်လုပ်ကိုင်ကြရသည်။ အလုပ်ပါမစ်ဖြင့် သွားသည်ဟု ဆိုသည်။ ပို့သမျှငွေလေးကို အတိုးဖြင့်ယူထားသော ငွေအတွက် ပြန်လည်ပေးဆပ်ကြရသည်။ တစ်နှစ်ကျော်လျှင် အတိုးရော အရင်းပါ ကျေအောင်ဆပ်နိုင်သည်။ ဝမ်းသာစရာပင် ဖြစ်သည်။ သို့သော် မိဝေးဖဝေးဖြင့် သွားရောက်လုပ်ကိုင်နေရသူများက ပေးပို့သော ငွေကြေးကို စုဆောင်းပြီး ဆုပ်ကိုင်ထားသူများရှိသလို အရင်းအနှီးပြု၍ တိုးပွားအောင် ကြိုးစားအားထုတ်ကြသူများလည်း ရှိသည်။ ထို့ပြင် သားတော်မောင် နိုင်ငံခြားမှာ အလုပ်လုပ်နေတာလေ" ဟု ဘဝင်လေဟပ်ပြီး သနပ်ခါး အဖွေးသားနှင့် ထိုင်ဖြုန်းနေသူများလည်း တွေ့ရသေးသည်။ သားမောင်ပြန်လာတော့ ထိုင်သုံးဖြုန်းထားသည့်အတွက်ပြစရာငွေစ လုံးဝမရှိတော့။ လုပ်ကိုင်စားသောက်စရာ အရင်းအနှီးလည်း မရှိတော့ပေ။ ပတ်ဝန်းကျင်တွင် နဂိုအတိုင်း မျက်နှာငယ်လေးဖြင့် နေနေရသူမျိုးများကိုလည်း တွေ့ရပြန်သည်။

စာ(၄၈) သို့

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ကျော်လွန့်ပစ်သောကွက်လပ်များ

**စိုးညွန့်ဝေ(လှိုင်ကော်)**

မြန်မာ့ရုပ်မြင်သံကြားမှ စနေနေ့တိုင်း ထုတ်လွှင့်သော 'ဂီတတံခါးလေးဖွင့်ပါဦး' အစီအစဉ်ကို စောင့်ကြည့်ဖြစ်ပါသည်။ ကျွန်တော် အထူးသဘောကျမိတာကတော့ ကလေးများအတွက် အထူးအစီအစဉ်ကိုပဲ ဖြစ်သည်။ ဝင်ရောက်သီဆိုယှဉ်ပြိုင်ကြသော ကလေးငယ်များမှာ မွေးကတည်းက သီချင်းဆိုဖို့ မွေးလာသလားထင်ရလောက်အောင်တော်ကြပါပေသည်။ အသံနေ အသံထား၊ အဆွဲအငင်၊ အရှိုက်အပင့်၊ ဟန်အမူအရာတွေက တော်ရုံလူဖျားလောက်သည်မျိုး။ သူတို့လေးတွေ၏သီဆိုပုံ၊ ချစ်စဖွယ်ဟန်အမူအရာလေးတွေကိုကြည့်မိရင်းက အတွေးပေါက်လာတာလေးတစ်ခုကို တင်ပြချင်မိပါသည်။ စိတ်မသက်မသာတွေးမိခြင်းဖြစ်ပါသည်။ ကလေးတွေ၏ ဆိုဟန် အမူအရာလေးတွေကိုပြောလိုခြင်းမဟုတ်ပါ။ သူတို့ သီဆိုကြသည့်သီချင်းများအကြောင်းဖြစ်ပါသည်။ သိကြသည့်အတိုင်း ကလေးများ သီဆိုနေကြသည်မှာ ကလေးသီချင်းရယ်ဟု မဟုတ်ပါ။ လူကြီးတွေက လူကြီးတွေဆိုဖို့ ရေးထားသော အချစ်၊ အလွမ်း၊ အသည်းကွဲခံစားမှုသီချင်းတွေချည်းဖြစ်နေခြင်းဖြစ်သည်။ ကျွန်တော် ကလေးဘဝကတော့ လူကြီးသူမရှေ့တွင် "ချစ်ပင်ချစ်မိုး ချစ်လိုက်ပါတဲ့မေ"တို့၊ "ချစ်စရာကောင်းသူလေးရယ် ×× မောင့်စိတ်ထဲမှာ စွဲလွန်းတယ်" တို့ ခပ်တည်တည်မဆိုရဲခဲ့ပါ။ မသင့်တော်ဟု ခံယူမိသည်က တစ်ကြောင်း၊ ရှက်စရာဟု အလိုလို ခံယူမိသည်ကတစ်ကြောင်းကြောင့်ဖြစ်ပါသည်။ ဤသို့ဆို၍ ယနေ့ကလေးများအား အပြစ်တင်လိုခြင်းမဟုတ်ပါ။ သူတို့မှာ ထိုလူကြီးသီချင်းတွေမဆိုဘဲ ဘယ်သီချင်းကိုဆိုရပါအံ့နည်း။ ကလေးတွေဆိုဖို့ သက်သက်ရေးထားသော ကလေးသီချင်းရယ်လို့ ရှိမှမရှိတာကလား။ ထိုအခါ လူငယ်တွေအတွက် မျိုးဆက်သစ်တွေ အတွက်ဟုကြွေးကြော်နေသောကျွန်တော်တို့ လူရွယ်၊ လူကြီးများမှာ တကယ်ရော ကလေးတွေအတွက် လုပ်ပေးဖြစ်ပါရဲ့လားဟု တွေးမိခြင်းဖြစ်ပါသည်။

အမှန်က ပြန်စဉ်းစားကြည့်လျှင် ကျွန်တော်တို့ ငယ်စဉ်ကလည်း ကိုယ့်အရွယ်နှင့် ကိုက်ညီမည့်ဆိုစရာသီချင်းမရှိသလောက်ရှားခဲ့သည်ပင်ဖြစ်ပါသည်။ အဆိုတော်လေး၏ 'ကျွန်တော့် ရည်မှန်းချက်' လို သီချင်းမျိုးကလွဲရင် မိဘဘိုးဘွားရှေ့၌ အော်ဆိုရဲစရာများမရှိပါ။ ကွယ်ရာမှာတော့ "ခက်ဝန်းလျက်ရံကာ ××× ပြာကျအောင် မွဲမှာလည်း မစိုးရိမ်ပါတယ်၊ ညီမငယ်လေးရယ်"တို့၊ "သူ့မျက်နှာ ကျွန်တော့်အသည်းစွဲနေတယ်။ သူသာကျွန်တော့်ဘဝ၊ သူသာကျွန်တော့်ရဲ့ကမ္ဘာ"တို့၊ "ကလေးဆန်လွန်းသူ အမိုက်ကလေးကိုမှ ကျွန်တော်က ချစ်မိနေပါတယ်" တို့ ဟဲကောင်းကောင်းနှင့် ဟဲခဲ့သည်သာဖြစ်ပါသည်။

သို့သော် ခံစားချက်ရယ်လို့ ဟုတ်ဟုတ်ငြားငြားမရှိခဲ့ရိုးအမှန်ပါ။


ဟုတ်ပါသည်။ သုံးလေးတန်းအရွယ် ကလေးက "သူသာကျွန်တော့်ဘဝ၊ သူသာ ကျွန်တော့်ကမ္ဘာ"ဆိုတာမျိုး ဘယ်နားလည်မည်နည်း။ ယခုတော့ ငါးနှစ်၊ ခြောက်နှစ်အရွယ်(တချို့ကျောင်းတောင်မနေသေး) ကလေးလေးတွေက စင်ပေါ်တက်ပြီး ခံစားချက်အပြည့်ဖြင့် ချစ်ပြ၊ လွမ်းပြ၊ ဆွေးပြ၊ အသည်းကွဲပြနေကြလေရာ ကျွန်တော့်မှာ သူတို့လေးတွေ၏မိဘများကိုယ်စား မဆီမဆိုင် မျက်နှာပူနေမိပါသည်။

ဤသို့ဆိုလျှင် ကလေးတွေကို 'တံတျာ'တို့၊ 'သီတာ၊ သာယာ၊ ထွေတလာ'တို့ပဲဆိုခိုင်းရမည်လား။ မဟုတ်သေးပါ။ မဟာဂီတတွေကြည့်ပြန်တော့လည်း တောဘွဲ့၊ တောင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့တွေ အများစုပင် မဟုတ်ပါလား။ "ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံး သာပလေး"တို့၊ "လွမ်းသလေ မောင်ကြီးယိုလာယီး" တို့ဆိုတော့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ငါးနှစ်မှ ဆယ်နှစ်တန်းပြိုင်ပွဲဝင် ကလေးများအတွက် သီချင်းများ ပြဋ္ဌာန်းရသည့် ပညာရှင်ကြီးများ တော်တော်ခေါင်းစားကြမှာ သေချာပါသည်။

ကျွန်တော်သည် ကလေးစိတ်ပညာကိုတတ်ကျွမ်းသူမဟုတ်ပါ။ သို့သော် ကလေးတွေ နှလုံးသားရိုင်းပျနေပြီဟု ကျွန်တော်တို့ မကြာခဏရေးကြ၊ ပြောကြသည်မှာ လူကြီးတွေရဲ့တာဝန်ရောကင်းရဲ့လားဟု ပြန်စဉ်းစားရပြန်ပါသည်။ 'မေတ္တာဖျန်းမှ လန်းဆန်းမယ်သာယုံ'ဟူသောသီချင်းမျိုးမှသည် 'ငါမင်းကို သတ်ချင်တယ်' ဟူသောသီချင်းမျိုးအထိ ဖန်တီးခဲ့သည်မှာ လူကြီးတွေသာဖြစ်ပါသည်။

ဤတွင် ဆရာကြီးမင်းသုဝဏ်လို ပုဂ္ဂိုလ်မျိုးကျတော့ စာပေတာဝန်၊ အထူးသဖြင့် ကလေးများအတွက် ယခုတိုင် တာဝန်ကျေနေဆဲဆိုတာကို ဆရာကြီး၏ 'ဆွမ်းအုပ်နီနီ'တို့၊ 'သပြေသီးကောက်'တို့၊ 'ဇာလီပျော်တဲ့ကျောင်းသင်္ခမ်း'တို့က သက်သေပြနေဆဲဖြစ်ပါသည်။ ယနေ့ခေတ်တွင်လည်း ကလေးများအတွက် ထုတ်ဝေသော စာစောင်၊ မဂ္ဂဇင်းတွေ၊ ရုပ်ပြကာတွန်းတွေ ထွက်ရှိနေဆဲ ဖြစ်ပါသည်။ သို့သော် တကယ်တမ်းကျတော့ ကလေးများ၏အသိနှင့် နှလုံးသားကိုယဉ်ကျေးထက်မြက်အောင် လုပ်ပေးဖို့ အာရုံစိုက်မိကြရဲ့လားဟု စဉ်းစားစရာဖြစ်ပါသည်။

ယခုအခါ ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ သူငယ်တန်း၊ ပထမတန်းအရွယ် ကလေးများသည် အသည်းကွဲခြင်း၊ လွမ်းဆွေးခြင်းများနှင့် မစိမ်းတော့ပါ။ ပါးစပ်ကမြိန်ရေရှက်ရေ တရင်းတနှီးအော်ဆိုနေကြပြီဖြစ်ပါသည်။ သီချင်းဆိုရုံသက်သက်မဟုတ်ဘဲတကယ့်ခံစားမှုအစစ်ကိုရလို၍ တကယ်အသည်းကွဲချင်၊ လွမ်းဆွေးချင်လာမည်ကိုသာ စိုးရိမ်ရပါသည်။ သဘင်သည်၊ သူရူးနှင့် ကလေးများ၏ နှုတ်ထွက်စကား အမှန်တကယ်ဖြစ်ပါသည်ဆိုလျှင် မကြာမီအချိန်အတွင်း ဒန့်ကျွဲပင်ပုခက်ဆင်သည့်ခေတ်ကို ရောက်လာလေမလားဟု ရင်မောနေရပါလေပြီ။ ကလေးများ၏အပြစ်မဟုတ်ပါ။ ကျွန်တော်တို့သည် ကွက်လပ်စာမျက်များကို ကျော်လွန်ခဲ့၍သာဖြစ်ပါသည်။ ။





JOKE

## တစ်နေ့ သုံးခါရေစိမ်ပါ

သတို့သားနှင့် သတို့သမီးစုံတွဲသည် လက်ဝတ်ရတနာဆိုင်တစ်ဆိုင်တွင် လက်ထပ်လက်စွပ်ကို ရွေးချယ်လိုက်ကြပြီးနောက် သတို့သမီးက ပလက်တီနမ်နှင့်စိန်ပေါင်းစပ်ထားသော လက်စွပ်လေးကိုကြည့်ပြီး ကြည်နူးနေရာမှ ရုတ်တရက် စိတ်ပူသွားပုံပေါ်လာကာလက်စွပ်ရောင်းချသူဦးလေးကြီးအား "ကျွန်မ ဒီလက်စွပ်ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ ဘာတွေများ ထူးထူးခြားခြားလုပ်ရမလဲ ဦးကြီးရယ်"ဟု မေးလိုက်ပါသည်။

လက်စွပ်ရောင်းသူ ဦးလေးကြီးကလည်း ဖခင်တစ်ဦးလို ပြုံးလိုက်ပြီး "လက်ထပ်လက်စွပ်ကို အကောင်းဆုံးကာကွယ်နည်းကတော့ လက်စွပ်ကို တစ်နေ့သုံးကြိမ် ပန်းကန်ဆေးရည်ထဲ စိမ်တာပဲကွဲ့"ဟု ဆိုလိုက်ပါသည်။ (အိမ်မှုကိစ္စများကို ဂရုတစိုက်နိုင်နင်းအောင်လုပ်ပါဟု ဆိုလိုခြင်း)

# မနက်ဖြန်များစွာ၏ သည်နေ့

**ရိုးကျော်**

သည်နေ့ ၁၀ တန်းအောင်စာရင်းထွက်သည်။ အောင်သူများ ပျော်ကြသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကကျွန်မတို့လည်းသည်အရသာကို ခံစားခဲ့ဖူးသည်။ ပြုံးကြသည်။ ပျော်ကြသည်။ ကျွတ်ပြီ၊ လွတ်ပြီဟုအော်ကြဟစ်ကြသည်။တစ်နှစ်လုံး စိတ်ရောလူပါ ဝိုင်းဝန်းအပင်ပန်းခံ၊ ကရိကထခံပေးကြသည့်မိဘတွေရဲ့ မျက်နှာတွေမှာ အပြုံးကိုယ်စီဆင်မြန်းကြရသည့် ကြည်နူးဖွယ်နေ့တစ်နေ့ဖြစ်သည်။

လွန်ခဲ့သည့်ဆယ်နှစ်ကိုပြန်အမှတ်ရမိသည်။ ကိုယ်နှင့်အတူ ၁၀ တန်းအောင်ကြသည့် သူငယ်ချင်းများနှင့် အတူ တစ်ခါဖူးမှ မရဘူးသည့်မုန့်ဖိုးများများစားစားကိုကိုင်ကာ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ စားကြ၊ သောက်ကြရင်း ၁၀ တန်း အောင်မြင်ခြင်းရဲ့အရသာ၊ မနက်အစောကြီးထကာ အောင်စာရင်း ဆိုင်းဘုတ်ကြီးဆီ တိုးဝှေ့ကြည့်ရသည့် လတ်တလော အရသာကို ပြန်ပြောင်းပြောဆိုကြသည်။

၁၀ တန်းအောင်ခြင်းနှင့် ကျရှုံးခြင်းကြားမှ အလွှာပါးပါးလေးက သူငယ်ချင်းများအကြား ခြားနားချက်တစ်ခုဖြစ်ခဲ့သည်။ ၁၀ တန်းအောင်တဲ့နေ့က မိမိကိုယ်ကို "ငါလူကြီးဖြစ်ပြီ"ဆိုတဲ့အတွေးကို ချက်ချင်းသိသိသာသာ ခံစားခဲ့ရသည်။ တက္ကသိုလ်ဆိုတဲ့ အိပ်မက်ကို လက်တွေ့ အကောင်အထည်ဖော်ဖို့ အစီအစဉ်တွေ ချနိုင်ပြီဖြစ်တဲ့နောက်ပိုင်း သူငယ်ချင်းအချင်းချင်း ပြောကြ၊ ဆိုကြသည့် အကြောင်းအရာအများစုက မေဂျာရွေးချယ်ဖို့၊ အလုပ်ခွင်ဝင်ဖို့ ဆိုတဲ့အကြောင်းများဖြစ်သည်။

အဲဒီအချိန်က ၁၀ တန်းအောင်သော်ငြားလည်း ဆက်လက်တက်ရောက်ဖို့အတွက် အတတ်ပညာတစ်ခုသင်သောသင်တန်းများမရှိသည့် မိမိတို့မြို့တွင် မိမိတို့ကိုယ်စီ ရည်မှန်းချက်များက အလုပ်တစ်ခုလုပ်ကာ၊ အဝေးသင်တက်ရန်ဖြစ်သည်။ သူငယ်ချင်းအချင်းချင်း ဘဝရည်မှန်းချက်ကိုယ်စီကို အပြန်အလှန် တိုင်ပင်ကြသည်။

"နင် ဘာဆက်လုပ်မှာလဲ"

"ငါကတော့ဌာနမှာ အလုပ်ရအောင်လိုက်မယ်"

လွန်ခဲ့သော ဆယ်နှစ်ခန့်၊ ၁၀ တန်းအောင်ပြီးစက မိမိမေးဖူးသော မေးခွန်းများနှင့် သူငယ်ချင်းအချို့ ဖြေခဲ့ဖူးသော အဖြေများဖြစ်သည်။ အခုအချိန်မှာ အဲဒီသူငယ်ချင်းတွေနဲ့ မိမိပြန်မဆုံဖြစ်တော့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သည်။ ကိုယ် မျှော်မှန်းရာဘဝကိုယ်စီမှာ ခံယူချက်အသီးသီးနဲ့ ရှင်သန်လှုပ်ရှားနေကြပြီဖြစ်သည်။ တစ်ချိန်က ဖြစ်ချင်ခဲ့သောအလုပ်အကိုင်နေရာများတွင် ဂုဏ်နှင့်ဒြပ်နှင့် ရာထူးဌာနန္တရ အသီးသီးဖြင့် လူနေမှုအဆင့်မြင့်မားနေကြပြီ။ စိတ်နေမှုအဆင့်ကသာ ဘယ်လိုဘယ်ပုံရှိနေသည်က (မတွေ့တာ ကြာပြီဖြစ်သဖြင့်)မသေချာ။

အချို့သူငယ်ချင်းများက သူတို့ကြိုက်နှစ်သက်သော၊ ဝါသနာထုံသောဘာသာရပ်များကို သင်ယူရင်း ဝါသနာပါသည့်အလုပ်အကိုင်များဖြင့် ဘဝကို ဖြတ်သန်းလျက်ရှိကြပြန်သည်။ သူတို့အတွက် သူတို့ ရွေးချယ်လိုက်သည့် အလုပ်က ငွေမဟုတ်။ သူတို့အလုပ်က သူတို့၏ဂုဏ်သိက္ခာဖြစ်သည်။ သူတို့ လုပ်နိုင်စွမ်းရှိသလောက် လုပ်ကိုင်ကာ တိုင်းပြည်နဲ့လူမျိုးအတွက် အထောက်အပံ့ဖြစ်စေရမည်ဆိုသည့်စိတ်ကူးစိတ်သန်းမျိုးဖြင့် အစိုးရဝန်ထမ်းဘဝကို ခုံခုံမင်မင်လုပ်ကိုင်လျက်ရှိသည့် သူငယ်ချင်းများကရော အခုအချိန်မှာ အရင်တုန်းက ခံယူချက်မျိုး ခိုင်မာနေဆဲပဲလားဟု တွေးမိသည်။ ဒါက လွန်ခဲ့သည့် ဆယ်နှစ်က ၁၀ တန်းအောင်ခဲ့သည့် ကျွန်မတို့ မျိုးဆက်အချို့၏ ခံယူချက်အချို့ဖြစ်သည်။



၁၀ တန်းရောက်သည်အထိ ကျောင်းစာ၊ ကျူရှင်စာနှင့် အိမ်စာများကြားတွင် လုံးပန်းခဲ့ရသောသူများသည်လည်း အခုအချိန် ၁၀ တန်းအောင်ချိန်တွင် စိတ်လွတ်ကိုယ်လွတ် ပေါ့ပါးစွာနေနိုင်ပြီဖြစ်သည်။

စာ(၄၀) သို့

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊
အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဉက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊
ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊
မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂျစ်တစ်-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။
**ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL
Vol.10, No.13 · JUNE 16, 2011

## ယူရီးယားဓာတ်မြေဩဇာ ပင်ရင်းဈေးနှုန်းထက် ပြင်ပတွင် နှစ်ဆခန့်ဈေးမြင့်

**ထူးသန့်**

**နေပြည်တော်၊ ဇွန် - ၁၀**

လယ်သမားများ ဝယ်ယူသုံးစွဲနေရသည့် ယူရီးယား ဓာတ်မြေဩဇာ တစ်အိတ်၏ဈေးနှုန်းမှာ စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးရောင်းချသည့် ပင်ရင်းပေါက်ဈေးထက် နှစ်ဆခန့်ရှိနေကြောင်း နေပြည်တော်ရှိလယ်သမားအချို့နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။



ပြည်ပနိုင်ငံတစ်ခုတွင် စပါးခင်းကို ဓာတ်မြေဩဇာပက်ဖြန်းနေသူတစ်ဦးအားတွေ့ရစဉ်

လက်ရှိဓာတ်မြေဩဇာဈေးကွက်အတွင်း ဝယ်ယူရရှိရန် ခက်ခဲလျက်ရှိသောအခြေအနေနှင့် ပတ်သက်၍ ပိတောက်ချောင်ကျေးရွာရှိလယ်သမားကြီးတစ်ဦးက "ယူရီးယား(ပုလဲ)က ဝယ်ရခက်နေတယ်။ ဈေးကွက်ထဲမှာလည်း ရှားပါးနေပြီး အတုတွေသာပေါနေတယ်။ ဈေးနှုန်းဆိုရင်လည်း ၂၈,၀၀၀ကျော်ပြီး အကြွေးဆိုရင်သုံးသောင်းအထိရှိနေတယ်။ ဒါတောင် လိုချင်သလောက်မရဘူး"ဟု ပြောဆိုသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ယခုလ ၇ ရက်က ပြုလုပ်ခဲ့သော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲ၌ စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင်က ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရာတွင် တစ်တန်(အိတ် ၂၀)လျှင် ငါးအိတ် အပိုဆောင်းပေးကြောင်း ထို့ကြောင့်တစ်အိတ်လျှင်၁၄,၀၀၀ ကျပ်ခန့်သာကျသင့်ကြောင်းထည့်သွင်းပြောဆိုဆွေးနွေးခဲ့သည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်ပြည်သူလူထုကို ကိုယ်စားပြုနေသည့် လယ်ယာကဏ္ဍအား အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသော ယခု အစိုးရလက်ထက်တွင် ဓာတ်မြေဩဇာလိုအပ်ချက်အပြင် အတုအပကိစ္စများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲများမှသိရှိရသည်။

လက်ရှိမြန်မာနိုင်ငံ၏ဓာတ်မြေဩဇာသုံးစွဲမှုနှုန်းထားမှာ ဧက ၂၀ လျှင် တစ်အိတ်နှုန်းသာရှိသောကြောင့် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှလွဲလျှင် အခြားယှဉ်ပြိုင်ဘက်နိုင်ငံများထက်နည်းနေကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

## ဝက်နားရွက်ပြာရောဂါကြောင့် သေဆုံးသောဝက်များ မရောင်းရန်၊ မစားရန်နှင့် မြေမြှုပ်ရန် ညွှန်ကြား

**ကျော်သီဟ**

**ရန်ကုန်၊ ဇွန် -၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ဝက်နားရွက်ပြာရောဂါဖြစ်ပွားသောကြောင့် ဝက်သားများ မပေါ်ရန်၊ မရောင်းချရန် သေဆုံးသော ဝက်များအား စားသုံးမှုမပြုရန်နှင့် ကျင်းနက်နက်တူး၍ မြေမြှုပ်ရန် ဝက်မွေးသူများအား သက်ဆိုင်ရာက အသိပေးထားကြောင်း ဒေသခံများကပြောသည်။

"ပဲခူးမှာ ဝက်တွေမပေါ်ရဘူး။အစာစားရင်းပစ်လဲသေသွားတဲ့ ဝက်တွေရှိတယ်။ တချို့အိမ်တွေဆို ကတ္တရာလမ်းနဲ့နီးလို့ အပြင်လမ်းမပေါ်မှာထွက်ပြီးသေနေတဲ့ဝက်တွေအထိ ရှိလာတယ်။ အဲဒါကြောင့် ပဲခူးမှာ ဝက်သေရင်မြေမြှုပ်ပစ်ရမယ်။ မရောင်းချရဘူး။ မစားရဘူး"ဟု ပဲခူးမြို့ခံတစ်ဦးကဆိုသည်။

ပဲခူးတိုင်းဒေသကြီးတွင် တစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ စီးပွားဖြစ် ဝက်မွေးမြူခြင်းများရှိပြီး ပဲခူးအခြေစိုက်တပ်ရင်းတပ်မအချို့ကလည်း တပ်တွင်းတစ်ပိုင်တစ်နိုင်မွေးမြူမှုများရှိကာ မွေးမြူထားသောဝက်များအားကာကွယ်ဆေးထိုးခြင်း၊ ဝက်ခြံများအနီး ထုံးဖြူးခြင်းများပြုလုပ်ရန် တပ်ရင်းတပ်မအကြီးအကဲများက တင်းကျပ်စွာ ညွှန်ကြားထားသည်။

မြန်မာနိုင်ငံတွင် ဝက်မွေးမြူမှုအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်သည်။

ပဲခူးတိုင်းအတွင်း ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှုမှာ မေလဆန်းပိုင်းမှ စတင်ကာဖြစ်ပွားနေပြီး ယခုအချိန်ထိဝက်များသေဆုံးမှု မရှိစေရန် ကာကွယ်တားဆီးလျက်ရှိနေကြောင်းနှင့် ဝက်ရောင်းချမှုကို ပိတ်ပင်ထားပြီး တရားမဝင်ဝက်သတ်မှုများကိုပါ ဖမ်းဆီးလျက်ရှိသည်။

"ကျွန်မတို့ကတော့ဝက်နားရွက်ပြာစဖြစ်တယ်ပြောကတည်းက ဝက်သားမစားတော့ဘူး"ဟု ပဲခူးမြို့ခံတစ်ဦးကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၅၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၆၇၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၁၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၄. ၅၀ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၈၀ | ကျပ် |

၂၀၁၁ ဇွန် ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၅၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၆၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၃၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၈၀၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၇၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၇၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၄. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၂၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၉၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၁၈၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၄၈၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၇. ၉၈၉ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၂၉. ၂၀၀ |
| ရေနံစိမ်း | စည် | ၁၁၈. ၇၈၀ |
| ငွေ | ၁ အောင်စ | ၃၆. ၃၂၇ |
| ကြေးနီ | ပေါင် | ၄၀၇. ၅၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၇၅၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇွန် ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## အောင်ဘာလေထီဈေး မြင့်နေဆဲ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇွန်-၇**

အောင်ဘာလေထီဈေးကွက်မှာယခုလပိုင်းအတွင်း အရောင်းပုံမှန်ရှိသော်လည်း ချဲထီနှင့်နှစ်လုံးထီများကိုစစ်ဆေးအရေးယူလျက်ရှိသဖြင့် အောင်ဘာလေထီဘက်သို့ ဦးလှည့်မှုများရှိလာကာ ထီဈေးနှုန်းမှာလည်း မြင့်နေဆဲဖြစ်ကြောင်း ထီဈေးကွက်မှ စုံစမ်းသိရသည်။

စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# လေးလကျော်အတွင်း ရွှေဈေးအနိမ့်ဆုံးရောက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် – ၈**

ပြည်တွင်းရွှေဈေးနှုန်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများသိသာစွာ ကျဆင်းခြင်းကြောင့် လေးလကျော်ကာလအတွင်း အနိမ့်ဆုံးရွှေဈေးသို့ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်ကျွမ်းကျင်သူရွှေလုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစကာ တစ်ကျပ်သားလျှင် ၆၇၀,၀၀၀ ကျပ်ကျော်ထိ ဈေးမြင့်လာခဲ့ပြီး ယခုနှစ်ဆန်းပိုင်းကာလတစ်လျှောက်လုံးတွင် ကျပ် ၆၆၅,၀၀၀ အောက်ကျဆင်းခြင်းမရှိဘဲ ဈေးကောင်းနေခဲ့ကြောင်းရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၀ခုနှစ်စက်တင်ဘာလကုန်မှစ၍ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၀,၀၀၀ ကျပ်အထက်သို့ စတင်မြင့်တက်လာခဲ့ပြီး ဇန်နဝါရီလကုန်ပိုင်း၌တစ်ကြိမ်၆၅၀,၀၀၀ ကျပ်အောက်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဈေးအမြင့်ဖြင့် တစ်လျှောက်လုံးအရောင်းအဝယ်ဖြစ်လာခဲ့သော ပြည်တွင်းရွှေဈေးနှုန်းသည် ပြီးခဲ့သည့်မေလကုန်ပိုင်း၌ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့်၆၆၅,၀၀၀ကျပ်အောက်စတင်ကျဆင်းလာခဲ့သည်။ ထို့အတူ အမေရိကန်ငွေဈေးမှာ တစ်ယူနစ်လျှင် ၈၃၀ ကျပ်ဝန်းကျင်ရှိနေရာမှ တစ်ပတ်အတွင်း၌ ၇၇၀ ကျပ်ဝန်းကျင်ထိ ကျဆင်းလာ၍ ပြည်တွင်းရွှေဈေး မှာ ယခုဇွန် ၈ ရက်တွင် ၆၄၉,၅၀၀ ကျပ် ဈေးဖွင့်သည်။ ထို့ကြောင့် ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ၆၅၀,၀၀၀ ကျပ်အောက်သို့ စတင်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်းရွှေလုပ်ငန်းရှင်များက ပြောသည်။

“ဈေးကျလာလို့ ပြန်ရောင်းအား ကောင်းလာတယ် အပိုင်းမှာ ဝယ်ထားတဲ့ ကုန်သည်တွေ ဈေးဆက်ကျမှာစိုးလို့ပြန်သွင်းတဲ့ သဘောပဲ။ ရွှေရောင်းအား(ဝယ်လိုအား)ကတော့ ပုံမှန်လောက်ပဲ။ ဈေးကျပေမယ့် သိပ်တက်မလာဘူး”ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။




အမေရိကန် ငွေဈေးကျဆင်းလာသော်လည်းကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၅၃၀ ဒေါ်လာမှ၁,၅၄၁ဒေါ်လာသို့မြင့်တက်လာ၍ ကမ္ဘာ့ ရွှေဈေးကျပါက ပြည်တွင်းရွှေဈေးနှုန်း ဆက်လက်ကျဆင်းလာနိုင်ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

“ရွှေဈေးက ၆၅၀,၀၀၀ကျပ်အောက်မကျနိုင်ဘူးလို့ မှန်းထားကြတာ မထင်မှတ်ဘဲ ဒေါ်လာဈေးက ပြုတ်ကျသွားတော့ ဈေးက တော်တော်ကျသွားတယ်”ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

## စာ(၃၃) - အောင်ဘာလေထီဈေး မြင့်နေဆဲ မှ

ယခု မိုးရာသီကာလတွင် ထီအရောင်းမှာ ပုံမှန်အားဖြင့် အေးသည့်အနေအထားရှိပြီး ထီလုပ်ငန်းရှင်များက အောင်ဘာလေထီလက်မှတ်များဖြန့်ချိသည့်ဈေးနှုန်းကွာဟချက်ကြောင့် ထီဈေးနှုန်းမြင့်လာခြင်းဖြစ်သည်ဟု သိရသည်။

ကမ္ဘာအထိအက္ခရာ ၂၃ လုံးဖြင့်သာ ရောင်းချခဲ့သည့် ၂၀၀ ကျပ်တန် အောင်ဘာလေသိန်းထီမှာ နှစ်စပိုင်းက ဈေးကွက်ဦးမော့ကာ ထီလက်မှတ်များ ပြတ်လတ်သည်အထိပင်ရောင်းအားကောင်းခဲ့သည်။

တစ်နှစ်အတွင်း ဈေးကွက်ကောင်းတစ်လှည့် မကောင်းတစ်လှည့်ဖြစ်နေသည့် မြန်မာနိုင်ငံထီဈေးကွက်အတွင်း ထီဈေးနှုန်းအဆမတန်ကြီးမြင့်အောင် ထီစာအုပ်များအတွဲမျိုးစုံတွဲ၍ ရောင်းချခြင်း၊ ဈေးကစားခြင်းမပြုရန်နှင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ ထီဖွင့်ပွဲများတွင် လစဉ်အသိပေး ပြောကြားမှုများပြုလုပ်ခဲ့သည်။ လက်ရှိဈေးကွက်တွင် ၂၀၀ ကျပ်တန်အောင်ဘာလေထီတစ်စောင်လျှင် ၃၀၀ ကျပ်မှ ၃၅၀၊ ၄၀၀ ကျပ်အထိ ရောင်းဈေးရှိကြောင်း သိရသည်။

# ရေထွက်ကုန်များ ရေခဲသားတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ ဇွန်-၇**

ပြည်ပသို့တင်ပို့သောငါးများအား ရေခဲသားတင်ခြင်းကိစ္စနှင့် ပတ်သက်၍ ယခု ၂၄ ရက်တွင် အဆိုပါလုပ်ငန်းနှင့်ဆက်နွှယ်သူအားလုံး အလုပ်ရုံဆွေးနွေးပွဲကျင်းပကြရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံတွင် ရေခဲသားတင်ခြင်းကိစ္စကို သွားရောက်လေ့လာပြီး ပြန်ရောက်လာမည့် မြန်မာပညာရှင်များ စုပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်သည်။

ယခုလ ၁၂ ရက်မှ ၁၈ ရက်အတွင်း ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာပြီး ပြန်ရောက်လာသူ ပညာရှင်များနှင့် အဆိုပါလုပ်ငန်းနှင့်ဆက်နွှယ်သူများ ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲကျင်းပကြမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011



7DAY BOOK REVIEW

## တော်တီလာဖလက် ရပ်ကွက်နှင့် မဂ္ဂဇင်း ဝတ္ထုရှည်များ



တော်တီလာဖလက်ဆိုသည်မှာ ကမ္ဘာကျော် အမေရိကန်စာရေးဆရာကြီး ဂျွန်စတိန်းဘက်၏ ဝတ္ထုတစ်အုပ်အမည်ဖြစ်ပါသည်။ ဘဝကိုပေ့ါပေ့ါတန်တန် သဘောထားကာ ကလေးဆိုးကြီးများသဖွယ် ကြိုက်သလိုနေထိုင်သော လူ့အဖွဲ့အစည်း၏ အောက်ဆုံးအလွှာမှ ဇာတ်ကောင်များအကြောင်း ရေးဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။ ယခုမဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်တွင် စာရေးသူ လင်းထင်က ၎င်းနေထိုင်ရာ ရပ်ကွက်ကို နှိုင်းယှဉ်ကာ မြန်မာပြည်၏ တော်တီလာဖလက်အသွင်ရေးသားထားသည်။

စာအုပ်တွင် ဆူးငှက်၊ နိုင်မြင့်၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ မောင်လွင်မွန်(ကသာ)၊ လင်းထင်၊ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)နှင့် သင်းရီတို့၏ မဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဝတ္ထုရှည်များကို စုစည်းထားသည်။ ကွာလတီခေတ်ဟုခေါ်ဝေါ်လာပြီး မဂ္ဂဇင်းများတွင် ရုပ်ပုံများနှင့် ကြော်ငြာများ ဝေဝေဆာဆာထည့်သွင်းလာကြသော ယနေ့ခေတ်၌ဝတ္ထုရှည်မဆိုထားနှင့် ဘိဝတ္ထုတိုပါ စာမျက်နှာနေရာ အခက်အခဲရှိလာချိန်တွင် တစ်ဖက်အနည်းငယ်မျှသော ထုတ်ဝေသူနှင့်စာရေးဆရာအချို့က ဝတ္ထုတို၊ ဝတ္ထုရှည်ကောင်းလေးများ ပါဝင်အောင် တတ်နိုင်သမျှ ကြိုးစားကြသည်။ ထိုကြိုးစားမှု၏ အသီးအပွင့်အဖြစ် ယခုမဂ္ဂဇင်းဝတ္ထုရှည်များကို ဖတ်ရခြင်းဖြစ်သည်။ ဆူးငှက်၏ 'စိန်ပန်းနှင့် ဓမ္မာ' တွင် ဗေဒင်အယူအဆနှင့် ကိုက်ညီအောင် အိမ်ထောင်ဖက်ရွေးချယ်ခဲ့သော မြသက်မှူ(ခ)မမသက်၏ ကသောင်းကနင်းနိုင်လှသော ဘဝ၊ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၏ 'မရုန်းနိုင်တဲ့သူ' ၌ မဟာမိတ်တပ်က ဂေါ်ရခါးလူမျိုးစစ်ပုလိပ်တစ်ဦး၏ စော်ကားခံရသည့်အတွက် မည်သူမျှ မသိသော်ငြား ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ လူပျိုလူလွတ်များကို ပြန်မချစ်ရက်ခဲ့သော ဘွားမေခင်၏ ဖြစ်တော်ပုံ ဇာတ်လမ်း၊ သင်းရီ၏ 'ကမ်းပါးစွန်း၌ရပ်လျက်၌ပင်' တွင် မိန်းမသားတစ်ယောက်ကို သိုက်တူးရယူခဲ့ပြီး မယားပါသားအား လမ်းမှားရောက်အောင် တွန်းပို့ခဲ့သော ဦးဘထူးကျော်၏ အတ္တလွန်ကဲသော ဖြစ်ရပ်တို့ကို ဖတ်ရှုရမည်ဖြစ်သည်။ မောင်လွင်မွန် (ကသာ)၏ 'စိမ့်၊ ဝတ်ရည်၊ ကြွေ၊ သက်' တွင် မိန်းမသားများ၏ ကောက်ကွေ့ကြသော စိတ်နေသဘောထားနှင့်လူတစ်ဦးတစ်ယောက်၏ ဘဝအချိုးအကွေ့အရနဖူးစာရွာလည်သည့်အကြောင်းဖတ်ရမည်ဖြစ်ပြီး၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၏ 'ပဲ့တင်တို့၏အရောင်အသွေး'တွင် ကိုယ်ပြုသည့်ကံ ကိုယ်၏ထံ တန်ပြန်ပဲ့တင်လာလိမ့်မည်ဆိုသော နီတိစာရွက်လေးအိမ်၌ ကပ်ထားသော်လည်း လက်တွေ့ဘဝတွင် ဆန့်ကျင်ဘက်ကြုံတွေ့ခံစားခဲ့ရသူ တစ်ဦး၏ အတွေ့အကြုံကို တစ်ဆင့်ပြန်လည်ပြောပြခြင်းဖြင့် ကံတရားအပေါ် မေးခွန်းထုတ်ထားသည်။ နိုင်မြင့်၏ 'ငယ်စာရင်းမှာတော့ သူငယ်ချင်းပါပဲ' တွင် ချစ်ခင်တွယ်တာကြပါလျက် မဆုံဆည်းနိုင်သူ နှစ်ဦးတို့၏ လွမ်းမောဖွယ်ရာ အချစ်ဇာတ်ကြောင်းကို ဖတ်ရှုပြီး စာနာမှုဖြင့် ရင်၌ ဆွတ်ပျံ့စေမည်ဖြစ်ပါသည်။

'အနောက်ကုန်းမှာနေလုံးဝင်တော့မည်။ ကျွန်တော်တို့ ဆရာလင်းထင်ကိုနှုတ်ဆက်၍ တော်တီလာဖလက်ကထွက်တော့ မှောင်စပြုနေပြီ။ 'ဖုတ်ချက် ဖုတ်ချက်' မီးစက်နှိုးသံ ထွက်ပေါ်လာသဖြင့်သမင်လည်ပြန်ကြည့်လိုက်ရာ ချုပ်ဆည်းရီတွင် လက်ပြနှုတ်ဆက်နေသော ဒေါ်ကုလားမကြီးရုပ်သွင်ကို ဝိုးတဝါးမြင်လိုက်မိသည်သို့ရှိသည်'ဟု မင်းချမ်းမွန်က "တော်တီလာဖလက် ရပ်ကွက်သို့ သမင်လည်ပြန်" ၌ ရေးထားသည်။

ရသဝတ္ထုအတို၊ အရှည်များအား မကြာခဏ လုံးချင်းအဖြစ် စုစည်း ထုတ်ဝေတတ်သည့် လင်းလွန်းခင်စာပေက ယခုစာအုပ်ကို တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Knowledge ပဟုသုတ

## တစ်ပင်လုံးအသုံးဝင်တဲ့ ဒဏ္ဍာရီသစ်ပင်

ရှေးဟောင်းဒဏ္ဍာရီနှင့် ပုံပြင်များထဲတွင် လူသိများသောသစ်ပင်ဖြစ်ပြီး ယင်းမှာ ၇၅ မီတာအမြင့်အထိ ကြီးထွားပေါက်ရောက်နိုင်သည်။ ၎င်းကို Upas သစ်ပင်ဟုခေါ်ဝေါ်ပြီး သီရိလင်္ကာနိုင်ငံရှိ အနောက်ဘက်Ghats သစ်တောများအတွင်းနှင့်Pegy ရိုးမတောင်စောင်းများတွင် တွေ့ရှိနိုင်သည်။ ယင်းမှကတ္တီပါကဲ့သို့သော အနီရောက်သဖန်းသီးပုံစံအသီးများသီးပြီး အမျှင်ပါသည့်သစ်ခေါက်များကို တောတွင်းမျိုးနွယ်စုများက အဝတ်အစားအဖြစ် အသုံးပြုကြသည်။

အဆိုပါသစ်ခေါက်များကိုမီးရှို့လိုက်မည်ဆိုလျှင်နို့နှစ်ရောင်သစ်စေးများထွက်လာကာ ခြောက်သွေ့သွားပါက အဆိပ်ပြင်းသောအစေးအဖြစ် ပြောင်းလဲသွားသည်။ တောတွင်းသားများက ငှက်များနှင့်သားကောင်များ ပစ်ခတ်ရာတွင် မြားထိပ်ကို အဆိုပါအစေးဖြင့်သုတ်ကာ ပစ်ခတ်ဖမ်းဆီးလေ့ရှိကြသည်ဟုသိရသည်။ နို့နှစ်ရောင်အစေးများတွင် နှလုံး၏လုပ်ငန်းဆောင်တာများကို ထိန်းချုပ်နိုင်သည့်အစွမ်းသတ္တိရှိပြီး ယင်းအစွမ်းဖြင့်လှုပ်ရှားသွားလာမှုကို ရပ်ဆိုင်းစေကာ ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

*—Source: Wisdom Monthly Digest*

## တစ်ပတ်တာကံကြမ္မာ

ဇွန် ၁၅ ရက် မှ ၂၁ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မတော်တဆထိရှမှုနှင့် ကျန်းမာရေးအညွှန့်များသည် ကိုယ်တိုင်တွင်လည်းကောင်း ကိုယ်နှင့် တိုက်ရိုက်ပတ်သက်သောဝန်းကျင်တွင်လည်းကောင်းဖြစ်ပေါ်တတ်သည်။ စီမံကိန်းချပြီး လုပ်ငန်းလုပ်၍မရ။ အလုပ်ကြွေးထား၍မရ။ တစ်မျိုးပြီးတစ်မျိုး တစ်ဖြတ်ပြီးတစ်ဖြတ် လုပ်ရမည်။ အပျော်ခရီးသွားခြင်းရှောင်ပါ။ ခရီးစဉ်တွင် အန္တရာယ်များတတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ ငွေကုန်များမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အထူးကောင်းသောကာလဖြစ်သည်။ အရေးပါသောခြေလှမ်းသစ်၊ ဆုံးဖြတ်ချက်သစ်များ ချမှတ်ရမည်။ အပြောင်းအလဲသစ်များပေါ်မည်။ အရာရာအဆင်ပြေမည်။ နေအိမ်နေရာ၊ လုပ်ငန်းနေရာ ထူးထူးခြားခြားအပြောင်းအလဲများဖြစ်မည်။ ဦးတည်လိုက်တိုင်း မည်မျှအနှောင့်အယှက်ရှိစေ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ တစ်ပါးသူနှင့်မတူသောရှုထောင့်မှ ဆောင်ရွက်အောင်မြင်မည်။



### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အပြိုင်အဆိုင် အတိုက်အခံများမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အခက်အခဲများဖြေရှင်းရမည်။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာများဖြစ်တတ်သည်။ အထင်လွဲမှုများဖြေရှင်းရမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်းရှောင်ပါ။ မတတ်သာ၍ ဆောင်ရွက်ပါက အထူးသတိရှိပါ။ သူတစ်ပါးကြောင့် ရုံးရောက်၊ ဂါတ်ရောက်ဖြေရှင်းရမည်။ မိသားစုတွင်လည်း ရန်များတတ်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

မှန်းထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်မည်။ စိတ်တိုင်းမကျ၊ အလိုမကျစရာများဖြစ်မည်။ မတော်တဆထိရှမှုဂရုစိုက်ရမည်။ အပူလောင်ခြင်းအန္တရာယ်ဂရုစိုက်ပါ။ မီး၊ ဆီပူ၊ ရေနွေးပူ အစရှိသည်များနှင့်ပတ်သက်သော အန္တရာယ်သတိရှိရမည်။ အင်္ဂါနံပစ္စည်းများနှင့်ပတ်သက်၍ ငွေကုန်များမည်။ အရာရာသတိနှင့်ဆောင်ရွက်ရမည်။ အရာရာအဆင်ပြေမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်သမျှအောင်မြင်မည်။ ကောင်းသော နာမည်ကျော်ကြားခြင်းနှင့် ဘဝတိုးတက်ခြင်းရမည့်ကာလဖြစ်သည်။ မိမိအပေါ် အကူအညီပေးမည့်သူများနှင့်ကြုံရမည်။ မိသားစုရေးရာကိစ္စများ၊ ဆွေမျိုးရေးရာကိစ္စများကို မိမိပါဝင်ဆောင်ရွက်ရင်း အောင်မြင်ခြင်းများရှိမည်။ မိဘအကြီးအကဲ၊ ဆရာသမားတို့၏ ကျန်းမာရေးကိုသတိရှိရမည်။ ငွေကြေးနှင့်ပတ်သက်သောကံ အထူးကောင်းသည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အညွှန့်အဆိုးရက် လုံးဝမရှိ။ နေ့ရက်တိုင်း၌ ကံမြင့်ခြင်း၊ အဆင်ပြေခြင်းရှိမည်။ ငွေကြေးကိစ္စ၊ စီးပွားကိစ္စများဆောင်ရွက်သမျှအောင်မြင်မည်။ ပညာရှာသူများ လုပ်သမျှတိုးတက်မည်။ ခရီးနှင့်ပတ်သက်သည့် ကိစ္စများ၊ လူမျိုးခြားနှင့် တိုက်ရိုက်လုပ်ရသောကိစ္စများတွင် အလွန်ကောင်းသည်။ မိသားစုတွင် မြုပ်နေသောငွေများပြန်ပေါ်ခြင်း၊ စာရွက်စာတမ်းကိစ္စ စကားပြောဆိုမှုတွင်အောင်မြင်မည်။




### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ထူးထူးခြားခြား အပြောင်းအလဲနှင့် တိုးတက်မှုများကြုံမည်။ အလိုရှိရာ ဆောင်ရွက်အောင်မြင်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ ရန်အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ လူမျိုးခြား အကျိုးပေးမည်။ နိုင်ငံခြားခရီး အောင်မြင်မှုရှိမည်။ ခရီးသွားရန်ကြံစည်သူများ လိုရာခရီးရောက်မည်။ ရန်အတိုက်အခံနှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ ငွေကြေးကံကောင်းမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရွေးချယ်စရာအခွင့်အလမ်း နှစ်မျိုးတစ်ပြိုင်တည်းပေါ်မည်။ ကြန့်ကြာနေသည်များပြန်ရမည်။ ပညာသင်တန်းနှင့်ပတ်သက်၍ ကံကောင်းသည်။ အလုပ်၊ အကြံသစ်များ ဆောင်ရွက်အဆင်ပြေမည်။ ခရီးသွားခြင်း၊ အပြောင်းအရွှေ့လုပ်ခြင်းနှင့်ပတ်သက်၍ အထူးကောင်းသည်။ ဥစ္စာစီးပွားတိုးတက်မည်။ စိတ်ကူးထားသည်များ ရည်ရွယ်ထားသည်များ အလုံးစုံအဆင်ပြေမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ စီးပွားတိုးတက်မှုများဖြစ်ပေါ်မည်။ ဥစ္စာဓနတိုးပွားမည်။ ကျန်းမာရေးအနည်းငယ်အညွှန့်ရှိမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ရပ်ဝေးမှ မိတ်ဆွေဟောင်းများနှင့်ပြန်လည်ဆုံစည်းရမည်။ ပျိုရွယ်သူများ အထူးစန်းပွင့်သောကာလဖြစ်သည်။ အတိုက်အခံများမည်။ စိတ်ရှုပ်ထွေးရတတ်သည်။ ငွေကြေးနှင့်ပတ်သက်၍ အထူးကောင်းသည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားသည့် လမ်းသစ်များထွင်၍ တိုးတက်မှုများဖန်တီးရရှိမည်။ မိမိအပေါ်တွင် အန္တရာယ်ပေးသူများဝန်းရံနေလင့်ကစား အားလုံးကိုကျော်လွှားအောင်မြင်မည်။ သူတစ်ပါးအပေါ်တွင် လွန်လွန်ကဲကဲ အားနာယုံကြည်လွယ်ခြင်းကြောင့် စိတ်ညစ်စရာများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ ပုံစံသစ်နှင့်လုပ်သော လုပ်ငန်းများမှအကျိုးရရှိမည်။ ခရီးသွားရန်ကြံစည်ထားသူများ လိုရာခရီးရောက်မည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

တစ်ပါးသူကြောင့် မိမိစနစ်တကျစီစဉ်ထားသည်များကိုရပ်တန့်ရတတ်သည်။ (သို့မဟုတ်) ဆိုင်းငံ့ရတတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် အညွှန့်အဆိုးများ လွှမ်းမိုးနေသည်။ ခက်ခက်ခဲခဲကိစ္စများ တစ်ခုပြီး တစ်ခုထိပ်တိုက်တွေ့ရတတ်သည်။ သူတစ်ပါးအပေါ်တွင် အလွယ်တကူယုံကြည်၍မရ။ ကိုယ်တိုင်တွင် လည်း အလွယ်ကတိမပေးသင့်။ ကိုယ့်ကတိနှင့် ကိုယ် အခက်ကြုံတတ်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ထူးခြားသောနည်းဖြင့် ငွေဝင်မည်။ ကိုယ်လုပ်လိုက်သောကိစ္စများမှ ပင်ပန်းထားသလောက် အကျိုးအမြတ်ရမည်။ သက်သက်သာသာနေရကိန်းမရှိ။ ခက်ခဲပြီးမှ အဆင်ပြေမှုများရရှိမည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးကိစ္စများ ခေါင်းခံဖြေရှင်းရမည်။ လူမုန်းများတတ်သည်။ ယခုရက်အတွင်း တစ်ပါးသူစကားလွယ်လင့်တကူ ယုံစားခြင်းမရှိသင့်။ ကိုယ်တိုင် ချင့်ချိန်ပြီးလုပ်ပါ။ စိတ်အနှောင့်အယှက်ရှိမည်။

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# အမေရိကန်တွင် လုပ်သည်

**ကြည်နေဝင်းမင်း**

**လွန်**ခဲ့တဲ့နှစ်အနည်းငယ်ကပါ။ ကျွန်တော့်ရဲ့ အိမ်နီးချင်းဖြစ်သူ ရုရှားနိုင်ငံက ပြောင်းရွှေ့နေထိုင်လာတဲ့ အင်ဂျင်နီယာက သူ့ရဲ့ မွေးစားတိုင်းပြည်ကို အခုလိုသုံးသပ်ပါတယ်။

"အမေရိကန်နိုင်ငံက အရမ်းချမ်းသာပုံပေါ်တယ်။ ဒါပေမဲ့ အမှန်တကယ် ဘယ်သူမှ ဘာမှ လုပ်ကိုင်နေကြတာကို ငါမတွေ့ဘူး"ဟူ၍။

ဒါဟာ နည်းနည်းတော့ တရားမျှတပေမယ့် လုံးလုံးလွဲတာတော့မဟုတ်ပါဘူး။ အချိန်ကြာလာတာနဲ့အမျှ သူပြောသလိုပဲ ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ် နှစ်လယ်ပိုင်းလောက်ရောက်လာတော့ ကျွန်တော် အခုလို နောက်ပြောင်ပြီးပြောလေ့ရှိပါတယ်။ "အမေရိကန်တွေက တစ်ယောက်ကိုတစ်ယောက် အိမ်တွေရောင်းပြီး ရှင်သန်နေကြတာ၊ အဲဒီ့အိမ်တွေကိုလည်း တရုတ်နိုင်ငံက ချေးထားတဲ့ ပိုက်ဆံတွေနဲ့ဝယ်ထားကြတာ"လို့။ တစ်ချိန်တုန်းက အမေရိကန်ရဲ့အားအကောင်းဆုံးလုပ်ငန်းဖြစ်တဲ့ ကုန်ထုတ်ရေးလုပ်ငန်းဆိုတာဟာလည်းအဆုံးမရှိဇောက်ထိုးဆင်းနေသလိုပါပဲ။

ဒါပေမဲ့ အခုတော့ ဒါဟာ ပြောင်းလဲစပြုနေပါပြီ။ အများအားဖြင့် စိတ်ပျက်စရာကောင်းတဲ့



စီးပွားရေးနာလန်ထမှုမှာ ကုန်ထုတ်လုပ်ရေးလုပ်ငန်းဟာ အားရစရာတစ်ခုဖြစ်ပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်မှုပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှုဟာ ဒီတစ်ခါတော့ ရေရှည်ခံမယ်ဆိုတဲ့ အရိပ်အယောင်တွေတွေ့နေရပါတယ်။ ဒီ့အပြင် အခြားသိသင့်တာတွေလည်းရှိပါသေးတယ်။ စီးပွားရေးကိုကယ်တင်ဖို့ကြိုးပမ်းရာမှာ အကယ်၍ လက်ယာယိမ်းဝေဖန်ရေးသမားတွေသာ သူတို့သဘောနဲ့ သူတို့ လုပ်ခွင့်ရမယ်ဆိုရင် အခုလိုကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေပြန်ပြီး တိုးတက်လာစရာမရှိဘူးဆိုတာပါပဲ။

ဇာတ်ကြောင်းကိုပြန်ကောက်မယ်ဆိုရင် ၁၉၉၀ ခုနှစ်ကျော်ကာလတွေကအမေရိကန်ကုန်ထုတ်လုပ်ရေးလုပ်ငန်းမှာ အလုပ်ပေးနိုင်မှုဟာ အနည်းနဲ့အများ တည်ငြိမ်မှုရှိပါတယ်။ ဒါပေမဲ့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့သိသိသာသာ ကျဆင်းလာခဲ့တယ်။ ၂၀၀၁ ခုနှစ် စီးပွားပျက်ကပ်က အဲဒီ့လုပ်ငန်းကို အထိနာစေခဲ့တယ်။ ပူးပေါင်းစီးပွားရေး အားကောင်းမှုနဲ့အတူ ကုန်သွယ်ရေးလိုငွေတွေ မြင့်တက်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်အလယ်ပိုင်း နှစ်တွေမှာတော့ကုန်ထုတ်လုပ်မှုလုပ်ငန်းက နောက်မှာပြုတ်ကျန်ခဲ့ပါတော့တယ်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလရောက်လာချိန်မှာတော့ အမေရိကန်ကုန်ထုတ်လုပ်ရေးလုပ်ငန်းဟာ ၂၀၀၀ ပြည့်နှစ်ကထက်စာရင် အလုပ်နေရာ ၃ ဒသမ ၅ သန်း လျော့ပါးလာခဲ့ပါပြီ။ နောက်ပိုင်းဆက်လက်ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးကျဆင်းမှုကာလမှာတော့ နောက်ထပ်အလုပ်နေရာ သန်းပေါင်းများစွာ ထပ်မံပျောက်ကွယ်သွားပါတော့တယ်။

အခုချိန်မှာ အဲဒီတုန်းက အလုပ်ဖြုတ်ခံခဲ့ရတဲ့လူအနည်းအကျဉ်းပဲ အလုပ်ပြန်ရပါသေးတယ်။ ဒါပေမဲ့ ကျွန်တော် ရှေ့မှာ ပြောခဲ့သလိုပဲ၊ အပြောင်းအလဲဖြစ်မယ့် အရိပ်အယောင်တွေကတော့တွေ့နေရပါပြီ။

အရေးပါတာကတော့ စက်ရုံထုတ်ကုန်တွေအတွက် ကုန်သွယ်ရေးလိုငွေပြမှုကျဆင်းလာခြင်းပါပဲ။ အခုချိန်မှာ အဲဒီ့ကုန်သွယ်ရေးလိုငွေပြမှုဟာ အိမ်ရာပူးပေါင်းစီးပွားရေးအထွတ်အထိပ်ကာလကထက် ထက်ဝက်လောက်ရှိပါသေးတယ်။ နောက်ထပ်တိုးတက်မှုတွေလည်းရှိမယ့်သဘောပါပဲ။ အမေရိကန်ကုန်ထုတ်လုပ်ငန်း တစ်ခေတ်ဆန်းလာပြီလို့ ဟောကိန်းထုတ်နေတဲ့ ဘော်စတွန် အတိုင်ပင်ခံများအုပ်စုကလည်း ထုတ်လုပ်မှုလုပ်ငန်းတွေကို နိုင်ငံခြားရွှေ့သွားခဲ့ကြတဲ့ Caterpillar (အကြီးစား မြေတူးမြေကော်စက်ကြီးများ ထုတ်လုပ်သည့်ကုမ္ပဏီကြီး)လို ကုမ္ပဏီကြီးတွေဟာ အမေရိကန်နိုင်ငံကိုပြန် လည်အခြေချလာကြပြီလို့ ထောက်ပြခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ အခြားနိုင်ငံက ကုမ္ပဏီတွေ အထူးသဖြင့် ဥရောပကုမ္ပဏီတွေဟာ သူတို့ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို အမေရိကန်နိုင်ငံသို့ရွှေ့ပြောင်းနေကြပါပြီ။

နောက်တစ်ချက်ကြီးမားတဲ့ ဘေးအန္တရာယ် တစ်ခုကိုလည်း ရှောင်ရှားနိုင်ခဲ့ပါသေးတယ်။ အမေရိကန်ကား ထုတ်လုပ်ရေးလုပ်ငန်းပါ။ လွန်ခဲ့တဲ့ ၂ နှစ်လောက်ကပဲ သုံးမရတော့ဘူးလို့ ဆိုခဲ့ကြတဲ့ကားထုတ်လုပ်ရေးလုပ်ငန်းဟာအကျပ်အတည်းမုန်တိုင်းကိုဖြတ်ကျော်နိုင်ခဲ့ပါပြီ။ အထူးသဖြင့်ဂျင် နရယ်မော်တာ (GM)မှာ သုံးလပတ်ငါးပတ်ဆက်တိုက် အမြတ်အစွန်းပြန်ရလာခဲ့ပါတယ်။

အမေရိကန်နိုင်ငံ စက်မှုလုပ်ငန်းရဲ့ နှလုံးသည်းပွတ်ဒေသကနေပြီး နိုင်ငံစီးပွားရေး နာလန်ထမှုကိုဦးဆောင်ခဲ့ပါပြီ။ ၂၀၀၉ ခုနှစ် ဩဂုတ်လတုန်းက မီချီဂန် ဒေသအလုပ်လက်မဲ့နှုန်းဟာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းရောက်ခဲ့ပြီး တစ်နိုင်ငံလုံးမှာအမြင့်ဆုံးပါပဲ။ ဒါပေမဲ့ ယနေ့မှာတော့ အလုပ်လက်မဲ့နှုန်းဟာ ၁၀ ဒသမ ၃ ရာခိုင်နှုန်းကိုကျဆင်းလာပြီး ဒါဟာတစ်မျိုးသားလုံးဆိုင်ရာပျမ်းမျှနှုန်းထက်များနေသေးတယ်ဆိုပေမယ့်လည်း သိသိသာသာတိုးတက်လာတာပဲဖြစ်ပါတယ်။

အမေရိကန်ကုန်ထုတ်လုပ်ရေးလုပ်ငန်းမှာ အားလုံးဟာကောင်းနေပါတယ်လို့ ကျွန်တော်ဆိုလိုချင်တာမဟုတ်ပါဘူး။ အခုချိန်ထိတော့ အလုပ်အကိုင်ရရှိမှုဟာ သာမန်ပါပဲ။ ကုန်ထုတ်လုပ်ရေးလုပ်ငန်းအလုပ်အကိုင်အများစုဟာလည်း လခတွေ၊ ခံစားခွင့်တွေ ကောင်းကောင်းပေးနေတာမဟုတ်ပါဘူး။ ကုန်ထုတ်လုပ်ငန်းပြန်လည်ရှင်သန်လာတာကြောင့် ကျန်းမာရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်စရာမလိုဘူး၊ လူမှုဖူလုံရေးအာမခံတွေမလိုတော့ဘူးလို့ မဆိုလိုချင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်အကိုင်တွေလုံးဝမရှိတာထက်စာရင် အဲဒီ့အလုပ်အကိုင်တွေဖြစ်ပေါ်လာတာပိုကောင်းပါတယ်။ ဒီကနေပဲ လက်ယာယိမ်းရီပတ်ဘလေကန်ဝေဖန်ရေးသမားအကြောင်းပြောဖို့ ဖြစ်လာပါတယ်။

ပထမဦးဆုံး ပြောရမှာကတော့ကျွန်တော်တို့ရဲ့ကုန်ထုတ်လုပ်မှုကုန်သွယ်ရေး အလှည့်အပြောင်းဖြစ်လာတာ ဘာကြောင့်လဲ မေးစရာရှိပါတယ်။ အဓိကအဖြေကတော့ အမေရိကန်ဒေါ်လာဟာ အခြားကမ္ဘာ့ငွေကြေးတွေနဲ့ နှိုင်းယှဉ်ရင် တန်ဖိုးကျလာတယ်။ အဲဒီ့အတွက် အမေရိကန်ထုတ်ကုန်တွေကို ဈေးနှုန်းအသာစီးရစေတယ်။ အမေရိကန်စက်မှုလုပ်ငန်းတွေ လိုအပ်နေတာ ဒေါ်လာတန်ဖိုးကျဖို့ဆိုတဲ့အဖြေထွက်လာခဲ့ပါတယ်။

သို့သော်လည်းပဲ အမေရိကန်ဗဟိုဘဏ်က ဒေါ်လာကိုအားနည်းစေဖို့ထက် အားကောင်းအောင်လုပ်ရမယ်ဆိုပြီး ညာဘက်ကနေ (ရီပတ်ဘလေကန်တွေ) အကြီးအကျယ်ဖိအားပေးတာခံခဲ့ရတယ်။ လွန်ခဲ့တဲ့လအနည်းငယ်က အောက်လွှတ်တော်ဘတ်ဂျက်ကော်မတီဥက္ကဋ္ဌ ပေါလ်ရိုင်ယန်က ငွေကြေးမူဝါဒကိုတင်းကျပ်ဖို့ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကီးကို ပြစ်ပြစ်နှစ်နှစ်ဝေဖန်ပါတယ်။

"နိုင်ငံတစ်နိုင်ငံဟာ သူ့နိုင်ငံရဲ့ငွေကြေးကို သိက္ခာကျစေတာထက် နိုင်ငံသားတွေကို ဒုက္ခရောက်စေတာ ဘာမှမရှိဘူး"လို့ ကြွေးကြော်ပါတယ်။ အကယ်၍သာ မစ္စတာဘင်ဘာနန်ကီးက အဲဒီလို ဖိအားပေးတာတွေကို အလျှော့ပေးခဲ့ရင် ကုန်ထုတ်လုပ်မှုလုပ်ငန်းဟာ အဖတ်ဆယ်လို့ကိုရမှာ မဟုတ်တော့ပါဘူး။

နောက် ကားထုတ်လုပ်ရေးလုပ်ငန်းလည်းရှိပါသေးတယ်။ သမ္မတအိုဘားမားသာ ဂျင်နရယ်မော်တာနဲ့ ခရိုင်စလာကိုဝင်ပြီး မကယ်ခဲ့ဘူးဆိုရင် အတွင်းပေါက်ကွဲမှုတွေဖြစ်ပြီး သူတို့ရဲ့ စက်ရုံတွေအားလုံး ပိတ်ပစ်လိုက်ရဖို့ သေချာသလောက်ပါပဲ။ အလုပ်အကိုင်ထောင်ပေါင်းများစွာလည်း ပျောက်ကွယ်သွားနိုင်ပါတယ်။ သို့သော်လည်းပဲ ကားလုပ်ငန်းကို ဝင်ရောက်ကိုင်တွယ်ခဲ့တဲ့အတွက် မစ္စတာအိုဘားမားတစ်ယောက် ပြင်းပြင်းထန်ထန်ရှုတ်ချပြောဆိုခြင်းခံရပါတယ်။ ရီပတ်ဘလေကန်လွှတ်တော်အမတ်တစ်ယောက်ကဆိုရင် သမ္မတအိုဘားမားဟာ အရင်းရှင်စနစ်ကို စစ်တိုက်နေတာလို့တောင်ပြောခဲ့တယ်ဆိုတော့ ကျွန်တော်တို့မှာ စီးပွားရေးအကျပ်အတည်းရှိနေပါသေးတယ်။ ဒါပေမဲ့ သတင်းကောင်းကတော့ အမေရိကန်တွေဟာ ကုန်ပစ္စည်းတွေ တစ်ဖန်ပြန်ပြီး ထုတ်လုပ်နေပါတယ်။ ဒါတွေဟာ တကယ်တော့ ဗဟိုဘဏ်နဲ့ အိုဘားမား အစိုးရကလက်ယာယိမ်းသမားတွေရဲ့ ဆိုးဆိုးရွားရွား အကြံပေးချက်တွေ ကိုလျစ်လျူရှုထားနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။ ဒီလိုငြင်းမရတဲ့အထောက်အထားတွေရှိနေတာတောင်ရီပတ်ဘလေကန် တွေးခေါ်ရှင်ကြီးတွေကတော့ ကြွယ်ဝချမ်းသာမှုကို ဘယ်လိုဖန်တီးရမယ်ဆိုတာ သူတို့သိတယ်လို့ပြောဆိုနေဆဲပါပဲ။

*—Ref: Making Things in America By Paul Krugman*

benetton
SISLEY

သဇင်
Body Beauty


AAEC
M.B.,B.S (Ygn)
အောင်အကယ်ဒမီ
၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ
Traders Hotel, Myanmar Ballroom


Roca
THE LEADING GLOBAL
BATHROOM BRAND
www.roca.com
Made in Spain (Barcelona)

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.13 · JUNE 16, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,200 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,200 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,800 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 148,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 244,000 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 48,800 |
| MSI H55M-E32 (1156) Motherboard | 76,000 |
| MSI P67A-GD55 (B3) (1155) Motherboard | 156,000 |
| ASUS P5G41T-MLX (775) Motherboard | 49,600 |
| ASUS P7H55-MLX (1156) Motherboard | 72,000 |
| ASUS P7H55M/USB3 (775) Motherboard | 96,000 |
| Gigabyte P41MT-S2P (775) Motherboard | 49,600 |
| Gigabyte H55M-S2V (1156) Motherboard | 80,000 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,600 |
| 1 GB DDR2 (800) Kingston Memory | 17,600 |
| 2 GB DDR2 (800) Kingston Memory | 23,200 |
| 4 GB DDR3 (1333) Kingston Memory | 34,400 |
| **Harddisk** | |
| 500 GB Seagate SATA | 39,200 |
| 1 TB Seagate SATA | 52,000 |
| 2 TB Seagate SATA | 77,600 |
| **PCI Express Card** | |
| MSI EN4670 1GB DDR3 PCI Express Card | 77,600 |
| MSI NX 8400GS 512MB PCI Express Card | 35,200 |
| MSI R5450 1GB DDR3 PCI Express Card | 44,000 |
| ASUS EAH 5750 Formula 1GB PCI Express Card | 114,400 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,200 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 48,000 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 68,800 |
| Gigabyte 8400STC 512I 512MB PCI Express Card | 32,000 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB | 8,800 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Kingston 32 GB | 48,000 |
| Memory Stick Imation 16 GB | 22,000 |
| Memory Stick HP 8 GB | 14,000 |
| **UPS** | |
| SVC (600 VA) | 24,800 |
| SVC (1.2 KVA) | 52,000 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| Star (650 VA) | 27,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,000 |
| ASUS DVD Writer (SATA) | 24,800 |
| HP DVD Writer (SATA) | 23,200 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇွန်လ (၁၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 484,000 |
| Intel Atom 1.66 Ghz 2GB DDR3, 500GB HDD,10.1″ | 312,000 |
| **Asus** | |
| Intel Core i5 2.30 Ghz 2GB DDR3, 640GB HDD,15.6″ | 648,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,080,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,14.0″ | 496,000 |
| **Lenovo** | |
| Intel Pentium 2.13 Ghz 1GB DDR3,250GB HDD,10.1″ | 335,000 |
| **MSI** | |
| Intel Core i5 2.67 Ghz 2GB DDR3, 640GB HDD,14.0″ | 564,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

**မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန် (၁၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်း ရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၇၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၄၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၇၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇွန်(၁၁) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀-၁၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀- ၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၃၀၀ |

**ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန် (၁၁) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၂၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၅၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၂,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

**ဇွန်(၁၁)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။**


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ/၂ဂ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပုစဉ်းခေါင်း) | ၂၀၀၀ | ဂဇ | ၂၀၀ |
| စူဇူကီး R- (2Way) | - | ၂ဂ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ/အ | ၁၉၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခွာတ်ဆီ)ရွှေငါး | ၂၀၀၄ | ၄ဂ | ၁၁၅၀ |
| နီဆန်းစူပါစလွန်း | ၈၆ | ၄ဂ | ၂၅၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၀၀ ကြား |

**ဇွန် (၁၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ် ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။**

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | June (4) | June (5) | June (6) | June (7) | June (8) | June (9) | June (10) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |
| Octane ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |




## Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856), 09-8034582, 09-73037776

**တိုက်ခန်းရောင်းမည်**
သယ်န်းကျွန်း ဝေဇယန္တာလမ်းမပေါ်၊ ၂၀×၅၀ ပေ၊ ၅ လွှာ၊ ပါကေး၊ ရှာထိုးခင်းပြီး၊ ကိုယ်ပိုင်(မီတာ၊ မော်တာ) သိန်း-၂၀၀ (ညှိနှိုင်း)
ဖုန်း-၀၅၂-၃၀၄၁၀၊၀၉-၅၁၃၅၉၁၀

**သင်တန်း**
စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို လက်တွေ့ကျကျသင်သည်။ (သင်တန်းများ လစဉ်ဖွင့်သည်။ ကုမ္ပဏီများအတွက်အထူးစီစဉ်ပေးသည်)ဖုန်း- ၃၈၆၆၉၃

**Library ရှိသည်**
English/ Myanmar စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ပြီ။ E-book Reader နဲ့စာဖတ်လို့ရသည့် မြန်မာနိုင်ငံ၏ ပထမဆုံး Library ဖြစ်သည်။
ဖုန်း- ၃၈၆၆၉၃

**ကားရောင်းမည်**
Volkswagon Micro Bus ၈/၇ ထောင်ကျော်၊ လိုင်စင်ဝင်ပြီး၊ လက်တင်စီးကားသန့်။
ဖုန်း-၀၉-၅၁၇၈၆၅၇

**Friends++ (မြေနီကုန်း)**
Door to Door (Computer Service) PH: 09-5403642

**ဒေါ်ခင်စုမော်ဝင်း**
၉၊ ၁၀ တန်းမြန်မာစာသီးသန့်၊ ဘာသာစုံ Study Guide အိမ်အရောက်သင်သည်။ ဖုန်း- ၀၉-၇၃၀၃၄၇၉၇

**ဒေါ်မိုးသီတာထွန်း (B.Sc Phy)**
၉၊၁၀ တန်း ရူပဗေဒ၊ သင်္ချာ(သီးသန့်) နှင့် ဘာသာစုံ Study Guide အိမ်အရောက်သင်ပါသည်။
ဖုန်း- ၀၉-၅၀၇၅၆၄၉

**ရောင်းမည်**
စမ်းချောင်း၊ သုခမိန်လမ်း ၂၅×၄၅ ပေ၊ ပထပ်၊ 1BR (ထောင့်ခန်း)၆၅၀ သိန်း၊ ဖုန်း- ၀၉-၇၃၀၅၀၂၉၂

**"စ"ပညာရေးဝန်ဆောင်မှု**
တက္ကသိုလ်ဝင်တန်းသင်္ချာ၊ ILBC သင်္ချာ(တန်းစုံ)သီးသန့်ဝိုင်းများလက်ခံပြီ။ ဖုန်း- ၀၉-၅၀၅၁၀၀၅၆

**Special Guide လုပ်ပေးသည်**
GTC (Civil)1st Year to BE.
PH: 09-73037154

**Special English Guide**
IELTS, TOEFL, GCE, SAT, ELT & Scholarship Test, Grammar, 4 Skill, Daw Khin Thawda Aung
ဖုန်း-၅၅၆၅၇၃၊ ၀၉ ၅၀၈၉၃၆၈

**ဝယ်ယူလိုသည်**
Mazda 323(CNG) Taxi သင့်တင့်သောဈေးဖြင့် ဝယ်ယူလိုသည်။
ဖုန်း-၀၉ ၇၃၀ ၄၅၈၉၀

**ဝန်ဆောင်မှု**
ပြည်တွင်း/ပလေယာဉ်လက်မှတ်နှင့် ခရီးစဉ်များ၊ ဟိုတယ်၊ ကားငှားရမ်းခြင်း၊Visa, e-Dform များကိုဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးသည်။
ဖုန်း- ၂၉၇၀၉၃၊ ၂၉၄၃၉၃

**အိမ်နှင့်ခြံရောင်းမည်**
ရန်ကုန်ပြည်နယ် (သံတွဲမြို့) တိုက်နီးအတက်၊ နေရာကောင်း၊ တိုက်ခံအိမ်၊ ပေ(၄၀×၅၀)နှင့် ခြံပေ(၉၀×၁၂၀)။
ဖုန်း-၀၉ ၈၀ ၂၄၅၅၀

**ဒီဇယ်ဆီသန့်**
လူကြီးမင်းများ ဝယ်လို၊ ရောင်းလို၊ ကိုယ်စားလှယ်ရယူလိုပါက အမြန်ဆက်သွယ်ရန်-
ဖုန်း-၀၉ ၇၃၀၃၃၁၄၇

**ကွန်ပျူတာပြုပြင်သည်**
ကွန်ပျူတာအိမ်အရောက်ပြုပြင်ပေးသည်။ Alpha Rose Computer Training & Service
ဖုန်း-၀၉ ၇၃၀၈၆၇၅၂

**မေတ္တာအိမ် မုန့်သင်တန်း**
မြန်မာဟင်းဆနွင်းမကင်းစုံ၊ ကျောက်ကျောစုံ၊ စားဖွယ်စုံ လက်ရာကောင်းချက်တတ်ရန်၊ အော်ဒါလက်ခံပေးပါသည်။ ဖုန်း-၀၉ ၇၃၀၆၈၆၁၃

**Acoustic Guitar ချစ်သူများသို့**
ဝယ်လာပြီး စိတ်တိုင်းမကျဖြစ်နေတဲ့ Acoustic Guitar ချစ်သူများအားလုံးအတွက် ဆက်သွယ်ရန်-
ဖုန်း-၀၉ ၅၄၀၇၆၇၁

**လုံးချင်းအိမ်အမြန်ငှားလိုသည်**
ဗိုလ်ချုပ်ပြတိုက်(သို့)ဆရာစံ ပလာဇာအနီး၊တစ်လငှားရမ်းနှုန်း800USD သာပေးနိုင်မည်။ ကြော်ငြာပါသည့်နေ့မှ ၂၀-၆-၂၀၁၁ အတွင်း။
ဖုန်း-၅၅၁၈၄၅၊ ၀၉ ၅၄၀၇၇၁၆

**ညှိနှိုင်းဈေးဖြင့်ရောင်းမည်**
ကျိုက်ဝိုင်းဘုရားအနီး၊ ပေ(၆၀×၁၃၀)၊ အိမ်ခန်း(၄)ခန်း၊ ၁-ထပ်တိုက်ခွဲ၊ ဖုန်း-ရေမီး။ ဖုန်း-၆၅၆၁၁၃

**ညှိနှိုင်းဈေးဖြင့်ရောင်းမည်**
လှိုင်ဈေးအနီး၊ အောင်မေတ္တာလမ်းမကြီး၊ ပေ(၁၅×၄၀)မြေညီထပ်ခိုးပြည့်၊ ပါကေးခင်းပြီး၊ ဘာဂျာတံခါး။
ဖုန်း-၇၂၇၁၇၇(ရုံးချိန်းပြင်ပ)

**Programming သင်တန်း**
NET, Java, C++ ဘာသာရပ်များကိုကျွမ်းကျင်သည်အထိ သင်ကြားပေးနေပါသည်။ True Hope Computer Center ၊ ဖုန်း-၀၉ ၇၃၀၄၁၇၁၂

**အင်တာနက်ဆိုင်ရောင်းမည်**
ဆက်စပ်ပစ္စည်းစုံ၊ အခန်းငှားရမ်းခ(၇)လစာကျန်၊ ရောင်းဈေး ကျပ်သိန်း-၁၀၀၊ ခွဲမရောင်းပါ။
ဖုန်း-၀၉ ၅၁၀၉၆၄၁

**ပြည်တော်သစ်အကျိုးဆောင်**
တိုက်ခန်း၊ လုံးချင်း၊ မြေကွက် စသည့် ရောင်းဝယ်ခြင်းများကို ဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၇၂၂၆၈၂၊ ၀၉ ၅၀၅၁၇၈၅

**ရုပ်ပြောင်ပန်းချီ**
မွေးနေ့ပွဲ၊ ပါတီပွဲ၊ မိတ်ဆုံစားပွဲများအမှတ်တရ ရုပ်ပြောင်ပန်းချီရေးဆွဲပေးပါသည်။ ပန်းချီ-ကိုကျော်
ဖုန်း-၀၉ ၇၃၀၉၂၃၅၁

**ငှားမည်**
ရေကျော်လမ်းမ၊ ပထမထပ်။
ဖုန်း-၀၉ ၅၀၃၉၇၄၆

**ရောင်းမည်**
နိုင်ငံခြားမျိုးကောင်း၊ မျိုးသန့် ခွေးနွားမများ အထူးချန်းဖြင့် ညှိနှိုင်းရောင်းချမည်။ ဖုန်း-၀၉ ၅၁ ၂၀၄၆၈

**ရောင်းမည်**
အိမ်သုံး ADSL line (Bagan) 256MB ရောင်းရန်ရှိသည်။ ညှိနှိုင်းဈေးဖြင့်။
ဖုန်း-၇၂၃၃၂၀

**မြေကွက်ရောင်းမည်**
မရမ်းကုန်း ၆ ရပ်ကွက်၊ သာယာဇလမ်း၊ လမ်းသွယ်-၃၊ ပေ(၇၀×၁၁၀)၊ အနောက်လှည့်၊ ညှိနှိုင်းဈေးဖြင့်။
ဖုန်း-၀၉ ၇၃၀၁၄၇၀၁

**ကွန်ပျူတာပြင်သည်**
ကွန်ပျူတာပြုပြင်တပ်ဆင်ခြင်းများကို အိမ်အရောက်ပြုပြင်ပေးသည်။
ဖုန်း-၀၉ ၇၃၀ ၂၈၁၉၀

**ရောင်း၊ ငှားမည်**
အမှတ်(၂၄)၊ မဟာဗန္ဓုလလမ်း၊ ရေကျော်၊ ပုဇွန်တောင်၊ ပေ(၁၅×၆၀)၊ ၆-ထပ်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဖုန်း-၀၉ ၅၁၇၁၅၉၉၊ ၂၉၂၂၂၀

**ဂျာမန်စကားပြောသင်တန်း**
ဂျာမနီတွင် ၄ နှစ်ပညာသင်ကြားခဲ့ပြီး ညှော်လမ်းညွှန် လုပ်သက် ၁၂ နှစ်ရှိသည့် ဆရာကိုယ်တိုင်သင်ကြားပေးပါသည်။ ဖုန်း-၀၉ ၅၁၀၄ ၂၁၀

**ကွန်ပျူတာဗေဒင်**
ဆရာမင်းသုန္ဒ(မန်းတက္ကသိုလ်) ဟောစာတမ်းရေးသားပေးခြင်းများဆောင်ရွက်ပေးပါသည်။
ဖုန်း-၃၇၅၈၄၅၊ ၂၉၆၁၀၄

**PCLC သင်တန်း**
တရုတ်၊ အင်္ဂလိပ်စကားပြော၃လအတွင်း အခြေခံပြောတတ်စေရမည်။
ဖုန်း-၇၀၆၅၂၅၊ ၀၉ ၇၃၀၃၆၇၈၈

**သင်ကြားပေးသည်**
Diminished Music School မှ နိုင်ငံကျော်အဆိုတော်ကြီးများဖြင့် အနီးကပ်သင်ကြားပေးသည်။ တန်းခွဲတစ်ခု လူ ၅ ဦးသာ။
ဖုန်း-၀၉ ၅၄၁၀၇၆၅၈

**Korea EPS- KLT**
၉လပိုင်းစာမေးပွဲအတွက်ဖွင့်(၁)ရက်စမည်။ ဒေါ်တင်တင်အောင် B.A (Korean) Y.U.F.L ၊ အခြေခံ ဈေးဖတ်၊ ပြော။ သုံးလပြတ်။
ဖုန်း-၀၉ ၅၀၆၄၉၆၆

**Penguin Service**
Electro Mechanical Services မှ အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ အိမ်အရောက်ပြုပြင်ပေးပါသည်။ ဖုန်း-၅၂၀၂၂၁

**တိုက်ခန်းရောင်းမည်**
လမ်းမတော်မြို့နယ်၊ ၁၃ လမ်း(ပေါ်)၊ ၆လွှာ၊ ပေ(၁၅×၅၀)၊ တိုက်သစ်၊ ရေ၊ မီးကိုယ်ပိုင်။ ဖုန်း-၀၉ ၅၁၃၄၇၇၃၃

**အမြန်ရောင်းမည်**
မြောက်ဥက္ကလာပ၊ သုနန္ဒာလမ်းမကြီးပေါ်၊ ပေ(၄၀×၆၀)၊ ပျဉ်ထောင်အိမ်တစ်လုံးပါ၊ ရေမီးစုံ၊ နှစ် ၆၀ ဂရန်။ ရောင်းဈေး ကျပ်သိန်း-၄၂၀
ဖုန်း-၉၆၉၀၂၁၁

**အိမ်အမြန်ရောင်းမည်**
ချောက်မြို့၊ GTI ကျောင်းနှင့်ကပ်လျက် ပေ(၁၂၀×၁၀၀)၊ ခြံခတ်ပြီးအသင့်နေထိုင်နိုင်။
ဖုန်း-၅၆၂၅၇၊ ၀၉ ၅၁၈၅၀၉၇

**ဝယ်လိုသည်**
စူဆူကီးကား R+ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါရန်။ ပွဲစားမလို။
ဖုန်း- ၀၉-၅၀၆၈၂၂၈

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# စာ(၃၁)နိုင်ငံခြားသွားမှတဲ့လား မှ

အသိပညာဆင်းရဲသောကြောင့်မည်သည့်နေရာမှာပင်အလုပ်လုပ်သည်ဖြစ်စေ ဆင်းရဲတွင်းက နက်နေသေးမည်သာ။

ထို့ကြောင့် တက္ကစီမောင်းသူပြောသောစကားများသည် မှန်မည်ထင်၏။ ခြောက်တန်း၊ ခုနစ်တန်းမျှပင် အောင်ပြီး လုပ်ငန်းရှင်ဖြစ်နေကြသူများ မြန်မာပြည်တွင်အများအပြားတွေ့ရသည်။ သူတို့ဘာကြောင့် ကြီးပွားနေရသနည်း။ ထိုသူများကား ကြိုးစားသည်။ ထို့ကြောင့် သူတို့ကို ယုံကြည်ကြသည်။ ထို့ကြောင့် ရေရှည်ရပ်တည်နိုင်ခြင်းဖြစ်သည်။ အလုပ်ကပင် သူတို့ကို သင်သွားသဖြင့်ပိုပြီး အရည်အချင်း တက်လာခြင်းဖြစ်သည်။ အချို့ကြိုးစားပါသော်လည်း အောင်မြင်မှုက တာရှည်မခံပေ။ မိတ်ဆွေ၏ တပည့်တစ်ဦးပညာတတ် အရည်အချင်းလည်း ရှိ၏။ သို့သော် ကတိမတည် စာရင်းမရှိ၊ အင်းမရှိ။ ထို့ကြောင့် သူ့ကို မယုံကြည်ကြပေ။ သူ၏စီးပွားလည်း တက်သင့်သလောက်မတက်သည်ကိုတွေ့ရသည်။

နိုင်ငံခြားမှာ နေခြင်း၊ မနေခြင်းထက် ကိုယ့်ဘဝကို ရပ်တည်သောအခါ တကယ် အရည်အချင်းရှိအောင် ကြိုးစားအားထုတ်ထားသင့်သည်။ သို့မဟုတ်လျှင်မည်မျှသော ဘွဲ့ဒီဂရီများ ရရှိထားစေကာမူ မည်သူကမျှ အားကိုးအားထားပြုကြလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း အရည်အချင်းရှိမရှိကို သိလိုသဖြင့် စာတွေ့ဖြေရခြင်းများ၊ အင်တာဗျူးများပြု လုပ်နေကြရသည်ဟု ထင်ပါသည်။

မနေ့ကလည်းတက္ကစီစီးရင်းယာဉ်မောင်းသူက သူ့သားအင်ဂျင်နီယာအကြောင်း ပြောပြသည်။ အရည်အချင်းရှိပါသည်။ မည်သည့် ကုမ္ပဏီကိုပဲ အလုပ်လျှောက်လျှောက် အလုပ်ရလာသည်။ သို့သော် သူရသောလစာမှာ အဆမတန် နည်းလွန်းသည်။ ကုမ္ပဏီက စေလွှတ်သောနေရာကို သွားရသည်။ အလုပ်လုပ်ပေးရသည်။ တစ်နေ့တွင် ကုမ္ပဏီက လွှတ်သဖြင့် နိုင်ငံခြားသားများကိုင်သော စက်ပစ္စည်းများကို သွားရောက်ပြင်ဆင်ပေးရသည်။ ကုမ္ပဏီက ရရှိလိုက်သော ငွေမှာ သူရရှိသောလစာထက် ရှစ်နှစ်စာမက ရရှိသွားသည်ကို သိလိုက်ရသည်။ လစာတိုးပေးနိုးဖြင့် သည်းခံစောင့်ဆိုင်းနေခဲ့သော်လည်း လစာကား တိုးမပေးဘဲ ခိုင်းသည့်အချိန်များသာ တိုး၍လာပြီး နေ့စားဆန်ဆန် အဆမတန်ခိုင်းလာသည့်အတွက်ယင်းကုမ္ပဏီမှထွက်လိုက်သည်ဟုဆိုသည်။ အင်္ဂလိပ်စာတော်သဖြင့် နိုင်ငံခြားသားများ ပြောဆိုသော စကားကို သူနားလည်သည်။ ထို့ကြောင့် နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့သည်။ သို့သော် ထိုနိုင်ငံသွားရန် ကုန်ကျမည်ဖြစ်သောသိန်း ၄၀ ကို တက္ကစီသမားတစ်ဦးအဖို့ အဘယ်မှာ ရှာ၍ရနိုင်မည်နည်း။ ယင်းအတွက် အလုပ်ကောင်းကောင်းရသော်လည်း ငွေကြေးအခက်အခဲကြောင့် ပြည်ပကိုအလုပ်သွားလုပ်ရန်မတတ်စွမ်းသာတော့ပေ။ စီးပွားဥစ္စာပြည့်စုံသော မိသားစုဖြစ်ပါကမူ ထိုသိန်း ၄၀ သည်ပြောပလောက်သော ငွေကြေးမဟုတ်ပါ။ သွားရောက်အလုပ်လုပ်နိုင်မည် ဖြစ်သည်။

နိုင်ငံခြားသွား၍ အလုပ်လုပ်သည်ဖြစ်စေ၊ ပြည်တွင်းမှာ အလုပ်လုပ်သည်ဖြစ်စေ၊ သူတစ်ပါး အလုပ်ကို လုပ်ရလျှင် သူ၏ဝန်ထမ်းသာဖြစ်သည်။ ယခုမူ နိုင်ငံတကာမှ လုပ်ငန်းရှင်များက ပြည်တွင်းတွင် လာရောက်စီးပွားရေးအခြေချ လုပ်ကိုင်နေကြပြီဖြစ်သည်။ ယခင်က သူများနိုင်ငံသို့ သွားရောက်ပြီး သူ့ဝန်ကိုထမ်းကာ သူ့လခစားဘဝဖြင့် ရပ်တည်ကာအခိုင်းခံကြသည်။ ယခုမူ နိုင်ငံခြား ကုမ္ပဏီများက ပြည်တွင်းသို့ လာရောက်ပြီး သူ့ဝန်ကို ထမ်းစေခိုင်းသည်။ မည်သည့် နေရာမှာပင်ဖြစ်စေ အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် အရည်အချင်းရှိ နိုင်ငံသားများဖြစ်အောင် ကြိုးစားအားထုတ်သင့်သည်ဟု ယူဆမိသည်။

နေပြည်တော်၌ ကျင်းပခဲ့သောကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် သမ္မတ စီးပွားရေးအကြံပေးပညာရှင်တစ်ဦးဖြစ်သော ဦးဆက်နိုင်ကကျွမ်းကျင်အလုပ်သမားများမဟုတ်သော မြန်မာများ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ခြင်းမှာ ဦးနှောက်ယိုစီးခြင်း(Brain Drain) မညီဘဲအခြားနိုင်ငံများကဲ့သို့ အနာဂတ်တွင်၎င်းတို့ထံမှ အတွေ့အကြုံ၊ ငွေကြေး၊ အတတ်ပညာများရလာနိုင်၍ အနာဂတ်အတွက်ဦးနှောက်အတွင်းရင်းနှီးမြှုပ်နှံခြင်း(Future Brain Gain)ပင်ဖြစ်နိုင်ကြောင်းပြောခဲ့သည်။ သို့သော်လက်တွေ့တွင်ကျေးလက်ဒေသမှအရွယ်စုံ၊ ကျား၊ မ စုံမြန်မာများမလေးရှား၊ ထိုင်း၊ ကာတာ၊ ဒူဘိုင်းစသောနိုင်ငံများသို့သွားရောက်ရာမှ ပြန်လာသော အခါကောင်းသည့်အချက်များသယ်ယူလာနိုင်သူများရှိသလို၊ အကျင့်စာရိတ္တပျက်ယွင်းပြီး၊ ကျန်းမာရေးချို့ယွင်း၊ ကူးစက်ရောဂါများ သယ်လာကာ ငွေကြေးမစုဆောင်းနိုင်ဘဲ လူပေါ်ကြော့ဖြစ်ပြီး ပြန်လာရသူများကလည်းမနည်းမနောပင်။ ဤသို့ဆိုလျှင်အထက်ပါပညာရှင်ပြောသကဲ့သို့ အနာဂတ်အတွက်ဦးနှောက်အတွင်း ရင်းနှီးခြင်းများဖြစ်နိုင်ပါမည်လား။ စဉ်းစားစရာပင်။ လက်ရှိနိုင်ငံ၏အနေအထားအရ ပြည်တွင်း၌ရှိသော လူငယ်အများစုမှာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပြီး တက်လမ်းပျောက်ဆုံး၍ အနာဂတ်ကင်းမဲ့နေသည့် အခြေအနေများကိုလည်း သိပါသည်။ ထိုအခြေအနေများက အရွယ်စုံ ကျား၊ မစုံကိုပြည်ပသို့သွားရန် တွန်းအားဖြစ်နေသည်မဟုတ်ပါလား။ သို့သော်ပြည်ပသို့ သွားရောက်လုပ်ကိုင်၍ငွေကြေး၊ အတတ်ပညာအတွေ့အကြုံကောင်းများ သယ်ဆောင်လာ၍ ပြည်တွင်း၌ ပြန်လည်အသုံးချသည့် အခြေအနေမျိုးကိုသာ ဖြစ်စေလိုပါသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ငွေကြေးမစုဆောင်းနိုင်၊ အကျင့်စာရိတ္တယိုယွင်း၊ ရောဂါပိုးများစသည့်မကောင်းမှုအစုံကို သယ်လာသည့်အခြေအနေမျိုးကိုမူ မဖြစ်စေလိုပါ။ ထို့ကြောင့် ပြည်ပသွားမည့်မြန်မာတိုင်း ကိုယ်ခံအားကောင်းရန်နှင့် စာပေဗဟုသုတလိုက်စားရန်၊ သွားရောက်အလုပ်လုပ်သည့်နိုင်ငံ၏မိခင်ဘာသာစကားနှင့် အင်္ဂလိပ်စကား တတ်ကျွမ်းရန်တိုက်တွန်းလိုပါသည်။

အရည်အချင်းရှိလျှင် ထိုသူအတွက် အားသာချက်က ရှိနေသည်။ ပညာမတတ်သူ၏ လစာနှင့်ပညာအရည်အချင်းရှိသူ၏လစာသည် လွန်စွာကွာခြားလေသည်။ အိမ်နီးချင်းနိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြသူများတွင် ပညာအရည်အချင်းမလိုဘဲအလုပ်လုပ်တတ်ကာမျှ သွားရောက်လုပ်ကိုင်ကြသူများတွင်တစ်လလျှင် ၅ သိန်းကျော်ဝန်းကျင်မျှ ရရှိတတ်ပြီး ပညာအရည်အချင်းရှိသူ၏ လစာသည် တစ်လလျှင် ၁၄ သိန်းထက် အကျော်သာရှိသည်ဟု နိုင်ငံခြားတွင် အလုပ်လုပ်နေသူ မိတ်ဆွေက ပြောပြဖူးသည်။ သူအလုပ် စဝင်လျှင်ဝင်ချင်း ၁၄ သိန်းရသည်ဟု ဆိုသည်။

ကိုယ်ပိုင်အရည်အချင်းရှိလျှင် အနည်းငယ်သော ဝင်ငွေကပင် မိမိဘဝကို လုပ်ငန်းရှင်ကြီးအဖြစ်ကိုပြောင်းလဲနိုင်သည်။ ပြောင်းလဲပြောင်းလဲ ခဲ့ကြသည်။ "ကြွက်သေတစ်ခု အရင်းပြု"ဟုပင် ဆိုရိုးစကားပြုထားကြရသည်မဟုတ်ပါလား။ ထို့ကြောင့် "နိုင်ငံခြားကိုသွားမှတဲ့" ဟူသော အတွေးမျိုး မတွေးကြစေချင်ပါ။ မည်သည့် နေရာမှာပင်နေနေ အရည်အချင်း ပညာစာရိတ္တ ကောင်းကောင်းနှင့်သာ ကြိုးစားအားထုတ်စေချင်ပါသည်။ အရည်အချင်းရှိပြီး ရိုးသားကြိုးစားသူများကို လောကကြီးက လာဘ်ဆောင်ကောင်းများနှင့် အတူတိုးတက်သောဘဝဖြစ်အောင် ဆောင်ကြဉ်းပေးနေပါသည်။


# စာ(၃၂) မနက်ဖြန်များစွာ၏ သည်နေ့ မှ

လောကကြီးထဲကိုဝင်ရောက်ဖို့ ခြေလှမ်းသစ်တစ်ခုလှမ်းမည့်အချိန်၊ အားအင်အသစ်တစ်ခုရသည့်အချိန်ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့သော် ထူးဆန်းသည်က ၁၀တန်းအောင်ရုံဖြင့် လောကကြီးထဲ၊ အလုပ်ခွင်ထဲကို ဝင်နိုင်သည့်အတတ်ပညာတစ်ခုကို စာသင်ကျောင်းများမှ မရခဲ့။ ပြည့်စုံလုံလောက်သောအတွေးအခေါ်ကောင်းများအား စာသင်ကျောင်းများမှ မရနိုင်ခဲ့သည်ကိုသတိပြုဖို့လိုအပ်သည်ဟုအကြံပြုချင်သည်။ ထို့အတူတက္ကသိုလ်များက ရလိုက်သောဘွဲ့အချို့မှာလည်း လက်တွေ့လုပ်ငန်းခွင်တွင် အသုံးမတည့်ဖြစ်နေသည်ကလည်း အံ့သြစရာပင်။ အလုပ်ခွင်များထဲသို့မဝင်မီ လောကကြီးထဲသို့ မဝင်မီ မိမိတို့၏ စိတ်နေစိတ်ထားနှင့်ခံယူချက်ကောင်းများရှိနေစေရန်ပြင်ပစာပေများ ဖတ်ရှုခြင်းဖြင့် အကောင်းဆုံးပြင်ဆင်ထားနိုင်သည်။ ထို့ကြောင့်၁၀တန်းအောင်ခြင်း၊ ဘွဲ့ရခြင်းတို့မှာ သင်ယူစရာကုန်ဆုံးခြင်းမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာ သင်ရန် အချိန်စတင်ရောက်လာခြင်းပင်ဖြစ်သည်။

ဒီနေ့၁၀တန်းအောင်စာရင်းထွက်သည်။ အောင်မြင်သူများအတွက် ရင်ထဲတွင် ပြောချင်သော၊ မေတ္တာရပ်ခံချင်သော စကားလုံးများက အစီအရီပေါ်လာသည်။ ဒီနေ့ ၁၀ တန်းအောင်မြင်သောလူငယ်များတွင် စောစောကပြောခဲ့သလို စိတ်နေစိတ်ထားမျိုးများနှင့် နိုင်ငံ့ဝန်ထမ်းလုပ်မည်ဆိုလျှင် နောင်လာမည့်ဆယ်နှစ်တွင်ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာ မမြင်နိုင်သော်လည်း ကောင်းကျိုးမရှိနိုင်ဘဲ ဆိုးကျိုးသာ ရှိဖို့များသည်။ နောင်နှစ် ၂၀တွင် ထိုစိတ်သဘောများကြောင့် ဖြစ်လာသောဆိုးကျိုးများကို ခံစားရမည်။

ဒီနေ့၁၀တန်းအောင်သူများတွင် နောင်တစ်ချိန် နိုင်ငံတော်သမ္မတဖြစ်နိုင်သူလည်း ပါနိုင်သည်။ နောင်တစ်ချိန် ဝန်ကြီးချုပ်များ ဖြစ်နိုင်သူလည်း ပါနိုင်သည်။ နောင်တစ်ချိန် အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သတင်းစာသမားများ၊ ဥပဒေအရာရှိများ၊ တပ်မတော်သားများ ပါနိုင်သည်။ အမျိုးသားစည်းကမ်းကို အစပြုပေးမည့် စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများ ပါနိုင်သည်။ နိုင်ငံတော်ကိုဌာနတစ်ခုတည်းနှင့် တည်ဆောက်၍မရနိုင်ရာ ဌာနအသီးသီးတွင် "နိုင်ငံနဲ့လူမျိုးအတွက် တတ်နိုင်သလောက် အလုပ်အကျွေးပြုမည်"ဆိုသည့် စိတ်ကလေးများ မွေးမြူနိုင်သည့် ဝန်ထမ်းများ ရှိနေစေချင်သော မျှော်လင့်ချက်မျိုးပြည်သူတစ်ယောက်အနေဖြင့်တောင့်တမိသည်။ နောင်လာမည့် မျိုးဆက်များအတွက် အကျင့်ကောင်းတွေ ထားခဲ့နိုင်ကြစေချင်သည်။ မိမိဝါသနာပါသည့် အလုပ်ခွင်တွင် ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်ခွင့်ရသော ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းနီတိများကို လိုက်နာသော ဝန်ထမ်းများ၊ ပြည်သူကို အလုပ်အကျွေးပြုသောဝန်ထမ်းများဖြင့် လည်ပတ်နေသည့် အစိုးရယန္တရားသစ်တစ်ခုဖြစ်လာစေရန် ပြည်သူတစ်ယောက်အနေဖြင့် မျှော်လင့်မိပေသည်။ မိမိသားသမီးများကို အစိုးရဝန်ထမ်းလုပ်စေချင်သည့်မိဘများကလည်း မိမိတို့အနာဂတ်တွင် မျှော်လင့်ထားသည့် လူ့အဖွဲ့အစည်းမျိုးကို မိမိတို့ ဖန်တီးနေခြင်းဖြစ်သည်ဆိုသည်ကို သတိရစေချင်မိသည်။

အရင်းကျေရုံသာမကအမြတ်ဘယ်နှဆလောက် ရနေပြီလဲဆိုတာ မခန့်မှန်းနိုင်သည့်သူငယ်ချင်းဝန်ထမ်းများ၏ ရင်ထဲသို့လည်း တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်သွားမည်ဆိုသည့် ခံယူချက်ကလေးထည့်စေချင်သည့်စေတနာလေး ဝင်လာမိတော့သည်။ ။



---

# ပုံနှိပ်သူ၊ ထုတ်ဝေသူမှတ်တမ်းများ လာရောက်စာရင်းဖြည့်သွင်းရန် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ နှိုးဆော်

စာပေစိစစ်ရေးမူဝါဒများ အဆင့်ဆင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်မည့် အစီအစဉ်နှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးချုပ်(ရန်ကုန်) ၌ ကျင်းပပြုလုပ်သောအစည်းအဝေးတွင်ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်သည်။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများအနေဖြင့် ပုံနှိပ်သူမှတ်တမ်းနှင့် ထုတ်ဝေသူမှတ်တမ်းများကို ဖြန့်ဝေပေးမည်ဖြစ်ရာ ကာယကံရှင် ပုံနှိပ်သူ၊ ထုတ်ဝေသူများကိုယ်တိုင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်မှ ၁၁ ရက်အတွင်း လာရောက်စာရင်းဖြည့်သွင်းကြရန်နှင့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့က ၂၀၁၁ ခုနှစ် ဇွန်လနေ့စွဲဖြင့် ထုတ်ပြန်သော "စာပေစိစစ်ရေးမူဝါဒများအားပြောင်းလဲကျင့်သုံးရန် ထုတ်ပြန်သည့် မူဝါဒ၊ အမှာစာနှင့် ညွှန်ကြားချက်များ"စာအုပ်တွင် အပါအဝင်လိုအပ်သောစာရွက်စာတမ်းများလာရောက်ထုတ်ယူကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ ထုတ်ဝေသူမှတ်တမ်းအနေဖြင့် မှတ်တမ်းပါအကြောင်းအရာများပြောင်းလဲမှုရှိတိုင်းတွင်လည်းကောင်း၊ ပုံနှိပ်သူမှတ်တမ်းအနေဖြင့် လစဉ်လဆန်း ၁ရက်နေ့တိုင်းတွင်လည်းကောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ မပျက်မကွက်ပေးပို့ကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

---

# Sunway Int'l Education Centre (S.I.E.C) သင်တန်းဆင်းပွဲ ကျင်းပ



ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ II တွင်ရှိ Sunway Int'l Education Centre(S.I.E.C) တွင် နွေရာသီနှင့် Pre-School သင်တန်းများ၏ သင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၂၈ ရက်ညနေ ၃ နာရီခွဲတွင် Myanmar Info Tech ၌ ကျင်းပရာ ကျောင်း၏ တာဝန်ရှိသူများ၊ မိဘများနှင့် သင်တန်းသားကလေးများ စုံညီစွာတက်ရောက်ခဲ့ကြပြီး ကလေးများ၏ အင်္ဂလိပ်စာစွမ်းရည်၊ ပန်းချီလက်မှုပညာစွမ်းရည်များဖြင့်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းတွင် Pre-School (၂-၅)နှစ်ကိုတနင်္လာမှ သောကြာနေ့များတွင်လည်းကောင်း English for Young Learner Couse များကို စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း အတွေ့အကြုံရှိ ကျွမ်းကျင်သော ဆရာမများနှင့် သင်ကြားပေးလျက်ရှိပြီး အသေးစိတ်အချက်အလက်များကို ကမာရွတ်ကျောင်း ၀၁-၅၀၂၁၂၇၊ ၅၀၂၁၂၈ သို့လည်းကောင်း တောင်ဥက္ကလာကျောင်းခွဲ ၀၁-၈၅၅၅၀၅၃၆၊ ၀၉-၇၃၀၉၄၆၁၅ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

# Environment

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# အင်းလေးကန်ထိန်းသိမ်းရေးအတွက် လူငယ်များဦးဆောင်ကာဟောပြောပွဲများပြုလုပ်မည်

အိဖြူမွန်

**ရန်ကုန်၊ ဇွန် - ၁၁**

အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးအတွက် ဒေသခံလူငယ်များက စုပေါင်း၍ လူထုပညာပေးဟောပြောပွဲများကို ခြောက်လ လုပ်ဆောင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များကပါ အင်းလေးကန် သန့်ရှင်းရေးနှင့် ပလတ်စတစ်အိတ်များ အသုံးမပြုရေးများကိုပါ ပူးပေါင်းပါဝင်မည်ဟု အင်းလေးကန်ရှိ ကျေးရွာဒေသခံများမှသတင်းရရှိသည်။



*ကမ္ဘာသိ အင်းလေးကန်မြင်ကွင်းတစ်နေရာ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လူထုပညာပေးဟောပြောပွဲများ ပြုလုပ်ရာ၌ လူထုလှုပ်ရှားမှုအသွင်ဆောင်ရွက်ခြင်းသည် ယင်းဒေသအတွက် ပထမဆုံးဖြစ်ပြီး ကျေးရွာဒေသခံ ပညာတတ်လူငယ်အများစုက ဦးဆောင်ကြောင်း၊ ယင်းပုဂ္ဂိုလ်များ ဦးဆောင်မှုကိုကျေးရွာဒေသခံသက်ဆိုင်ရာ အာဏာပိုင်များက ပူးပေါင်းပါဝင်ခဲ့ကြောင်းသိရသည်။

"လူထုက ဦးဆောင်တာပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇီဝမျိုးစုံမျိုးကွဲနဲ့ ပတ်သက်တဲ့အကြောင်းတွေဟောပြောမယ်။ အဲဒီလူငယ်တွေကပဲ ကျေးရွာဒေသခံတွေရဲ့အသံကိုနားထောင်မယ်။ အချက်အလက်တွေကောက်မယ်" ဟု ယင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူတစ်ဦးကပြောသည်။

ယင်း လူထုလှုပ်ရှားမှု၏ ဟောပြောပွဲများကို အင်းလေးကန်အတွင်း၊ အပြင်သာမကရေဝေရေလဲဒေသတွင် နေထိုင်ကြသော ကျေးရွာများထိဟော ပြောသွားမည်ဟုသိရသည်။

ယင်းလှုပ်ရှားမှုနှင့်ပတ်သက်၍ ညောင်မြို့တွင် သားငှက်ထိန်းသိမ်းရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ကိုင်နေသူ အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက "လုပ်နေတာတွေတော့ အားတက်စရာပဲ။ လူထုကလည်း ပါသင့်ပါတယ်။ သူတို့ပါမှ အောင်မြင်ရမှာကိုး။ တာဝန်ယူဆောင်ရွက်မှုကို လက်ဆင့်ကမ်းပြီး Long Term Environment လုပ်မယ်ဆိုရင်တော့ သေချာတယ်၊ ၂၀၁၀ ကလို အဖြစ်မျိုးကြုံဖို့ ခဲယဉ်းသွားပြီ။ အရမ်းဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ Climate Change က မဆိုးရွားဘူးဆိုရင် အခက်အခဲမကြုံနိုင်တော့ဘူး" ဟု ၎င်းကပြောသည်။

ယခုနှစ် မိုးများမှုကြောင့် အင်းလေးကန်ရေသည် နွေရာသီတွင် ပုံမှန် ရေအမှတ်အဖြစ်သာရှိခဲ့ကြောင်း သိရသည်။ ၂၀၁၀ပြည့်နှစ်က အယ်လ်နီညိုအကျိုးဆက်ကြောင့် အင်းလေးကန်ရေသည် စံချိန်တင်ခန်းခြောက်ခဲ့ပြီး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကိုနိုင်ငံတော်မှကျင်းပပေးခဲ့သည်။ ယခုနှစ်အတွက် အကျိုးအမြတ်တစ်စုံတစ်ရာမရရှိဘဲ လူငယ်လှုမှုရေးလုပ်ကိုင်သူများသည် ပထမဆုံးပေါ်ထွက်လာခဲ့ခြင်းလည်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကထပ်မံပြောသည်။

အင်းလေးကန် ရေဝေရေလဲဒေသများ၌ သစ်တော ဖုံးလွှမ်းမှုလျော့ကျလာခြင်းကြောင့် စိုစွတ်သော(မိုးရာသီ)ကာလတွင် ကန်အတွင်းသို့ရေအများဆုံးဝင်သော သန်းတောင်ချောင်းမှ နှစ်စဉ် နုန်း ၁၂,၆၄၈ ဒသမ ၃၃၉ မက်ထရစ်တန် အင်းတိမ်ချောင်းမှ ၁၇,၀၀၈ ဒသမ ၈၈ မက်ထရစ်တန်ပို့ချသည်။

# မွန်ပြည်နယ်အတွင်း ကျွန်းနှင့် သစ်မာ သုံးသိန်းကျော်နှင့် ဒီရေတောသစ်ပင် တစ်သောင်းကျော် စိုက်ပျိုးမည်

မိုင်ခရိုစကုဗ်

**မော်လမြိုင်၊ ဇွန် - ၇**

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက် ပျိုးပွဲတော်များတွင် ဇွန်လ ၂ ရက်မှ ဇူလိုင် ၃၀ ရက်အတွင်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မွန်ပြည်နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ ကျွန်းအပါအဝင် သစ်မာ (ယူကလစ်) စုစုပေါင်း ၃၂၂,၆၅၅ ပင်အား စိုက်ပျိုးသွားမည်ဖြစ်ပြီး သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းသည့်အနေ ဖြင့် သံဖြူဇရပ်မြို့နယ်နှင့်ရေးမြို့နယ်များတွင် သမဲ့၇,၀၀၀ ပင်၊လမု ၂,၀၀၀ ပင်၊ ကန့်ပလာ ၃,၅၀၀ ပင်စုစုပေါင်းဒီရေတောအပင် ၁၂,၅၀၀ အားဇူလိုင်လအတွင်းပြည်နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများစိုက်ပျိုးသွားမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းအားလုပ်ငန်းစဉ်၆ ခုဖြင့် စိုက်ပျိုးသွားမည်ဖြစ်ရာ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျွန်းပင်၆,၀၃၀၊ တစ်အိမ်ထောင်ကျွန်း ၃ပင်စိုက်ပျိုးရေးစီမံကိန်းတွင် ကျွန်း၉၉,၇၂၀ ပင်၊ တစ်အိမ်ထောင်သစ်မာ ၂၀ ပင် စိုက်ပျိုးရေးစီမံကိန်းတွင် သစ်မာ (ယူကလစ်) ၁၆၁,၈၀၀ ပင်၊ လမ်းဘေးဝဲယာတစ်လျှောက်အရိပ်ရစေရန် ကျွန်း ၇,၄၅၀ ပင်၊ လူထုသို့ ဖြန့်ဖြူးပေးသည့် ပျိုးပင် ၂၅,၀၀၀ ပင်၊ ၂၀၁၁ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များတွင် ကျွန်းနှင့် သစ်မာမျိုးစုံ ၂၂,၆၅၅ ပင်အား ဇူလိုင်လ ၃၀ ရက်နောက်ဆုံးထား၍ စိုက်ပျိုးသွားမည်ဖြစ်သည်။ ထိုသစ်ပင်များစိုက်ပျိုးနိုင်ရန် သထုံခရိုင်ရှိပျိုးဥယျာဉ် ၈ ခုနှင့်မော်လမြိုင်ခရိုင်ရှိပျိုးဥယျာဉ် ၈ ခုတို့မှ တာဝန်ယူဖြန့်ဖြူးပေးခဲ့သည်။

မွန်ပြည်နယ်အတွင်း ကျိုက်ထိုမြို့နယ်ရှိကျိုက်ထီးရိုးဘေးမဲ့တော ၃၈,၆၀၀ ဧက၊ ဘီးလင်းမြို့နယ်ရှိ ကေလာသဘေးမဲ့တော ၅,၉၁၃ ဒသမ ၇၇၃ ဧက၊ ကြိုးဝိုင်းသစ်တော ၉ ခု၌ ၁၀၃,၀၄၇ ဒသမ ၄၀ ဧက၊ ကြိုးပြင်ကာကွယ်တော ၃၉,၄၆၂ ဧကတို့အား မွန်ပြည်နယ်သစ်တောဦးစီးဌာနမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ပုဂ္ဂလိက သစ်တောစိုက်ခင်းအားခွင့်ပြုချထားပေးခဲ့ရာတွင် ပုဂ္ဂလိကသစ်မာစိုက်ပျိုးသူ ၉ ဦးအား ၇၄၁ ဧက၊ ပုဂ္ဂလိက ကျွန်းစိုက်ပျိုးသူ ၂ ဦးအား ဧက ၃၀၀၊ စုစုပေါင်း ပုဂ္ဂလိက သစ်တောစိုက်ခင်း ၁,၀၄၂ ဧကအား စိုက်ပျိုးခွင့်ပြုခဲ့သည်။ ပုဂ္ဂလိက သစ်တောစိုက်ခင်းများဖြစ် ထွန်းပေါ်ပေါက်ရေးသည် နိုင်ငံတော်နှင့်ပြည်သူများ ရေရှည်အကျိုးဖြစ်ထွန်းနိုင်သောကြောင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းထူထောင်လိုသူများအား နည်းပညာနှင့်ပျိုးပင်များလိုအပ်သလို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်၊ သထုံခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးပိုင်က ရှင်းလင်းပြောကြားခဲ့သည်။

## Environment Cartoon



# ဖရီဒါအသင်း ဒီရေတော ဧက ၆၀၀ ခန့် စိုက်ပျိုးမည်ဟုဆို


အိဖြူမွန်

**ရန်ကုန်၊ ဇွန် - ၁၁**


သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းဖြစ်သော ဖရီဒါ (သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း)မှ ယခုနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ် နှစ်မြို့နယ်တွင် ဒီရေတောဧက ၅၈၅ စိုက်ပျိုးမည်ဖြစ်ပြီး ယခင်နှစ်ထက် စိုက်ဧကတိုးလာကြောင်း သတင်းရရှိသည်။

ဘိုကလေးမြို့နယ်စက်ဆန်းကျေးရွာအုပ်စုမှ ကျေးရွာသုံးရွာနှင့်ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ တယ်ပင်စိပ်နှင့် ဘဝသစ် ကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးမည်ဖြစ်သည်။ ယခုနှစ်တွင် စိုက်ပျိုးမည့်ဧကသည်ဧက ၁၈၅ ပိုပြီး ကျေးရွာအသစ်ခြောက်ရွာ ပါဝင်မည်ဖြစ်သည်။ ယခုလမှစတင်၍ ဇူလိုင်၊ ဩဂုတ်လတို့တွင် အပြီးသတ်စိုက်ပျိုးမည်ဖြစ်သည်။

စိုက်ပျိုးပြီး ဒီရေတောများကို ကျေးရွာလူထု ပါဝင်သော ကျေးရွာ အစုအဖွဲ့ပိုင်သစ်တော (CF)များအနေဖြင့် ဆက်လက်ထိန်းသိမ်းမည်ဟု ယင်းအသင်းမှ တာဝန်ကျပုဂ္ဂိုလ်တစ်ဦးကပြောသည်။ အသင်းအနေဖြင့် နှစ်စဉ်ဧက ၃၀၀ စိုက်ပျိုးရာမှ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတိုးချဲ့စိုက်ပျိုးလာခဲ့သည်။



တစ်ဧကလျှင် ဒီရေတောအပင်ပေါင်း ၁,၂၁၀ ပင် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမည့်အပင်များကို အသင်းမှပျိုးထားသောအပင်များကိုသာ စိုက်ပျိုးမည်ဟုသိရသည်။ ယခုနှစ်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အပင်ပေါင်း သန်း ၃၀ ကျော် စိုက်ပျိုးမည်ဖြစ်ပြီး လျာထားချက်မှာ အပင်ပေါင်း ၇၈ သန်းကျော်ရှိကြောင်း သိရသည်။



Tourism
7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ရွှေးဟောင်းမြို့တော် ပုဂံရှိမြေကွက်များလည်းရောင်းကောင်းနေ

အောင်သူရ

ရန်ကုန်၊ ဇွန် - ၁၁

ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၏ ဝယ်ယူမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ပုဂံဒေသရှိ မြေကွက်များရောင်းကောင်းနေကြောင်း သတင်းရရှိသည်။

"ဖွားစောရွာဘက်မှာရော မြို့သစ်ဘက်မှာရော လေယာဉ်ကွင်းအထွက် လမ်းဘေးမြေတွေရော ကုန်သလောက်ဖြစ်သွားပြီ" ဟု ပုဂံဒေသခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့် တစ်ပတ်ကျော်မှစ၍ ရန်ကုန်၊ မန္တလေးမှ လုပ်ငန်းရှင်များအပါအဝင် တရုတ်နိုင်ငံသား လုပ်ငန်းရှင်များဝယ်ယူရန် လာရောက်ကြည့်ရှုခဲ့ကြပြီး အချို့မြေကွက်များမှာ အရောင်းအဝယ် ဖြစ်သွားကြကြောင်း သတင်းရရှိသည်။



ကမ္ဘာသိရှေးမြို့တော်ဟောင်း ပုဂံဒေသ၏ ပင်ကိုအလှကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြေကွက်လပ်များအပြင် လက်ရှိ တည်ဆောက်ထားသော New Bagan Inn၊ မြန်မာဟိုတယ်အပါအဝင် ဟိုတယ်သုံးလုံးမှာ ယခုလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပုဂံဒေသခံများထံမှသိရသည်။

ထို့ကြောင့် ယခင်က တစ်ကေလျှင်ကျပ်ဆယ်သိန်းဝန်းကျင်သာရှိခဲ့သော မြေကွက်များမှာ ယခုအခါတစ်ကေလျှင်ကျပ်သိန်း ၉၀ အထိ ဈေးပေးဝယ်ယူနေကြကြောင်း သတင်းရရှိသည်။

# ဝန်ထမ်းအသစ်ခန့်ပြီးလျှင် မလေးရှားဗီဇာ တိုးထုတ်ပေးမည်ဟုဆို

အောင်သူရ

ရန်ကုန်၊ ဇွန် - ၈

လိုအပ်သော ဝန်ထမ်းများထပ်မံခန့်ထားပြီးပါက ယခုထုတ်ပေးနေသော ပြည်ဝင်ခွင့်(ဗီဇာ)ပမာဏထက် နှစ်ဆထုတ်ပေးရန် အစီအစဉ်ရှိကြောင်း မလေးရှားသံအမတ်ကြီးက သတင်းထောက်များအား ပြောကြားသည်။

"လူထပ်ခန့်ဖို့ သဘောတူပြီးသွားပြီ။ နှစ်ယောက်ထက်ပိုပြီး ခန့်ထားနိုင်ရင် အခုထုတ်ပေးနေတာထက်နှစ်ဆ ထုတ်ပေးနိုင် တယ်။ အချိန်အတိအကျ မပြောနိုင်ပေမယ့် မကြာတော့ပါဘူး" ဟု သံအမတ်ကြီးကဆိုသည်။ လက်ရှိတွင် မလေးသံရုံးရှိ ဗီဇာထုတ်ပေးသောဌာနၛ မလေးရှားနိုင်ငံသားတစ်ဦးနှင့်မြန်မာနိုင်ငံသားတစ်ဦးသာရှိပြီး နောက်ထပ်မလေးရှားတစ်ဦးနှင့် မြန်မာတစ်ဦးအား ခန့်ထားရန်ရှိသည်ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ဝန်ထမ်းနှစ်ဦးသာရှိသဖြင့် တစ်ရက်လျှင်အလုပ်သမားဗီဇာ ၂၀၀နှင့် လူမှုရေးဗီဇာ ၁၀၀ သာ ထုတ်ပေးနိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ မလေးရှားနိုင်ငံသို့ တစ်ရက်လျှင် လေယာဉ်သုံးစီးပျံသန်းလျက်ရှိကြောင်း လေကြောင်းလိုင်းအသိုင်းအဝိုင်းက ဆိုသည်။

မြန်မာနိုင်ငံရှိ မလေးရှားသံရုံးတွင် တစ်နေ့လျှင် အလုပ်သမားဗီဇာ ၂၀၀ နှင့် လူမှုရေးဗီဇာ ၁၀၀ အား တစ်ပတ်လျှင် ၄ရက်နှုန်းဖြင့် ၂၀၁၁ မတ်လ ၁၈ ရက်မှ စတင်ထုတ်ပေးခဲ့သည်။

# လေဆိပ်ခရီးသွားဝန်ဆောင်ခ လေယာဉ်လက်မှတ်ခနှင့် ပူးတွဲ ကောက်ခံမည်

အောင်သူရ

ရန်ကုန်၊ ဇွန်-၉

ပြည်တွင်းလေယာဉ်ခရီးစဉ်များတွင်ခရီးသည်များထံမှ ကောက်ခံသော Passenger Service Charges အား ဇူလိုင်လ ၁ရက်မှစ၍ လေယာဉ်လက်မှတ်ခနှင့်ပူးတွဲကောက်ခံတော့မည်ဖြစ်ကြောင်း အဲမန္တလေးလေကြောင်းကသတင်းထုတ်ပြန်သည်။

ထိုကဲ့သို့ကောက်ခံရန်သက်ဆိုင်ရာက ဇွန်လ ၆ရက်တွင် အကြောင်းကြားလာကြောင်း အဲမန္တလေး လေကြောင်းလိုင်းမှ တာဝန်ရှိသူကဆိုသည်။ပြည်တွင်းလေယာဉ်ခရီးစဉ်များသွားရောက်မည့် ခရီးသည် အားလုံးအား ဇွန်လ ၁ ရက်မှစ၍ တစ်ဦးလျှင်Passenger Service Charges အဖြစ် ကျပ်တစ်ထောင် အားလေဆိပ်တွင် ကောက်ခံရန်သက်ဆိုင်ရာကသတ်မှတ်ခဲ့သည်။

ထိုကဲ့သို့လေယာဉ်လက်မှတ်ဝယ်ယူစဉ်တစ်ခါတည်း ကောက်ခံရန်အတွက် လေကြောင်းလိုင်းများအနေဖြင့် အစည်းအဝေးတစ်ခုပြုလုပ်ပြီးတူညီသောသဘောတူ အသုံးပြုကာ ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပုဂံတွင်ခရီးသွားလုပ်ငန်း ကြီးကြပ်မှုလုံခြုံရေးအဖွဲ့ စတင်ထားရှိမည်

အောင်သူရ

ရန်ကုန်၊ ဇွန်-၇

ကမ္ဘာ့လှည့်ခရီးသွားများ အဓိကသွားရောက်သော ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းကြီးကြပ်မှု လုံခြုံရေးအဖွဲ့ (Tourist Police) ကို ဇူလိုင်လတွင် စတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပုဂံမှာ ဇူလိုင်လကစပြီး ခရီးသွားလုပ်ငန်းကြီးကြပ်မှုလုံခြုံရေးအဖွဲ့ကိုထားဖို့ ဝန်ကြီးဦးတင့်ဆန်းက စနေနေ့က အဖွဲ့ ၁၁ ဖွဲ့နဲ့တွေ့တုန်းကပြောသွားတာ" ဟုမြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါအဖွဲ့အနေဖြင့် မြင်းလှည်းနှင့်ကားများ၏ ဈေးနှုန်းများအပါအဝင် ဒေသရှိဟိုတယ်နှင့်ခရီးသွားနေရာများသန့်ရှင်းသပ်ရပ်မှုကိုပါစစ်ဆေးမည်ဖြစ်ကြောင်း တာဝန်ရှိသူကဆိုသည်။ မြန်မာခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းပြီးနောက် ခရီးသွားလုပ်ငန်းများကြီးကြပ်စစ်ဆေးနိုင်ရန် ခရီးသွားလုပ်ငန်းကြီးကြပ်မှုလုံခြုံရေးအဖွဲ့အား ဖွဲ့စည်းပေးရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း MTB ဥက္ကဋ္ဌဦးခင်ရွှေက သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားသည်။ အဆိုပါ ခရီးသွားလုပ်ငန်းကြီးကြပ်မှု လုံခြုံရေးအဖွဲ့တွင် ခရီး သွားလုပ်ငန်းလုပ်ကိုင်နေသော နယ်ပယ်စုံမှ ပုဂ္ဂိုလ်များဖြင့် အဓိကဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။



ပုဂံ၏ နေဝင်ချိန်အလှကို စောင့်မျှော်ကြည့်ရှုနေသော ကမ္ဘာလှည့်ခရီးသွားအချို့ကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)






# Cartoon





















7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ၂၀၁၁ စင်ကာပူစီးပွားရေးတိုးတက်မှု ၆ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်း

**စင်ကာပူ၊ ဇွန် – ၈**

စင်ကာပူနိုင်ငံ၏စီးပွားရေးသည် ယခုနှစ်အတွင်း ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ကာ ပြီးခဲ့သည့်နှစ်ကထက် တိုးတက်နှုန်းပိုများမည်ဖြစ်ကြောင်း စင်ကာပူစီးပွားရေးပညာရှင်များက ခန့်မှန်းပြောကြားလိုက်သည်။

ယခုခန့်မှန်းချက်ကို စင်ကာပူနိုင်ငံ၏ တစ်နှစ်လေးကြိမ်ထုတ် စီးပွားရေးစစ်တမ်းစာစောင် Survey of Professional Forecaster တွင် ပညာရှင်များကခန့်မှန်းခဲ့ပြီး၊ ပြီးခဲ့သည့်နှစ် စီးပွားရေးတိုးတက်မှု ၅ ဒသမ ၇ ရာခိုင်နှုန်းထက်ပိုများမည်ဟုဆိုသည်။ စင်ကာပူနိုင်ငံတွင် ယခုနှစ် ပထမသုံးလပတ်ဘဏ္ဍာရေးကာလအတွင်း စီးပွားရေးတိုးတက်မှု ၈ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ယခင်က ၅ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် တိုးတက်မှု ၈ ရာခိုင်နှုန်းအထိ မှန်းထားသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင်လည်း ပြီးခဲ့သည့်နှစ် ခန့်မှန်းချက် ၇ ဒသမ ၄ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်ခန့်မှန်းထားသည်။

ငွေဖောင်းပွမှုနှုန်းမှာ ၂၀၁၁ ခုနှစ်အတွက် ၄ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ အလုပ်လက်မဲ့နှုန်းမှာ ယခုနှစ်ကုန်တွင် ၂ ရာခိုင်နှုန်းအတိုင်းသာရှိမည်ဟုဆိုသည်။

—*Ref: Reuters*







# ထိုင်းရွေးကောက်ပွဲလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်တစ်သိန်းခန့် အသုံးပြုမည်

**ဘန်ကောက်၊ ဇွန် – ၇**

ထိုင်းအစိုးရသည် ဇူလိုင်လ ၃ ရက်တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲလုံခြုံရေးအတွက် မဲရုံများကိုစောင့်ကြပ်ရန် ရဲတပ်ဖွဲ့ဝင်ပေါင်းတစ်သိန်းခန့်ကို အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါရွေးကောက်ပွဲသည် ပြီးခဲ့သည့်နှစ်က နိုင်ငံရေးအရအကြမ်းဖက်မှုများဖြစ်ပွားအပြီး ပထမအကြိမ် ပြုလုပ်သော ရွေးကောက်ပွဲလည်းဖြစ်သည်။ ထိုင်းရဲတပ်ဖွဲ့ဗိုလ်ချုပ်ကြီး ဝိချီယန်ပုတ်ပိုဆရီက "တော်ဝင်ထိုင်းရဲတပ်ဖွဲ့ဟာ ဇူလိုင် ၃ ရက် ရွေးကောက်ပွဲနေ့မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ မဲရုံ ၉၀,၀၀၀ ကျော်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အနည်းဆုံး တစ်သိန်းလောက်ကို တာဝန်ချထားပေးမှာဖြစ်ပါတယ်"ဟုပြောသည်။

ထို့ပြင် ၎င်းက ယခုချိန်အထိ အာဏာရ ဒီမိုကရက်ပါတီမှ အမတ်လောင်းများနှင့် အဓိကအတိုက်အခံပါတီ ပူအာထိုင်းမှ အမတ်လောင်းဦးရေ စုစုပေါင်း ၂၅၆ ဦးကို မဲဆွယ်ကာလအတွင်း ရဲအစောင့်အရှောက်များထားပေးသွားမည်ဖြစ်ကြောင်းနှင့်ထိုတာဝန် အတွက် ရဲအရာရှိ ၄၅၀ ဦးကို တာဝန်ပေးထားသည်ဟုဆိုသည်။

လာမည့် ထိုင်း အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်းသက်ဆင်၏ အငယ်ဆုံးညီမ ရင်လပ်ခ်ရှင်နာဝပ်ထရာက ပူအာထိုင်းပါတီမှ ဝန်ကြီးချုပ်လောင်းအဖြစ် ဝင်ရောက်အရွေးခံမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ပြီးခဲ့သော ရွေးကောက်ပွဲလေးကြိမ်၌ သက်ဆင်နှင့် ဆက်နွယ်သော ပါတီများကအမတ်နေရာအများစုရခဲ့သော်လည်း နောက်ဆုံးရလဒ်နှစ်ခုကိုမူ တရားရုံးများကပယ်ဖျက်ခဲ့သည်။

—Ref: AFP






7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

## နောက်ကျောဖုံး - နယူးဇီလန် ခရစ်ချာ့ပ်တွင် ငလျင်လှုပ်ခတ် အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရ မှ

အစိုးရ ဘူမိဗေဒတိုင်းတာရေးဌာန GeoNet ၏ အဆိုအရ ခရစ်ချာ့ပ်မြို့တွင် ဇွန်လ ၁၂ရက်နေ့လယ် ၁၂ နာရီ ၂၉မိနစ်မှ ၃ နာရီ ၃၈ မိနစ်အတွင်း ငလျင်လှုပ်ခတ်မှု ခုနစ်ကြိမ်ရှိခဲ့ပြီး အပြင်းဆုံးလှုပ်ခတ်မှုမှာ မြို့တော်အရှေ့တောင်ဘက် ၁၀ ကီလိုမီတာအကွာရှိ နေရာကို ဗဟိုပြု၍ မြေအောက်အနက် ၉ ကီလိုမီတာ၌ လှုပ်ခတ်ခဲ့သည့် ၆ ဒသမ ၀ မဂ္ဂနီကျူ့ဒ်ပြင်းအားရှိသည့်ငလျင်ဖြစ်ကြောင်းဆိုသည်။ ဒုတိယမြောက် အပြင်းထန်ဆုံးလှုပ်ခတ်မှုမှာ နေ့လယ် ၁ နာရီတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၅ ဒသမ ၅မဂ္ဂနီကျူ့ဒ်ရှိငလျင်ဖြစ်ကြောင်းဆိုသည်။

ယခုအခါ ခရစ်ချာ့ပ်ရဲတပ်ဖွဲ့သည် မြို့တော်ရှိ ကျောင်းများ၊ ဈေးဆိုင်များ၊ အခြားလူနေအဆောက်အအုံများကိုပိတ်ခိုင်းထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ မြို့တော်တွင် ငလျင်များကြောင့် အနည်းဆုံး မီးလောင်မှုတစ်ကြိမ်နှင့် ကျောက်ဆောင်များ ပြိုကျမှု၊ ရေကြီးမှုများ၊ မြေအောက်ရေယိုစိမ့်မှုများဖြစ်ပေါ်ခဲ့သည်။ ပြီးခဲ့သည့်လများကလည်း ခရစ်ချာ့ပ်မြို့တွင် ငလျင်လှုပ်မှုများဖြစ်ပေါ်ခဲ့ရာ ယခုငလျင်မှာ မြို့တော်အတွက် ၂၀၁၁ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ခဲ့သည်။


—*Ref: AP*

## နောက်ကျောဖုံး - ပါလက်စတိုင်း ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်နေရာ အဆိုပြုမှုကို ဟားမားစ်အဖွဲ့ပယ်ချ မှ

ဂါဇာကမ်းမြောင်ဒေသတို့တွင် သီးခြားအစိုးရများဖွဲ့စည်းထားကြရာ ညီညွတ်သောကြားဖြတ်အစိုးရတစ်ရပ် ဖြစ်ပေါ်၍ ရွေးကောက်ပွဲအောင်မြင်ရေးမှာ ပါလက်စတိုင်းအတွက် နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် အရေးကြီးနေသည်။ အနောက်အုပ်စုဘက်ယိမ်းသော ဖာတာအဖွဲ့သည် အနောက်ဘက်ကမ်းခြေအခြေစိုက် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့၏ ဝန်ကြီးချုပ် ဖေးယတ်အား ကြားဖြတ်အစိုးရတွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် ပြီးခဲ့သည့် အပတ်ကပင် အဆိုပြုခဲ့သည်။

ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်ကလည်း ဖေးယတ်အား ပြန်လည်ခန့်အပ်ခြင်းသည် အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ခံထားရသော ဟားမားစ်အဖွဲ့၏ လက်ထဲသို့ အနောက်တိုင်းမှ အလှူငွေများ စီးဝင်သွားမည့်အရေးပူပန်မှုများကို ပြေလျော့စေနိုင်မည်ဟုဆိုထားသည်။ —*Ref: AP*

## နောက်ကျောဖုံး - ကော်ဒွန်ကော်လီမီးတောင်ပေါက်ကွဲရာဒေသမှ ပြည်သူများ ပြောင်းရွှေ့ရန် ချီလီအာဏာပိုင်များ တိုက်တွန်း မှ



ယခုအခါ အဆိုပါမီးတောင်မှ လွင့်စဉ်ထွက်လာသော ပြာမှုန်များသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ပျံ့နှံ့လျက်ရှိပြီး ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် လေကြောင်း ခရီးစဉ်အချို့ရပ်ဆိုင်းထားရသည်။ ဇွန်လ ၄ ရက်မှစ၍ ပေါက်ကွဲခဲ့သော မီးတောင်ဝန်းကျင်ဒေသမှ လူပေါင်း၄,၀၀၀ ခန့်အား ကယ်ဆယ်ထားရပြီး မီးတောင်မြောက်ဘက်ဒေသတွင် မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိကြောင်း ချီလီအမျိုးသား ဘူမိဗေဒနှင့် သတ္တုတွင်းလုပ်ငန်း၏ တာဝန်ရှိသူများကပြောသည်။

ချီလီမီးတောင်မှ ထွက်ရှိသော ပြာမှုန်များကြောင့် ဩစတြေးလျနှင့် နယူးဇီလန်အပြင် အာဂျင်တီးနားမြို့တော် ဗျူနိုအေးရိစ်နှင့် ဥရုဂွေးနိုင်ငံမြို့တော် မွန်တီဗီဒီယိုတို့တွင်လည်း ပြီးခဲ့သည့်အပတ်မှစ၍ လေကြောင်းခရီးစဉ်များရပ်နားခဲ့ရသည်။ ထို့နောက် ဇွန်လ ၁၂ရက်တွင်မှ လေကြောင်းခရီးစဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ခဲ့သည်။ ချီလီနိုင်ငံတွင် အန်ဒီယန်ကုန်းမြင့်ဒေသတစ်လျှောက်၌ မီးတောင်ပေါင်း ၃,၀၀၀ ကျော်ရှိပြီး ယင်းမှ မီးတောင် ၅၀၀ ခန့်မှာ မီးတောင်ရှင်များဖြစ်ကြောင်းသတ်မှတ်ခံရသည်။ ယခုပေါက်ကွဲခဲ့သော ကော်ဒွန်ကော်လီမီးတောင်သည် မြို့တော်ဆန်တီယာဂို၏ တောင်ဘက်မိုင်၆၂၀(ကီလိုမီတာ၁,၀၀၀) အကွာခန့်တွင်တည်ရှိသည်။

— *Ref: AP*



Leader's Profile

# ဘူဂေးရီးယားသမ္မတ ဂျော်ဂျီပါဗာနော့ဗ်

ရဲမင်း

ဂျော်ဂျီပါဗာနော့ဗ်သည်ဘူဂေးရီးယားနိုင်ငံ၏ လက်ရှိသမ္မတဖြစ်သည်။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲ ဒုတိယအချီတွင် သမ္မတဟောင်း ပီတာစတိုယာနော့ဗ်အပေါ် အနိုင်ရရှိကာသမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် သမ္မတတာဝန်များ စတင်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့ပြီး ဒုတိယသမ္မတသက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်သည်။ နေတိုးနှင့် ဥရောပသမဂ္ဂအဖွဲ့သို့ ဘူဂေးရီးယားနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်လာရေးကို ပါဗာနော့ဗ်က ထောက်ခံခဲ့သည်။ ဘူဂေးရီးယားနိုင်ငံ၏ဥပဒေအရ သမ္မတသည် နိုင်ငံရေးအဖွဲ့ဝင်တစ်ဦးမဖြစ်ရဟု သတ်မှတ်ထားရာ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ပါဗာနော့ဗ်သည် ဆိုရှယ်လစ်ပါတီမှ နုတ်ထွက်ကာ တစ်သီးပုဂ္ဂလဖြစ်လာခဲ့သည်။ သို့သော် ပါဗာနော့ဗ်က ကိုယ့်ကိုယ်ကိုယ် ဆိုရှယ်လစ်အဖြစ်သာ အသိအမှတ်ပြုထားပြီး လူမှုရေးသမ္မတဟု မိမိကိုယ်ကို ကြေညာသည်။ ၎င်း၏ ရွေးကောက်ပွဲအခြေခံအချက်များမှာလည်း အလုပ်လက်မဲ့များ၊ အဖိနှိပ်ခံများနှင့် ဆင်းရဲသားများအတွက် လူမှုရေးစောင့်ရှောက်မှုဖြစ်သည်ဟု ဆိုထားသည်။

ပါဗာနော့ဗ်သည် ၁၉၅၇ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ပါနစ်ခရိုင်၊ စီရစ်တနစ်ကျေးရွာ၌ မွေးဖွားခဲ့သည်။ အထက်တန်းပညာရေးကိုပါနစ်မြို့တွင်သင်ကြားခဲ့ပြီး တက္ကသိုလ်ပညာရေးအတွက် ဆိုဖီယာတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ သမိုင်းဘာသာရပ်ကို အဓိကယူခဲ့ပြီးဘူဂေးရီးယားကွန်မြူနစ်ပါတီသမိုင်းကို အထူးပြုလေ့လာခဲ့သည်။ ဒေါက်တာဘွဲ့အတွက် ကျမ်းပြုစုရာတွင်လည်း ဘူဂေးရီးယားသမိုင်းကိုသာ အထူးပြုလေ့လာခဲ့သည်။

သမိုင်းအထူးပြုဖြင့် ဘွဲ့ရခဲ့သော ပါဗာနော့ဗ်သည် ဘူဂေးရီးယားကွန်မြူနစ်ပါတီ သမိုင်းအင်စတီကျူ့ဒ်တွင် သုတေသနလက်ထောက်အဖြစ် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အကြီးတန်းသုတေသနအရာရှိဖြစ်လာခဲ့သည်။

ပါဗာနော့ဗ်သည် ၁၉၈၁ ခုနှစ်တွင်ဘူဂေးရီးယားကွန်မြူနစ်ပါတီသို့ဝင်ရောက်သည်။ ၁၉၉၄ ခုနှစ် ရောက်သောအခါ ဘူဂေးရီးယားဆိုရှယ်လစ်ပါတီ(ကွန်မြူနစ်မှ ဆိုရှယ်လစ်သို့ ၁၉၉၀ ပြည့်နှစ်တွင်ပြောင်းလဲသုံးစွဲခဲ့) ဦးသျှောင်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌနေရာရရှိခဲ့ပြီး ၁၉၉၆ ခုနှစ်၌ ဦးသျှောင်ကောင်စီ၏ဥက္ကဋ္ဌဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၉၄ ခုနှစ်တွင် ပါလီမန်အမတ်ဖြစ်လာသည်။ ယင်းနောက် ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင်ဘူဂေးရီးယားနိုင်ငံ၏ သမ္မတဖြစ်လာသည်။

ဂျော်ဂျီပါဗာနော့ဗ်သည် ၂၀၀၃ ခုနှစ်တွင် 'ဘူဂေးရီးယားခရစ္စမတ်'လှုပ်ရှားမှုကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ယင်းခရစ္စမတ်ကုသိုလ်လှုပ်ရှားမှု အရနာမကျန်းဖြစ်နေသည့် ကလေးများအားဆေးကုသရန်၊ဆေးရုံများပြုပြင်ရန်နှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုဌာနများကို ထောက်ပံ့ရန် ရန်ပုံငွေများရှာဖွေခဲ့ရာ နှစ်ပေါင်းများစွာအတွင်း တစ်သီးပုဂ္ဂလနှင့် ကုမ္ပဏီများ၏ လှူဒါန်းငွေယူရိုသန်းပေါင်းများစွာရရှိခဲ့သည်။ ရန်ပုံငွေအား သတ်မှတ်ထားသည့်အတိုင်း သုံးစွဲရန် ပါဗာနော့ဗ်က အာမခံပေးသူဖြစ်သည်။

ဂျော်ဂျီပါဗာနော့ဗ်သည် အိမ်ထောင်သည် တစ်ဦးဖြစ်သည်။

—*Ref: Wikipedia*

## စာ-၄၉၊ နောက်ကျနေတဲ့ ငါကို ခံစားကြည့်ခြင်း မှ

'ငါ့ရင်ဘတ်ပေါ် နှင်းဆီပန်းတွေ အပြည့်လာတင်ထားတယ် ××× ဒီနှုတ်ဆက်ခြင်းဟာ မင်းအတွက်တော့ နောက်ဆုံးပေါ့ ××× မငိုလိုက်နဲ့ ချစ်သူလေး××'တဲ့။ ဒီသီချင်းလေးကိုလည်း အဒီနိုရေးစပ်ပေးထားတာ တွေ့ရပါတယ်။

'ဂွတ်ဘိုင်'ဆိုတဲ့ သီချင်း လေးကတော့ သီချင်းငြိမ့်ငြိမ့်လေးတွေ ကြိုက်နှစ်သက်သူတွေအတွက်လို့ထင်ပါတယ်။ Piano အစစ်ရဲ့ အသံလေးနဲ့ဆို ပိုနားထောင်လို့ကောင်းမယ်လို့ထင်ပါတယ်။

'ထွက်သွား' ဆိုတဲ့ အဒီနိုရေးထားတဲ့ သီချင်းလေးကတော့ ဒီခေတ်လူငယ်ကြိုက်သီချင်းလေးပါပဲ။ Arrangement လည်းကောင်းပါတယ်။ ဒီသီချင်းမျိုးနဲ့ဆိုရင်တော့ အဲလက်စ်တို့လည်း နောက်တစ်ကြိမ် 'Woodstock' လို လူငယ်အဖွဲ့တွေနဲ့ တွဲဆိုတဲ့ အခါမျိုးတွေမှာ ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်။ သီချင်းအကြောင်းအရာနဲ့သံစဉ် လိုက်ဖက်တယ်လို့လည်းပြောလို့ရပါတယ်။ ဂီတာသံတွေက ဒီထက်ပါဝါကောင်းကောင်းသုံးနိုင်ရင်တော့ ပိုကောင်းမယ်လို့ ထင်ပါတယ်။ ရှိုးမှာတော့ အမိုက်စားပေါ့ဗျာ။

နောက်တစ်ပုဒ်ကျတော့ အရင်က 'ကိုင်ဇာတင်မှုံ'ဆိုခဲ့တဲ့'မျက်နှာ'ဆိုတဲ့ သီချင်းပါ။ အတော်များများ ပရိသတ်က ကိုင်ဇာတင်မှုံရဲ့ Mood ကိုကို ပိုကြိုက်တာ တွေ့ရပါတယ်။

"ခေတ်ဟောင်းလည်း မဟုတ်၊ အဆိုတော်လည်း မသေသေး၊ ဗားရှင်းလည်း အတူတူလောက်၊ ပြန်ဆိုတာလည်း သိပ်မကွာတော့ ဖီးလ်သိပ်မလာဘူး" လို့ တချို့ကလည်း ပြောပါတယ်။ ဘာပဲပြောပြော ဒီသီချင်းလေးက ချစ်ဖို့ကောင်းတဲ့ သီချင်းလေးဆိုတာ အရင် ကိုင်ဇာတင်မှုံ စဆိုကတည်းက ပရိသတ်အတော်များများပြောကြပါတယ်။

'ဆွဲဆောင်မှုကောင်းတဲ့ မင်းမျက်နှာ ငါနှလုံးသားအတွက် ပြဿနာ ××× ငါ့မှာ ရည်းစားရှိပြီးသားပါ ×× ဒါပေမဲ့ ငါ့ရဲ့ စိတ်ကပြော ××× မင်းကိုမချစ်ချင်ယောင်ဆောင်ခဲ့တယ်×××' စာသားလေးတွေက ရိုးရိုးလေးနဲ့ ဆွဲဆောင်မှုရှိပါတယ်။

'မှတ်သုံမိုး' ဆိုတဲ့ ဒီအခွေရဲ့ နောက်ဆုံး သီချင်းကတော့ စစ်ပွဲတွေအကြောင်း စပ်ဆိုထားတာ ရည်ရွယ်ချက်လေးကောင်းပေမယ့် စာသားနဲ့ သံစဉ်က သိပ်ဆက်စပ်မှုမရှိဘူးလို့ထင်ပါတယ်။ စာသားရော သံစဉ်ရောက အတင်းလုပ်ယူထားသလိုဖြစ်နေပါတယ်။

ဒီတစ်ခွေလုံး ခြုံကြည့်ရင် သီချင်းအားလုံးညီတယ်လို့ ပြောလို့ရပါတယ်။ လူငယ်ကြိုက်သီချင်းတွေ အများစုပါတာလည်း တွေ့ရတယ်။ mixing ကောင်းပေမယ့် ဒရမ်သံတွေက လိုတာထက် ပိုအီနေတယ်လို့ ထင်ပါတယ်။

## နောက်ကျောဖုံး - တူရကီပါလီမန်ရွေးကောက်ပွဲ အာဏာရပါတီ ထပ်မံအနိုင်ရရှိ မှ

ရရှိထားကြောင်း တူရကီရုပ်သံ NTV က ဖော်ပြသည်။ အနိုင်ရခဲ့သောအေကေပီပါတီဥက္ကဋ္ဌဖြစ်သူ တူရကီဝန်ကြီးချုပ် ရီဆက်ပ်တေယစ်အာဒိုဂန်က ၎င်းတို့သည် ရွေးကောက်ပွဲရလဒ်များကြောင့် ကျေနပ်ဝမ်းသာမိကြောင်း၊၎င်း၏ပါတီသည် ၂၀၀၇ ရွေးကောက်ပွဲတွင် မဲအရေအတွက် ၁၆ သန်းသာရခဲ့သော်လည်း ယခု ၂၀၁၁ ရွေးကောက်ပွဲတွင် ထောက်ခံမဲအရေအတွက် ၂၁ သန်းအထိ ရခဲ့ကြောင်းပြောသည်။

မြို့တော်အန်ကာရာရှိ အေကေပီပါတီဌာနချုပ်တွင်ပြုလုပ်ခဲ့သော အောင်ပွဲခံအခမ်းအနားတွင် ဝန်ကြီးချုပ်က "ဒီနေ့တော့ ဒီမိုကရေစီက အနိုင်ရခဲ့ပါပြီ။ နောက်ထပ်တစ်ကြိမ် ပြည်သူတွေရဲ့ စိတ်ဆန္ဒ အောင်နိုင်ခဲ့ပါပြီ" ဟု ထောက်ခံသူများအားပြောသည်။ မဲရေတွက်မှုများအရအေကေပီပါတီသည် ပါလီမန်တွင် အမတ်နေရာ ၃၂၅ နေရာရရှိမည်ဖြစ်ပြီး CHP ပါတီက အမတ်နေရာ ၁၃၅ နေရာနှင့် MHP ပါတီက ၅၄ နေရာရရှိကြောင်းသိရသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011



# E.coli ဘက်တီးရီးယားပျံ့နှံ့မှုနှင့်ပတ်သက်၍

## စားနပ်ရိက္ခာသိပ္ပံပါမောက္ခ မာတင်ဝိုက်ဒ်မင်းနှင့် အမေးအဖြေ

**ကျော်မျိုး**

ယခုတစ်ပတ်အတွင်းမှာပဲ ဥရောပတိုက်မှာ E-coli ဘက်တီးရီးယားပျံ့နှံ့မှုကြောင့် အလုပ်ရှုပ်လျက်ရှိနေပါတယ်။ ဇွန်လ ၆ရက်နေ့အထိ ရရှိတဲ့စာရင်းများအရ E-coli ဘက်တီးရီးယားကြောင့်ရောဂါဖြစ်ပွားကာသေဆုံးသူစုစုပေါင်းဟာ ဂျာမနီနိုင်ငံမြောက်ပိုင်းနဲ့ ဆွီဒင်နိုင်ငံတို့မှာ ၁၆ ဦးအထိရှိခဲ့ပြီး၊ ရောဂါပိုးကြောင့် ရောဂါဘယဖြစ်သူဦးရေဟာလည်း ဂျာမနီတစ်နိုင်ငံတည်းမှာ ၁,၁၅၀ ဦးရှိနေတယ်ဆိုပါတယ်။ ဒီ့ထက်ဆိုးတဲ့တစ်ချက်ကတော့ ဒီ E-coli ဘက်တီးရီးယားဟာ ဘယ်ကစတင်ပျံ့နှံ့တယ်ဆိုတာစစ်ဆေးအတည်မပြုနိုင်သေးတာပါပဲ။ အစောပိုင်းက ဂျာမန်အာဏာပိုင်တွေက ဒီဘက်တီးရီးယားဟာ စပိန်နိုင်ငံကတင်ပို့တဲ့ သခွားသီးများကတစ်ဆင့် ပျံ့နှံ့လာတယ်လို့ဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဂျာမနီနိုင်ငံမြောက်ပိုင်းက ယာမြေတစ်ခုကထွက်တဲ့ ပဲပင်ပေါက်တွေကတစ်ဆင့် ဖြစ်ပွားနိုင်ခြေရှိတယ်လို့ ကြေညာခဲ့ပြန်ပါတယ်။ ဒါပေမဲ့ အဲဒီ့ဂျာမနီနိုင်ငံမြောက်ပိုင်း ယူအယ်လ်ဇင်ခရိုင်ယာမြေကထွက်ရှိတဲ့ ပဲတီပင်တွေကိုစစ်ဆေးရာမှာလည်း E-coli ဘက်တီးရီးယားပါဝင်မှု မတွေ့ရကြောင်း ဇွန်လ ၇ ရက်နေ့သတင်းများအရနောက်ဆုံးသိရှိရပါတယ်။ ဒ့ါကြောင့် တိုင်းမ်မဂ္ဂဇင်းကြီးဟာ ဥရောပကိုရိုက်ခတ်နေတဲ့ E-coli ဘက်တီးရီးယားပျံ့နှံ့မှုနဲ့ပတ်သက်လို့ အမေရိကန်ကော်နဲလ်တက္ကသိုလ်မှ စားနပ်ရိက္ခာသိပ္ပံ (Food Science) ဘာသာရပ် ပါမောက္ခဖြစ်သူ မာတင်ဝိုက်ဒ်မင်းနဲ့ မေးမြန်းဖြစ်ခဲ့တာကိုပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။ မေးမြန်းသူကတော့ မယ်ဒရစ်မာလ်နစ်ခ်ဖြစ်ပါတယ်။

**ရောဂါဘယတွေဖြစ်စေတဲ့ E-coli ဘက်တီးရီးယားပုံစံအမျိုးမျိုးရှိတာကို အများစုက သိပ်မသိကြပါဘူး။ အဲဒါလေး ရှင်းပြပေးပါ။**

E-coli ဘက်တီးရီးယားတွေကြားထဲမှာပဲ ကွဲပြားခြားနားတဲ့ပုံစံအမျိုးမျိုးရှိနေကြပါတယ်။ တချို့ကဘာရောဂါမှ မဖြစ်စေပေမယ့် တချို့ဘက်တီးရီးယားပုံစံတွေကတော့ ပြင်းထန်တဲ့ထိခိုက်မှုတွေဖြစ်စေပါတယ်။ တချို့ပုံစံတွေကဆီးနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်စေနိုင်ပြီး၊ တချို့ကတော့ ဝမ်းရောဂါတွေဖြစ်စေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ့ပိုးအများစုကတော့ လက်ရှိ ကျွန်တော်တို့ ကြုံနေရသလို ရောဂါမျိုးစုံဖြစ်စေတာမျိုးတော့မရှိပါဘူး။ ဂျာမနီမှာပြန့်နေတဲ့ရောဂါဖြစ်ပွားမှုကတော့ သိပ်ထိခိုက်မှုပြင်းတဲ့ ဘက်တီးရီးယားပိုးပုံစံတစ်မျိုးကြောင့်ဖြစ်ပါတယ်။

**ဒီလို E-coli ဘက်တီးရီးယား ပုံစံကွဲတစ်မျိုးကို ကျွန်မတို့ ဘယ်လိုသိရှိနိုင်ပါသလဲ။**

ကျောက်ကပ်ထိခိုက်တာ၊ ပြင်းပြင်းထန်ထန်ဝမ်းလျှောတာမျိုးလိုပြင်းထန်တဲ့ရောဂါပုံစံမျိုးစုံကိုဖြစ်စေတဲ့Big 6 လို့လူသိများတဲ့E-coli ဘက်တီးရီးယားမျိုးကွဲ serotype ပုံစံခြောက်မျိုးရှိပါတယ်။ ဂျာမနီမှာဖြစ်တာကတော့ ပုံစံသစ်ပါ။ လက်ရှိမှာ အတိအကျမသိရသေးဘဲ အဲဒီ့ပိုးမှာပါတဲ့ သော့ချက်မျိုးဗီဇတစ်ခုကြောင့် အခုလို ရောဂါတွေဖြစ်နေတာလို့ မှတ်ယူထားကြပါတယ်။ အဲဒီ့မျိုးဗီဇက လူတို့ရဲ့ အူလမ်းကြောင်းဆဲလ်တွေထဲ E-coli ဘက်တီးရီးယားဝင်ရောက်သွားအောင်လုပ်ပေးတာပါ။ ဒါပေမဲ့ ဒီမျိုးဗီဇမှာ ဒီလို serotype ပိုး မရှိတော့တာ တကယ်အံ့သြစရာ ဖြစ်နေပါတယ်။ ဒါကြောင့် ပုံမှန်မဟုတ်တဲ့ အခြားတစ်ခုခုကဖြစ်နေပြီး သက်သေအထောက်အထားတွေက ပြနေတာကလည်း ဒီဘက်တီးရီးယားဟာ လုံးဝပုံမှန်မဟုတ်တဲ့ (မသိရသေးတဲ့) ဘက်တီးရီးယားပုံစံတစ်မျိုးဖြစ်နေပါတယ်။

**ဒီလို E-coli ဘက်တီးရီးယားမျိုးမှာ အဓိကသော့ချက်ဖြစ်တဲ့ မျိုးဗီဇပုံစံပြောင်းလဲနိုင်စွမ်းမရှိဘူးဆိုရင် လူတွေကို ဘာကြောင့် ရောဂါဖြစ်အောင် လုပ်နိုင်စွမ်းရှိနေတာပါလဲ။**

ပိုးထဲမှာ အရေးပါတဲ့ အခြား မျိုးဗီဇတွေထဲက တစ်ခုကတော့ ဗိုင်းရပ်စ်တစ်မျိုးက သယ်ဆောင်လာတာဖြစ်ပါတယ်။ အဲဒီ့ဗိုင်းရပ်စ်က မျိုးဗီဇပစ္စည်းတွေကို ဘက်တီးရီးယားတစ်မျိုးကနေ နောက်တစ်မျိုးဆီ ရွှေ့ပြောင်းနိုင်ပါတယ်။ ဗိုင်းရပ်စ်တွေက ဘက်တီးရီးယားဆီကိုကူးစက်နိုင်ပြီး မကြာခဏဆိုသလို မျိုးဗီဇဆိုင်ရာဒြပ်ပစ္စည်းအသစ်တချို့ကို ထုတ်ပေးပြန်ပါတယ်။ ဒါကြောင့် ဒီနည်းနဲ့ ရောဂါပုံစံမျိုးစုံပေါ်လာတာတွေ့နေရတာပေ့ါ။ ရောဂါဖြစ်စေတဲ့ မျိုးဗီဇတွေထဲက တစ်ခုကတော့ အရေးကြီးတယ်။ အဲဒါက E-coli ဘက်တီးရီးယားတစ်ခုကနေ နောက်တစ်ခုဆီကို အဆိပ်တွေ သယ်ဆောင်သွားနိုင်ခြင်းဖြစ်ပါတယ်။

**ဒီလိုမျိုး (အစာ)အဆိပ်သင့်မှုဖြစ်တဲ့လူတွေအတွက် ကုသနည်းက ဘယ်လိုမျိုးပါလဲ။**

ကုဖို့ခက်ပါတယ်။ အစဉ်အလာအားဖြင့်တော့ ဘက်တီးရီးယားတွေကိုသတ်နိုင်တဲ့ပဋိဇီဝဆေးဝါးတွေနဲ့ကုရမှာပေ့ါ။ ဒါပေမဲ့ ဒီဖြစ်စဉ်မှာတော့ E-coli က ဆဲလ်ထဲမှာ တွေ့ရတဲ့အဆိပ်အတောက်တွေကိုဖန်တီးတာ။ ဒီတော့ အဲဒီ့ဆဲလ်ကိုပါသတ်ရရင်လူနာဘာဖြစ်သွားမလဲ။ အဆိပ်ကိုလည်း ခန္ဓာကိုယ်သွေးကြောတွေထဲမှာလွှတ်ထားတာဆိုတော့အဲဒါဆိုလူနာတွေဘာဖြစ်လာမလဲ။ ပိုးကူးစက်ခံရတဲ့ပုဂ္ဂိုလ်ဟာ ပိုပြီးဖျားနာလာမှာပါပဲ။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ် လူနာမျိုးတွေကို ပဋိဇီဝဆေးတွေနဲ့ကုလို့မရတော့ပါဘူး။ ဂျာမနီမှာတော့ ပညာရှင်တွေဟာအဲဒီ့အဆိပ်အတောက်ကိုပြေစေနိုင်တဲ့ကုထုံးသစ်တစ်မျိုးနဲ့ကုဖို့ကြိုးစားနေကြပါတယ်။

**E-coli ဘက်တီးရီးယားကို ဟင်းသီးဟင်းရွက်တွေမှာပဲ အများစုတွေ့ရလေ့ရှိတာလား။**

ဟင့်အင်း။ E-coli ကို ဟင်းသီးဟင်းရွက်တွေမှာ သိပ်တွေ့ရလေ့မရှိပါဘူး။ ဒါက ပြဿနာဖြစ်လာနေတာက ချက်ပြုတ်စားစရာမလိုတဲ့လတ်လတ်ဆတ်ဆတ်စားကုန်တွေမှာ ဖြစ်နေတာပါ။ ဥပမာ-သခွားသီးတွေဆိုရင် ချက်စားရတာမှမဟုတ်တာ။ ဒါကြောင့် ဒီဘက်တီးရီးယားက သစ်သီးတွေနဲ့ဟင်းရွက်တွေဆီမှာ ရှိနေနိုင်ပြီးကုသရခက်နေတာပါ။ ဒီလိုမျိုး အစားအစာကြောင့်ဖြစ်တဲ့ ရောဂါပုံစံမျိုးတွေကတော့ မကြာခဏဖြစ်တတ်ပါတယ်။ ဒါပေမဲ့ E-coli ကို အစားအစာတွေမှာ မကြာခဏတွေ့ရတတ်တယ်လို့တော့ ကျွန်တော်မပြောဘူးနော်။

**E-coli ဘက်တီးရီးယားဟာ ဘယ်ကစတင်ရောက်ရှိလာတာပါလဲ။**

E-coli ဘက်တီးရီးယားပုံစံအားလုံးနီးပါးကတော့ နို့တိုက်သတ္တဝါတွေရဲ့ အူလမ်းကြောင်းထဲမှာ တွဲပါနေတတ်ပါတယ်။ ဒါပေမဲ့ အားလုံးအကုန်တော့မဟုတ်ဘူးနော်။ ရှုပ်ထွေး ထွေပြားတာတွေလည်းရှိပါတယ်။ ဥပမာအားဖြင့် E-coli မျိုးကွဲတစ်ခုဖြစ်ပြီး အခု ပြန့်ပွားနေတဲ့ ဘက်တီးရီးယားနဲ့ ပုံစံတူတဲ့ O 157:H7 ကတော့ ကျွဲ၊ နွားတွေ၊ သိုး၊ ဆိတ်၊ သမင်တွေမှာတွေ့ရတတ်ပါတယ်။ ဒီဘက်တီးရီးယားကတော့ အပင်နဲ့မြက်လိုအစာတွေကို ကြေညက်အောင်ကြိတ်ချေပေးမယ့်အစာအိမ်လေးခုပါတဲ့သတ္တဝါတွေ၊ စားမြုံ့ပြန်ပြီးစားတတ်တဲ့ နို့တိုက်သတ္တဝါတွေမှာ တွေ့ရတတ်လေ့ရှိပါတယ်။

**ဒါဆို ဒီလိုသတ္တဝါတွေနဲ့ (လူတို့) ထိတွေ့မှုကနေ ရောဂါအများစုဖြစ်လာတာလား။**

လူမှာ ဖြစ်တဲ့ရောဂါတွေကိုတော့ တစ်ခါတလေမှာ သတ္တဝါတွေနဲ့ဆိုင်တဲ့ကိစ္စတွေဆီ နောက်ကြောင်းပြန်လိုက်လို့ရပါတယ်။ ဥပမာ-ကောင်းကောင်းချက်ပြုတ်မထားတဲ့ အမဲသားကို စားတာမျိုးပေ့ါ။ ဒါပေမဲ့ ရောဂါတွေက နွားတွေနဲ့ ဘာမှမဆိုင်တဲ့ ပန်းသီးရည်ကို အချဉ်ဖောက်ပြီး ချက်ထားတဲ့ အရက်လိုမျိုး ရင်းမြစ်တွေကလည်း ဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်စဉ်မျိုးမှာတော့ပန်းသီးတွေကိုပိုးရှိတဲ့သမင်က ထိတွေ့တာမျိုးလည်းဖြစ်နိုင်တယ်။ ဒါကြောင့် ဒီဖြစ်စဉ်ဟာ ဇီဝသံသရာလည်ပြီးဖြစ်တာမျိုးပါ။ ဘာကြောင့်လဲဆိုတော့ O 157:H7 ဘက်တီးရီးယားဟာ ကျွဲ၊ နွားတွေရဲ့ အစာခြေလမ်းကြောင်းက လာတာဖြစ်ပြီး ဘယ်အချိန်မှာပဲ ရောဂါဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အထောက်အထားတွေကြည့်ရပါမယ်။ အထောက်အထားလုံလောက်ရင်တော့တွေ့မှာပါ။ ဒါပေမဲ့ ကျွန်တော်တို့လည်း အမြဲတမ်း ၁၀၀ ရာခိုင်နှုန်းပြည့် သေချာတာတော့မရှိပါဘူး။

**ဂျာမန်တာဝန်ရှိသူတွေ ထင်ကြသလို E-coli ပျံ့နှံ့မှုဟာ စပိန်ကလာတဲ့ သခွားသီးကနေ စတင်ခဲ့တာမဟုတ်ဘူးဆိုရင် ဘယ်အရာက ဘက်တီးရီးယားကူးစက်မှုရင်းမြစ်ဖြစ်နိုင်မလဲ။**

ပိုးပျံ့နှံ့တာက သခွားသီးတွေကိုရေဆေးတင်ပို့ထုတ်လုပ်တဲ့စက်ရုံတစ်ရုံဆီကလည်းဖြစ်နိုင်ပါတယ်။ သုံးတဲ့ပစ္စည်းတွေကလည်း E-coli ပါဝင်တဲ့ပစ္စည်းကိရိယာတွေလည်းဖြစ်နိုင်တာပါပဲ။ ဒါပေမဲ့ ယာမြေတွေထဲမှာ ရှိတတ်တဲ့တောရိုင်းတိရစ္ဆာန်တွေရဲ့ အညစ်အကြေးလိုအရာမျိုးတွေကလည်းဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ဒီဘက်တီးရီးယားဟာ ယာခင်းကို လောင်းဖို့ကိုယ် ခပ်ယူလိုက်တဲ့ရေကတစ်ဆင့် သီးနှံတွေဆီ ပျံ့နှံ့သွားတာလည်းဖြစ်နိုင်ပါတယ်။ အဲဒီ့ရေထဲမှာ ငှက် ဒါမှမဟုတ် တောရိုင်းတိရစ္ဆာန်တွေဆီက စွန့်ပစ်လိုက်တဲ့ဘက်တီးရီးယားပါဝင်နေနိုင်ပါတယ်။ ဒါပေမဲ့ ဒါဟာ လူတွေဆီကတစ်ဆင့် လူချင်းကူးစက်တာလည်းဖြစ်နိုင်ပါတယ်။ လက်ဆေးတာလိုမျိုး သတ်မှတ်ထားတဲ့ပုံမှန်လုပ်ငန်းစဉ်ကို မလိုက်နာတဲ့လူမျိုးတွေကိုလည်း ကူးစက်နိုင်တယ်။

**ဒါဆို လက်ဆေးတာလိုမျိုး သိသိသာသာရှောင်ရမယ့်ကိစ္စတွေအပြင် အစားအစာကနေတစ်ဆင့်ဖြစ်တတ်တဲ့ရောဂါတွေကိုရှောင်ကြဉ်ဖို့ အကောင်းနည်းက ဘာတွေပါလဲ။**

ဒီရောဂါပိုးပျံ့နှံ့မှုနဲ့ပတ်သက်လို့ အားလုံးမှာ တကယ်တာဝန်ရှိပါတယ်။ ရောဂါပြန့်ပွားမှုဖြစ်လာရင်ဖြစ်တဲ့နေရာတွေမှာရှိတဲ့တိရစ္ဆာန်အရေအတွက်ကို လျှော့ချရပါမယ်။ ပတ်ဝန်းကျင်ကိုလည်း E-coli ရှိမရှိစမ်းသပ်စစ်ဆေးတာမျိုးတွေလုပ်ရပါမယ်။ အဓိကအားဖြင့် အခြေခံအနေနဲ့ သင်ထားရမှာက (အိမ်မှာ) ဟင်းရွက်စုံ ဆလတ် (Salad) လုပ်ဖို့နဲ့ ကြက်သားလိုအသားတွေ လှီးဖြတ်ဖို့အတွက် စဉ်းတီတုံးတစ်ခုတည်းကိုပဲ အသုံးပြုတာမျိုး မလုပ်ပါနဲ့။ ချက်မယ့်အသား၊ ဟင်းရွက်တွေကိုရေဆေးပါ။ ကျက်အောင်ချက်ပြုတ်ပါ။ E-coli အဆိပ်သင့်မှုဖြစ်စဉ်တွေမှာ အဓိကဖြစ်နေတာက သေချာမချက်ထားတဲ့ အမဲသားစားမိလို့ပါ။ လူတိုင်းဟာ ဒီဖြစ်စဉ်တွေမှာ သေချာဂရုစိုက်ကြဖို့ တာဝန်ရှိပါတယ်။

*—Ref: Q & A: A Food Safety Expert Explains Germany's E.Coli Outbreak*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.13 · JUNE 16, 2011

## ယောက္ခမလောင်းရဲ့ အသိအမှတ်ပြုခံခဲ့ရတဲ့ ဂျက်စတင်ဘီဘာ

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၁၁**

ယခုနှစ် အစောပိုင်းမှစ၍ နာမည်ကျော် လူငယ်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာနှင့် စုံတွဲခုတ်နေသော ဟောလိဝုဒ်မင်းသမီး ဆယ်လင်နာဂိုမက်ဇ်က သူမ၏မိခင်သည် ဂျက်စတင်အား အသိအမှတ်ပြုခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

The Wizard of Waverly Palace ၏ စတားမင်းသမီး ဆယ်လင်နာ(၁၈နှစ်)သည် ယခင်က Twilight ဇာတ်ကားမှ မင်းသား တေလာလော့တ်နာ၊ Jonas Brothers အဖွဲ့မှ အဆိုတော် နစ်ဂျိုးနက်စ်တို့နှင့်လည်း တွဲခဲ့ဖူးသည်။ သူမသည် ဂျပ်စတင်ဘီဘာ(၁၇နှစ်)နှင့် ယခုနှစ်စပိုင်းမှ စတင်၍ ချစ်ကြိုက်လက်တွဲခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ပြုလုပ်ခဲ့သော ဂျေးလီနို၏ ရုပ်သံရှိုးတစ်ခု၌ ဆယ်လင်နာအား သူမ၏မိဘများနှင့် ဂျပ်စတင်ကို မိတ်ဆက်ပေးခြင်းရှိ၊ မရှိ မေးမြန်းခဲ့ရာ သူမက မိတ်ဆက်ပေးပြီးပြီဟု ပြောခဲ့သည်။ ဆယ်လင်နာဂိုမက်ဇ်၏ မိဘများဖြစ်သော ရီကာဒိုနှင့် မန်ဒီတို့သည် သူမ အသက်ငါးနှစ်အရွယ်ကပင် ကွာရှင်းပြတ်စဲခဲ့ကြသည်ဟုသိရသည်။ —Ref: Showbizspy





C talk

## ချမ်းချမ်းပြောပြတဲ့ Soul Mate သီချင်းလေးတစ်ပုဒ်အကြောင်း


ချမ်းခိုက်ခိုက်

အချစ်သီချင်းချိုချိုလေးတွေကြောင့် ပရိသတ်ရဲ့အမှတ်ပြည့်ရရှိထားတဲ့ ချမ်းချမ်းရဲ့ နလုံးသားက တလောကမှာ ဖျားနာနေပါတယ်။ နလုံးသားရေးရာကိစ္စတွေမဆွေးနွေးလိုတဲ့ ချမ်းချမ်းနဲ့ သူမရဲ့ သီချင်းတစ်ပုဒ်အကြောင်းကိုမိုးသည်းနေ့တစ်နေ့မှာ ပြောဖြစ်ခဲ့ကြတယ်။ သီချင်းတွေနဲ့တည်ဆောက်ထားတဲ့ သူမရဲ့ ကမ္ဘာလေးထဲက သံစဉ်ချိုချိုသီချင်းတစ်ပုဒ်ကို နားဆင်ကြည့်ရအောင်။

ညီမရဲ့ ဒုတိယမြောက် တစ်ကိုယ်တော်ခွေ 'သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်' ထဲကအကြိုက်ဆုံး သီချင်းလေးတစ်ပုဒ်အကြောင်း Ctalk ကလူ့ကနေပြောပြချင်ပါတယ်။ ဆရာ[illegible] ရေးထားတဲ့ကိုယ်ပိုင်သံစဉ်သီချင်းလေး 'Soul Mate' တဲ့။ ဘဝရဲ့ လက်တွဲဖော်ပေါ့။ ဒီသီချင်းလေးဟာ မင်္ဂလာဆောင်တွေမှာဆိုရင် အရမ်းကို ကြည်နူးစရာကောင်းတဲ့သီချင်း အမျိုးအစားလေးပါ။ ချစ်သူကို အချိန်တိုင်း၊ စက္ကန့်တိုင်းလိုလို သတိရနေတယ်။ ဘယ်သူတွေ ဘာပြောပြော သူ့နားမှာ အမြဲရှိနေမယ်။

စာ(၄၉)သို့

ဓာတ်ပုံ-လမင်းနိုင်



## သဘာဝကျတဲ့ ဟာသဇာတ်ရုပ်တွေကို ရွေးချယ်ရိုက်ကူးတဲ့ နေတိုး

**အေးသူစံ**

ရန်ကုန်၊ ဇွန် ၉

ဟာသဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်နေသော်လည်း အမှန်တကယ်သဘာဝကျသည့်ဇာတ်ရုပ်တွေကိုသာ ရွေးချယ် ရိုက်ကူးဖြစ်နေခြင်းကြောင့် ပရိသတ်များ၏ အားပေးမှုကိုရရှိနေသည့် နေတိုးက ဟာသကားများတွင် ၄င်းရွေးချယ်ရိုက်ကူးသည့်ပုံစံကို ပြောပြသည်။

စာ(၄၉)သို့

## ဖက်ရှင်ဒီဇိုင်နာဘာက်ကို ခြေလှမ်းပြင်နေတဲ့ နန်းဆုကေဆွမ်

**မေပယ်လ်**

**ရန်ကုန်၊ ဇွန် -၁၀**

မြန်မာနိုင်ငံတွင် ယောဂကျင့်စဉ်ကို ပထမဆုံးအဖြစ် သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် မော်ဒယ်နန်းဆုကေဆွမ်က ဖက်ရှင်ဒီဇိုင်းလမ်းကြောင်းဘက်ကိုလုပ်ဆောင်ရန်စီစဉ်နေကြောင်း ပြောကြားသည်။

"ဒီဇိုင်းပညာကိုထိုင်းနိုင်ငံမှာသွားပြီးတက်ခဲ့တာ ၂နှစ်လောက်ရှိနေပြီ။ ဒီဇိုင်းနဲ့ပတ်သက်ပြီး ခုထက်ထိအသုံးမချဖြစ်သေးဘူး။ ဒီနှစ်ထဲမှာဖက်ရှင်ဒီဇိုင်းဘက်ကိုအကောင် အထည်ဖော်သွားချင်ပါတယ်"ဟုနန်းဆုကေဆွမ်ကပြောသည်။

မော်ဒယ်နန်းဆုကေဆွမ်မှာ ဖက်ရှင်ဒီဇိုင်းပညာအား သင်ယူပြီး မြန်မာနိုင်ငံသို့ပြန်လာပြီးနောက် ယောဂကျင့်စဉ်သင်တန်းကိုဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။ ယောဂသင်တန်းဖွင့်လှစ်ပြီးနောက် ယောဂကျင့်စဉ်နှင့် ပတ်သက်သည့် စာအုပ်နှင့် ဒီဗီဒီကိုလည်း ပြီးခဲ့သည့် မတ်လကထုတ်ဝေခဲ့သည်။

"Presenter လုပ်ပေးဖို့ ကမ်းလှမ်းထားတာလည်းရှိတော့ လုပ်ဖြစ်ဖို့များပါတယ်။ ဒီဇိုင်းသင်တန်းတက်ပြီးပြန်ရောက်တာနဲ့ ယောဂသင်တန်းဖွင့်ခဲ့တာခုဆို



၁ နှစ်ခွဲလောက်ရှိပါပြီ။ စာအုပ်ထွက်လိုက်တော့ တော်တော်အားပေးကြတော့နောက်ပိုင်းမှာလည်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာတွေဆက်ပြီးရေးသွားဦးမှာပါ" ဟု နန်းဆုကေဆွမ်က ပြောကြားသည်။


7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ပွင့်လင်းသည့်ဇာတ်ဝင်ခန်းအချို့ ထည့်သွင်းရိုက်ကူးထားသော ဂျက်မ ဒီဗီဒီဇာတ်ကားကို ရုံတင်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇွန် – ၁၁**

ဒါရိုက်တာသီဟကျော်စိုးကပထမဆုံးလက်ရာအဖြစ် ၁၉၈၅ ခုနှစ်က 'ဂျက်မ' ရုပ်ရှင်ကားကို ကျော်ဟိန်း၊ ခင်သန်းနု၊ မေဝင်းမောင်တို့ဖြင့် ရိုက်ကူးခဲ့ပြီး ယခု ၂၀၁၁ ခုနှစ်၌ ယင်းဒါရိုက်တာကပင် ပြန်လည်ဆန်းသစ်ရိုက်ကူးထားသောဂျက်မ ဇာတ်ကားတွင် ပွင့်လင်းသည့် ဇာတ်ဝင်ခန်းအချို့ ထည့်သွင်းရိုက်ကူးထားသည်ကိုတွေ့ရသည်။



'ဂျက်မ' ဇာတ်ကားသည် ဆွေလှိုင်ဦး၏ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ဒါရိုက်တာသီဟကျော်စိုး ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းခဲ့စဉ်ကလည်း ထိပ်တန်းရောက်ခဲ့သည့်ရုပ်ရှင်ကားဖြစ်သည်။ ယခုခေတ်သစ်ဂျက်မတွင် နေမင်း၊ အေးမြတ်သူ၊ နိုဘယ်ကျော်ကျော်တို့ ပါဝင်ထားပြီး ဂျက်မအဖြစ် အေးမြတ်သူက သရုပ်ဆောင်ထားသည်။

ပြည်သူ့ရဲတပ်ဖွဲ့ကို ဒုစရိုက်လုပ်ငန်းလုပ်ကိုင်သည့် ဂိုဏ်းခေါင်းဆောင်များ၏လှုပ်ရှားမှုများအား အဆက်မပြတ် သတင်းပေးနေသူ ပြည်သူ့တာဝန်သိသည့်ဂျက်မအဖြစ်အေးမြတ်သူကသရုပ်ဆောင်ထားပြီး သူမ၏ ကိုယ်ခန္ဓာအလှအပနှင့် အက်ရှင် သရုပ်ဆောင်ချက်များကိုယခုဇာတ်ကားတွင် မြင်တွေ့ကြရမည်ဖြစ်သည်။



ပြန်လည်ဆန်းသစ်သော ဂျက်မဇာတ်ကားတွင် ရေအောက်ဇာတ်ဝင်ခန်းသုံးခန်းနှင့်မိကျောင်းသတ်သည့်ဇာတ်ဝင်ခန်းများပါဝင်ပြီး နေမင်းနှင့်အေးမြတ်သူတို့၏ ရေအောက်ကမ္ဘာမှ Love Scene များမှာ အထူးပွဲလာရောက်ကြည့်ရှုသည့်ပရိသတ်များကို အံ့အားသင့်စေခဲ့သည်။ ယင်းအပြင် ဒုစရိုက် ဂိုဏ်းခေါင်းဆောင်အဖြစ် သရုပ်ဆောင်ထားသည့် အကယ်ဒမီထွန်းထွန်းဝင်းအိမ်မှ ပါတီပွဲမြင်ကွင်းကလည်းမြန်မာပရိသတ်များအတွက် မြင်ကွင်းဆန်းသစ်စေခဲ့သည်။

"ကျွန်တော်က ဘယ်တော့မဆိုဇာတ်လမ်းတင်တိုင်း အစီရင်ခံစာတင်တယ်။ အစီရင်ခံစာထဲမှာ လမ်းညွှန်ချက်နဲ့အညီ တိတိကျကျရိုက်ကူးမယ်လို့ရေးပါတယ်။ ဒီဘက်ခေတ်မှာကျတော့အရင်ကားလိုတော့ ရိုက်လို့မရဘူး။ တိုင်းပြည်ကလည်းတိုးတက်နေပြီ။ ဆင်ဆာတွေကလည်း လွတ်နေပြီဆိုတော့တချို့ဟာလေးတွေကိုဒီခေတ်ပုံစံနဲ့ညီအောင် ရိုက်ထားတယ်။ မင်းသားမင်းသမီးကို ဒီအခန်းမှာ ဒီလိုဝတ်ရမယ်။ မရှိရင်ချုပ်ပေးတယ်။ အစတည်းက သဘောမတူရင်မရိုက်ဘူး။ သဘောတူမှသာရိုက်ပါတယ်" ဟု ဒါရိုက်တာသီဟကျော်စိုးက ဂျက်မဇာတ်ကား၏ ဇာတ်ဝင်ခန်း အချို့နှင့်ပတ်သက်ပြီးပြောသည်။

ဂျက်မကိုဩဂုတ်လ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ ဒီဗီဒီရုံများ၌ပြသမည်ဖြစ်ပြီး ရက်အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

အေးမြတ်သူ၏ အက်ရှင်အသားပေးအလှဓာတ်ပုံများပါဝင်သော 'ဂျက်မ' ဇာတ်ကားပိုစတာများကလည်း ပရိသတ်စိတ်ဝင်စားမှုရရှိနိုင်မည်ကို တွေ့ရသည်။





7 DAY NEWS JOURNAL
Vol.10, No.13 · JUNE 16, 2011

# Entertainment

## စာ – ၄၇၊ ချမ်းချမ်းနှင့်အင်တာဗျူး မှ

သူ့ကို ကိုယ့်ရဲ့သတို့သားလောင်းအဖြစ် ရွေးချယ်ထားတာကိုလည်း လူတွေသိချင်သိပါစေ။ ဒါပေမဲ့အဲဒီချစ်သူက တစ်ခါတလေမှာ အားငယ်အောင်လုပ်ရင် ကိုယ့်စိတ်ထဲမှာ ဝေဝေဝါးဝါး ဖြစ်သွားရတယ်။ ဒါပေမဲ့ လက်မလျှော့ဘူး။ ကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ အမြဲတမ်းချစ်သွားမယ်။ မျက်စိမှိတ်ပြီး နင့်အနားမှာ နေသွားမယ်ဆိုတဲ့ ပုံစံလေးဆိုတော့ လက်တွဲဖော်ဆိုတဲ့ စာသားလေးနဲ့ ပိုလိုက်ဖက်တယ်။ အရမ်းချစ်တဲ့ချစ်သူနှစ်ယောက်ဟာ အနာဂတ်မှာ လက်တွဲဖို့ရည်ရွယ်ထားကြတယ်။ ချစ်တဲ့သူတိုင်း ပေါင်းနိုင်ကြပါစေဆိုပြီး သူတို့ကို ဂုဏ်ပြုထားတဲ့ သီချင်းလေးပါ။ အရမ်းအဓိပ္ပာယ်ရှိတဲ့စာသားလေးတွေနဲ့ တည်ဆောက်ထားပါတယ်။

အဲဒီသီချင်းလေးကို ဆရာရွှေဂျော်ဂျော်က မိန်းကလေးသံလေးနဲ့ကီးချိန်ပြီး ဆိုထားတာ ညီမကို ပြတော့ နားထောင်ရတာ ပျော်စရာလည်းကောင်းတယ်။ ကြားလိုက်ရတာနဲ့နားထဲတန်းဝင်တယ်။ ညီမနဲ့လည်း လိုက်တယ်။ ကိုမြင့်မြတ်ဆို ကြိုက်လို့ တီးလုံးအကြမ်းလေးကိုပဲ သူ့ဖုန်းမှာ Ring Tone ထည့်ထားတယ်။ သီချင်းလေးက တော်တော်လေးမြူးပြီး အကလေးတွေနဲ့တွဲဖက်ပြီး တင်ပြရင် တော်တော်ကောင်းမယ့် သီချင်းလေးပါ။

ညီမ ဒီသီချင်းလေးကို စပြီးဆိုကတည်းက စိတ်ထဲမှာ တွေးမိတာက ငါ မင်္ဂလာဆောင်တွေ၊ မွေးနေ့ပွဲတွေမှာသာဆိုရင် ချစ်သူတွေကြားထဲမှာဆိုရင် တော်တော်အဆင်ပြေမယ့် သီချင်းလေးပါလားလို့ တွေးမိတယ်။ လူတိုင်းလည်း လိုက်ဆိုလို့ရမယ်။ ညီမ ဒီသီချင်းလေးကို တစ်ရက်တည်းနဲ့ နှစ်ခေါက်ပဲ သွင်းခဲ့ရတယ်။ ကိုယ့်ဘာသာပဲ ဟာမိုနီလိုက်တယ်။ အကြမ်းကိုတောင်မှ အချောသပ်လောက်နီးပါးပြီးသွားခဲ့တော့ ဒီသီချင်းလေးကို တော်တော်စိတ်တိုင်းကျတယ်။

ညီမ အရင်ကလည်း အင်္ဂလိပ်စာသားပါတဲ့သီချင်း I Believe Myself 'ယုံကြည်သောအချစ်' ကို ဆိုခဲ့ဖူးတယ်။ နယ်ပရိသတ်တွေ၊ မြန်မာပရိသတ်အများစုအတွက် သီချင်းထဲမှာ အင်္ဂလိပ် စာသားပါတာက တစ်ခါတလေ အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဒီ Soul Mate သီချင်းလေးမှာ တချို့နေရာလေးတွေကို 'လက်တွဲဖော်'လို့ဆိုဖို့ စဉ်းစားထားတယ်။

တခြားရှိုးပွဲတွေမှာတော့ ဒီသီချင်းလေးကိုတစ်ခါမှမဆိုဖူးသေးဘူး။ ဒါပေမဲ့ ညီမရဲ့ ဒုတိယခွေကို 'ကျောက်စက်ရေ' ဇာတ်ကားကြီးရဲ့ အမေရွှေးပွဲနဲ့အတူ ရှင်းလင်းပွဲလုပ်မယ်ဆိုတော့ အဲဒီမှာ SoLo Show လေးလုပ်ဖို့စဉ်းစားထားတော့ ဆိုဖြစ်ပါလိမ့်မယ်။

ပရိသတ်လက်ခံထားတဲ့ အဆိုတော်ချမ်းချမ်းရဲ့ ဆိုနေကျပုံစံတွေကနေ ဒီသီချင်းလေးက အများကြီးတော့ ပြောင်းလဲကွဲထွက်သွားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ညီမ ပေါ့ပ်လေးတွေဘက်ကို နည်းနည်းသွားကြည့်တဲ့သဘောပါ။ ပွဲမှာ ပျော်စေဖို့ အတွက်ကျတော့ ဒီသီချင်းလေးလိုမြူးမြူးလေးတွေလိုအပ်တာပေါ့။ ဒီ Soul Mate လေးကလေ ပျော်တဲ့သူတွေအတွက်ရော၊ စိတ်ညစ်နေတဲ့ သူတွေအတွက်ပါ အဆင်ပြေလိမ့်မယ်လို့ထင်ပါတယ်။

ညီမ ဒီသီချင်းကို စဆိုခဲ့တုန်းက ညီမရဲ့ နှလုံးသားခံစားချက်နဲ့ အခုချိန်ခံစားချက်က မတူနိုင်တော့ပေမယ့် အနုပညာသမားတစ်ယောက်အနေနဲ့ အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ရောလို့မရပါဘူး။ ဝမ်းနည်းနေပေမယ့်လည်း ပျော်စရာသီချင်းဆိုချင်ဆိုနေရမှာပဲလေ။

ဒီသီချင်းလေးကိုနားထောင်မယ့် ပရိသတ်ကို ညီမ ပြောချင်တာက ဘယ်သူ့ကိုမဆို ချစ်တိုင်းလည်းမညား၊ ညားတိုင်းလည်း မချစ် ဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ဒါတွေကတစ်ယောက်မဟုတ်တစ်ယောက်တော့ ကြုံနေကြရဦးမှာပါပဲ။ ကိုယ်တကယ်ချစ်ရင်၊ တကယ်လက်တွဲ မယ်ဆိုရင် ဘယ်အရာကိုမဆိုရင်ဆိုင်ပါ။ နောက်မဆုတ်ပါနဲ့။ တကယ်လို့ တစ်ယောက်ယောက်ကမရေရာဘူး၊ မသေချာဘူးဆိုရင်လည်း နောက်ဆုတ်လိုက်ဖို့ ဝန်မလေးပါနဲ့။ မဖြစ်နိုင်ရင်ရှေ့ဆက်မတိုးပါနဲ့။ တကယ်လို့ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ဘယ်သူတားတား မကြောက်ပါနဲ့လို့ ပြောပါရစေ။



## နောက်ကျနေတဲ့ ငါ ကို ခံစားကြည့်ခြင်း

ဒဲနစ်အောင်အောင်

ဒီတစ်ပတ်တော့ တစ်ကိုယ်တော်အခွေမထွက်တာကြာပြီဖြစ်တဲ့ အဲလက်(စ်)ရဲ့ 'နောက်ကျနေတဲ့ငါ'ဆိုတဲ့ စီးရီးခွေလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီအခွေမှာ အဲလက်စ်က လူငယ်ဂီတပညာရှင် အတော်များများကို အသုံးပြုထားတာ တွေ့ရပါတယ်။ 'Heroz Band' နဲ့တီးခတ်ထားပြီး တေးရေးတွေကတော့ အဒစ်နို၊ ကိုင်ဇာတင်မှုံ၊ ပြူး၊ အယ်ဒီနဲ့ ရွှေဂျော်ဂျော်တို့ပဲဖြစ် ပါတယ်။

ဒီစီးရီးရဲ့ ပထမဆုံး အပုဒ်မှာတော့ အဲလက်စ်က သူ့ရဲ့ ယောကျ်ားလေးပရိသတ်အတွက် ရေးစပ်ထားတဲ့ 'ယောကျ်ားလေးပဲ'ခပ်မြူးမြူးသီချင်းလေးနဲ့ စဖွင့်ထားပါတယ်။ စာသားအကြောင်းအရာကတော့ ယောကျ်ားလေးအများစုဖြစ်လေ့ရှိတဲ့ အဖြစ်အအပျက်လေးတွေကို သည်းခံပေးဖို့ တောင်းဆိုထားလို့ မိန်းကလေးတွေအတွက်တော့ အမြင်ကပ်စရာဖြစ်မှာအမှန်ပါပဲ။ ကြည့်ဦးလေ စာသားတွေက'တစ်ခါတလေ အိမ်ပြန်နောက်ကျတယ် အပြင်မှာ လျှောက်သွားတယ် ×××အပြန်မှာ KTV လည်းရောက်တယ် ရီဝေဝေနဲ့ကွယ်××× 'တဲ့လေ။ 'ယောကျ်ားလေးပဲ ကွယ် တစ်ခါတလေတော့လည်း ရူးတယ်×× တစ်ခါတလေတော့လည်း မူးတယ် ခွင့်လွှတ်ရမှာပဲ ×××' ဖန်စီပုံစံ ပေါ့ပေါ့လေးရေးထားလို့ လူငယ်ကြိုက်လေးဖြစ်မှာပါ။နောက်ထပ်တစ်ပုဒ်ကတော့ 'ဖေဖော်ဝါရီ-၁၄' ဆိုတဲ့ ခပ်ရိုးရိုးအချစ်သီချင်းလေးတစ်ပုဒ်ပါပဲ။

သီချင်းလေးက ကောင်းပေမယ့် စစချင်း သီချင်းအဝင် Intro မှာ ကမ္ဘာကျော်အဖွဲ့'My Chemical Romance 'ရဲ့' I Don't Love You 'ဆိုတဲ့ သီချင်းလေးနဲ့ တော်တော်ဆင်တာ တွေ့ရပါတယ်။ သီချင်း Arrangement လေးတော့တော်တော်ကောင်းပါတယ်။

အဒီနို ရေးထားတဲ့ 'မထူးဆန်းဘူး'ဆိုတဲ့ သီချင်းလေးကတော့ ဒီအခွေမှာ ပေါက်သီချင်းလေးလို့ပြောရမှာပါ။ သီချင်းစာသားနဲ့ အကြောင်းအရာက လူငယ်ဆန်ဆန်နဲ့ လတ်လတ်ဆတ်ဆတ်ရှိတယ်လို့ထင်ပါတယ်။

'မနက်မှာ စုတ်ပဲ့စွာ နိုးထလို့ ×××× ရှေးဦးစွာ သုံးစွဲတယ် ကော်ဖီလေး×××လောကမှာ အသည်းကွဲတယ်ဆိုတာ ငါ့အတွက် မဆန်းတော့×××× 'တဲ့။ အဲလက်စ်နဲ့လည်း လိုက်ဖက်တယ်လို့ထင်ပါတယ်။

နောက်တစ်ပုဒ်ကတော့ ဝါရင့်တေးရေးဆရာရွှေဂျော်ဂျော်ရဲ့' အနှစ် ၂၀' ဆိုတဲ့ သီချင်းလေးပါ။ ဒီသီချင်းမှာလည်း စာသားတွေ သီချင်း Arrangement ကအစ ခပ်ရိုးရိုးလေးလုပ်ထားတော့ တစ်မျိုးဆန်းသစ်ပါတယ်။

'နှုတ်ဆက်သွားပြီ' ဆိုတဲ့ သီချင်းလေးမှာတော့ သေသူနေရာက ဝင်ရောက်ခံစားပြီး ရေးစပ်ထားလို့ တစ်မျိုးဆန်းသစ်နေစေပါတယ်။ ဂီတပိုင်းမှာ ထူးခြားမှု သိပ်မရှိပေမယ့် စာသားလေးတွေက ဆွဲဆောင်မှုရှိတာတွေ့ရပါတယ်။

**စာ(၄၅)သို့**

စာ(၄၅)သို့

## စာ-၄၇၊ သဘာဝကျတဲ့ဟာသဇာတ် ုပ်တွေကို ရွေးချယ် ိုက်ကူးတဲ့ နေတိုး မှ

"ပရိသတ်ဆိုတာက အနုပညာကိုဖျော်ဖြေမှုအနေနဲ့ ကြည့်တဲ့အချိန်မှာ ဟာသဆိုလည်း သဘာဝကျကျဟာသမျိုးပဲ ကြည့်ချင်ကြတာပါ။ ဒါကြောင့်ကျွန်တော်ရွေးချယ်တဲ့ဟာသကားတွေဟာ အက်တင်ကအစ သဘာဝကျတာတွေပဲများပါတယ်။ အရမ်းအိုဗာဖြစ်သွားရင် သဘာဝနဲ့ဆန့်ကျင်ဘက်ဖြစ်သွားရင် လူတွေစိတ်နဲ့အံဝင်ခွင်ကျ မဖြစ်တော့ဘူး။ တန်ဆေးလွန်ဘေးဆိုတဲ့စကားပုံလိုပေါ့"ဟုပြောသည်။

မကြာသေးမီက ရုံတင်သွားသည့်ဟာသဇာတ်ကားကြီးနှစ်ကားတွင် ပရိသတ်လက်ခံမှုပုံစံ ကွာခြားခဲ့ပြီး အောက်ပိုင်းပြက်လုံးဟု အများစုခေါ်ဝေါ်ကြသော အဓိပ္ပာယ်နှစ်ခွထွက်စေသည့် စကားလုံးများ၊ ပြကွက်များပါဝင်သည့် ဇာတ်ကားမှာ ပရိသတ်၏ ဝေဖန်မှုများရှိနေခြင်းကြောင့် ပြက်လုံးများနှင့်ပတ်သက်၍ ၎င်းအားဆက်လက်မေးမြန်းရာ "တော်ရုံတန်ရုံ တကယ်ဖြစ်နိုင်ခြေရှိတဲ့ Comedyမျိုးပဲ ဖြစ်စေချင်တယ်။ သရုပ်ဆောင်နေတာမဟုတ်ဘဲ တကယ်ဖြစ်နေတာဆိုတဲ့မုတ်ဒ်ဖြစ်အောင် လုပ်ရတယ်။ ကျွန်တော်ဆို အကြောင်းအရာ၊စကားလုံးပေါ်မှာ ရယ်ရတာထက် ကိုယ်ခန္ဓာလှုပ်ရှားမှု (Body Movement) ကိုကြည့်ပြီးရယ်ရတာ ပိုကြိုက်တယ်။ Mr Bean ဆို အခုထိကြည့်လို့ရနေတုန်းပဲလေ။ အဲဒါသည်အနုပညာရဲ့ လျှို့ဝှက်ချက် ပေါ့။ သူတို့ရဲ့လှုပ်ရှားမှုက သဘာဝကျလွန်းတော့ ဘယ်အချိန်ကြည့်ကြည့် မရိုးတာပေါ့။ ဖြစ်ညှစ်ပြီးလုပ်တဲ့အလုပ်ကတော့ ရေရှည်တော့မခံပါဘူး" ဟု ပြောပြသည်။ နေတိုးသည် ဗီဒီယိုဇာတ် ကားများဆက်တိုက်ရိုက်ကူးနေပြီး အောက်တိုဘာလထဲတွင် စာရေးဆရာမင်းလူ၏ အောင်ဘာလေ ဝတ္ထုကို ရုပ်ရှင်အဖြစ် ပြန်လည် ရိုက်ကူးမည့်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဟုသိရသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | X-Men: First Class | 20th Century Fox | ၅၅,၁၀၁,၆၀၄ | ၁ |
| ၂။ | The Hangover Part II | N/A | ၁၈၅,၈၀၈,၁၉၄ | ၂ |
| ၃။ | Kung Fu Panda 2 | DreamWorks Animation | ၁၀၀,၀၂၈,၃၇၂ | ၂ |
| ၄။ | Pirates of the Caribbean: On Stranger Tides | N/A | ၁၉၀,၂၀၀,၈၈၀ | ၃ |
| ၅။ | Bridesmaids | Universal | ၁၀၇,၁၆၇,၂၃၀ | ၄ |
| ၆။ | Thor | Paramount | ၁၆၉,၁၂၂,၉၄၈ | ၅ |
| ၇။ | Fast Five | N/A | ၂၀၁,၉၇၉,၆၆၅ | ၆ |
| ၈။ | Midnight in Paris | N/A | ၆,၇၉၆,၇၃၁ | ၃ |
| ၉။ | Something Borrowed | Warner Brons | ၃၆,၆၇၃,၃၃၀ | ၅ |
| ၁၀။ | Jumping the Broom | Columbia Tristar | ၃၅,၉၀၇,၃၀၀ | ၅ |

## Movie Review

### Green Lantern



ရှုပ်ထွေးပွေလီ နားလည်ရခက်လှသော စကြဝဠာကြီးထဲတွင် နှစ် ရာပေါင်းများစွာကပင် အစွမ်းထက်လှသော တပ်ဖွဲ့တစ်ဖွဲ့ရှိနေခဲ့သည်။ 'အစိမ်းရောင်မီးအိမ်များတပ်ဖွဲ့'မှာ ဂြိုဟ်ကြီးတစ်ခုနှင့် တစ်ခုအကြားတွင် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရှိရန် ထိန်းသိမ်းပေးကြပြီး ကိုယ်စီကိုယ်စီတွင် စူပါပါဝါများ ထုတ်ပေးနိုင်သည့် လက်စွပ်များ ဝတ်ဆင်ထားကြသည်။ သို့သော် Parallax ဟူသည့် ရန်သူသစ်က စကြဝဠာအတွင်း ဖြစ်တည်နေသည့် စွမ်းအင်မျှခြေကို ပျက်သုဉ်းအောင် ကြိုးပမ်းသောအခါ စကြဝဠာနှင့်အတူ ကမ္ဘာမြေကြီးအတွက်ပါ အန္တရာယ်ရှိလာသည်။ ထိုအချိန်တွင် 'အစိမ်းရောင်မီးအိမ်များတပ်ဖွဲ့'၌ တစ်ဦးတည်း ရွေးချယ်ခံထားရသည့် ကမ္ဘာမြေမှတပ်ဖွဲ့ဝင် Hal မှာ ၎င်းတွင်ရှိသမျှ စွမ်းအင်များကို ထုတ်သုံးရသည့်အပြင် 'စာနာထောက်ထားမှု'ဟူသော လူသားများ၌သာရှိသည့် 'နှလုံးရည်'ကိုလည်း ပြသရမည်ဖြစ်ရာ. . .။

သိပ္ပံ၊ စိတ်ကူးယဉ်၊ စွန့်စားခန်း၊ အက်ရှင်ပေါင်းစပ်ထားသည့် ဇာတ်ကားအား ဒါရိုက်တာ Martin Campbell က ရိုက်ကူးထားပြီး Ryan Reynolds၊ Blake Lively၊ Mark Strong တို့ ဦးဆောင်ပါဝင်ထားသည်။ Warner Bros. Pictures ကုမ္ပဏီက ဇွန်လ ၁၇ ရက်နေ့တွင်ဖြန့်ချိမည် ဖြစ်သည်။

# Sports

7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011





★★★အားကစားကြယ်ပွင့်★★★

## အာရှရဲ့ ပထမဆုံး ဂရင်းဆလင်းချန်ပီယံ တရုတ်တင်းနစ်မယ် လီနာ

တရုတ်တင်းနစ်မယ် လီနာကို ကမ္ဘာ့တင်းနစ်လောကမှာ စတင်သတိထားမိလာကြတာကတော့ ၂၀၀၆ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာဖြစ်ပါတယ်။ ထိုပွဲမှာ သူမဟာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး တရုတ်တင်းနစ် ကစားသမားတွေထဲက ဂရင်းဆလင်းကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိဖူးတဲ့ ပထမဆုံး ကစားသမားဆိုတဲ့ စံချိန်သစ်တစ်ရပ်ကို ရခဲ့ပါတယ်။ ဒီနောက် ၂၀၁၀ မှာတော့ သူမဟာ ဩစတြေးလျအိုးပင်းအကြိုဗိုလ်လုပွဲအဆင့်ကိုရောက်ရှိကာ ကမ္ဘာ့အဆင့် ၁၀ အတွင်း ရောက်ရှိခဲ့တဲ့ တရုတ်တင်းနစ်ကစားသမားစံချိန်ကိုပါ ရယူခဲ့ပါတယ်။ ဒီလိုနဲ့ ယခု ၂၀၁၁ ခုနှစ်အတွင်းမှာတော့ လီနာဟာ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲကို ရောက်ရှိပြီး ကင်မ်ကလစ်စတာကို ရှုံးနိမ့်ခဲ့ပေမယ့် ဂရင်းဆလင်းဗိုလ်လုပွဲရောက် အာရှရဲ့ ပထမဆုံး တင်းနစ်မယ်စံချိန်ကို ရယူခဲ့သလို ဇွန်လ ၄ ရက်နေ့မှာတော့ ပြင်သစ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ဖရန်ဆက်စကာ ရှီယာဗွန်းကိုအနိုင်ရကာ အာရှတိုက်ရဲ့ ပထမဆုံးသော ဂရင်းဆလင်းပြိုင်ပွဲ တစ်ဦးချင်း ချန်ပီယံဆုရှင်ဖြစ်လာပါတော့တယ်။

**■လီနာရဲ့ ငယ်ဘဝဖြတ်သန်းမှု**

အာရှရဲ့ အကျော်ကြားဆုံး တင်းနစ်မယ်ဖြစ်လာမယ့် လီနာကို တရုတ်နိုင်ငံ ဟူပိုင်ပြည်နယ်၊ ဝူဟန်မြို့မှာ ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလက မွေးခဲ့ပါတယ်။ ဖခင်ဖြစ်သူ လီရှင်ပင်းဟာလည်း ကြက်တောင်ရိုက်ကစားသမားတစ်ဦးဖြစ်ပြီး လီနာဟာ သူမရဲ့ အားကစားဝါသနာကို ဖခင်ဆီက ဆက်ခံခဲ့ရတာပါ။ ဒါပေမဲ့ အဲဒီမှာ သူမရဲ့ နည်းပြဖြစ်သူက လီနာရဲ့ ကြက်တောင်ရိုက်ကစားဟန်ဟာ တင်းနစ်ကစားသမားတွေကစားသလို ဟန်မျိုးဖြစ်နေတာကိုသတိပြုမိတာကြောင့် အသက် ၈ နှစ်အရွယ်မှာ တင်းနစ်အားကစားကို ကူးပြောင်းကစားစေခဲ့ပါတယ်။ နည်းပြဖြစ်သူရဲ့အတွေးမှန်ခဲ့ပါတယ်။ ဒီလိုနဲ့ ကြက်တောင်ရိုက်ရင်း အားပြင်းတဲ့ရိုက်ချက်တွေနဲ့ လျင်မြန်စွာရွေ့လျားတတ်တဲ့သူမဟာ တင်းနစ်ကစားနည်းကို ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့တာကြောင့် ၁၉၉၇ ခုနှစ် အသက် ၁၅ နှစ်အရွယ်မှာတော့ တရုတ်လက်ရွေးစင်တင်းနစ်ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ဒီနောက်တော့ ၁၉၉၉ ခုနှစ်မှာ လီနာဟာ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားဘဝကို ကူးပြောင်းခဲ့ပါတယ်။ လီနာဟာ ၂၀၀၂ နှစ်ကုန်မှာတော့ လက်ရွေးစင်အသင်းကနုတ်ထွက်ပြီး ဟွာကျုန်းသိပ္ပံနဲ့နည်းပညာတက္ကသိုလ်မှာ စာနယ်ဇင်းသတင်းပညာ (Journalism) တက်ရောက်သင်ကြားခဲ့ပြီး ၂၀၀၉ ခုနှစ်မှာတော့ ဘွဲ့ရရှိခဲ့ပါတယ်။

စာ(၅၁)သို့

## အား/ကာသိပ္ပံသင်တန်းသားဦးရေ အများဆုံးလက်ခံ၍ ဆီးဂိမ်းအတွက် ပြင်ဆင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၁၀**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သင်တန်းသားဦးရေ ငါးရာကျော် တက်ရောက်သင်ကြားနေသည့် အား/ကာသိပ္ပံ(ရန်ကုန်)သည် စတင်ဖွင့်လှစ်ချိန်မှ ၁၅ နှစ်တာကာလအတွင်း သင်တန်းသားဦးရေအရေအတွက် အများဆုံးဖြစ်ကြောင်းသတင်းရရှိသည်။

အား/ကာသိပ္ပံ(ရန်ကုန်)သည် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ၁၉၉၇-၉၈ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းအား အားကစားနည်းအမျိုးအစား ၁၀ မျိုး သင်တန်းသား ၁၁၀ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသာမက အားကစားလေ့ကျင့်ရေးသင်တန်းကိုပါ တိုးချဲ့ဖွင့်လှစ်ခဲ့ကာ ပြီးခဲ့သည့်ဇွန်လ ၁ ရက်တွင်စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ သင်တန်းသားဦးရေစုစုပေါင်း ၅၁၀ (ကျား ၃၂၆ ဦး၊ မ ၁၈၄ ဦး) တက်ရောက်သင်ကြားနေပြီဖြစ်ကြောင်း အား/ကာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အရင်နှစ်တွေကတစ်နှစ်ကို ပုံမှန် သင်တန်းသား ၂၀၀ ဝန်းကျင်ပဲခေါ်တာပါ။ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်ပြုလုပ်မယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့အတွက်ရည်ရွယ်ပြီး ရန်ကုန်နဲ့ မန္တလေး အား/ကာသိပ္ပံနှစ်ခုလုံးမှာ မနှစ်ကစပြီး သင်တန်းသားတိုးမြှင့်ခေါ်ယူခဲ့တာပါ"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

၂၀၀၂ ခုနှစ် ဇွန်လ ၁ရက်တွင် အားကစားနည်းငါးမျိုး သင်တန်းသားဦးရေ ၁၅၀ဖြင့် စတင်ဖွင့်လှစ်ခဲ့သော အား/ကာသိပ္ပံ(မန္တလေး)သည်လည်း ယခုနှစ်ပညာသင်နှစ်တွင်မူ အားကစားနည်း ၁၅ မျိုးတွင် သင်တန်းသားစုစုပေါင်း ၄၁၆ ဦး(ကျား ၂၅၄ ဦး၊ မ ၁၆၅ ဦး)တက်ရောက်သင်ကြားနေပြီဖြစ်ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံအတွက် ထူးချွန်အားကစားသမားများ ထွက်ပေါ်ရာ အဆိုပါသင်တန်းကျောင်းနှစ်ကျောင်းသည် နှစ်စဉ်ဇွန်လ ၁ ရက်မှ မတ်လ ၃၁ရက်အထိဖွင့်လှစ်ထားခြင်းဖြစ်ပြီး ကြားကာလတွင် ကျန်းမာရေးမကောင်းသူ၊ စည်းကမ်းဖောက်ဖျက်သူနှင့် အားကစားအရည်အသွေးတိုးတက်မှုမရှိသော သင်တန်းသားများအား အင်အားလျှော့ချကာ ဆက်လက်သင်ကြားတက်ရောက်ခွင့်ရရှိသည့် သင်တန်းသားများသည် အသစ် ထပ်မံခေါ်ယူသော သင်တန်းသားများနှင့်အတူ ဆက်လက်သင်ကြားတက်ရောက်ရသည့် သင်တန်းများဖြစ်သည်။

"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ဒီ အား/ကာသိပ္ပံ သင်တန်းကျောင်းနှစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ကျောင်းသားအားကစားပွဲတော်မျိုးလည်း ပြန်လုပ်သင့်ပါတယ်။ ကျောင်းသားအားကစားပွဲတော်စစ်စစ်ဆိုတာမျိုးဖြစ်ဖို့ဆိုတာကလည်း လက်ရှိကျောင်းတွေမှာ အားကစားလှုပ်ရှားမှုတွေရှိမှဖြစ်မှာပါ။ ၂၀၁၃ မှာ အိမ်ရှင်အနေနဲ့ဆုတံဆိပ်များများရချင်ရင် အခုကတည်းက အလားအလာရှိတဲ့ အားကစားနည်းတွေကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တွေက နည်းမှန်၊ လမ်းမှန်နဲ့ စခန်းသွင်းလေ့ကျင့်ပျိုးထောင်မှ ရမှာပါ"ဟု မြန်မာ့အားကစားစောင့်ကြည့်သူတစ်ဦးက သုံးသပ်ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011



# ဂရင်းရှိုင်ရယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပရန် မသေချာသေး

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် –၈**

ပြည်ပမှ နိုင်ငံလက်ရွေးစင်နှင့် ကလပ်ဘောလုံးအသင်းများအား ဖိတ်ခေါ်၍ ကျင်းပသော ဂရင်းရှိုင်ရယ်ဖိတ်ခေါ်ဖလား ပြိုင်ပွဲအား ပြန်လည်ကျင်းပရန် လောလောဆယ် အစီအစဉ်မရှိသေးကြောင်း IBTC Group ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က ပြောသည်။

“ကျွန်တော်တို့ ဘောလုံးနဲ့ ကျင်းပတာတွေ အရမ်းများနေပြီ။ ဒါကြောင့် လတ်တလောမှာတော့ ဂရင်းရှိုင်ရယ်ဖိတ်ခေါ်ဖလားပြိုင်ပွဲကို လုပ်ဖို့အစီအစဉ် မရှိသေးပါဘူး” ဟု ဦးအောင်မိုးကျော်က ပြောသည်။

IBTC ကုမ္ပဏီက အဓိက စပွန်ဆာပေးသော အဆိုပါပြိုင်ပွဲကို ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်များတွင် ၂ နှစ်ဆက်တိုက်ကျင်းပခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ဆက်လက်ကျင်းပခဲ့ခြင်း မရှိပေ။

နှစ်ပေါင်းတစ်ရာကျော် အပျော်တမ်းအဆင့်မှ ဆုကြေးစားစနစ်ပြောင်းလဲကာ ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကိုလည်း လက်ရှိတွင် IBTC ကုမ္ပဏီက အဓိက စပွန်ဆာပေးထားပြီး၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဥဿာယူနိုက်တက် အသင်းအမည်ဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

IBTC ကုမ္ပဏီသည် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအား Title Sponser အဖြစ် ပထမနှစ် ကျပ်သိန်းသုံးထောင်၊ ဒုတိယနှစ် ကျပ်သိန်းလေးထောင်၊ တတိယနှစ် ကျပ်သိန်းငါးထောင်ဖြင့် သုံးနှစ်စာချုပ်ချုပ်ထားကြောင်းနှင့် ဥဿာယူနိုက်တက် အသင်းအတွက် အသုံးစရိတ် တစ်နှစ်လျှင် ကျပ်သိန်းရှစ်ထောင်မှ သိန်းတစ်သောင်းကြားရှိကြောင်း ဦးအောင်မိုးကျော်၏ ပြောကြားချက်အရ သိရှိရသည်။

ဥဿာယူနိုက်တက် ဘောလုံးအသင်းသည် ယခင်နှစ် MFF Max Cement ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့၍ စင်ကာပူဖိတ်ခေါ်ဖလားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇွန် ၁၇ ရက်တွင် ကလပ်ပတ္တရားအသင်းနှင့် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲ၌ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ကမောဇအသင်းလည်း ှုံးထွက်ဖလားမှ ထွက်ရပြီ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် –၈**

မြန်မာနေရှင်နယ်လိဂ် ထိပ်သီး အသင်းဖြစ်သည့် ကမ္ဘောဇဘောလုံးအသင်းသည် MFF Max Cement 2011 ရှုံးထွက်ပြိုင်ပွဲတွင် မနောမြေအသင်းအား ပင် နယ်တီ အဆုံးအဖြတ်တွင် ၇ ဂိုး ၆ ဂိုးဖြင့် ရှုံးနိမ့်ကာ ပထမအဆင့်မှာပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

# မြန်မာဘရူဝါရီ စပွန်ဆာဖြင့် ဖူဆယ်လိဂ်ပြိုင်ပွဲကျင်းပ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် – ၈**

မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်၏ အဓိကပံ့ပိုးမှုဖြင့်ပထမဆုံးပရော်ဖက်ရှင်နယ်ဖူဆယ်လိဂ်ပြိုင်ပွဲအဖြစ် MFF Tiger Futsal League 2011 အား ဇွန် လ ၁၅ ရက်တွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် စတင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်သင်းလျှင် နိုင်ငံခြားသားကစားသမားနှစ်ဦးစီ ကစားခွင့်ပြုပြီး ၎င်းပြိုင်ပွဲအား နှစ်ကျော့အမှတ်ပေးစနစ်ဖြင့်ကျင်းပမည်ဖြစ်သည်။ ဗိုလ်စွဲသောအသင်းအား ဆုကြေးငွေကျပ်သိန်း ၆၀၊ ဒုတိယအသင်းအား ကျပ်သိန်း ၃၀၊ တတိယအသင်းအား ကျပ်သိန်း ၂၀ နှင့် စတုတ္ထအသင်းအား ကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုနှင့် ဂိုးသွင်းအများဆုံးဆုရှင်များကိုလည်း ဆုငွေကျပ် ငါးသိန်းစီချီးမြှင့်မည်ဖြစ်သည်။

# စာ(၅၀) - အာရှရဲ့ ပထမဆုံး ဂရင်းဆလင်းချန်ပီယံ တရုတ်တင်းနစ်မယ် လီနာ မှ

အချို့သော မီဒီယာသတင်းများရဲ့ အဆိုအရ လီနာဟာ သူမရဲ့ အသင်းဖော် (နောင် သူမရဲ့ အမျိုးသား၊ တင်းနစ်နည်းပြဖြစ်လာသူ) ကျန်ရှန်းနဲ့ ချစ်သူတွေဖြစ်ခဲ့တာကြောင့် နည်းပြဖြစ်သူ ယုလီကျာရဲ့ ဖိအားကြောင့် နုတ်ထွက်ခဲ့ရတာလို့ဆိုကြပါတယ်။ ဒါပေမဲ့ လီနာဟာ ၂၀၀၄ ခုနှစ်မှာတော့ လက်ရွေးစင်အသင်းကိုပြန်ဝင်ခဲ့ပြီး ကျန်ရှန်းဟာလည်း ၂၀၀၆ ခုနှစ်မှာ သူမရဲ့နည်းပြဖြစ်လာခဲ့ပါတယ်။ ဒီနောက်မှာတော့ ၂၀၀၈ ခုနှစ်အရောက်မှာ သူမဟာ တရုတ်နိုင်ငံတွင်းမှာ ကျင့်သုံးနေတဲ့ ဆုကြေးရဲ့ ၆၅ ရာခိုင်နှုန်းကို အခွန်အဖြစ် နိုင်ငံတော်ကို ထမ်းဆောင်ရမယ့်စနစ်ကနေနုတ်ထွက်ပြီး နိုင်ငံတကာမှာလို သီးသန့်ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦးအဖြစ်ရပ်တည်ခဲ့ပါတယ်။ ဒါကြောင့် ယခုအခါမှာတော့ သူမဟာ မိမိရရှိတဲ့ဆုကြေးတွေကနေ ၆၅ ရာခိုင်နှုန်းအစား ၈ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းကိုသာ အစိုးရကိုခွဲဝေပေးရတော့မှာပါ။

**■ ၁၉၉၉ မှ ၂၀၁၁ အထိ**

လီနာဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စတင်တဲ့ ၁၉၉၉ကနေ ၂၀၀၄ ခုနှစ်အကြားမှာ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ၂၀ (ITF ၁၉ ပွဲနှင့် WTA Tour တစ်ပွဲ)တို့မှာ ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာလည်း WTA Tour ချန်ပီယံဘွဲ့ကို ဒုတိယအကြိမ်ရရှိခဲ့ပါတယ်။ ဒီကာလတွေထဲမှာ အောင်မြင်မှုနဲ့အတူ ဒဏ်ရာကြောင့် နားနေခဲ့ရပြီး ပြန်ကြိုးစားကာ ချန်ပီယံဖြစ်ခဲ့တာတွေလည်း အများကြီးပါ။ လီနာဟာ ၂၀၀၂ ခုနှစ်ဝန်းကျင်မှာ ပြိုင်ပွဲတွေကနေ ပညာရေးကြောင့် ၂နှစ်ခန့် နားနေခဲ့ရသလို ၂၀၀၅ ရာသီမှာ ဒူးဒဏ်ရာ ၂၀၀၇ ဒုတိယရာသီဝက်တစ်ခုလုံးမှာ နံရိုးဒဏ်ရာတွေကြောင့် ကာလရှည်အနားယူခဲ့ရတာတွေ ရှိပါတယ်။ ဒါပေမဲ့ အချိန်တန်တော့ လီနာဟာ ဂရင်းဆလင်းပြိုင်ပွဲကြီးတွေရဲ့ နှစ်ယောက်တွဲပွဲတွေနဲ့ တစ်ဦးချင်း ပြိုင်ပွဲတွေမှာ ကြိုးစားမှုရဲ့အကျိုးကို ခံစားခဲ့ရတာချည်းပါပဲ။ ၂၀၀၅ ယူအက်စ်အိုးပင်းကစလို့ ၂၀၁၁ ပြင်သစ်အိုးပင်းအထိ သူမဟာ ဂရင်းဆလင်းပြိုင်ပွဲကြီးတွေမှာ အမြင့်ဆုံးအနေနဲ့ ၂၀၀၆ ဝင်ဘယ်ဒန်ပွဲမှာ ကွာတားဖိုင်နယ်ရောက်ခဲ့သလို ၂၀၁၀ ဩစတြေးလျအိုးပင်းမှာ ဆီမီးဖိုင်နယ်၊ ၂၀၁၁ ဩစတြေးလျအိုးပင်းမှာ ဗိုလ်လုပွဲအဆင့်တွေကို တစ်ဆင့်ချင်း တိုးတက်ရောက်ရှိကာ ဒီဇွန်လရဲ့ ပြင်သစ်အိုးပင်းပြိုင်ပွဲမှာတော့ ရှီယာဗွန်းကိုအနိုင်ရကာ အာရှရဲ့ ပထမဆုံးသော တစ်ဦးချင်း ဂရင်းဆလင်းချန်ပီယံ စံချိန်သစ်ကိုတင်နိုင်ခဲ့ပါတယ်။

**■ လီနာရဲ့ဟန်၊ လီနာရဲ့ အတွေး အမြင်**

လီနာဟာ ငယ်စဉ်ကတည်းက ကြက်တောင်ရိုက်ရင်တောင် တင်းနစ်ရိုက်သလို အားအင်အပြည့်နဲ့ ကစားတတ်လို့ နည်းပြဖြစ်သူရဲ့ သတိထားမိခြင်းခံခဲ့ရသူပါ။ အရပ် ၅ ပေ ၇ လက်မရှိပြီး ညာသန်တစ်ဦးဖြစ်ပေမယ့် ကွင်းထဲမှာ အချိန်ကိုက်ရွေ့လျားပြီး ဘောလုံးကို လက်ပြန်ရိုက်ချက်တွေနဲ့ ရိုက်ရာမှာတော့ ဘယ်၊ ညာနှစ်ဖက်စလုံးနဲ့ ကျွမ်းကျင်စွာရိုက်နိုင်သူပါ။ လီနာဟာ မြေမာကွင်းတွေမှာ ကစားရတာ ပိုနှစ်ခြိုက်သူဖြစ်ပြီး အားလပ်ချိန်မှာ တင်းနစ်လေ့ကျင့်တာအပြင် ရေကူးတာ၊ စာဖတ်တာ၊ ဘေဂျင်းမြို့တော်ကိုသွားလည်ပတ်တာ၊ ဈေးဝယ်ထွက်တာတို့ကိုလည်း နှစ်သက်သူပါ။

လီနာဟာ တင်းနစ်မှာ အောင်မြင်မှုရခြင်းမှာ ခင်ပွန်းဖြစ်သူကိုယ်တိုင်က နည်းပြအဖြစ် တာဝန်ယူပေးနေတာကြောင့်လည်း ပါတယ်လို့ အချို့က သုံးသပ်ပါတယ်။ မဲလ်ဘုန်းက တရုတ်တင်းနစ်ပရိသတ်တစ်ဦးဖြစ်တဲ့ ချန်ယင်းကတော့ “ခင်ပွန်းဖြစ်သူကို နည်းပြအဖြစ် ရထားတာဟာ လီနာအတွက်အကျိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မိသားစုသဘောပံ့ပိုးပေးမှုဟာ ကစားသမားတွေအတွက် ပိုကောင်းအောင်ကစားနိုင်ရေးမှာ အရေးပါလို့ပါ” လို့ သုံးသပ်ပါတယ်။

တင်းနစ်ကစားခြင်းနဲ့ပတ်သက်လို့ အင်တာဗျူးတစ်ခုမှာ သူမပြောဖူးတာကတော့ “ဘဝကဘဝပါ။ တင်းနစ်ကတော့ အလုပ်တစ်ခုပါ။ ပွဲရှိတဲ့အချိန်ပဲ ကျွန်မတို့ တင်းနစ်အကြောင်းပြောတယ်။ တစ်နေ့(၂၄ နာရီ)လုံးတော့ တင်းနစ်အကြောင်းမပြောပါဘူး”လို့ ရိုးရိုးလေးရှင်းပြပါတယ်။ လီနာဟာ မြေမာကွင်းမှာ ကစားရတာ ပိုကြိုက်ပြီး သူမရဲ့ ကစားဟန်ကလည်း လျင်မြန်တဲ့ တန်ပြန်မြေထောက်ရိုက်ချက်တွေနဲ့ ပြိုင်ဘက်ရဲ့ ကွင်းဘက်က ထောင့်ပေါင်းစုံကို ဖြန့်ကြက်ရိုက်တတ်သူပါ။ သူမဟာ ပြီးခဲ့တဲ့ ဩစတြေးလျအိုးပင်းမှာ ဘယ်လ်ဂျီယံသူ ကင်မ်ကလစ်စတားကို ပထမပွဲငယ်မှာ ၆-၃ နဲ့ နိုင်ခဲ့ပေမယ့် နောက်နှစ်ပွဲမှာတော့ ၃-၆၊ ၃-၆ ရလဒ်တွေနဲ့ ရှုံးနိမ့်ခဲ့လို့ ဒုတိယနဲ့ ကျေနပ်ခဲ့ရတာပါ။ ဒီပွဲကလည်း သူမ စိတ်ကြိုက် မြေမာကွင်းပြိုင်ပွဲပါ။ ဒါပေမဲ့ ချန်ပီယံဖြစ်ခဲ့တဲ့ ပြင်သစ်အိုးပင်းကတော့ မြေစေးကွင်းပွဲဖြစ်ပြီး ရှီယာဗွန်းကို ၆-၄၊ ၇-၆ နဲ့ ပြတ်ပြတ်သားသား အနိုင်ယူပြခဲ့ပါတယ်။

**■ လီနာ ရယူပေးခဲ့သော အခြားစံချိန်သစ်**

လီနာဟာ ပြင်သစ်အိုးပင်း အောင်မြင်မှုနဲ့အတူ တရုတ်နိုင်ငံမှာ နောက်ထပ်စံချိန်သစ်တစ်ခုလည်း တင်ပေးနိုင်ခဲ့ပါသေးတယ်။ အဲဒါကတော့ သူမ ဗိုလ်စွဲခဲ့တဲ့ ပြင်သစ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုခဲ့တဲ့ တရုတ် ရုပ်သံပရိသတ်ပေါင်း ၁၁၆ သန်းအထိရှိခဲ့တယ်ဆိုတဲ့ စံချိန်သစ်ပါ။ ဒါဟာ ကမ္ဘာ့အကြီးဆုံးရုပ်သံဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံမှာ လူဦးရေရဲ့ ဆယ်ပုံတစ်ပုံက သူမရဲ့ အောင်မြင်မှုကို စိတ်ဝင်တစားအားပေးခဲ့တယ်ဆိုတဲ့သဘောပါ။ ဒီစံချိန်ကိုတော့ တရုတ်နိုင်ငံပိုင် စီစီတီဗီရုပ်သံက ကောက်ယူခဲ့တာဖြစ်ပါတယ်။



**■ အနီးဆုံးပြိုင်ပွဲကို စောင့်ကြိုလျက်**

လက်ရှိအချိန်မှာတော့ လီနာဟာ WTA ရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ပြင်သစ်အိုးပင်းချန်ပီယံဖြစ်ပြီးနောက် အဆင့်-၄ ဖြစ်လာခဲ့ပါပြီ။ သူမအတွက် အနီးဆုံးပြိုင်ပွဲကတော့ လာမယ့် စက်တင်ဘာ ၂၅ မှာပြုလုပ်မယ့် ချိုင်းနားအိုးပင်းပြိုင်ပွဲပါ။ ဒီပွဲဟာ လီနာ့အတွက် အမိမြေမှာ အောင်မြင်မှုကိုရယူဖို့ အကောင်းဆုံးအခွင့်အလမ်းတစ်ရပ်ဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ ပြင်သစ်အိုးပင်းပွဲအပြီးမှာ သူမပြောခဲ့တာလေးရှိပါတယ်။ “ကျွန်မရဲ့ အကြီးမားဆုံးအိပ်မက်ကတော့ ကမ္ဘာမှာ ထိပ်တန်းကစားသမား ၁၀ ဦး စာရင်းဝင်ဖို့ပါ။ အဲဒါဟာ ခက်ခဲတယ်ဆိုတာသိပေမယ့် ကျွန်မ အကောင်းဆုံးကြိုးစားသွားမှာပါ”လို့ လီနာက ပြောခဲ့ပါတယ်။ သူမရဲ့ အိပ်မက်ကတော့ အကောင်အထည်ပေါ်လာခဲ့ပါပြီ။ မကြာသေးမီက အာရှရဲ့ ပထမဆုံးသော ကမ္ဘာ့အဆင့် တင်းနစ်မယ်ဘဝကို လီနာရရှိတော့မလားဆိုတာလည်း အားလုံးက စောင့်ကြည့်ရတော့မှာပါ။




7DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# ဘစ်ဆလတ်ဂိမ်းစ် မီတာ ၂၀၀ ပွဲတွင် ယခုနှစ်အတွက် အမြန်ဆုံးစံချိန် အူစိန်ဘော့ရရှိ

**အော်စလို၊ ဇွန် – ၁၁**

ဂျမေကာနိုင်ငံမှ ကမ္ဘာ့စံချိန်တင် အပြေးသမား အူစိန်ဘော့သည် ဇွန်လ ၉ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့တွင်ကျင်းပခဲ့သော ဘစ်ဆလတ်ဂိမ်းစ်အပြေးပြိုင်ပွဲ အမျိုးသားမီတာ ၂၀၀ ပွဲစဉ်တွင် ယခုနှစ်အတွက် အမြန်ဆုံးစံချိန် ၁၉ ဒသမ ၈၆ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဘော့သည် ပြိုင်ပွဲ၌ မိုးရွာနေ၍ ပြေးလမ်းအခြေအနေ အနည်းငယ်ဆိုးရွားခဲ့သော်လည်း ယခုကဲ့သို့ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၄နှစ်အရွယ်ရှိ ဘော့သည် ယခုပွဲတွင် ၎င်းကိုယ်တိုင် တင်ထားသော ကမ္ဘာ့စံချိန် ၁၉ ဒသမ ၁၉ စက္ကန့်ကို မချိုးဖျက်နိုင်ခဲ့သော်လည်း အနီးဆုံးပြိုင်ဘက် ဂျေဆူမာဆိုင်ဒီအန်ဒူရီကို စံချိန် တစ်စက္ကန့်ကျော်ကွာအောင် ကျော်ဖြတ်နိုင်ခဲ့သည်။




ပြိုင်ပွဲပြီးနောက် မိုးရေထဲ၌ ပရိသတ်အား နှုတ်ဆက်ခဲ့သော ဘော့က "ရာသီဥတုကလွဲရင် အားလုံးကောင်းခဲ့ပါတယ်။ ကျွန်တော်ဟာ နောက်ရက်ကစလို့ ဂျမေကာကိုပြန်ပြီး သုံးပတ်ကြာ လေ့ကျင့်ရေးဆင်းပါမယ်။ ဇူလိုင် ၈ ရက်မှာကျင်းပမယ့် ပါရီပြိုင်ပွဲမှာ ဝင်ပြိုင်မှာပါ"ဟုပြောသည်။

ယခုကျင်းပခဲ့သော ဘစ်ဆလတ်ဂိမ်းစ် မီတာ ၂၀၀ ပြိုင်ပွဲတွင် အူစိန်ဘော့၏နောက်မှ ဆိုင်ဒီအန်ဒူရီက ၂၀ ဒသမ ၄၃ စက္ကန့်ဖြင့် ဒုတိယ၊ ဖော်ဆစ်က ၂၀ ဒသမ ၄၉ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိခဲ့သည်။

—*Ref: Xinhua*

# ၂၀၁၆ အိုလံပစ်အတွက် ဘရာဇီး၏ ပြင်ဆင်မှုများကို အိုင်အိုစီကျေနပ်

**ရီယိုဒီဂျနေးရိုး၊ ဇွန် – ၁၁**

၂၀၁၆ အိုလံပစ်ပြိုင်ပွဲကို ကျင်းပခွင့်ရရှိထားသော ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ သွားရောက်စစ်ဆေးခဲ့သည့် နိုင်ငံတကာအိုလံပစ်ကောင်စီ(IOC)၏ တာဝန်ရှိသူများက ၎င်းတို့သည် ဘရာဇီးနိုင်ငံ၏မြို့တော်၌ အခြေခံအဆောက်အအုံဆိုင်ရာ ပြင်ဆင်မှုများကို အားရကျေနပ်မှုရှိကြောင်းပြောကြားသည်။

ရီယိုမြို့တော်သို့ သုံးရက်ကြာ သွားရောက်စစ်ဆေးခဲ့ပြီးနောက် ထွက်ပေါ်လာသော အစီရင်ခံစာ၌ တာဝန်ရှိသူများက ဘတ်စ်ကားစနစ်များ လျင်မြန်စွာသွားလာနိုင်အောင် ပြုလုပ်ထားမှုနှင့် ဆိပ်ကမ်းများ၊ လေဆိပ်များအား အဆင့်မြှင့်တင်ရန်စီမံထားမှုများကို ချီးကျူးထားသည်။ အိုင်အိုစီ၏ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အကြီးအကဲ နာဝယ်လ်အယ်လ်မော်တာဝါကယ်က "အလုပ်တွေအများစုဟာ ပြီးစီးနေပါပြီ။ အဲဒါဟာ မြို့တော်အတွက် နောင်မှာလည်း အကျိုးဖြစ်ထွန်းမှာပါ"ဟုပြောသည်။

ရီယိုဒီဂျနေးရိုးမြို့တော်သည် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ၏ အိမ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရသည့်အတွက် တောင်အမေရိကနိုင်ငံများထဲမှ အိုလံပစ်ပြိုင်ပွဲကို ပထမဆုံးကျင်းပခွင့်ရခဲ့သောမြို့တော်ဖြစ်လာခဲ့သည်။ ဘရာဇီးနိုင်ငံသည် ၂၀၁၄ကမ္ဘာ့ဖလားကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီးဖြစ်သည်။

—*Ref: AP*

# မိုက်တိုင်ဆန်၏အမည်ကို လက်ဝှေ့လောက၏ ကျော်ကြားသူများခန်းမဆောင်တွင် ဂုဏ်ပြုဖော်ပြ


**နယူးယောက်၊ ဇွန် – ၁၁**

အမေရိကန်ဟဲဗီးဝိတ် လက်ဝှေ့အကျော်အမော်ဟောင်း မိုက်တိုင်ဆန်သည် နိုင်ငံတကာလက်ဝှေ့လောက၏ ဂုဏ်သိက္ခာကြီးမားသောဘွဲ့ဖြစ်သည့် လက်ဝှေ့လောက၏ ကျော်ကြားသူများ ခန်းမဆောင်(Boxing Hall of Fame)တွင် ၎င်း၏အမည်ကိုဂုဏ်ပြုဖော်ပြခြင်းခံခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သည့်လက အသက် ၄၅ နှစ်ပြည့်ခဲ့သည့် မိုက်တိုင်ဆန်သည် ၁၉၈၆ ခုနှစ်တွင် အသက် ၂၀ အရွယ်၌ ဟဲဗီးဝိတ်ချန်ပီယံဖြစ်ကာ ကမ္ဘာ့လက်ဝှေ့သမိုင်းတွင် အသက်အငယ်ဆုံးသော ဟဲဗီးဝိတ်ချန်ပီယံဆုရှင်အဖြစ် စံချိန်သစ်တင်ခဲ့သူဖြစ်သည်။ ယခုကဲ့သို့ လက်ဝှေ့လောက၏ ကျော်ကြားသူများ စာရင်းဝင်ဖြစ်ခဲ့ရသည့်အတွက် တိုင်ဆန်က "ကျွန်တော်ဟာ ဂုဏ်ပြုခံခဲ့ရပါပြီ။ လက်ဝှေ့အားကစားဟာ ကျွန်တော့်ဘဝအတွက် အများကြီးပေးဆပ်ခဲ့ပါတယ်။ အခုလို အခြားသော လက်ဝှေ့အကျော်အမော်တွေနဲ့ တွဲဖက်ပြီး အသိအမှတ်ပြုခံရတာ တကယ်ဝမ်းသာစရာပါ။ ဘာကြောင့်လဲဆိုတော့ ဒီအကျော်အမော်တွေက ကျွန်တော့်အတွက် အောင်မြင်မှုလမ်းကြောင်း ဖော်ပေးခဲ့သလို နောက် လူငယ်တွေကိုလည်း ကျွန်တော်က စိတ်ဓာတ်တက်ကြွအောင် နှိုးဆော်ပေးနိုင်မှာမို့ပါ"ဟုပြောသည်။

လက်ဝှေ့လောက၏ ကျော်ကြားသူများ ခန်းမဆောင်တွင် တိုင်ဆန်နှင့်အတူ မက္ကဆီကိုနိုင်ငံမှ နာမည်ကျော်လက်ဝှေ့သမားဟောင်း ဂျူလီယိုဆီဇာချာဗက်ဇ်၊ ဩစတြေးလျနိုင်ငံမှ ဘော့စ်တျာဇီယူ၊ မက္ကဆီကိုနိုင်ငံမှ လက်ဝှေ့လေ့ကျင့်ရေးမှူးဟောင်း အစ်ဂနာစီယိုနာချိုဘယ်ရစ္စတိန်း၊ ဒိုင်လူကြီး ဂျိုးဘော်တက်ဇ်၊ 'ရော့ကီ' လက်ဝှေ့ရုပ်ရှင်ကိုရိုက်ကူးခဲ့သည့် ဟောလိဝုဒ်မင်းသားကြီး ဆီဗက်စတားစတားလုံးတို့လည်း ဂုဏ်ပြုခံခဲ့ရကြောင်းသိရသည်။

—*Ref: AP*





# လစ်ဗျားတွင် မြေပြင်တပ်များ ချထားမည်မဟုတ်ဟု နေတိုးတပ်ဖွဲ့ပြော

**ဝါရှင်တန်၊ ဇွန် – ၇**

လစ်ဗျားနိုင်ငံပေါ်မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေသော နေတိုးတပ်ဖွဲ့သည် အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ်များကို ၎င်း၏တပ်ဖွဲ့တွင် ထပ်မံဖြည့်တင်းခဲ့သော်လည်း မြေပြင်တိုက်ခိုက်ရေးအတွက် တပ်များကိုမူ စေလွှတ်သွားမည်မဟုတ်ကြောင်း နေတိုးတပ်ဖွဲ့အကြီးအကဲကပြောကြားသည်။

နေတိုးတပ်ဖွဲ့အကြီးအကဲ အထွေထွေအတွင်းရေးမှူးချုပ် အန်ဒါစ်ဖော့ရာ့စ်မြူဆင်က စီဘီအက်စ်ရုပ်သံသို့ "ကျွန်တော်တို့ ထပ်ပြီးပြောပါရစေ။ ကျွန်တော်တို့မှာ မြေပြင်ပေါ်ခြေချဖို့ ရည်ရွယ်ချက်မရှိပါဘူး"ဟု ပြောကြားသည်။ နေတိုးတပ်ဖွဲ့သည် လေကြောင်းစစ်ဆင်ရေးများကိုပြုလုပ်ကာ ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်ကိုထိန်းသိမ်းရန်နှင့် လစ်ဗျားနိုင်ငံရှိ အရပ်သားပြည်သူများကိုလည်း ကာကွယ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဗြိတိသျှအပါချီရဟတ်ယာဉ်များနှင့် ပြင်သစ်တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဇွန်လ ၅ရက် မှစ၍ ပထမဆုံးအကြိမ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ နေတိုးတပ်ဖွဲ့အကြီးအကဲက လစ်ဗျားနိုင်ငံတွင် နေတိုးတပ်ဖွဲ့၏ စစ်ရေးရည်မှန်းချက်သုံးခုမှာ အရပ်သားများကို တိုက်ခိုက်နေမှုများအား အပြီးသတ်ရေး၊ ၎င်းတို့၏စစ်စခန်းများမှ ကဒါဖီ၏ အစိုးရတပ်များ ဆုတ်ခွာရေး၊ အကူအညီလိုအပ်နေသောပြည်သူများထံ လူသားချင်းစာနာမှုအထောက်အပံ့များ ပေးအပ်ရေးတို့ဖြစ်ကြောင်း ပြောကြားသည်။

၎င်းကဆက်လက်၍ "ကဒါဖီ အာဏာရှိနေသရွေ့ကတော့ အရပ်သားတွေကို တိုက်ခိုက်မှုတွေအဆုံးသတ်သွားဖို့ခက်လှပါတယ်။ ကျွန်တော်တို့က သူ့ရဲ့စစ်ယန္တရားကို ဖျက်ဆီးထားပါတယ်။ လစ်ဗျားမှာအတိုက်အခံဘက်က အသာရနေတာမြင်ရပါတယ်။ ကဒါဖီအစိုးရဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးအထီးကျန်နေပါပြီ"ဟု ပြောဆိုသည်။

*—Ref: Reuters*



# ကုလအတွင်းရေးမှူးချုပ်အဖြစ် ဘန်ကီမွန်း ပြန်လည်အရွေးခံမည်

**နယူးယောက်၊ ဇွန် – ၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ကုလအကြီးအကဲနေရာတွင် ဒုတိယငါးနှစ်သက်တမ်း ပြန်လည်အရွေးခံသွားမည်ဟု ဇွန်လ ၆ ရက်က ကြေညာလိုက်သည်။

မစ္စတာဘန်ကီမွန်းသည် နယူးယောက်ရှိ ကုလရုံးချုပ်တွင် အာရှနိုင်ငံများနှင့် တွေ့ဆုံမှုအပြီး သတင်းစာရှင်းလင်းပွဲ၌ ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အဖွဲ့ဝင် ၁၉၂ နိုင်ငံပါဝင်သော ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သောကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့လည်း ရာထူးတွင် ပြန်လည်အရွေးခံမည့် အကြောင်းကြားစာများပေးပို့ခဲ့သည်။လုံခြုံရေးကောင်စီတွင် ဇွန်လအတွက် အလှည့်ကျဥက္ကဋ္ဌနေရာယူထားသည့် ဂါဘွန်နိုင်ငံမှ ကုလသံအမတ်ကြီးက မစ္စတာဘန်ကီမွန်း၏ ဒုတိယသက်တမ်းအတွက် ထောက်ခံမှုပေးရန် ကောင်စီတွင် တောင်းဆိုပေးခဲ့သည်ဟု သံတမန်များကပြောသည်။

မစ္စတာဘန်ကီမွန်းသည် လာမည့် ဒီဇင်ဘာလ ၃၁ ရက်တွင် ရာထူးသက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ၎င်း၏ ရာထူးနေရာအတွက် ယှဉ်ပြိုင်မည့်သူမရှိသေးပေ။ အသက် ၆၆ နှစ်အရွယ်ရှိ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း ဘန်ကီမွန်းသည် ယခင် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ကိုဖီအာနန်၏နေရာကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင်ဆက်ခံခဲ့သည်။

*—Ref: AFP*







7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011

# အမေရိကန် ကြွေးမြီသစ်ပမာဏ ၂၀၁၀ တွင် ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံရှိခဲ့




**ဝါရှင်တန်၊ ဇွန် -၇**

အမေရိကန်အစိုးရ၏ ဘဏ္ဍာရေးအခြေအနေသည် ၂၀၁၀ပြည့်နှစ်တွင် လျင်မြန်စွာ ဆိုးဝါးလာခဲ့ပြီး အစိုးရကြွေးမြီသစ် ပမာဏမှာ ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ အထိရှိခဲ့ကြောင်း ယူအက်စ်အေတူဒေးစာစောင်၏ ဆန်းစစ်ချက်အရ သိရသည်။ ကန်အစိုးရသည် ၂၀၁၀ ပြည့်နှစ်အတွင်း ဆေးကုသရေးနှင့် လူမှုဖူလုံရေးအစီအစဉ်များအတွက် ဘဏ္ဍာရေးကုန်ကျမှုအသစ်ဒေါ်လာ ၅ ဒသမ ၃ ထရီလီယံရှိခဲ့ရာ အစိုးရတွင် စုစုပေါင်း ဘဏ္ဍာရေးကြွေးမြီဒေါ်လာ ၆၁ ဒသမ ၆ ထရီလီယံရှိသွားပြီဖြစ်ကြောင်း အဆိုပါစစ်တမ်းကဆိုသည်။

အသစ်ပြဋ္ဌာန်းခဲ့သည့်ဘဏ္ဍာရေးသုံးစွဲမှုများအရဆေးကုသရေးကဏ္ဍတစ်ခုတည်းတွင်ပင် အစိုးရသည်ဒေါ်လာ၁ဒသမ၈ထရီလီယံ သုံးစွဲခဲ့ပြီး လူမှုဖူလုံရေးကဏ္ဍအတွက်ဒေါ်လာ၁ဒသမ၄ထရီလီယံ သုံးစွဲခဲ့ရသည်။ ချီကာဂိုအခြေစိုက်ဘဏ္ဍာရေးအဖွဲ့တစ်ခုဖြစ်သည့် Institute for Truth in Accounting တည်ထောင် သူ ရှိုင်လာဝိုင်းဘတ်က "ဖက်ဒရယ်အစိုးရရဲ့ ဒီကြွေးမြီပမာဏဟာ အစိုးရက လူထုအတွက် ကုန်ကျထားတာကိုပြောပြတာပါပဲ။ ဒီစာရင်းမှာ အငြိမ်းစားဝန်ထမ်းတွေ၊ စစ်သားဟောင်းတွေ၊ သက်ကြီးရွယ်အို နိုင်ငံသား တွေအတွက် ကုန်ကျထားတာကို ထည့်မတွက်သေးပါဘူး"ဟုပြောသည်။ယူအက်စ်အေတူဒေး စာစောင်သည် ဖက်ဒရယ်အစိုးရက ထုတ်ပြန်သော စာရင်းများ၊ ဆေးကုသရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အစီရင်ခံစာများကို အခြေခံကာ အစိုးရ၏ ကြွေးမြီပမာဏကို တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

*—Ref: UPI*

## PHOTO NEWS



ဇွန်လ ၅ ရက်က ချီလီမြို့တော် ဆန်တီယာဂိုတောင်ဘက် ကီလိုမီတာ ၈၇၀ အကွာ၊ ချီလီတောင်ပိုင်းရှိ အော်ဆော်နိုမြို့အနီး ပူယီဟူမီးတောင်မှထွက်ပေါ်နေသော မီးခိုးတိမ်တိုက်ကြီး။ ပူယီဟူမီးတောင်သည် ဇွန်လ ၄ ရက်က ရာစုနှစ်ဝက်ကာလအတွင်း ပထမဆုံးအကြိမ်ပေါက်ကွဲခဲ့ရာ အနီးဝန်းကျင်မှ လူပေါင်း ၃,၅၀၀ ကို ကယ်ဆယ်ခဲ့ရပြီး မီးတောင်မှမီးခိုးများ အိမ်နီးချင်း အာဂျင်တီးနားနိုင်ငံအထိ ရောက်ရှိခဲ့သည်။ ချီလီ အမျိုးသားဘူမိဗေဒနှင့် သတ္တုတွင်းဌာနက မီးတောင်ပေါက်ကွဲမှုကြောင့် ၁၀ ကီလိုမီတာ (ခြောက်မိုင်)အမြင့်ရှိသော ဓာတ်ငွေ့တိမ်တန်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး မီးတောင်ပတ်ဝန်းကျင်အတွင်း လျှောင်လှုပ်နိုင်ခြေသတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။ *(AFP/Getty Images)*






7 DAY NEWS JOURNAL
Vol.10, No.13 • JUNE 16, 2011


# စမ်းသပ်မှုများအရပဲပင်ပေါက်တွင် E.coli ဘက်တီးရီးယားမတွေ့သေးဟု ဂျာမန်အာဏာပိုင်များပြောကြား


**ဘာလင်၊ ဇွန် – ၇**


ဥရောပတစ်ဝန်းတွင် လူပေါင်း ၂,၀၀၀ ကျော်ဖျားနာမှုဖြစ်ခဲ့သည့် E-coli ဘက်တီးရီးယားနှင့် ပတ်သက်၍ မူလသံသယရှိသောပဲပင်ပေါက်နမူနာများ၌ စမ်းသပ်စစ်ဆေးခဲ့ရာကနဦးစမ်းသပ်မှုများအရ E-coli ပါဝင်မှုမတွေ့ရှိရကြောင်းဂျာမန်အာဏာပိုင်များကပြောသည်။

ဆက်ဆုန်နီအောက်ပိုင်းပြည်နယ်၏လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှထုတ်ပြန်သောကြေညာချက်အရ ပြည်နယ်အတွင်းရှိ သံသယဖြစ်ဖွယ်ရှိသော ယူအယ်လ်ဇင်ခရိုင် ယာမြေမှ ပဲပင်ပေါက်များကိုစစ်ဆေးခဲ့ကြောင်း သိရသည်။ ကြေညာချက်၌ "နမူနာအချို့၊ အထူးသဖြင့် ပဲတီစေ့တွေကို ကနဦး စမ်းသပ်စစ်ဆေးမှုအရအခြေခံပြီး ပြောရရင်တော့ သံသယရှိတဲ့ ဘက်တီးရီးယားကို တကယ်ရှိ မရှိ သက်သေပြဖို့ အထူးဂရုစိုက်စစ်ဆေးမှုတွေလိုအပ်နေပါတယ်"ဟုဖော်ပြထားသည်။

ယခုအခါပဲပင်ပေါက်နမူနာ ၄၀ မှ ၂၃ ခုကိုစစ်ဆေးကြည့်ရာမည်သည့် E-coli ဘက်တီးရီးယားကိုမှ တွေ့ရှိရခြင်းမရှိဟုဆိုသည်။ ပြီးခဲ့သည့် ဇွန်လ ၅ ရက်ကမူပြည်နယ်စိုက်ပျိုးရေးဝန်ကြီးဂတ်လင်ဒန်မင်ကယူအယ်လ်ဇင်ခရိုင်ရှိ ယာမြေတစ်ခုသည် E-coli ဘက်တီးရီးယားစတင်ပျံ့နှံ့ရာဖြစ်နိုင်ကြောင်းပြောခဲ့သည်။







ဂျာမန်အာဏာပိုင်များသည် ထိုဘက်တီးရီးယား စတင်ပေါ်ပေါက်ရာ ရင်းမြစ်ကို ရောဂါဖြစ်ပွားချိန်များမှစ၍ ရှာဖွေလျက်ရှိသည်။ ယခုအခါ နိုင်ငံ ၁၂ နိုင်ငံတွင် E-coli ဘက်တီးရီးယား ကူးစက်ခံရသောလူများရှိနေပြီး ၎င်းတို့အားလုံးသည်လည်းတစ်ချိန်ကဂျာမနီမြောက်ပိုင်းသို့ ခရီးထွက်ခဲ့ဖူးသူများဖြစ်နေကြောင်းတွေ့ရသည်။ ဘက်တီးရီးယား ကူးစက်ခံရသူများအနက် ၆၀၀ ကျော်မှာ Hemolytic Uremic Syndrome (HUS)ခေါ် သေစေနိုင်လောက်သည့် ကျောက်ကပ်ထိခိုက်မှုရောဂါများ ခံစားခဲ့ရသည်။


*—Ref: Xinhua*





# ရုရှားက နိုင်ငံတကာအာကာသစခန်းသို့ လူလိုက်ပါသော အာကာသယာဉ်လွှတ်






**မော်စကို၊ ဇွန် – ၈**

ရုရှားနိုင်ငံသည် လူလိုက်ပါသောအာကာသယာဉ် ဆိုယုဇ် TMA-02M ကို ကာဇက်စတန်နိုင်ငံရှိ ဘိုက်ကွန်နာအာကာသစခန်းမှ နိုင်ငံတကာ အာကာသစခန်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်းသိရသည်။

ရုရှားမီဒီယာများက ဆိုယုဇ်အာကာသယာဉ်ပေါ်တွင် ရုရှား၊ ဂျပန်နှင့် အမေရိကန်ယာဉ်မှူး သုံးဦး လိုက်ပါသွားကြပြီး ယာဉ်ကို ဆိုယုဇ်-FG ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်းဆိုသည်။ ယာဉ်ပေါ် လိုက်ပါသွားသည့်ရုရှားယာဉ်မှူး ဆာဂျီဗော်လ်ကော့ဗ်၊ ဂျပန်ယာဉ်မှူးဆာတိုရှီ ဖူဂူကာဝါနှင့် အမေရိကန်ယာဉ်မှူးမိုက်ကယ်တို့ သုံးဦးစလုံးသည် နိုင်ငံတကာ အာကာသစခန်းတွင် ခြောက်လကြာခန့်နေထိုင်ကာစမ်းသပ်မှုများလုပ်ဆောင်သွားမည်ဖြစ်သည်။ ဆိုယုဇ်အာကာသယာဉ်သည်လွှတ်တင်ပြီး နှစ်ရက်အကြာဇွန်လ ၁၀ ရက်နေ့တွင်နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်မိမည်ဟုဆိုသည်။ ရုရှားအာကာသယာဉ်မှူးများလေ့ကျင့်ရေးစင်တာ၏အဆိုပါ ယာဉ်မှူးများသည်အာကာသစခန်း၌ ၁၆၁ ရက်ကြာ (ခြောက်လနီးပါး)နေထိုင်မည်ဖြစ်ကာအာကာသအတွင်း လမ်းလျှောက်မှု သုံးကြိမ်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

*—Ref: Xinhua*

# သမ္မတနန်းတော် တိုက်ခိုက်ခံရပြီးနောက် ကဒါဖီ၏ မိန့်ခွန်းကို လစ်ဗျားရုပ်သံထုတ်လွှင့်



**ထရီပိုလီ၊ ဇွန် – ၇**

လစ်ဗျားနိုင်ငံပိုင် ရုပ်သံသည် လစ်ဗျားခေါင်းဆောင်ကဒါဖီ၏နန်းတော်အား နေတိုးတပ်များက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ပြီး တစ်နာရီခန့်အကြာတွင် ကဒါဖီ၏ မိန့်ခွန်းကို ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

ရုပ်သံမှ ထုတ်လွှင့်ခဲ့သော မိန့်ခွန်းတွင်ကဒါဖီကသေသည်အထိခုခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းအားထောက်ခံသူများကိုလည်း ဘတ်အယ်လ်အဇစ်ဇီယာနန်းတော်အား ကာကွယ်သွားကြရန် တိုက်တွန်းထားသည်။ မြို့တော်ထရီပိုလီရှိ အဆိုပါသမ္မတနန်းတော်တွင် ဇွန်လ ၇ ရက်က နေတိုးတပ်ဖွဲ့များ၏တိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး လစ်ဗျားအစိုးရတပ်များ၏ စစ်ဌာနချုပ်မှာလည်း တိုက်ခိုက်ခံရသည်။ လစ်ဗျားရုပ်သံ၏ ဖော်ပြချက်အရကဒါဖီနေထိုင်ရာနန်းတော်ရှိ အဆောက်အအုံမှာများစွာ ပျက်စီးနေသည်ကိုတွေ့ရပြီး လစ်ဗျားအာဏာပိုင်များကလည်း နေတိုး၏တိုက်ခိုက်မှုကြောင့် အရပ်သားများ၏ အိမ်ရာနှင့် အသက်ပေါင်းရာချီဆုံးရှုံးနေရကြောင်း စွပ်စွဲထားသည်။

အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့ပါဝင်သော နေတိုးတပ်ဖွဲ့သည် ကုလလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အရပြီးခဲ့သည့်မတ်လ ၁၉ ရက်မှစ၍ ကဒါဖီ၏တပ်ဖွဲ့များအား လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။


*—Ref: Xinhua*

7 DAY NEWS JOURNAL

# International


Vol.10, No.13 · JUNE 16, 2011

## Interview



**E.coli ဘက်တီးရီးယား ပျံ့နှံ့မှုနှင့်ပတ်သက်၍ စားနပ်ရိက္ခာသိပ္ပံပါမောက္ခ မာတင်ဝိုက်ဒ်မင်းနှင့် အမေးအဖြေ** စာ- ၄၆

## News Analysis



**အမေရိကန်တွင် လုပ်သည်** စာ- ၃၆

# ကဒါဖီအား ခိုလှုံခွင့်ပေးထားသည်ဆိုသောသတင်းကို အယ်လ်ဂျီးရီးယား ငြင်းဆို


**အယ်လ်ဂျီရာစ် (အယ်လ်ဂျီးရီးယား)၊ ဇွန် - ၁၃**

လစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီသည် အယ်လ်ဂျီးရီးယားနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံနေပြီဆိုသော ဇွန် ၁၂ ရက်တွင်ထွက်ပေါ်ခဲ့သည့် သတင်းများကို အယ်လ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကငြင်းဆိုလိုက်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ပြောခွင့်ရပုဂ္ဂိုလ်အနမ်မာဘယ်လာနီက အဆိုပါ နိုင်ငံခြားမီဒီယာများ၏ သတင်းမှာ သတင်းမှားသာဖြစ်၍ ငြင်းဆိုကြောင်းဖြင့် နိုင်ငံပိုင် အေပီအက်စ်သတင်းအေဂျင်စီသို့ပြောသည်။ အယ်လ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြီးခဲ့သော ရက်ပိုင်းအတွင်းကလည်း ကဒါဖီ၏သမီး နိုင်ငံတွင်းဝင်ရောက်ခိုလှုံနေပြီဆိုသောသတင်းများကို ငြင်းဆန်ခဲ့သည်။

ထိုစဉ်က သတင်းများအရ ကဒါဖီ၏သမီးသည် သူပုန်များနှင့် အစိုးရတပ်များအကြား တိုက်ပွဲများ ပြင်းထန်လာ၍ လွတ်ရာ အယ်လ်ဂျီးရီးယားသို့ ခိုလှုံခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြဖူးသည်။ တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်ကလည်း ပြီးခဲ့သည့် ဇွန်လ ၁၀ ရက်က ၎င်းတို့သည် လစ်ဗျားခေါင်းဆောင် ကဒါဖီကို တိုင်းပြည်မှထွက်ခွာရန် တိုက်တွန်းထားကြောင်း၊ တူရကီနိုင်ငံတွင် ခိုလှုံခွင့်ပေးမည်ဟု ကမ်းလှမ်းထားကြောင်းပြောခဲ့သည်။

—*Ref: Xinhua*



## ကော်ဒွန်ကော်လီမီးတောင်ပေါက်ကွဲရာဒေသမှ ပြည်သူများ ပြောင်းရွှေ့ရန် ချီလီအာဏာပိုင်များ တိုက်တွန်း

**ဆန်တီယာဂို၊ ဇွန် - ၁၃**

ချီလီနိုင်ငံရှိ ကော်ဒွန်ကော်လီမီးတောင်ပေါက်ကွဲမှုသည် လျော့နည်းသွားသော်လည်း မီးတောင်ဝန်းကျင်ဒေသမှပြည်သူများအား နေအိမ်များမှ အဝေးသို့ ပြောင်းရွှေ့ထွက်ခွာ၍ လုံခြုံသောနေရာများတွင်နေထိုင်ကြရန် အာဏာပိုင်များကတိုက်တွန်းထားသည်။ စာ(၄၅)သို့

# တူရကီပါလီမန်ရွေးကောက်ပွဲ အာဏာရပါတီ ထပ်မံအနိုင်ရရှိ

**အန်ကာရာ၊ ဇွန် - ၁၃**

တူရကီနိုင်ငံ၏ အာဏာရပါတီဖြစ်သော တရားမျှတမှုနှင့် ဖွံ့ဖြိုးရေးပါတီ(AKP)သည် ဇွန်လ ၁၂ ရက်က ကျင်းပခဲ့သည့်ပါလီမန်ရွေးကောက်ပွဲများတွင် နိုင်ငံတစ်ဝန်းပေးခဲ့သော မဲအရေအတွက် ထက်ဝက်ခန့်ရရှိကာ ရွေးကောက်ပွဲသုံးပွဲသက်တမ်း ဆက်တိုက်အနိုင်ရခဲ့သည့် ပါတီတစ်ရပ်ဖြစ်လာသည်။

ဇွန်လ ၁၂ ရက် တစ်နိုင်ငံလုံးပေးခဲ့သော မဲအရေအတွက် စုစုပေါင်း ၉၉ ဒသမ ၆ သန်းကို ရေတွက်ပြီးချိန်တွင် အေကေပီပါတီက ၄၉ ဒသမ ၉ ရာခိုင်နှုန်း ရရှိထားကာ အဓိကအတိုက်အခံပါတီ ရီပက်ဘလေကန်ပြည်သူ့ပါတီ(CHP)က ၂၅ ဒသမ ၉ ရာခိုင်နှုန်း၊ ဒုတိယအကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် အမျိုးသားလှုပ်ရှားမှုပါတီ(MHP)က ၁၃ ဒသမ ၁ ရာခိုင်နှုန်း စာ(၄၅)သို့


# ပါလက်စတိုင်း ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်နေရာ အဆိုပြုမှုကို ဟားမားစ်အဖွဲ့ ပယ်ချ

**ဂါဇာစီးတီး၊ ဇွန် - ၁၃**

ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမားစ်သည် ပြိုင်ဘက်ဖာတာအဖွဲ့မှ ဆလမ်းဖေးယတ်အား ပါလက်စတိုင်းကြားဖြတ် အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။ ဟားမားစ်အဖွဲ့၏ ယခုကဲ့သို့ ပယ်ချလိုက်မှုသည် ပြိုင်ဘက်အဖွဲ့နှစ်ဖွဲ့ပေါင်းကာ လာမည့်နှစ်ရွေးကောက်ပွဲမတိုင်မီ ညီညွတ်သော ပါလက်စတိုင်းကြားဖြတ်အစိုးရဖွဲ့စည်းရေး အစီအစဉ်အတွက် အဓိက အဟန့်အတားတစ်ရပ်ဖြစ်ခဲ့သည်။

ဖာတာနှင့်ဟားမားစ်နှစ်ဖွဲ့သည် ယခုအပတ်အတွင်း ကိုင်ရိုမြို့၌ တွေ့ဆုံကာ အစိုးရသစ်တွင်ပါဝင်မည့်အဖွဲ့ဝင်များခန့်အပ်ရေးအတွက် စတင်ဆွေးနွေးခဲ့ကြသည်။ ၎င်းအဖွဲ့နှစ်ဖွဲ့သည် အနောက်ဘက်ကမ်းခြေနှင့် စာ(၄၅)သို့

# နယူးဇီလန် ခရစ်ချာ့ပ်တွင် ငလျင်လှုပ်ခတ်၍ အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရ



**ခရစ်ချာ့ပ်(နယူးဇီလန်)၊ ဇွန် - ၁၃**

နယူးဇီလန်နိုင်ငံ၏ ဒုတိယမြို့တော် ခရစ်ချာ့ပ်တွင် ငလျင် ခုနစ်ကြိမ်ခန့်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အပျက်အစီးများအကြား ပိတ်မိနေသော လူနှစ်ဦးကို ကယ်ဆယ်ခဲ့ကြောင်း သိရသည်။ စာ(၄၅)သို့

